
အင်္ဂုလိမာလ အားဘုရားရှင်
ဆုံးမတော်မူပုံ

ရန်ကုန်မြို့ ရန်ကင်း သာသနာ့ဗိမာန်

တိပိဋကစရ-ဓမ္မဘဏ္ဍာဂါရိက

အရှင်ကောသလ္လထေရ်

စီရင်အပ်သော

# အနဂါရိယဂုဏ်တော်

နှင့်

# အဂါရိယ ရှုဘွယ်ကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ ဇူလိုင်လ ၁၉၇၇

ထုတ်ဝေသူ။ ။အရှင်ကောသလ္လ ပွင့်လှသိမ်ကုန်းကျောင်း ပြည်မြို့ မှ
မှတ်ပုံတင် ကင်းလွတ်ခွင့်အမှတ် ၀၃၆၃၀-က ထုတ်ဝေသည်။

၁၉၄၈၇

ဘာသာရေးစာမူ ကင်းလွတ်ခွင့်အမှတ် (၉၄၂၄)

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ-ညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂)က
ပုံနှိပ်ထုတ်ဝေသည်။



အနာဂါမိယဂုဏ်တော်

နှင့်

အဂါရိယရှုဘွယ်ကျမ်း

ရန်ကုန်မြို့၊ ကံဘဲ့ သာသနာ့ဗိမာန်ကျောင်းတိုက်
အရှင်ကောသလ္လ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကကောဝိဒ၊
ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊
ဗုဒ္ဓသာသနဝိသိဋ္ဌဝိနယဓရ၊ ဝိနယကောဝိဒ၊
အာဘိဓမ္မိက၊ အဘိဓမ္မကောဝိဒ၊ သိရိပဝရ ဓမ္မာစရိယ ။

အနုဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ်ကျမ်း

# အကြောင်းပြ ကျမ်းဦးစကား

◆◆◆◆◆◆◆◆◆

၃-ပါး မြတ်စွာ ဘုရားသာသနာ — ဘုရားအဆုံးအမ ဒေသနာတော်အစဉ်သည် သာသနာ မည်သည်။ ယင်း သာသနာသည် ဝိနည်း, သုတ္တန်, အဘိဓမ္မာဟု ၃-ပါးရှိရာ—

(၁) ဝိနည်း သာသနာသည် အပြစ်အားလျော်စွာ သတ္တဝါတို့ကို ဆုံးမ ဟောပြရာ ဖြစ်၍ ယထာပရာဓ သာသနာ မည်သည်။ တပည့် သာဝကများ စောင့်စည်းလိုက်နာရမည့် ကုဋေ ၉၀၀၀· ကျော်သော သိက္ခာ သီလတော်များကို ဆုံးမ ဟောပြရာ ဖြစ်၍ သီလ သာသနာလည်း မည်သည်။

(၂) သုတ္တန် သာသနာသည် သတ္တဝါတို့၏ အလိုစရိုက် အကြိုက် အားလျော်စွာ ဆုံးမ ဟောပြရာဖြစ်၍ ယထာနုလောမ သာသနာ မည်သည်။ သံသရာအပူ မိနေကြသော သတ္တဝါများကို ငြိမ်သက်အေးမြ တည်ကြည်မှုရအောင် ဆုံးမ ဟောပြရာဖြစ်၍ သမာဓိ သာသနာလည်း မည်သည်။

(၃) အဘိဓမ္မာ သာသနာသည် ရုပ်နာမ်ဓမ္မ အစုအဝေးမျှ၌ ငါ, ငါ့ဥစ္စာဟု ယူဆနေကြသော သတ္တဝါများကို ရုပ်နာမ်ဓမ္မ အား လျော်စွာ ဆုံးမ ဟောပြရာဖြစ်၍ ယထာဓမ္မ သာသနာ မည်သည်။ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်စသည် သိအောင် ဆုံးမ ဟောပြရာဖြစ်၍ ပညာသာသနာလည်း မည်သည်။

**သာသနာတော်၏ အသက်နှင့် သာသနာတော် တည်တံ့ရေး**

အထက်ပါ သာသနာတော် ၃-ရပ်တွင် ကာယကံ, ဝစီကံ ၂-ပါးကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမရာ သာသနာမှာ ဝိနည်းသာလျှင် ဖြစ်သောကြောင့် "ဝိနယော နာမ သာသနဿ အာယု=ဝိနည်းသည်သာ သာသနာတော် တခုလုံး၏ အသက်ဖြစ်သည်" ဟု ဝိနည်း အဋ္ဌကထာ မိန့်မှာသည်။ ထို့အတူပင် သုတ္တန်, အဘိဓမ္မာ သာသနာတော် ၂-ပါး မရှိစေကာမူ ဝိနည်းသာသနာ မကွယ်မပျောက်ပဲ တည်နေသေးလျှင် ဘုရားသာသနာ ကွယ်သည် မမည်၊ ထွန်းပ တည်ရှိသေးသည်သာ မည်သည်၊ ထို့ကြောင့် "ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ=ဝိနည်းတည်နေလျှင် သာသနာတော် တည်ဆဲ ထွန်းပဆဲပင် ဖြစ်သည်"ဟု ယင်းအဋ္ဌကထာ ဆက်လက်မိန့်သည်။

အကြောင်းကား ဝိနည်းတော်၌ လာသော အမိန့်အာဏာတော်များ အတိုင်း နည်းလမ်းကျကျ ဆောင်ရွက်လိုက်နာမှသာ "ဘုရားသားတော် ရဟန်းတော်အစစ်" ဖြစ်နိုင်၍ ဘိက္ခုဘာဝ, သမဏဘောဂုဏ်များ ပြည့်စုံပေမည်။ ဝိနည်း အာဏာတော်ဖြင့် ရဟန်းဖြစ်ကြရသော သီလဝန္တများ အားလုံးပင် ထိုဝိနည်းတော်ကို ကေန်စင်စစ် လိုက်နာကျင့်ရမည်သာ ဖြစ်သောကြောင့်တည်း။

**လယ်ယာမြေကောင်းပမာ သံဃာတော်များ**

ဝိနည်းတော် လာတိုင်း လိုက်နာအားထုတ်ကြကုန်သော ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့သည် စီးပွါးချမ်းသာကို လိုလားကြသူ ခပ်သိမ်းသူတို့၏ ကောင်းမှုမျိုးစေ့ စိုက်ပျိုးလေ့ရာ လယ်ယာမြေကောင်းသဘွယ်ဖြစ်သော"အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်သာ ဖြစ်ခြင်းကြောင့် လူ နတ် နိဗ္ဗာန် ချမ်းသာမြတ် ၃-တန်ကို ကေန်မသွေ ပေးဝေတော်မူနိုင်သည်၊ အနည်းငယ်သော "ပေါက်ပေါက် ခဲဘွယ်"ကို အရှင်မဟာကဿပအား လှူဒါန်းသော အမျိုးသမီးငယ် နတ်ပြည်ရောက်၍ သောတာပန်ဖြစ်ပုံဖြင့် ထင်ရှားသည်။ (ယင်း ဝတ္ထု အတွင်း၌ ရှု။)

**ဂါရဝနိဝါတမင်္ဂလာများ ပြည့်စုံ သင့်သည်** ထိုသို့ သီလ, သိက္ခာ ဂုဏ်ဝါ ထင်ရှား ဘုရားသားချစ် ရဟန်း သံဃာတော်အစစ်များကို ကိုယ်, နှုတ်, နှလုံး ၃-ပါးလုံးတို့တွင် တပါးပါးဖြင့် ပြစ်မှားထိခိုက်မိခဲ့သော် အနန္တ အပ္ပမေယျ ဖြစ်သော အကျိုးမဲ့ အကျိုးယုတ် ဒုက္ခဝိပါကကြီးများနှင့် တွေ့ကြုံစေနိုင်သည်ဖြစ်ရာ ထို ရဟန်း သံဃာတော်များ၌ ကော်ရော်ဝပ်တွား လေးစား မဝံ့ ကြောက်ရွံ့ ရိုသေသော စိတ်ကို အမြဲထား၍ ဂါရဝ နိဝါတ မင်္ဂလာများနှင့် ပြည့်စုံအောင် ကြိုးစားသင့်သည်။

**ဝန်ဆောင်ဒါယကာ လျှောက်ထားချက်** ထိုသို့ ဆိုအပ်ခဲ့ပြီးသော ဝိနည်းသာသနာတော်၏ သိမ်မွေ့သည်ဖြစ်၍ သိမြင်နိုင်ခဲသောအချက်များကို အကွက်ကျကျ မြင်နိုင်စွမ်းရှိသော ပဲခူးမြို့ ရွှေခြုံး ဝိနယ ပရိယတ္တိစာမေးပွဲ ဝန်ဆောင်ဒါယကာ ဦးသူတော်သည် "အရှင်ဘုရား တပည့်တော်များသည် ပရိယတ္တိစာပေ မတတ်မြောက်သော်လည်း လယ်တီဓမ္မဒီပနီကို ဘတ်ရှုလေ့လာရသဖြင့် ယောနိသော မနသိကာရ သင့်တင့်သော နှလုံးသွင်း ထားနိုင်ပါသည်၊ ယခုမျက်မှောက် လူများသည် ရဟန်း,သာမဏေငယ်တို့၏ ကိုယ်နှုတ် အမူအရာ ချွတ်ယွင်း ချက်များကို မြင်ကြရတိုင်း များသောအားဖြင့် စေတနာ သဒ္ဓါတရား ချွတ်ယွင်း တိမ်းပါးကာ ပြောမှားဆိုမှား ရှိနေတတ်ကြပါသည်။

သာသနာတော်ဟူသည်မှာလည်း "သဂါရော အနုဂါရော စ၊ ဥဘော အညောညနိဿိတာ=ဆရာနှင့်ဒကာ ကိုင်းကျွန်းပမာ ပူးပေါင်း စောင့်ရှောက် ချီးမြှောက်မှသာ" အရှည်ခံ၍ တည်တံ့မည် ဖြစ်ပါသော ကြောင့်—

(၁) သာသနာတော်ကို မကြည်ညိုသေးသူများ ကြည်ညိုစေရန်၊

(၂) ကြည်ညိုပြီးသူများ တိုး၍ ကြည်ညိုကြစေရန်—

လယ်တီဓမ္မဒီပနီကို မှီငြမ်းပြုလျက် "အရှင်ဘုရား ဆန္ဒတော် အားလျော်စွာ ကျမ်းစာတစောင် ရေးသားတော်မူပါ"ဟု လျှောက်ထားလာရာ

ဆောင်ရွက်ဆဲ သာသနာ့တာဝန်များအကြားတွင် "သာသနာတော်ကို ကျေးဇူးပြုသော ဒါယကာကြီး၏ စေတနာ, သဒ္ဓါ,ဆန္ဒများကို လေးစားသမှု အာရုံပြုလျက်" ဆောင်ရွက်ပါမည်ဟု ဝန်ခံလိုက်သည်။

**ကြည်ညိုဘွယ်ရာ သာသနာတော်** လွန်ခဲ့သော ၁၃၀၃-ခုနှစ်နောက်ပိုင်း ဘုန်းကြီးသည် သာမဏေ ၂-ဝါရချိန် ပြည်မြို့နယ် ဝက်ထီးကန်မြို့ မြောက်ဘက် ၄-မိုင်ကွာ ဘုန်းကြီးများ၏ ဝါးရုံဆိပ်ရွာသို့ ဂျပန်စစ်တပ်များလာသဖြင့် ကျောင်းဆရာတော်နှင့်အတူ စစ်လမ်းလွတ်မည်ထင်ရာ တောတောင်သို့ တညလုံးပင် ပြေးလွှား ပုန်းအောင်းကြရသဖြင့် ဒုက္ခရောက်ကြသည်၊ သို့သော် အားလုံး လူများက ဘုန်းကြီးတို့ကို (ကျောင်းဆရာတော်နှင့် မိမိအပါအဝင် သာမဏေ ၄-ပါး) သွားလာရေးနှင့်တကွ ဆွမ်းကွမ်းကိစ္စ စသည်များ ချမ်းသာအောင် ပြုစုကြသည်၊ ဒုက္ခရောက်ကြသူများတွင် မိမိတို့ ဤမျှ အခွင့်အရေးရခြင်းသည် "သာသနာတော်၏ ဂုဏ်ကျေးဇူးပါတကား" ဟု မိမိဉာဏ်မှီသမျှ သာသနာတော်၏ ကျေးဇူးများကို အမှတ်တရ ကြည်ညိုခဲ့ရသည်။

**ကျေးဇူးတော်ရှင်များ၏ ချီးမြှောက်မှုများ** "အာသာ ဖလဝတီ သုခါ=တောင့်တမှုသည် အကျိုးပြုခံရလျှင် ချမ်းသာသည်"ဟူသည်နှင့် အညီ သာမဏေငယ် ဘဝကစ၍ ဉာဏ်မှီသမျှ သိရသော သာသနာတော်အကျိုး,ပြည်မြို့ ပွင့်လှသိမ်ကုန်းတိုက်မှာစာသင် စာမေးပွဲများ အောင်မြင်ပြီး စစ်ကာလဖြစ်၍ ပြန်လာကြသော ဦးပဥ္စင်းများဆိုင်ရာမှ သိရ-အားကျခွင့်ရသော သာသနာတော်ကျိုး,ကျေးဇူးရှင်ငယ် ဆရာဘုရား (၁၂၅၀-ခုနှစ်ဘွား၊ ၁၃၂၉-ခုနှစ် ပျံလွန်တော်မူသော ဆရာတော် ဦးဣန္ဒစက္က)၏ မနားမနေ သင်ကြားချီးမြှောက်မှုဖြင့် သိရ-အားထုတ်ရသော သာသနာတော်ကျိုးများကို အစထား၍ အားရကျေနပ်ခံယူရရှိသော ဩဝါဒမြတ်ဖြင့် ဝီရိယဓာတ်ကို မပြတ်နှိုးလျက် ကြိုးစားခဲ့ရာတွင် သက်နီးဝတ်ဘဝ သာသနာ့သက်တမ်း အနှစ် ၃၀-ကျော်ခဲ့သော အခါမှာ ကျေးဇူးရှင် "ပြည်, ရန်ကုန်, မန္တလေး, ပခုက္ကူ" ဆရာတော်

ဘုရားများ၏ ချီးမြှောက်မှုကြောင့် ချမ်းသာစွာ တောင့်တမှု ရည်ရွယ်ချက်များ ပြီးသင့်သမျှပြီး၍ ဝမ်းမြောက်မိသည်။

**ဒုလ္လဘဖြစ်သော ကတညုတမင်္ဂလာ** ထိုသို့ ချီးမြှောက်တော်မူကြသော ကျေးဇူးရှင်များ၏ ကျေးဇူး ဂုဏ်တော်များကို မေတ္တာ ဘာဝနာ စသည်တို့ဖြင့် တုံ့ပြန်ပူဇော်ပါသည်၊ ဆောင်ရွက်နိုင်စွမ်းရှိသမျှ ပြည်မြို့ ပွင့်လှ သိမ်ကုန်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃမဟာနာယက ဝေဠုဝန်နိကာယ ဂဏာဓိပတိ သက်တော်ရှည် ဆရာတော်ဘုရားကြီး (ယခု သက်တော် ၉၃-နှစ်ရှိပြီ၊)၏ခြေတော်ရင်းတွင်လည်း သံဃတာဝန်, ဗုဒ္ဓဓမ္မတာဝန်များကို ဆောင်ရွက်အားထုတ် ပူဇော်ခွင့်ရသည့် နည်းတူ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ဥက္ကဋ္ဌ သံဃမဟာနာယက သံဃဥက္ကဋ္ဌ သက်တော်ရှည် ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး (ယခု သက်တော် ၉၆-နှစ်ရှိ၍ တပြည်လုံး၏ တပါးတည်းသော အဘိဓဇ ဆရာတော်ကြီး ဖြစ်သည်၊)၏ မိန့်ကြားတာဝန်ပေးအပ်သော "နိကာယဝှေ့ဒေါတကသမိတိ နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး" ဆိုင်ရာနှင့်တကွ သာသနာပြုခြင်းအရပ်ရပ်တို့ကို မိမိ၏ ကာယ, ဉာဏ အားလျော်စွာ ပူဇော် အားထုတ်ခြင်းတို့ဖြင့် ကတညုတမင်္ဂလာ ပြည့်စုံပါစေဟု ရည်ရွယ်သည်။

**ကျေးဇူးသိတတ်သူ တိရစ္ဆာန် သုံးဦး** မိုးပြင်း လေပြင်း ဒဏ်ကြောင့် ဂင်္ဂါမြစ်လယ်တွင် သစ်တုံးနှင့်အတူ မျောလာသော မြွေ, ကြွက်, ကျေးငှက်တို့ကို အလောင်းတော် ဥဒိစ္စရသေ့သည် ညဥ့်နက်သန်းခေါင် ရေအပြင်မှ ဆယ်တင်ပြီး ကျောင်းသခ်မ်းသို့ ယူဆောင်ကာ မီးပုံကြီးဝယ် အအေးဒဏ်မှ သက်သာစေသည်၊ သစ်သီး သစ်မြစ်တို့ကိုလည်း ကျွေးကာ ၂-ရက် ၃-ရက် စောင့်ရှောက်သဖြင့် အားအင် ပြည့်စုံလာ၍ မိမိတို့ဆိုင်ရာနေရာသို့ ပြန်ခါနီးတွင် ကျွန်ုပ် မြှုပ်ထားသော ဥစ္စာကုဋေ ၄၀-ကို အရှင် အလိုရှိသောအခါ ပေးပါမည်ဟု မြွေက ပြောသည်၊ ကြွက်ကလည်း ကုဋေ ၃၀-သောဥစ္စာဖြင့် ဘိတ်သည်၊ (ယင်း မြွေ, ကြွက်

တို့ကား မလှူဒါန်းနိုင်ကြသော ဗာရာဏသီသူဌေး ၂၁-ဦးတို့ သေကြ၍ ဥစ္စာမက်သဖြင့် စောင့်နေရသူတို့တည်း၊) နည်းတူပင် ကျေးငှက်ကလည်း ဟိမဝန္တာ သလေးစပါးဖြင့် ဘိတ်သည်။

**ကျေးဇူးသိသူများသာ ကြီးပွါးနိုင်သည်** နောင် အလောင်းတော်ရသေ့ ဗာရာဏသီမင်း အဖြစ်သို့ ရောက်သောအခါ (ကျေးဇူးမဲ့သော မူလ လက်ရှိမင်းကို မင်းအရာမှ တိုင်းသူပြည်သားများက ချ၍ အလောင်းတော်ရသေ့ကို တင်သည်၊)ကတိအားလျော်စွာပင် ကုဋေ ၄၀, ကုဋေ ၃၀-ဖြင့် ကုဋေ ၇၀-သော ဥစ္စာများနှင့်တကွ သလေးစပါးနှံတို့ကို ပို့ကြသည်၊ ကျေးဇူးသိသူများ ဖြစ်ကြသော မြွေ, ကြွက်, ကျေးငှက် တို့ကိုလည်း အလောင်းတော် မင်းမြတ်က ရွှေကျည်တောက်, ဖလ်ဂူ, ရွှေချိုင့်တို့ကို ပြုစေ၍ နန်းတော်တွင်း၌ ထားကာ ပျားရည်, ပေါက်ပေါက် စသည်တို့ဖြင့် ကျွေးမွေးပြုစုသည် ဟူသော ဧကနိပါတ် သစ္စံကိရ ဇာတ်တော်လာ ကျေးဇူးတုံ့ပြန်မှုများကို အာရုံယူလျက် မိမိအား သာသနာ့အလယ်တွင် ထယ်ဝါသင့်သမျှ ထယ်ဝါအောင် ချီးမြှောက်တော် မူကြကုန်သော ကျေးဇူးရှင်များအား ယခု ရေးသားအပ်သော တတိယကျမ်းစာဖြင့်လည်း တုံ့ပြန်ကော်ရော် ပူဇော်ပါသည်။ (၁၃၂၅-ခုနှစ် ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ၊ ၁၃၃၅-ခုနှစ် အဘိဓမ္မတ္ထသင်္ဂြိုဟ်ပမာလာ ပြုစုရိုက်နှိပ်ပြီး။)

**သညာတွင်သည် ကျမ်းနာမည်** လေးသင်္ချေနှင့် ကမ္ဘာတသိန်း အနည်းဆုံး အချိန်ကြာအောင် ဒါန, သီလ-စသော ပါရမီတော်(သူတော်ကောင်းတို့၏ ကျင့်စဉ်)များကို ဖြည့်ကျင့် အောင်မြင်ပါမှ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ကရုဏာလှုံ့ဆော် မေတ္တာတော်ဖြင့် သာသနာတော်ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမ၍ ထားတော်မူခဲ့ရာတွင် နှစ်ပေါင်း ၂၅၁၈-နှစ် ယနေ့ထိအောင် ပြည့်စုံသော သာသနာတော်ကို ဖူးမြှော်လေးစား အားထားနေနိုင်ခွင့်ရသည်မှာ သံဃာတော် အရှင်မြတ်များ၏ ကျေးဇူးပင်ဖြစ်သည်၊ (မန္တလေးမြို့ မဟာမုနိ ၄၅-တာ သဒ္ဒါမိက ဓမ္မာရုံ၌ သံဃာတော် ၄၆၅-ပါးတို့အား ၁၃၃၆(၁၉၇၄)ခုနှစ် ဓမ္မာစရိယ

နှင့် ပါဠိပထမပြန် မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒါယကာကြီး ဦးလှမောင် ၁၉-၁-၇၅ နေ့က အထက်ပါ ဘုန်းကြီးစကား (ယူဆချက်)အတိုင်း လျှောက်ထားသည်ကို သိရ၍ ဝမ်းမြောက်မိသည်၊)ဤသို့ ခက်ခဲပင်ပန်းစွာ သဒ္ဓါ, ဝီရိယ, စေတနာအဖြာဖြာတို့ဖြင့် ဆောင်ရွက် စောင့်ရှောက်လာတော်မူကြသော ပရမတ္ထသံဃာ, သမ္မုတိသံဃာတော်တို့၏ ကာလအားလျော်စွာ သိရှိပူဇော်သင့်သော ဂုဏ်များကို "ဓမ္မဒီပနီ"ကို အခြေခံကာ တင်ပြမည်ဖြစ်သောကြောင့် အနုဂါရိယဂုဏ်တော်ဟုရင်း,

**အသက်ကိုထက် သဒ္ဓါတရားကို စောင့်ပေးဘို့ ခဲယဉ်းသည်**

အဆူဆူသော ဘုရား, ပစ္စေကဗုဒ္ဓါ အရိယာအပေါင်းတို့သည် သဒ္ဓါ ဟူသော လက်တော်ဖြင့် ရည်မှန်းအပ်သော ဗောဓိဉာဏ်များကို ပါရမီအပြည့် ဖြည့်ကာ ယူခဲ့ကြသည်၊ "သဒ္ဓါကွယ်လျှင် နိဗ္ဗာန်ကိုဖယ်ထား လူနတ်ချမ်းသာကိုမျှ ထယ်ဝါစွာ မခံစားနိုင်ပေ"၊ တဦးတယောက်၏ အသက်ကို မသေရအောင် တန်ခိုးရှင်က စီစဉ်ပေးနိုင်သော်လည်း သဒ္ဓါမပျောက်ရအောင် စောင့် မပေးနိုင်ပါ၊ ထို့ကြောင့် "သဒ္ဓါတရား ဖြစ်ပေါ်တည်နေမှုသည် အကောင်းဆုံးပင်"ဟု သံယုတ်၌ ဘုရားဟောတော်မူသည်၊ ဤသို့ ဒုလ္လဘဖြစ်သော သာသနာတော်တွင် သာသနာပြု, သာသနာစောင့် သံဃာတော်များ၌ ဘာသာဝင်လူပုဂ္ဂိုလ်များအနေဖြင့် ပြုပြင်သင့်သည်များကို လျှောက်ထားပြုပြင်ကာ အပြစ် မရှာမူ၍ "ဥပါသကာဂုဏ် လောက်လုံသော သူတော်စင်များ" ဖြစ်ကြစေရန် ရည်စိတ်သန်လျက် အဂါရိယရှုဘွယ်ဟုရင်း

အမည်သညာနှစ်ရပ် ပေါင်းစပ်ကာ ဤအနုဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ်ကျမ်းကို သန့်ရှင်းသော စေတနာစိတ္တုပ္ပါဒ်ဖြင့် ရေးသားအပ်ပါသတည်း။

ဆိုင်ရာအဓိပ္ပါယ်များ မှတ်မိရန် အောက်ပါမေးခွန်းများကို ဖြေဆိုပါ၊

(၁) အဘယ်ကို သာသနာဟု ခေါ်ဆိုရမည်နည်း၊ သာသနာသုံးပါးကို ပြ၍ ဝိနည်းသာသနာတော်၏ ယထာပရာဓသာသနာ မည်သင့်ကြောင်း အဓိပ္ပါယ်ရေးပါ။

(၂) အဘိဓမ္မာသာသနာ၏ ရသင့်သော အခြားအမည်နှစ်မျိုးကိုပြ၍ အဘယ့်ကြောင့် ဝိနည်းကို သာသနာတော်တခုလုံး၏ အသက်ဟု ဆိုသင့်သနည်း၊ သာသနာ အရှည်ခံ၍ တည်တံ့အောင် ကြိုးစားသင့်သော သာသနာတော်ကိုလည်း ပြပါ။

(၃) အဘယ်ဂုဏ်ပုဒ်ကိုထောက်၍ သံဃာတော်များကို လယ်ယာမြေကောင်းနှင့်တူသည်ဟု ဆိုသင့်ပါသနည်း၊ သံဃာတော်များကို မရှိမသေမလေးမစားမပြုသင့်ခြင်း၏အကြောင်းကိုလည်းပြပါ။

(၄) ဤကျမ်းစာရေးသားရန် တိုက်တွန်းလျှောက်ထားသူ၏ ရည်ရွယ်ချက်ကိုပြ၍ သစ္စံကိရဇာတ်တော်လာ ကျေးဇူးသိတတ်သူ ၃-ဦး အကျိုးရပုံ(ကျေးဇူးမသိတတ်သူ ပျက်စီးပုံများ)ကိုရေးသားပါ။

(၅) ယနေ့ မြင်တွေ့ကြည်ညိုနေရသော သာသနာတော်၏ကျေးဇူးရှင်များကို ညွှန်၍ အသက်ထက်ပင် အစောင့်ရှောက် ခက်သောတရားကိုလည်း ဖော်ပြပါ။

(၆) ဤကျမ်း၏ ပဓာနမှီရာ နိဿယကျမ်းကိုပြ၍ ကျမ်းစာရှင်၏ ဤကျမ်းဆိုင်ရာ နှလုံးသွင်းရည်ရွယ်ချက် အနုဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ် ဟူသော နာမည်၏ အဓိပ္ပါယ်တို့ကိုလည်း ရေးသားပါ။

သာသနာ—၂၅၁၈၊
ကောဇာ—၁၃၃၆-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်၊
ခရစ်—၁၉၇၅-ခုနှစ် ဇန္နဝါရီလ ၂၁-ရက်၊ အင်္ဂါနေ့။

**အရှင် ကောသလ္လ**

ပွင့်လှ သိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့၊
ခေတ္တ အမှတ်-၃၀၊ ဓမ္မသုခရိပ်သာ၊
ပတ္တမြားခြံ၊ တာဝါလိန်းလမ်း၊ ရန်ကုန်။

ရန်ကုန်မြို့ ရန်ကင်း ပဥ္စနိကာယ သာသနာ့ဗိမာန်

တိပိဋကဓရ သာသနာ့အာဇာနည်

# ပြည် အရှင်ကောသလ္လ၏

ထေရုပ္ပတ္တိ အကျဉ်း

---

**ဖွားရာဇာတိနှင့် သက္ကရာဇ်** အရှင်ကောသလ္လ သည် ပြည်မြို့နယ် ဝက်ထီးကန် ဝါးရုံဆိပ်ရွာ ဦးဘိုးရင်-ဒေါ်ဒေါင်းစိန်တို့မှ ၁၂၇၉-ခုနှစ် တော်သလင်းလဆန်း ၁၀- ရက် (၅-၉-၁၉၂၇) တနင်းလာနေ့တွင် ဖွားမြင်သော အကြီးဆုံး သားရတနာ ဖြစ်သည်။ လူအမည် မောင်ကျော်စိန်ဟု ခေါ်တွင်ပါသည်။

**ဉပသမ္ပဒမင်္ဂလာ** ၁၃-နှစ်ရွယ် ၁၃၀၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် မိဘ ဦးဘိုးရင် –ဒေါ်ဒေါင်းစိန်တို့က ဝါးရုံဆိပ်ဆရာတော် ဦးဥက္ကဋ္ဌကထံ ရှင်ပြု၍ သာမဏေအဖြစ် ရောက်ကာ ရှင်ကောသလ္လဘွဲ့မည် ရရှိတော်မူသည်။ ၁၃၀၈- ခုနှစ် တပေါင်းလပြည့်နေ့တွင် ပြည်မြို့ ပွင့်လှ သိမ်ကုန်း ရဟန္တာသိမ်တော်၌ ဝေဠုဝန်နိကာယ ဂဏာဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ ပွင့်လှသိမ်ကုန်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဝါးရုံဆိပ်ရွာ ဦးချစ်စု-ဒေါ်မယ်တင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ နောင်နှစ်များတွင်လည်း အရှင်မြတ်၏ သာသနာ့ ဉယျာဉ်မှူးများ အဖြစ် မြို့နယ်စုံမှ ဆယ်ဦးထက် မနည်းသော ဒါယကာ-ဒါယိကာမများက သိမ်ထပ်၍ ပစ္စယာနုဂ္ဂဟ ပြုကြပါသည်။

**ကျေးဇူးရှင် ဆရာတော်များ** ဝါးရုံဆိပ် ဆရာတော် ဦးဥက္ကဋ္ဌက၊ ပွင့်လှ သိမ်ကုန်း ဆရာတော်ဘုရားကြီး၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်၊ ညောင်တုန်းကျောင်း

တိုက် ဆရာတော်၊ မန္တလေးမြို့ ဘုရားကြီးတိုက်, စကုတိုက်, မိုးကောင်းတိုက် ဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်နှင့် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးများ ဖြစ်ကြပါသည်။

**အောင်မြင်ခဲ့သော စာမေးပွဲများ**　　အစိုးရ ပထမပြန် ငယ်–လတ်–ကြီးနှင့် ၁၃၁၄-ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချတန်းကို ဒုတိယ အောင်မှတ် အများဆုံးဖြင့် အောင်မြင်သည်။ ၁၃၂၀-ခုနှစ်တွင် တိပိဋကဓရ ရွေးချယ်ပွဲ၌ ဝိသိဋ္ဌဒီဃဘာဏက ဒီဃနိ-ကာယ ကောဝိဒ-ဘွဲ့၊ ၁၃၂၁– ခုနှစ်တွင် ဝိနယဓရ ဝိနယကောဝိဒ-ဘွဲ့၊ ၁၃၂၅-ခုနှစ်တွင် အဘိဓမ္မိက အဘိဓမ္မကောဝိဒ-ဘွဲ့ အပြင် ပိဋကသုံးပုံလုံး အောင်မြင်ပြီးစီးသဖြင့် ဗုဒ္ဓသာသန တိပိဋကဓရ တိပိဋကကောဝိဒ ဟူသော အောင်လက်မှတ် ဘွဲ့တံဆိပ်တော်အပြင် "ဘဒ္ဒန္တကောသလ္လ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့" ဟူသည့် အက္ခရာတံဆိပ်ပါ ဆင်စွယ်ယပ် ဝန်းတော်, အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၃-လက် အမှတ်တံဆိပ်ပါ သာသနာ့ အောင်လံတော်,ကုန်း-ရေ-လေ သုံးဌာန အခမဲ့ စီးနင်းနိုင်သော အထူးလက်မှတ်တော်များ ချီးမြှင့် ဆက်ကပ် ခံယူ ရရှိတော်မူပါသည်။ တိပိဋကဓရ ဘွဲ့တော်အတွက် နိုင်ငံတော်အစိုးရတို့က နှစ်စဉ် ဆွမ်းဆန်တော်ကိုလည်း ရာသက်ပန် လှူဒါန်းထောက်ပံ့ခံရပါသည်။

**ရေးသားပြုစုသော ကျမ်းများ**　　ပွင့်လှသိမ်ကုန်း ထေရုပ္ပတ္တိ, ပွင့်လှသိမ်ကုန်း အဘိဓမ္မတ္ထသရူပမာလာ, အနုဂါရိယ ဂုဏ်တော်နှင့် အဂါရိယ ရှုဘွယ်ကျမ်းနှင့် ယခု အခြေခံသာသနာရေးကျမ်းကို ပြုစုလျက်ရှိသည်။

**သာသနကိစ္စ စွမ်းဆောင်ချက်များ**　　ပြည်မြို့ ပွင့်လှသိမ်ကုန်း တာဝန်ခံစာချ,ဝေဠုဝန် နိကာယ တွဲဘက်အကျိုးဆောင်, ဂိုဏ်းပေါင်းစုံ သာသနာတော် သန့်ရှင်းပြန့်ပွါးရေး နှစ်ကျိပ်တဦး ဆရာတော်များအဖွဲ့ ( ၁၃၂၆-ခုနှစ် ) အကျိုးဆောင်, ပွင့်လှသိမ်ကုန်း ပုညစေတီတော် တည်ဆောက်ရေး

တာဝန်ခံ၊ ပြည်မြို့ မြတ်စွယ်တော်ထိန်းအဖွဲ့ ဩဝါဒါစရိယ စသည်များကို ဆောင်ရွက်နေစဉ် ရန်ကုန်မြို့ နိကာယုဇ္ဇောတကသမိတိ နိကာယ် သာသနာတော် ထွန်းကားရေးအသင်း ဖွဲ့သောအခါ မဟာနာယက မစိုးရိမ်ဆရာတော်ကြီးက အသင်း၏ ရေးရာကိစ္စများကို ကွပ်ကဲအုပ်ချုပ်ရန် ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာတော်ထံ ခွင့်တောင်းခေါ်ယူသဖြင့် ရန်ကုန်မြို့ ဗဟန်း တာဝါလိန်းလမ်း ပတ္တမြားခြံ စံကျောင်းတော်တွင် မစိုးရိမ်ဆရာတော်ကြီးနှင့်အတူ သီတင်းသုံးရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီး ဖွဲ့စည်းခဲ့သော ဩဝါဒါစရိယ ၈-ပါးတွင် အကျိုးဆောင် အတွင်းရေးမှူး တာဝန်ကိုယူ၍ အချိန်ပြည့် စွမ်းဆောင်လျက် ရှိပါသည်။

**အာမိသနှင့် ဓမ္မအမွေ ဆက်ခံစေရာ မြတ်မင်္ဂလာ** ရန်ကုန်မြို့ ရန်ကင်း ကံဘဲ့ ဘုတာရုံလမ်းရှိ ဆဋ္ဌသံဂါယနာ ကျောက် စာ တော် များ တည်ရာ သစ္စဝါဒီ ကုန်းမြေ "ပဥ္စနိကာယ သာသနာ့ဗိမာန်" ကျောင်းတိုက်ကြီးကို လှူပျံ့တော် ပတ္တမြား သဒ္ဒါမိက ( ဦးမောင်မောင် )– ဒေါ်ဒေါ်ငြိမ်း မိသားစုတို့က ၃-၃-၇၇ နေ့တွင် သာသနာတော်အား လှူဒါန်းပြီးနောက် အစောင့်အရှောက် တာဝန်ခံ နိကာယ် သာသနာတော် ထွန်းကားရေး အသင်း အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီး ဆရာတော်, တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးများ၊ ဦးစီးသော ဩဝါဒါစရိယ သံဃအဖွဲ့ နာယကကြီး ဦးအောင်မြင့်, ဝဏ္ဏကျော်ထင် ဦးဘဝမ်း, ဦးအောင်မြင့် (ပတ္တမြားကျောင်းအမကြီး၏သား)အစရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင်များက–

၁။ အဘိဓဇမစိုးရိမ်ဆရာတော်ဘုရားကြီး၏ကြိုတင်စီစဉ်တော်မူချက်,

၂။ သာသနာပြု ကျောင်းဒါယကာ ပတ္တမြားမိသားစု၏ စေတနာ,

၃။ အရှင်မြတ်၏ သာသနာတော်ဝယ် ထားရှိအပ်သော စိတ်ဓာတ်အရပ်ရပ်တို့ကို ထောက်ထားမြော်ခေါ်တော်မူကြလျက် နိကာယုဇ္ဇောတကသမိတိ ဩဝါဒါစရိယ သံဃအကျိုးအောင် "တိပိ-

ႀကမ္ေရ ဓမ္မဘဏ္ဍာဂါရိက ပြည်အရှင်ကောသလ္လ"အား ၄-၃-၇၇ နေ့က အမှတ်-၁၄၄၊ စမ်းချောင်းလမ်း အသင်း ဥက္ကဋ္ဌကြီး ဦးညဏ်၏တိုက်တွင် ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ် အပ်နှံတင်မြှောက်ပြီးဖြစ်ရာ ၂၁-၃-၇၇ နေ့မှစ၍—

၁။ သာမဏေငယ်များကို လက်ခံပြုစုခြင်း,

၂။ ပိဋကအခြေခံ လုံလောက်အောင် ဦးစွာသင်ကြားပေး၍,

၃။ နိကာယ်ပိဋကများကို ပို့ချကျက်မှတ်စေလျက်

'ဘုရားနှင့်တွေ့အောင် လမ်းညွှန်ပြု' စသော အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး မိန့်မှာတော်မူချက်တာဝန်များကို ဆောင်ရွက် အားထုတ်လျက် ရှိပါသည်။

## အနဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ်ကျမ်း

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏာမနှင့် ပဋိညာဉ် .... .... .... | ၁ |
| မနုဿတ္တဘာဝေါ ဒုလ္လဘော .... .... | ၃ |
| လိပ်ကဏ်းတကောင်နှင့် ထမ်းပိုး .... .... | ၃ |
| သေခါနီးလျှင် မိတ်ကောင်းလိုလှသည် .... | ၃ |
| အကုသိုလ်များ အပေါင်းအဖော်နှင့် လာတတ်ကြသည် .... .... .... | ၄ |
| ပဒေသာပင် ပေါက်နေချိန်ကား သာသနာတော်တွင်း လူ့ဘဝဖြစ်သည် .... .... .... | ၅ |
| လူ့ဘဝက နတ်ဘဝထက် သာလွန်မြင့်မြတ်ပုံ .... | ၅ |
| အကြောင်းအဆင့်ဆင့် ပြည့်စုံညီညွတ်မှ သာသနာတော်ကြီးပွါးမည် .... .... .... | ၆ |
| အကျိုးမှန်သမျှ အကြောင်းကြောင့်သာ .... | ၆ |
| ဥပါသကာမှန်က ပြည့်စုံရန် ဂုဏ်အင်္ဂါ ၁၀-ပါး .... | ၆ |
| ဥပါသကာဂုဏ်ကို ရည်ညွှန်းသော ဘုရားစကားတော်များ .... .... .... | ၇ |
| ဆုတ်ယုတ်နေသော သာသနာ သူတော်ကောင်းတဦးပြုပေးပုံ .... .... .... | ၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သာသနာတော်အား အကျိုးပြုသော ဆောင်ရွက်ချက် | ၈ |
| အလင်္ဗီတံခွန် လူလွန်မသား .... .... | ၉ |
| စိတ်ပျက်နေရုံဖြင့် အကျိုးမသက်နိုင် .... | ၉ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၁၁ |
| သာသနာတော်နှင့် ကြုံတွေ့မှုဆိုင်ရာ အကျိုးအမြတ်များ .... | ၁၁ |
| ဥယျာဉ်ကြီးပမာ မြတ်သာသနာ .... .... | ၁၁ |
| ဗုဒ္ဓဘာသာဝင် ၄-စား မှတ်သား ကျင့်သုံးဘွယ် .... | ၁၂ |
| အမြင်မှန် ၁၀-ပါးနှင့် ဗုဒ္ဓဘာသာ .... .... | ၁၂ |
| အလတ်, အကြီးဆိုင်ရာ ဗုဒ္ဓဘာသာဝင်များ .... | ၁၂ |
| ပရမတ္ထ ဗုဒ္ဓဘာသာဝင် သူတော်စင်.... .... | ၁၂ |
| မိမိကိုယ်ကို ချစ်-မချစ် စိစစ်နိုင်းချိန်ရမည် .... | ၁၃ |
| မရေရာသေးသော သဒ္ဓါဗုဒ္ဓဘာသာဝင် .... | ၁၃ |
| ဘုရားအလောင်း၏ ကြည်ညိုဘွယ်ရာ ပါရမီတော်များ .... | ၁၄ |
| ကောင်းကင်ရှိ ကြယ်များနှင့် ဘုရားအလောင်း မျက်လုံးတော် .... .... .... | ၁၄ |
| ပုဏ္ဏားအိုနှင့် သိကြားပျို .... .... | ၁၄ |
| သမားတော်၏ စေတနာ .... .... | ၁၅ |
| ကမ္ဘာကုဋေ လွန်လေသော်လည်း .... .... | ၁၅ |
| ဘုရားရှင်နှင့် သရဘပရိဗိုဇ် .... .... | ၁၆ |
| ဗုဒ္ဓ၏ သီဟနာဒ (ရဲရင့်ပြတ်သားသော မိန့်ခွန်းတော်)၃-မျိုး | ၁၆ |
| အခြားသော ဘုရားဆိုသူများစကား စဉ်းစားဘွယ်ရာ | ၁၇ |
| လာဘ်စားသော တရားသူကြီးပမာ.... .... | ၁၈ |
| သာယာဝတီဆရာတော်၏ သက်ကြီးပူဇော်ပွဲ .... | ၁၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မစိုးရိမ်ဆရာတော်ဘုရားကြီး ဩဝါဒ .... | ၁၉ |
| ကံအမွေကို မိဘနှင့် ဘုရားက မပေးနိုင် .... | ၁၉ |
| **ဖြေဆိုရန် မေးခွန်းများ** .... .... .... | ၂၀ |
| **အရင်းအနှီး နည်းသော်လည်း အမြတ်ကြီးသော ဗုဒ္ဓသာသနာ** | ၂၂ |
| ထမင်းရေချောင်းစီး ဝေလာမပုဏ္ဏားကြီး .... | ၂၂ |
| သရဏဂုံတည်ကျိုး တန်ဘိုးမဖြတ်နိုင် .... | ၂၂ |
| **သာသနာတော်၌ စိတ်တလုံး အသုံးချတတ်သဖြင့် ကျေးဇူးများပုံ** .... .... .... | ၂၃ |
| စကြာမင်းကြီးတဦး စိတ်ကူးပုံ .... .... | ၂၃ |
| မနောကံစေတနာနှင့် သာသနာ့အရှိန်အဝါ .... | ၂၃ |
| ပုံတော်အတွင်း ဂုဏ်တော်သွင်းပါ .... .... | ၂၄ |
| မာရ်နတ်ဖန်ဆင်းသော ဘုရားပုံတော်၏ တန်ခိုး .... | ၂၄ |
| နှစ် ၂၅၀၀-ကျော်သော်လည်း ဘုရားရှင် ရှိနေသေးသည် .... .... .... | ၂၅ |
| စေတီရုပ်ပွါးတော်များ ဘုရားပင် မည်ပုံ .... | ၂၆ |
| စေတီထိုက်သော ပုဂ္ဂိုလ်များ .... .... | ၂၇ |
| **စေတီ ၃-မျိုး, ၄-မျိုး, ၅-မျိုး ပူဇော်ရကျိုးများ** .... | ၂၇ |
| စေတီ တည်ရကျိုး .... .... .... | ၂၇ |
| ဓာတ်တော် ပူဇော်ရကျိုး .... .... | ၂၇ |
| ပါဒစေတီ ပူဇော်ရကျိုး .... .... | ၂၇ |
| ပရိဘောဂစေတီ ပူဇော်ရကျိုး .... .... | ၂၈ |
| စေတီပျက် ပြင်ရကျိုး .... .... | ၂၈ |
| သဲပုံစေတီ တည်ထားပူဇော်ရကျိုး .... | ၂၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရုပ်ပွါးတော် ပူဇော်ရကျိုး .... .... | ၂၀ |
| ဓမ္မစေတီ ပူဇော်ရသောအကျိုး .... .... | ၂၀ |
| အနဂါမိယသံဃာတော်များ၏ ထင်ရှားသောကျေးဇူးများ.... | ၂၉ |
| ကမ္မည်းကျောက်စာနှင့် ရတနာအိုးများ .... | ၂၉ |
| သာသနာ့ဝန်ဆောင် သံဃာတော်များ .... | ၂၉ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၃၀ |
| သံဂါယနာခြောက်တန်ဖြင့် ပရိယတ္တိကန်ဘောင် ဆည်ဖို့ကြသည် .... .... .... | ၃၁ |
| ဘုရားရှင် ပရိနိဗ္ဗာန်စံချိန် တောထွက်တပါး .... | ၃၁ |
| ပဌမသံဂါယနာ တင်ပုံ .... .... | ၃၂ |
| ရဟန်းတော်များ ရွှေ ငွေ သာယာအပ်သည်ဟု ယူဆ ဒုတိယ သံဂါယနာ .... .... | ၃၂ |
| တတိယသံဂါယနာ .... .... .... | ၃၃ |
| ခေတ်ပျက်နှင့် သံဃာတော်များ စား ဝတ် နေရေး.... | ၃၃ |
| အသက်အသေခံ စာအံတော်မူကြပုံ .... .... | ၃၄ |
| ပေထက်အက္ခရာ စတုတ္ထသံဂါယနာ .... .... | ၃၄ |
| ကျောက်ထက်အက္ခရာ ပဥ္စမသံဂါယနာ .... | ၃၄ |
| ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် .... .... | ၃၅ |
| မစိုးရိမ်ဆရာတော်ဘုရားကြီး၏ စေတနာတော် .... | ၃၆ |
| ကြည်ညိုဘွယ်ရာ သံဃာတော်ရတနာ .... | ၃၆ |
| တရားရတနာကို မည်သို့ ပူဇော်မည်နည်း .... | ၃၇ |
| စာချဘုန်းကြီးများ ဆင်းရဲကြသည် .... | ၃၇ |
| ပါရမီအစုံ လုံလောက်ကြပါစေ .... .... | ၃၀ |

အကြောင်းအရာ စာမျက်နှာ

**သံဃာတော်နှင့်စပ်လျှင် ဥပဒ်မဖြစ်အောင် ကျင့်တတ်ကြရမည်** ၃၇
ဘုရားရှင်ကို ငယ်သေးသည်ဟု ကောသလမင်းကြီး
အထင်သေးသည် .... .... .... ၃၇
ငယ်သည်ဟုအထင်မသေးထိုက်သော အရာ ၄ မျိုး.... ၃၉
သမ္မဒေဝ သမာစရေ အဓိပ္ပါယ် .... .... ၃၉
ဂါရဝမင်္ဂလာ ဖြစ်-မဖြစ် .... .... ၃၉
ပဏ္ဍိပါတ သရဏဂုံ ထိုက်-မထိုက် .... .... ၄၀
**ဖြေဆိုရန် မေးခွန်းများ** .... .... .... ၄၀
**လဇ္ဇီ, အလဇ္ဇီ, ဒုဿီလ ပုဂ္ဂိုလ် ၃-မျိုး မှတ်သားဘွယ်** .... ၄၁
လဇ္ဇီပုဂ္ဂိုလ် .... .... .... ၄၁
အလဇ္ဇီပုဂ္ဂိုလ် .... .... .... ၄၂
လဇ္ဇီ-အလဇ္ဇီ စိတ်နှင့်စပ်သည် .... .... ၄၂
ကေန် အာပတ်သင့်မှန်း သိလျက်နှင့် ပြုခြင်း .... ၄၂
လောကဝဇ္ဇမျိုးဆိုင်ရာ .... .... ၄၃
သင့်ပြီးအာပတ်ကို ဖုံးထားခြင်း .... .... ၄၃
အဂတိ ၄-ပါး လိုက်စားခြင်း .... .... ၄၄
အလဇ္ဇီ ၂-မျိုးနှင့် ဒုဿီလ ဝိနိစ္ဆယ .... .... ၄၄
ဒုဿီလသည် လူလော, ရဟန်းလော .... ၄၅
ရဟန်းဟု ဆိုဘွယ်ရာ အကြောင်းများ .... ၄၆
ဥတ်ကမ္မဝါစာ အာဏာတော်များ .... .... ၄၆
သာမဏေ ပြုခဏ်းဆိုင်ရာ မှတ်ဘွယ် .... .... ၄၇
စွပ်စွဲဆဲရေးမှုနှင့် အပြစ် အနာ အဆာများ .... ၄၇
**ဖြေဆိုရန် မေးခွန်းများ** .... .... ၄၇
**အလဇ္ဇီ,ဒုဿီလ-ပုဂ္ဂိုလ်နှင့် ရနိုင်သမျှမင်္ဂလာ....** .... ၄၉
အမှန်သိသော် ဥပေက္ခာ .... .... ၄၉

အကြောင်းအရာ စာမျက်နှာ


အိမ်ဆောက်သစ်ရှာ ဥပမာ .... ... ၄၉
သက်နှိုးခြုံ၍ နေ့စဉ်ကြွပါ ငွေ-၁၀ဝိ လှူပါမည် .... ၅၀

ပုဇော်ချီးမြှောက်ထိုက်သော ပုဇနီယပုဂ္ဂိုလ်များ .... ၅၁

သရဏဂုံသီလရှိသူ လူနှင့် သောတာပတ္တိမဂ္ဂဋ္ဌာန် .... ၅၁
လူရဟန္တာက ပုထုဇဉ် ရဟန်းကို ရှိခိုးရသည် .... ၅၁
ရှုပင်ဖြစ်သော်လည်း စေတီအိမ် ဖြစ်လျှင် .... ၅၂
ဒုဿီလရဟန်း၏ ဂုဏ် ၁၀-ပါး .... .... ၅၂
ဝင်ပေါက်သာ ရှိ၍ ထွက်ပေါက် မရှိသော အပါယ် ၄-ဘုံ ၅၃
အပြစ်မရှု စိတ်မခုကြရန် ဥပမာတနည်း .... ၅၃
သဒ္ဓါတိဿမင်းကြီး၏ အတုယူဘွယ် သဒ္ဓါ .... ၅၄

ဖြေဆိုရန် မေးခွန်းများ .... .... ၅၅

ဗုဒ္ဓ စမ္မ သံဃာ့ဂိုဏ်းသင့်အောင် ထိခိုက်မှုဆိုင်ရာ အပြစ်များစွာ ၅၆
ပြစ်မှားထိခိုက်လျှင် ဒဏ် ၁၀-ပါး ထိတတ်သည် .... ၅၆
ဝိနည်းမိုရ် ဆရာတော်ကြီးများ၏ ကြီးမားသော စေတနာ ၅၇
မိမိအတွက် သူတပါးမှာ သာသနာ မပျက်စေသင့်.... ၅၇
နောက်က မာတုဂါမ အမြဲပါနေသော ရဟန်းတပါး ၅၈
ပရိက္ခရာမက်၍ ၇-ခါ လူထွက်ရသော ထုံး .... ၅၉
အမြှစ်ပြောပုံ ၂-မျိုး .... .... ၅၉
လက်ထပ်ပွဲတွင် သူ့အိုကိုမြင်၍ သံဝေဂထင်သော ထုံး ၆၀
လစ္ဆိသူတော်ကောင်း ဖြစ်ဘို့ ထိန်းကျောင်း ပြုပြင်ပါ ၆၀
လစ္ဆိနှင့် သူတော်ကောင်း .... .... ၆၀
ညွှန်ပြအပ်သော ဝိနည်း ၂-ပါး .... .... ၆၁
လူများ ဆိုင်ရာ ဝိနည်း .... .... ၆၁
အသားဟင်း ကျွေးသော တောရွာ အလှူကြီးများ ၆၂
အကျင့်ဂုဏ်စုံမှ မင်္ဂလာ .... .... ၆၂

အကြောင်းအရာ စာမျက်နှာ


လူများ ရဟန်းဝိနည်းကို သင်ကောင်းသည် .... ၆၂
ဝိနည်းတတ်သော လူ အာဇာနည်များ .... ၆၃

**ဖြေဆိုရန် မေးခွန်းများ** .... .... ၆၃

**ရဟန်းတော်များက လူများအား ဝိနည်းသင်ကြား ....**
**ပေးခဲ့သော ထုံးနမူနာ** .... .... ၆၅

ဝိနည်းမိုး ရွာ၍ သာသနာစည်ပင်ပုံ .... .... ၆၅
သတိမူဘွယ်ရာ ဖြစ်သော ဂေဟာဿိတ တဏှာ .... ၆၆

**သာသနာတော်နှင့် ကြုံကြရခိုက် အမြတ် ထွက်အောင် ....**
**ကြိုးစားသင့်သည်** .... .... ၆၇

သာသနာတော် ကျိုး ဆောင်ရာဝယ် ငှက်မူဆိုးကဲ့သို့
မဖြစ်စေသင့် .... .... ၆၇
အရေးကြီးသော ဗုဒ္ဓ၏ မိန့်ခွန်းတော်များ .... ၆၇
လောကကြီးကို စောင့်ပေးသော တရား .... ၆၈
နတ်ပြည်၌ သာသနာတော် စည်ပင်ဆဲပင် .... ၆၈
အကျင့်သီလ ရှိ-မရှိ နတ်များ ကြည့် နေကြသည်.... ၆၉
ဒါနထက် သီလက အဆင့်မြင့်သည် .... .... ၇၀
အဓိဋ္ဌာဒါန ဝိရတီသီလစသည် မှန်းဆဘွယ် .... ၇၀

**အင်းဝခေတ် သာသနာ ကြည်ညိုဘွယ်ရာ ဆရာတော်များ ....** ၇၁

အမတ်စည်းစိမ် မမြိန်သော ဆရာတော်နှင့်
ခြိုးခြံသောဆရာတော် .... .... ၇၁
ဆေးကု ဗေဒင်ဟော စက်ဆုပ်တော်မူကြပုံ .... ၇၂
သာလွန်မင်းနှင့် ဆရာတော်များ .... .... ၇၂

အကြောင်းအရာ စာမျက်နှာ

စိတ်အလိုလိုက်၍ မိုက်မိခဲ့ကြသော ဂိဇ္ဈကုဋ်ပြိတ္တာများ .... ၄၃
အရှင်မောဂ္ဂလာန် ပြုံးတော်မူမိသည်.... .... ၄၃
ကဿပဘုရားသာသနာ ယုတ်မာခဲ့ကြသူများ .... ၄၄
စဉ်းလဲလှသော အိုးစရည်းရဟန္တာ .... .... ၄၄
ရှိခိုးခံနေကြရသမျှ ဒုက္ခကြီးလှသည် .... ၄၅
ချမ်းသာသော ရဟန်းတော်များ ဖြစ်ပါစေ .... ၄၅
ဖြေဆိုရန် မေးခွန်းများ .... .... .... ၄၆
ဗုဒ္ဓဘာသာဝင်များနှင့် ခွဲ၍မရသော ဒါနမင်္ဂလာ .... ၄၇
ပုဂ္ဂိုလ်လိုက်၍ ဖြစ်ရသော အဆိုးစကား ၅-မျိုး .... ၄၇
သိက္ခာသုံးပါး၌ ဒါနမပါ .... .... ၄၈
လောဘကြောင့်သာ သံသရာရှည်သည် .... ၄၉
ဒါနမလိုဟုဆိုသော ကိုယ်တော်တပါး .... ၅၀
ဒါနရှင် နိဗ္ဗာန်ဝင် နောက်မကျပါ .... .... ၅၁
ဓုတင်ဆောင် ရဟန်းကိုသာ လှူသည်-ဟူရာ၌ .... ၅၂
ရွေးချယ်လှူမှု အကျိုးရသည် .... .... ၅၃
သံဃိကဆိုင်ရာ မှတ်သားလေ့လာဘွယ်များ .... ၅၃
သံဃိကဒါန ၇-မျိုး .... .... .... ၅၃
သံဃိကဖြစ်အောင် စိတ်ထားရပုံ .... .... ၅၃
သံဃိကအလှူရှင်များ ဝမ်းမြောက်ဘွယ် .... ၅၄
ဘုရားမရှိရာကာလ၌လည်း ဗုဒ္ဓပမုခသံဃိကဖြစ်ပုံ .... ၅၄
အလဇ္ဇီ ဒုဿီလကို ရသော်လည်း သံဃိကပင် .... ၅၅
ဒုဿီလကို ဘုရားနှင့်အတူ လေးစားသောသူကြွယ် .... ၅၅
ဖြေဆိုရန် မေးခွန်းများ .... .... .... ၅၆
ပုဂ္ဂလိကအလှူခံပုဂ္ဂိုလ် တကျိပ်လေးဦး .... .... ၅၇
သာသနာတွင်း လူများနှင့် သောတာပတ္တိမဂ္ဂဋ္ဌာန် .... ၅၇

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်များ .... | ၈၈ |
| ဒက္ခိဏာဝိသုဒ္ဓိ ၁၀-ပါး မှတ်သားဘွယ် .... | ၈၈ |
| ပုဂ္ဂလိကဒါန အကျိုးများ .... .... | ၈၉ |
| ဗုဒ္ဓပုဂ္ဂလိကဒါနနှင့် သံဃိကဒါန နှိုင်းယှဉ်ချက် .... | ၈၉ |
| ဗုဒ္ဓပုဂ္ဂလိကဒါနက သံဃိကထက် မြတ် .... | ၈၉ |
| ရုပ်ပွါးတော်မြတ် ဒါနလည်း သံဃိကဒါနထက် သာသည် | ၉၁ |
| ဆင်ခြင်ဝဉ်းစား၍ ဝမ်းသာနိုင်ကြပါစေ သူတော်ကောင်းတို့ | ၉၁ |
| သောတာပန် လာဇာနတ်သမီး .... .... | ၉၁ |
| ရဟန်း သာမဏေများသည် နတ်ပြဟ္မာများထက် ဘဝအရထူးသည်.... .. .... | ၉၂ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၉၃ |
| ပြည့်စုံသော သာသနာတော်၌ ပြည့်စုံအောင် ကြိုးစားကြပုံ.... | ၉၄ |
| ဘုရားဖြစ်ဘို့ထက် ခက်သောဘဝ .... .... | ၉၄ |
| သာသနာပြုပုဂ္ဂိုလ်များလည်း အရတော်ကြ .... | ၉၄ |
| ရှင့်မယ်တော်တဦး ကောင်းမှုစွမ်းရည် .... | ၉၅ |
| ရှေးသူတော်ကောင်းများနှင့် သာသနာ့အရသာ .... | ၉၅ |
| သမာဓိကြီးမား ကြိုးစားကြကုန် .... .... | ၉၆ |
| အသက်ထက်ဆုံး ကျင့်သုံးရန်တရား ၂-ပါးသာ .... | ၉၇ |
| အကြောင်းမစုံသော ကောသလမင်းနှင့် ရောပထ နဂါးမင်းကြီး .... .... | ၉၇ |
| ဝိဇ္ဇာနှင့် စရဏ သဘောဂုဏ်များ .... .... | ၉၈ |
| အဗ္ဘန္တရသာရေကျ်နှင့် ငှက်-ဥပမာ .... | ၉၈ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၉၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့် အတုမရှိ ပြည့်စုံတော်မူသော .... | |
| မြတ်စွာဘုရား .... .... .... | ၁၀၀ |
| ပုဂ္ဂိုလ်လေးမျိုး မှတ်သားဘွယ် .... .... | ၁၀၀ |
| ယထာဝါဒီ တထာကာရီ မြတ်စွာဘုရား .... | ၁၀၁ |
| ဘုရားအလိုတော်ကျ ဖြစ်နိုင်ကြရေး.... .... | ၁၀၁ |
| ဘဝချမ်းသာများ၏ စက်ဆုပ်ဘွယ်ရာ .... | ၁၀၂ |
| အဆိပ်သီးစား ငှက်များပမာ .... .... | ၁၀၂ |
| သုတ် ၂-ပါးအထူး .... .... | ၁၀၃ |
| ဘုံသုံးပါး၏ ဥပမာ .... .... | ၁၀၃ |
| စိတ်သာရှင်စော ဘုရားဟောခဲ့ .... .... | ၁၀၄ |
| စိတ်လျင်မြန်ပုံ ဥပမာ .... .... | ၁၀၄ |
| ခန္ဓာငါးပါး၏ အပြစ်အနာအဆာများ .... | ၁၀၅ |
| ကျားစာဖြစ်ရရှာသော ခရီးသွား ၃-ဦး .... | ၁၀၅ |
| သုတ်ဆိုင်ရာ အဓိပ္ပါယ် .... .... | ၁၀၆ |
| ရောဂါနှင့်ဆေး သင့်အောင်ပေးရမည် .... | ၁၀၆ |
| ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒအချုပ် .... | ၁၀၇ |
| ဝေဘူဆရာတော်ဘုရားကြီး၏ အာနာပါနဝိပဿနာ | ၁၀၈ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၁၀၉ |
| ကျမ်းစာပြုစု ကောင်းမှုမင်္ဂလာ ရည်ညွှန်းရာ .... | ၁၁၁ |
| အလှကြော့ကွင်း သေမင်းထောင်ချောက် .... | ၁၁၁ |
| မိုရာကိုတွယ် မာလောန္တယ်ပမာ ငြိတဏှာ .... | ၁၁၁ |
| နိဗ္ဗာန်သမုဒ္ဒရာသို့ သွားရာဆိပ်ကမ်းမှာ သီလသာ .... | ၁၁၁ |
| မနေလိုသော်လည်း မသေလိုသေးပါ .... | ၁၁၂ |
| အော်-သေသော်မှ ကောင်းသေး၏တကား .... | ၁၁၂ |
| ရွှေခြူး ဦးသူတော်၏ပုံ .... .... | ၁၁၃ |

# ရွှေခြူး ဦးသုတော်၏ အဘွားပုံဇါတ်

အကြောင်းအရာ — စာမျက်နှာ


ရွှေခြူးဒါယကာ၏ ပဓာနရည်မှန်းချက် .... ၁၁၅
ပဓာန ဒွားထားရာ မင်္ဂလာ .... .... ၁၁၅
အတုခိုးဘွယ်ရာ ဥဒယဘဒ္ဒ ဇနီးမောင်နှံ .... ၁၁၆
ရွှေခြူး သမီးခင်ပွန်းတို့ကိုလည်း ဘုန်းကြီးများ အားရသည် .... .... .... ၁၁၇
ကျမ်းဦးမင်္ဂလာ မြတ်မင်္ဂလာ .... .... ၁၁၇

မင်္ဂလသုတ်တော် မင်္ဂလာဆောင်ပုဒ်ကဗျာများ .... ၁၁၈
သုံးဆယ့်ရှစ်ဖြာမင်္ဂလာ–အသေဝနာ·ပုဒ် .... .... ၁၁၈
မင်္ဂလာ–ပဋိရူပ·ပုဒ် .... .... .... ၁၁၈
မင်္ဂလာ–ဗာဟုသစ္စဥ္စ·ပုဒ် .... .... .... ၁၁၈
မင်္ဂလာ–မာတာပိတုဥပဋ္ဌာန·ပုဒ် .... .... ၁၁၉
မင်္ဂလာ–ဒါနဥ္စ·ပုဒ် .... .... .... ၁၁၉
မင်္ဂလာ–အာရတိ ဝိရတိ·ပုဒ် .... .... ၁၁၉
မင်္ဂလာ– ခန္တီစ·ပုဒ် .... .... .... ၁၁၉
မင်္ဂလာ–တပေါစ·ပုဒ် .... .... .... ၁၂၀
မင်္ဂလာ–ဖုဋ္ဌဿ·ပုဒ် .... .... .... ၁၂၀
မင်္ဂလာ–တောဒိသာနိ·ပုဒ် .... .... .... ၁၂၀
ဘဝဖြစ်စဉ် နိဒါန်းအစ ညွှန်ပြရသော် .... .... ၁၂၁

အကြောင်းအရာ　　စာမျက်နှာ


ရရှိသော လူ့ဘဝ အသုံးချတတ်ဘို့ အရေးကြီးသည်　၁၂၁

ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ ....　၁၂၁

ပထမပိုင်းကဏ္ဍ လောကလူ့ဘောင် ရောက်ခဲ့ရပုံ ....　၁၂၂

ပန်းချီ ပန်းပု ဆရာကြီး ဦးရွှေဘော် ....　၁၂၂

ဦးရွှေဘော် ကွယ်လွန်သဖြင့် ငယ်စဉ်ကပင် ဖတဆိုး ဖြစ်ရသော မောင်သူတော် .... ....　၁၂၃

၆-နှစ်သား သာသာကပင် မိခင်နှင့် အငှါး ကောက်ရိတ်လိုက်ရခြင်း .... ....　၁၂၄

မိခင် မုဆိုးမကြီး၏ ဆင်းရဲမှု ရင်နင့်ဘွယ်ရာ ....　၁၂၅

အထူးမှတ်ချက် .... .... ....　၁၂၆

၁၀-နှစ်ကျော်မှ ကကြီး, ခကွေး သင်ရသော ဦးသူတော် .... .... ....　၁၂၆

၁၃-နှစ်သား စာရင်းငှါးလုပ်ရ မျက်နှာရခဲ့ ....　၁၂၇

ဘုရားနှင့် ကျောင်းဒကာ လယ်ယာဦးကြီးများ ....　၁၂၈

ပျိုးတလက် ၂-ပြား သားကြီး သားငယ် မိခင်နှင့် အတူသယ် .... .... ....　၁၂၈

ဒုက္ခမျိုးစုံ ကြုံရရှာလေဘိ သားအမိ ....　၁၂၉

တောင်မြင့်မိုရ် ပြိုသည့်အလား အားထားရာမမြင် ဒုက္ခပင်လယ်ပြင် .... ....　၁၃၀

အကိုကြီးတော့ အဘအရာ .... ....　၁၃၁

မှန်စီရွှေချ မောင်သူတော်ဘဝ ....　၁၃၁

အပ်ချုပ်စက်ထောင် အိမ်မီးလောင်သော သင်္ကန်း ခဝါသည် .... .... ....　၁၃၂

ကျေးဇူးရှင်များနှင့် နှုတ်ချိုမှု မင်္ဂလာ ....　၁၃၃

အကြောင်းအရာ စာမျက်နှာ

**ဒုတိယပိုင်းကဏ္ဍအစဖြင့် လော်ကလူ့ဘောင်အိုးအိမ်ထောင်ပုံ** ၁၃၄

ရွှေခြူး ဆေးလိပ်လုပ်ငန်း .... .... ၁၃၄
စက်ဘီးတစီးဖြင့် ဆေးလိပ်စည်းတင်ကာ
နီးနားရွာသို့ .... .... .... ၁၃၅
ဝီရိယရှိသူ လူနတ်ကူ .... .... ၁၃၅
ရှေးအတိတ်က ထောက်ခံကြီးစွာ .... ၁၃၆
ကုသိုလ်ပါ၍ ဥစ္စာလာသည် .... .... ၁၃၇
ဉာတိသားချင်းများအတွက် .... .... ၁၃၇
ဝိနည်းစာပြန်ပွဲနှင့် ထိပ်တန်းဆရာတော်ကြီးများ .... ၁၃၈
သေကွဲ ရှင်ကွဲ မလွဲရှောင်သာ ဓမ္မတာတည်း .... ၁၃၉

**ပဲခူးမြို့ ရွှေခြူးဆေးပေါ့လိပ်ရှံ မိခင် ဒေါ်မြတင်အား**
**ထောမနာ သံဝေဂကဗျာများ** .... .... ၁၃၉

**သာသနာတော်ကြီးပြုရ တတိယပိုင်းအစ** .... .... ၁၄၁

ပါရမီဖြည့်ဘက် ညီမျှချက်ပါ ဒေါ်ဒေါ်ထာ .... ၁၄၁
မိဘမေတ္တာ ဂုဏ်ပေါင်းဖြာသား .... .... ၁၄၁
တရားတော် တပုဒ် .... .... .... ၁၄၁
ကလျာဏီသိမ်တော်ကြီးနှင့် ပဝါရဏာပြု
သံဃာတော်များ .... .... ၁၄၂
ဒေါ်မြတင်၏ လက်ဝတ်ရတနာများမှ သမိုင်းဝင်
အဆောက်အဦ .... .... ၁၄၃
ရွှေသာလျောင်းဘုရားကြီး မုခ်ဦးတံတိုင်းကာ
လှူဒါန်း .... .... .... ၁၄၄
ဤတွင် သတိရဘွယ် .... .... ၁၄၅
ဘောရန်ကင်းစင် ရေချမ်းစင် .... .... ၁၄၅
အရိပ်သစ်ပင် အဟောင်းပြင်ကာ .... .... ၁၄၅

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **စတုတ္ထပိုင်းကဏ္ဍ ကုသိုလ်ဒါနနှင့် နိုင်ငံခြား** .... | ၁၄၆ |
| ကျောင်းကန်တန်ဆောင်း အဟောင်းပြုပြင် | |
| ဓမ္မသဘင် .... .... .... | ၁၄၆ |
| သိမ်, ဓမ္မာရုံ, ရေတွင်း, ရေကန်စသည် .... | ၁၄၆ |
| သီဟိုဠ်ကျွန်းနှင့် အိန္ဒိယနိုင်ငံ .... .... | ၁၄၇ |
| ဗုဒ္ဓပွင့်ရာ သဒ္ဓါလျှမ်းတောက် အိန္ဒိယရောက် .... | ၁၄၇ |
| ထေရဝါဒသာသနာ ယိုးဒယားသို့ .... | ၁၄၈ |
| မြန်မာနိုင်ငံအတွင်း .... .... | ၁၄၈ |
| သေကံမရောက် သက်မပျောက်လည်း | |
| ဦးနှောက်မကြည် စိတ်မတည်၍ .... | ၁၄၉ |
| ကောင်းမှုအလီလီ ကောင်းမှုတော်ဆီ .... | ၁၄၉ |
| သမိဒ္ဓေါချောင် စာမေးပွဲ .... .... | ၁၅၀ |
| သစ်တပင်ကောင်း ငှက်တသောင်းနား .... | ၁၅၁ |
| ငယ်ဆရာတော်ပူဇော်ပွဲ .... .... | ၁၅၁ |
| သာသနာတော်၏ အခြေအမြစ်များ .... | ၁၅၂ |
| ပိဋကသုံးပုံ သံဃာစုံနှင့် ဆွမ်းဆန်တော်များ .... | ၁၅၂ |
| သာသနမဏ္ဍိုင် ပရိယတ္တိစာသင်တိုက် .... | ၁၅၃ |
| ပဋိပတ္တိဗိမာန်နှင့် အရိပ်အာဝါသများ .... | ၁၅၃ |
| သာသနာပြုအရပ်ရပ်နှင့် လူမှုရေးသုသာန်စရပ်များ | ၁၅၄ |
| ဘာသာရေးဆိုင်ရာ အမျိုးသမီးစာမေးပွဲများ .... | ၁၅၄ |
| ပစ္ဆုပ္ပန်ဘဝ ခန္ဓာကိုယ် ချမ်းသာမှုရေး .... | ၁၅၅ |
| အသက် ၇၀-အရွယ် ပဋိပတ္တိနယ်သို့ .... | ၁၅၆ |
| ရေဘေးနှင့်ကြုံရာ ခေတ္တရာသို့ .... .... | ၁၅၆ |
| ဘိုးဘွားရိပ်သာများနှင့် ဇာတိချက်ကြွေ ရပ်ဌာနေ | ၁၅၆ |
| အောင်မြိုက်နိဗ္ဗူ အလေးမူသည် .... .... | ၁၅၇ |
| **လယ်တီဆရာတော်၏ ဆုံးမစာလင်္ကာ** .... .... | ၁၅၈ |
| **အဘဦးသူတော်၏ ကိုယ်တိုင်မေတ္တာပို့** .... .... | ၁၅၉ |

# နောက်ဆက်တွဲ ရည်ရွယ်ချက်များ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အကြောင်းအားလျော်သော အကျိုးများ** | .... | ၁၆၁ |
| အတုယူကာ စေတနာဆင့် သဒ္ဓါမြင့်၍ ပွင့်ကြပါစေ .... | | ၁၆၁ |
| အမြတ်ထုတ်ခွင့်ရ၍ ဝမ်းသာမိသည် | .... | ၁၆၁ |
| **သပ္ပုရိသဒါန သူတော်ကောင်းအလှူ ၅–မျိုး** | .... | ၁၆၂ |
| ယုံကြည်မှုဖြင့် လှူရမည် .... | .... | ၁၆၂ |
| ရိုသေလေးစားစွာ လှူရမည် .... | .... | ၁၆၃ |
| အခါအားလျော်စွာ ပေးလှူပါ .... | .... | ၁၆၃ |
| မုတ္တစာဂီဖြစ်အောင် လှူရမည် .... | .... | ၁၆၄ |
| မထိခိုက်အောင် လှူရမည် .... | .... | ၁၆၄ |
| **သူတော်ကောင်းအလှူ ၅-မျိုး အကျိုးနှင့် ဆန့်ကျင်ဘက်များ** | | ၁၆၄ |
| **ကုသိုလ်ရှင်များကို လူသာမက နတ်များကပင် မှတ်တမ်းတင်ကြသည်** .... | .... | ၁၆၅ |
| သိကြားမင်း၏ သာသနာရေးဆိုင်ရာတာဝန်လုပ်ငန်းများ | | ၁၆၅ |
| သုဓမ္မာသဘင် ပြန်တမ်းဝင်ပုဂ္ဂိုလ်များ | .... | ၁၆၆ |
| အဂါရိယပဋိပဒါ လူ့ကျင့်ဝတ်များ.... | .... | ၁၆၇ |
| **ဆွမ်းဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်ရာ** .... | .... | ၁၆၈ |
| စေတနာသုံးတန် ပြည့်စုံရန် .... | .... | ၁၆၈ |

## နောက်ဆက်တွဲ ရည်ညွှန်းချက်များ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဖြေဆိုရန် မေးခွန်းများ** .... .... | ၁၆၈ |
| **ကုသိုလ်များ အကျိုးပေး ဆန်းကြယ်လှပုံ** .... .... | ၁၆၉ |
| စေးနဲသော သူဌေးကြီး .... .... | ၁၆၉ |
| ကောင်းဆိုးနှစ်တန် ကံစီမံ၍ .... .... | ၁၆၉ |
| ဝေဠုကဏ္ဍကမြို့ နန္ဒမိခင် အလှူရှင် .... | ၁၇၁ |
| ယခုကာလ အလှူခံများလည်း အင်္ဂါပြည့်သည် .... | ၁၇၁ |
| အရှင်သာရိပုတ္တရာ ဆင်းရဲသူ သား ချီးမြှောက်ပုံ .... | ၁၇၂ |
| ပစ္စုပ္ပန်ထက် သံသရာကို ချီးမြှောက်ပါဘုရား .... | ၁၇၂ |
| ဒိဋ္ဌဓမ္မကျိုး ဒါနစေတနာ .... .... | ၁၇၃ |
| ကိုယ့်ကုသိုလ်သာ ကိုယ့်ဥစ္စာတည်း .... .... | ၁၇၃ |
| မိသားစု ၅-ဦး ဆွမ်းအလှူ .... .... | ၁၇၄ |
| ဆုတောင်း ၅-မျိုး အတုခိုးဘွယ်ရာ .... | ၁၇၅ |
| မျက်မှောက်လက်ငင်းအကျိုး အားကိုးဘွယ်ရာ .... | ၁၇၅ |
| တဦးကောင်းလျှင် တသောင်းမကချမ်းသာရသည် .... | ၁၇၆ |
| လူနတ်စည်းစိမ် ရိပ်ငြိမ်သာယာ လွန်ချမ်းသာ .... | ၁၇၆ |
| ဆန်းကြယ်လှသော မိသားစုအကျိုးပေး .... | ၁၇၇ |
| **ဖြေဆိုရန်မေးခွန်းများ** .... .... | ၁၇၇ |
| **သင်္ကန်းဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်** .... .... | ၁၇၈ |
| တောက်မည့်မီးခဲ ရဲလျက်သာပင် .... .... | ၁၇၉ |
| ဝတ်ပန်းလုံချည်တဈာ ၃-နှစ် ကျွန်ဖြစ်ရရှာ .... | ၁၇၉ |
| မြင်သောယောကျ်ားတိုင်း ငေးကြည့်ခံရသူဖြစ်ရပါစေ | ၁၈၀ |
| အဆင်းအတွက် ရန်ဘက်များဟန် ဥပ္ပလဝဏ် .... | ၁၈၁ |
| ပဒေသာပင် ပေါက်စေချင်သော အရှင်မဟာကဿပ | ၁၈၁ |
| ပါရမီဖြည့်ဘက် ပန္နက်စိုက်ထူ .... .... | ၁၈၂ |
| တသောင်းတန်ပုဆိုး တန်ဘိုးမထား .... | ၁၈၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မင်းဖြစ်ထိုက်၍ ရထားလာဆိုက်သည် .... | ၁၈၂ |
| အရပ် ၄-မျက်နှာ ပဒေသာ ၃၂-ပင် .... | ၁၈၃ |
| ဘုရင်နှင့်မိဖုယား ကောင်းမှုတော် .... .... | ၁၈၃ |
| သင်္ကန်းအကျိုး ၈-ပါး .... .... | ၁၈၄ |
| ဖြေဆိုရန် မေးခွန်းများ .... .... | ၁၈၄ |
| ကျောင်းဒါန ဝမ်းမြောက်ဘွယ်ရာ .... .... | ၁၈၅ |
| အလှူ ၉-မျိုး အကျိုး ၉-ပါး .... .... | ၁၈၅ |
| တနည်း အကျိုး ၄-ပါး .... .... | ၁၆၈ |
| တနည်း ကျောင်းအကျိုး ၁၇-ပါး .... .... | ၁၈၆ |
| ကျောင်းအမ ရောဟိနီ မင်းသမီး .... .... | ၁၈၇ |
| သိကြားမင်းမိဖုရား ရောဟိနီ .... .... | ၁၈၇ |
| သဒ္ဒါမရှိသော မိန်းမ လက်မခံနိုင် .... .... | ၁၈၈ |
| ကျောင်းဒကာ နိန္ဒယ၏ တာဝတိံသာပြာသာဒ် .... | ၁၈၈ |
| ကုသိုလ်ရှင်ကို နတ်ချမ်းသာများက ကြိုဆိုနေကြသည် | ၁၈၉ |
| သစ်ရွက်မိုး ကျောင်းငယ်နှင့် သုဒဿနစကြာမင်း .... | ၁၉၀ |
| ဖြေဆိုရန် မေးခွန်းများ | ၁၉၀ |
| ဆေးပစ္စည်း ဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်ရာ | ၁၉၁ |
| ချစ်သူ ခင်သူ အတူနေလို ဆေးကုသိုလ် .... | ၁၉၁ |
| အနာမဲ့သူ ရှင်ဗာကူ .... .... .... | ၁၉၁ |
| အချိန်မရွေး မိုးရွာစေနိုင်သော တန်ခိုး .... | ၁၉၂ |
| သေသူ့ကျေးဇူး စိတ်ရည်စူး ရှင်မြူးအားထုတ်ဘွယ် .... | ၁၉၃ |
| ဘုရားလက်ထက်တော် အစဥ်အလာ.... .... | ၁၉၃ |
| ဇာဏုဿောဏိပုဏ္ဏားနှင့် ဆွမ်းသွတ်ကိစ္စ .... | ၁၉၄ |

[ ၁ ] နောက်ဆက်တွဲ ရည်ရွယ်ချက်များ

အကြောင်းအရာ စာမျက်နှာ


ရနိုင်ရာဌာနနှင့် ရနိုင်သူများ .... .... ၁၉၄
သံဃာ့အဦးအဖျားနှင့် ပြိတ္တာရှစ်သောင်း .... ၁၉၅
ဝိသမလောဘကြောင့် မဆုံးနိုင်သော အငတ်သံသရာ ၁၉၅
အမျှ မဝေမိ၍ စိတ်ကြေကွဲကြ .... .... ၁၉၆

ဖြေဆိုရန် မေးခွန်းများ .... .... .... ၁၉၆

ဖြစ်လာသော သတ္တဝါများ သေမင်းထံ မဆုတ်တမ်း ....
သွားနေကြသည် .... .... .... ၁၉၇

တိမ်တိုက်ပမာ ဤခန္ဓာ .... .... .... ၁၉၇
ကောင်းကင်တက်နေသော်လည်း သေဘေးကို ရှောင်မရ ၁၉၇
ရေလယ် လှေစီးစဉ် ကံဆိုးဝင် .... .... ၁၉၇
တောင်ခေါင်းတွင်းသို့ ကံဆိုးဝင်၍ လိုက်သည် .... ၁၉၉
လက်ဆောင်တံစိုး ထိုးသော်လည်း မရ .... ၁၉၉
သံမာခိကြီးသော ၆-ဦး အိမ်ထောင်စု .... ၂၀၀
ရန်သူသေ၍ မငိုသလော.... .... .... ၂၀၀
မခေါ်ဘဲ လာပြီး မနှင်ဘဲ ပြန်သည်.... .... ၂၀၁
လကို လို၍ ငိုတောင်းသော ကလေးငယ် .... ၂၀၁
ဓမ္မပူဇာနှင့် သြဝါဒကထာ .... .... ၂၀၁
အသက်ငယ်သော်လည်း ပါရမီ ကြွယ်လှသည် .... ၂၀၂
သေခြင်းတရား ဖန်ဖန်ပွါးသင့် .... .... ၂၀၂
အချိန်မရွေး ယနေ့ပင်ပြု မြတ်ကောင်းမှု .... ၂၀၃

ဖြေဆိုရန် မေးခွန်းများ .... .... .... ၂၀၄
ကုသိုလ် ဟူသမျှ အားထုတ်ကြပါ .... .... ၂၀၄

အမြတ်ဆိုတာ ယူတတ်လျှင် ရသည်.... .... ၂၀၄
နေ့ဝက် ဥပုသ်နှင့် ရုက္ခစိုးနတ်မင်း.... .... ၂၀၅
ရသေ့ငါးရာတို့နှင့် စားသောက်ဘွယ်ရာ .... ၂၀၅

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဗ္ဗာန်ဆော် သိကြားမင်း .... .... | ၂၀၆ |
| အားလုံးပင် သားချင်းမိဘ တော်စပ်ခဲ့ကြသည် .... | ၂၀၆ |
| သင်းချိုင်းဟောင်းလွတ်ရာ မြေနေရာ မကျန်တော့.... | ၂၀၇ |
| ဖြေဆိုရန် မေးခွန်းများ .... .... .... | ၂၀၇ |
| ကျမ်းပြီးနိဂုံး .... .... .... .... | ၂၀၉ |
| အဆုံးဖော်ပြ မြတ်ဆန္ဒ .... .... .... | ၂၀၉ |
| ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော.... | ၂၀၉ |
| ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ .... | ၂၀၉ |
| စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ .... | ၂၀၉ |
| ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ | ၂၁၀ |
| မေးခွန်း–၅၀ ဖြေဆိုရန် .... .... .... | ၂၁၁ |
| အထူး ပန်ကြားချက် .... .... .... | ၂၁၁ |
| မင်္ဂလာ ဆန္ဒမှန် .... .... .... | ၂၁၂ |
| ဓမ္မကထာ သိဘွယ်ရာ .... .... .... | ၂၁၃ |


မာတိကာ ပြီးပြီ။

# အနဂါရိယ ဂုဏ်တော်နှင့်
# အဂါရိယ ရှုဘွယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ-နှင့် ပဋိညာဉ်

အန္ဓမှိ အနန္ဓိယန္တိ၊ ဘူပါလာနံ ကုမာရကံ။
သုဂါရဝါ သုဘာဝယန္တာ၊ နာဂရိကာ ဇနာဇနာ။

ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ လောက၌ တိုင်းပြည်စိုးချယ် မင်းသားငယ်ကို ပြည်သူပြည်သား လူအများတို့သည် အလွန် ရိုသေ ကြောက်ရွံ့ နေကြကုန်သည်ဖြစ်၍ မျက်မမြင် မင်းသားငယ်ကို သော်လည်း မျက်မြင်မင်းသား အလားပုံသေ ရိုသေခန့်ညား၍ နေကြရပါ ကုန်သည် ဘုရား။

ဒုပ္ပညံ ပညဝါယန္တိ၊ ဘဝတံ သာသနေ ရတံ။
ဝုဍ္ဍကပဗ္ဗဇ္ဇိတမ္ပိ၊ နရာနရာ သုပူဇကာ။

ပမာနှိုင်းယှူ အလားတူပါဘုရား၊ အရှင်ဘုရားတို့၏ အံ့ဘွယ်ရှစ်ဖြာ သာသနာ၌ ပျော်ပိုက်မွေ့လျော် တောထွက် ကိုယ်တော်ကြီးကိုသော် လည်း ဒကာ ဒကာမကြီး·ငယ် အသွယ်သွယ်တို့သည် လေးမြတ်ကော်ရော် ပူဇော်ကြကုန်သည်ဖြစ်၍ ပညာမဲ့သောသူကိုသော်လည်း ပညာရှိအလား ဝပ်တွားကော်ရော် ပူဇော်ကြပါကုန်သည် ဘုရား။

ဒုဿီလာ သီလဝါယန္တိ၊ ဘဝတံ သာသနေ ရတာ။
သင်္ချေယျံ ဂုဏံ ဧနေန္တာ၊ သံဃဂတံ ဒက္ခိဏကံ။

ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ အရှင်ဘုရားတို့၏ အံ့ဘွယ်ရှစ်ဖြာ သာသနာ၌ ပျော်ပိုက်မွေ့လျော် ပုဂ္ဂိုလ်ကျော်တို့သည် သံဃာရည်မှန်း ကျောင်း ဆေး ဆွမ်းကို ဂဏန်းအသင်္ချေ ကျိုးရှိစေလျက် သီလမဲ့သော ရဟန်းတို့သော်မှလည်း သီလရှိယောင် အကျိုးပေး ဆောင်နိုင်ကြပါကုန်သည် ဘုရား။

တောဒိသံ လာဘဥ္စာနံ၊ ပုညက္ခေတ္တံ အနုတ္တရံ။
သမ္ဗေသမ္ပိ သုခံ ဒေန္တံ၊ သာသနံ မာမကံ နမေ။

ဗြဟ္မာ နတ် လူ ခပ်သိမ်းသူတို့၏ အတူမဲ့ပြား ကောင်းမှုများ၏ စိုက်ထားရာခေတ် ကေန်ဖြစ်၍ စစ်မှန်ချမ်းသာ အဖြာဖြာကို သေချာပုံသေ ပေးငှဝေတာတ် ဆုမြတ်ရတနာ လာဘ်အဖြာဖြာတို့၏ တည်ရာ ဤသို့ သဘောရှိသော သာသနာတော် မြတ်ကြီးကိုရင်း၊ ကြည်ညိုဘွယ်ရာ သာသနာကို တည်ကာဖန်ဆင်း တရားမင်းကိုရင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်နှင့် သံဃာတော်ရတနာ မြတ်ဆရာတို့ကိုရင်း ခန္ဓာနာမ်ရုပ် အကျုန်ုပ်သည် ရိုသေမြတ်နိုး ရှိခိုးပါ၏၊ လေးစားကော်ရော် ပူဇော်ပါ၏ အရှင်ဘုရား။

အဘိဝါဒိယ ဘာသိဿံ၊ အတ္ထိဋ္ဌော အတ္တမေသိနာ။
သာသန ဂုဏ ဒီပကံ၊ ဝိဝဋ္ဋေန္တု အသဒ္ဒိယံ။

သုံးပါးရတနာ သာသနာနှင့် ဆရာသခင် ရှိဦးတင်၍ မျက်မြင်သာသနာ ကျိုးများစွာကို ကိုယ်မှာသိမ်းဆည်း ရှာမှီးလေ့ရှိသော "ပဲခူးမြို့ရွှေခြူး ဝိနယပရိယတ္တိစာမေးပွဲဝန်ဆောင် ဒါယကာ ဦးသူတော်" သည် "ရေးသားတော်မူပါ"ဟု စေတနာထန်ပြင်း တိုက်တွန်းခြင်း ရှိသည်ဖြစ်၍ သာသနာတော်၏ ဂုဏ်ကျေးဇူး ဖဆောင်ရွက်ဘွယ် အထူးကို ပြဆိုရာ

“ အနဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ် ” စီခြယ်တင့်ဆန်း ဤသည့်ကျမ်းကို ခန္ဓာနာမ်ရုပ် အကျုံးနိုပ်သည့် စေတနာအစဉ် သဒ္ဓါယှဉ်လျက် စီရင် ရေးသားပါမည်။ ဘတ်ရှုလေ့လာ သူတော်စွာတို့သည် သာသနာ၏ မသဒ္ဓါဘွယ် အပြစ်ငယ်ကို ကြဉ်ဖယ်ရှောင်ရှား ကုသိုလ်ပွါးလျက် ရှုစားနိုင်ကြပါစေကုန် သတည်း။

**မှတ်ချက်။** ။ဝိစိတြဝန္ဒနာကို မှီးသည်။

ပဏာမနှင့် ပဋိညာဉ် ပြီး၏။

---

## မနုဿတ္တဘာဝေါ ဒုလ္လဘော

**လိပ်ကာဏ်းတကောင်နှင့် ထမ်းပိုး** အရပ် ၄-မျက်နှာသို့ လေလာတိုင်း ရွေ့နေမည်ဖြစ်သော အပေါက်တခုရှိ ထမ်းပိုးကို သမုဒ္ဒရာ၌ ချထားသည်၊ ထို သမုဒ္ဒရာအတွင်းဝယ် လိပ်ကာဏ်း တကောင်သည်လည်း နှစ် တရာ တထောင် လွန်မှ ရေပေါ်သို့ တခါ တခါသာ ပေါ်လာတတ်ရာ ထိုလိပ်ကာဏ်း လည်ပင်းနှင့် ထမ်းပိုးပေါက် တိုးနိုင်ခွင့် ရှိ မရှိ မြတ်စွာဘုရားက သံဃာတော်များအား မေးတော်မူရာ တိုးနိုင်ခွင့် မရှိပါ၊ သို့သော် ကာလများစွာ ကြာပါမူ တိုးကောင်း တိုးမိပါလိမ့်မည်ဘုရား-ဟု လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက လိပ်နှင့်ထမ်းပိုး ဝင်တိုးဘို့ လွယ်ကူသည်၊ အပါယ်သို့ တကြိမ်ကျမိသူများ လူ့ဘဝ ပြန်ရဘို့ သာ၍ ခက်ခဲသည်၊ အပါယ်သတ္တဝါများ အချင်းချင်း သတ်ဖြတ်ကြ၊ ကြီးနိုင် ငယ်ညှဉ်းဆဲကြသဖြင့် လူ့ပြည် ပြန်ရောက်ဘို့ ကောင်းမှုတရား ပြုခွင့်မရှိသောကြောင့်ပင်ဖြစ်သည်ဟု မိန့်တော်မူသည်။

**သေခါနီးလျှင် မိတ်ကောင်းလိုလှသည်** အထက်ပါ ဥပမာ၌ ထမ်းပိုးလည်းမဆွေး လိပ်ကာဏ်းလည်း အသက်ရှည်၍ ရောက်မိရောက်ရာ သွားနေသေးလျှင် ကမ္ဘာမပျက်မီ တိုးဘွယ်ရာ

ရှိသော်လည်း သတ္တဝါများမှာ သေခါနီး ဇောစိတ်အစဉ် ဖြူစင်ကောင်းမွန်ပါမှ သုဂတိဘဝ ရောက်နိုင်ကြရာ ကြီးနိုင် ငယ်ညှဉ်း မေတ္တာ, ကရုဏာ စသည့် ကုသိုလ်တရားကင်းကြသော အပါယ်သတ္တဝါများအတွက် ဘဝကောင်းပြန်ရဘို့ ခဲယဉ်းသည်၊ အပါယ်သတ္တဝါများသာမက သုဂတိဘုံသား လူနတ်များလည်း သေခါနီး စိတ်အစဉ် ဖြူစင်ဘို့လိုသည်၊ သောဏမထေရ်၏ ဘခင်မှုဆိုးကြီး (တောထွက်ကိုယ်တော်ကြီး) သေခါနီးတွင် အကုသိုလ်စိတ်အစဉ်များကြောင့် အပါယ်သွားမည့်အာရုံ (အကုသိုလ်ဂတိနိမိတ်)များ ထင်လာနေရာ သား ရဟန်းတော် အရှင်သောဏသည် ဘုရားအာရုံ, ဒါနကုသိုလ်အာရုံတို့ ဝင်အောင် ပြင်ပေးသဖြင့် နတ်ပြည်အာရုံ(ဂတိနိမိတ်)များ ထင်လာပြီး နတ်ရွာလားရသည်၊ထို့ကြောင့် သေခါနီးတွင် မိတ်ဆွေကောင်း(ကလျာဏမိတ္တ)လိုသည်ဟု မိန့်ကြ၏။

**အကုသိုလ်များ အပေါင်း အဖော်နှင့် လာတတ်ကြသည်**

သတ္တဝါများသည် အပါယ်ကျစေနိုင်သော အကုသိုလ်များကို အစမထင်သော သံသရာက အားထုတ်လာခဲ့ကြရာ ယင်း အကုသိုလ်ကံဟောင်းတို့သည် အသစ်အကုသိုလ်ကံ လက်ခံရှိလျှင် အပါယ်ချခွင့် ကြုံတော့သည်။ လူ့လောက၌ ရာထူးမြင့်မား၍ အများအပေါ် ရက်စက်ယုတ်မာသော အရာရှိဆိုး တဦးကို အထက်ပေါက်အောင် မတင်နိုင်ကြသဖြင့် မျက်စိမှိတ် ခံနေကြရာဝယ် ကာလကြာသော် မှုခင်းတခုဖြင့် ယင်းအရာရှိ အဖမ်းခံရသည်၊ ထိုအခါမှ ၎င်း၏ဒဏ် ခံနေကြရသော ပြည်သူများ ညီညာစွာ အပြစ်များကို တင်ပြကြသဖြင့် ယင်းအရာရှိ ထောင်တသက် လွတ်ရက်မရှိ ဖြစ်ရသလို အကုသိုလ်အသစ်တခု ဦးဆောင်လာလျှင် ရှေးအကုသိုလ် ကံဟောင်းတို့သည် အုံကျင်းဖွဲ့ကာ ဝင်လာတတ်ကြသည်၊ ဤသို့လျှင် အပါယ်သို့ တကြိမ်ရောက်ပြီးသူများ ထပ်၍ပင် ကျတတ်ပြန်ရာ အပါယ်ဘုံသား သိန်းသန်းကုဋေတွင် တဦးတလေသာ လူ့ပြည်ပြန်လာနိုင်သည်ကို ရည်၍ "မနုဿတ္တဘာဝေါ ဒုလ္လဘော"ဟု ဟောတော်မူသည်။

## ပဒေသာပင် ပေါက်နေချိန်ကား သာသနာတော်တွင်း လူ့ဘဝ ဖြစ်သည်

**လူ့ဘဝက နတ်ဘဝထက် သာလွန်မြင့်မြတ်ပုံ**

မြင့်မြတ်၍ အထက်တန်း စိတ်ဓာတ်ရှိသူများကို မနုဿ-လူများဟု ခေါ်ဆိုရာ ထိုစိတ်ဓာတ်အားလျော်စွာ အားထုတ်ကြမှု (၁) လူနတ်ဗြဟ္မာ လောကီချမ်းသာ ၃-မျိုးနှင့် (၂) ဝဋ်မှလွတ်ရာ သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ ဟူသော လောကုတ္တရာချမ်းသာ ၃-မျိုးကို ဤလူ့ဘဝမှပင် ယူ၍ ရနိုင်သည်၊ နတ်သား နတ်သမီးများ လောကုတ္တရာချမ်းသာများကို ပေါက်မြောက်အောင် အားမထုတ်နိုင်ကြ၊ အားထုတ်ဘို့အခွင့်လည်း မသင့်နိုင်ကြ၊ ကာမစည်းစိမ်ကိုသာ မြိန်ရှက်စွာ ခံစား၍ အချိန်ကုန်သူ များကြသည်၊ သေခါနီး၍ ထိတ်လန့်နေကြသော နတ်သား နတ်သမီးများသည် နန္ဒဝန်ဥယျာဉ်အတွင်း ရောက်သွားလျှင် သေမည်ကိုသော်မှ မေ့ကြသည်၊ ဤမျှ သာယာဆွဲဆောင်မှုရှိသည်၊ ထို့ကြောင့် နှလုံးသွင်းကောင်းသော အလောင်းတော် နတ်ဗြဟ္မာများသည် ဆိုင်ရာချမ်းသာများကို ကြာရှည်စွာ ခံစားမနေကြမူ၍ မိမိကိုယ်ကို မိမိ သေအောင် ပြုသော (အဓိမုတ္တိ) သေခြင်းဖြင့် သေကြပြီး လူ့ပြည်လာကာ ပါရမီများဖြည့်ကြသည်၊ ထို့ကြောင့် ရဲရင့်မှု၊ သတိရှိမှု၊ တရားကျင့်သုံးနိုင်မှု ဟူသော တရား ၃-ခုဘို့ဖြင့် တာဝတိံသာနတ်များထက် လူများက သာလွန်သည်ဟု တိက အင်္ဂုတ္တိုရ်၌ ဘုရားဟောတော်မူသည်။ ဤသဘောအားဖြင့်လည်း "လူ့ဘဝ ဒုလ္လဘဖြစ်ပုံ" ထင်ရှားပြန်သည်၊ ထို့ကြောင့်ပင် မနုဿတ္တဘာဝေါ ဒုလ္လဘောဟုသာ ဟောတော်မူ၍ "ဆင်းရဲနည်းပါး ချမ်းသာများသော နတ်ဗြဟ္မာဘဝများ"ကို ဒေဝတ္တဘာဝေါ ဒုလ္လဘော၊ ဗြဟ္မတ္တဘာဝေါ ဒုလ္လဘောဟု ဒုလ္လဘအနေ ဟောတော်မမူပေ။

ဤသို့လျှင် သံသရာစခန်းဝယ် အထက်တန်းကျသော စကြဝတေး, မန္ဓာတ် စသော လူ့စည်းစိမ်၊ သိကြား သုယာမ စသော နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်များနှင့်တကွ အရှင်သာရိပုတ္တရာ စသော, အဂ္ဂသာဝက

ဗောဓိ, ဘုရားငယ် ပစ္စေကဗောဓိ, မြတ်စွာဘုရား သမ္မာသမ္ဗောဓိဉာဏ်များကို ရယူနိုင်သော ဘဝမှာလည်း လူ့ဘဝသာ ဖြစ်၍ ပဒေသာပင် ပေါက်သော ဘဝဟု ကေန်သိမှတ်ရမည်။ (မနောမယ ပတ္တမြားရတနာကို ပအုံးရည်နှင့် လဲမစားသင့်။)

## အကြောင်းအဆင့်ဆင့် ပြည့်စုံညီညွတ်မှ သာသနာတော် ကြီးပွါးမည်

**အကျိုးမှန်သမျှ အကြောင်းကြောင့်သာ** ယခု မျက်မှောက် ကြီးပွါးချမ်းသာကြသူများနှင့် လောကကို လွန်၍ ဓမ္မသုခကို ခံစားရရှိပြီး ဖြစ်ကြသူ အရိယာသူတော်စင်တို့သည် ဤဘဝ ရှေးဘဝတုန်းက ကိုယ်တိုင်ကိုယ်ကျ အားထုတ်ခဲ့ကြသော အကြောင်းများကြောင့်သာ ဆိုင်ရာဆိုင်ရာ ပြည့်စုံမှုရှိကြသည်ဖြစ်ရာ ၎င်းအကြောင်းများနှင့် စပ်၍ သိရန်မှန်က မကျန်ရအောင် လုံးဝသိမြင်သူမှာ ဘုရားရှင်သာဖြစ်၍ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်မှာ နှစ်ပေါင်း ၂၅၁၈-နှစ်ရှိပြီ ဖြစ်သော်လည်း "အဆုံးအမ သာသနာတော်ရှိနေသမျှ ဘုရားရှင်ရှိနေသေးသည်သာ" မည်သောကြောင့် သတ္တဝါအားလုံး ချမ်းသာစုံရရေးဝယ် သာသနာတော် အရှည်ခံ၍ တည်တံ့ ကြီးပွါးရေးသည်သာ ပဓာနအကြောင်း ဖြစ်ရာ ဗုဒ္ဓဘာသာဝင် ဆိုသူများအတွက် မိလိန္ဒပဥှာလာ အောက်ပါ ဂုဏ် ၁၀-ပါး ရှိဘို့လိုသည်။

## ဥပါသကာမှန်က ပြည့်စုံရန် ဂုဏ်အင်္ဂါ ၁၀-ပါး

၁။ သံဃာတော်များနှင့် တူမျှသော ချမ်းသာဆင်းရဲရှိသူ ဖြစ်ခြင်း။

၂။ တရားတော်လျှင် အကြီးအမှူးထားသူ ဖြစ်ခြင်း။

၃။ ဓနဗလအားလျော်စွာ လှူဒါန်းမှု၌ မွေ့လျော်သူ ဖြစ်ခြင်း။

၄။ ဘုရားသာသနာ ဆုတ်ယုတ်သည်ကို မြင်, ကြား, သိသော် တိုးတက်ကြီးပွါးအောင် လုံ့လစိုက်ထုတ်ခြင်း (အရေးကြီးသော အင်္ဂါတရပ် ဖြစ်သည်)။

၅။ ကောင်းသော အယူဝါဒရှိသူ ဖြစ်ခြင်း၊ (ယုံကြည်လောက်သော ဆရာသမား၊ သို့မဟုတ် စာပေတို့နှင့် နီးစပ်မှ ဖြစ်နိုင်သည်)။

၆။ ဒိဋ္ဌ သုတ မုတ မင်္ဂလာအယူမှ ကင်းလွတ်၍ "အသက်ဟူသော အကြောင်းကြောင့်လည်း သာသနာတော်မှ တပါးသောသူကို ဆရာဟူ၍ မညွှန်ကြား" ကိုယ်နှုတ် အမူအရာကိုလည်း စောင့်စည်း ညီညွတ်ခြင်း၌လည်း မွေ့လျော်သူ ဖြစ်ခြင်း။

၇။ မငြူစူတတ်သူ ဖြစ်ခြင်း။

၈။ ကောက်ကျစ် စဉ်းလဲသောအားဖြင့် သာသနာတော်၌ ကျက်စားကျင်လည်သူ မဟုတ်ဘဲ ဘုရားကို—

၉။ တရားတော်ကို—

၁၀။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူဖြစ်ခြင်းတို့တည်း။

**ဥပါသကာဂုဏ်ကို ရည်ညွှန်းသော ဘုရားစကားတော်များ** သတ္တဝါများအားလုံး ချမ်းသာကိုသာ လိုလား၍ ဘေးရန်ကိုရှောင်လိုကြသည်အား လျော်စွာ တောတောင်သစ်ပင် အရာမ်စသော အမျိုးမျိုးကို ကိုးကွယ်ပူဇော် ဆည်းကပ်ကြသော်လည်း ဘေးရန်ကင်း၍ ချမ်းသာခြင်းရှိသော ကိုးကွယ်မှု မဖြစ်နိုင်၊ ဘုရား တရား သံဃာတော်တို့သာ ဘေးရန်ကင်း၍ ချမ်းသာခြင်းရှိသော မျှားမြတ်သော အကျိုးတို့ကို ပေးစွမ်းနိုင်သော ကိုးကွယ်ရာ အစစ် ကေန်ဖြစ်သည်ဟု ဓမ္မပဒ၌ ဟောတော်မူရာ စစ်မှန်သော ကိုးကွယ်ရာ သာသနာတော်နှင့် ကြုံနေရသော ဘာသာဝင်များအတို့ သီးမျိုးစုံ ပဒေသာပင်ကြီးကို အနီး၌ထား၍ စားသောက် နေရသူများထက်ပင် ဘဝအရတော်မူကို နှလုံးသွင်းနိုင်ကြလျက် ဖော်ပြပါ ဥပါသကာဂုဏ် လုံအောင် ကြိုးစားနိုင်ကြပါစေ၊ (ပုထုဇဉ်ဟူသည် ဆရာများ၍ ကိုးကွယ်ရာ မှားတတ်သည်)။

**ဆုတ်ယုတ်နေသော သာသနာ သူတော်ကောင်းတဦး ပြုပေးပုံ**

ဘုရား လက်ထက်တော်တွင် ဆဗ္ဗဂ္ဂိဂိုဏ်းဝင် သံဃာတော် ၁၅၀၀-ခန့် ရှိရာ ကိဋ္ဌာဂိရိဇနပုဒ်နေ အရှင်အဿဇိ, အရှင် ပုနဗ္ဗသုကတို့ ဦးစီးသော သံဃာတော် ၅၀၀-ခန့်တို့မှာ အလွန်ပင် မအပ် မစပ် မဖွယ်မရာ ဖြစ်ပျက် နေကြသည်၊ ထိုအချိန်တွင် ကာသိတိုင်းမှ ရဟန်းတပါး ဘုရားဖူးရန် သာဝတ္ထိသို့အသွား ထိုဇနပုဒ်သို့ ရောက်လာ၍ စက္ခုန္ဒြေချလျက် ကြည်ညိုဘွယ်ရာ ဆွမ်းခံကြွရာတွင် ဆွမ်းလောင်းမည့်သူပင် မရှိချေ၊ ထိုအခါ ကံအားလျော်စွာပင် ဆင်ခြင်ဉာဏ်ရှိသော ဥပါသကာကြီး တဦးကတွေ့၍ ဆွမ်းမရကြောင်းသိပြီး အိမ်သို့ပင့်ကာ ဆွမ်းကပ်ပြီးနောက် "အရှင်ဘုရား သာဝတ္ထိမြို့ ဘုရားထံတော် ရောက်လျှင် တပည့်တော်၏ စကားဖြင့် ဘုရားရှင်၏ ခြေတော်အစုံကို ရှိခိုးတော်မူပါ၊ ပြီးလျှင် ကိဋ္ဌာဂိရိကျောင်းတိုက်ကြီး ပျက်စီးလောက်အောင် အဿဇိ, ပုနဗ္ဗသုကတို့ ကျင့်ကြံနေကြကြောင်း, သာသနာပြု လွှတ်တော်မူပါမည့် အကြောင်း လျှောက်ထားပါလေ ဘုရား"ဟု ခရေစေ့ တွင်းကျ မှာထား လျှောက်ကြားသည်။

**သာသနာတော်အား အကျိုးပြုသော ဆောင်ရွက်ချက်**

လောက၌ အကောင်းဟူသမျှ မကြာခဏ ပြုပြင်ပေးမည့်သူများ ရှိမှသာ အကောင်းဘဝ၌ တာရှည် ခံသည်ဖြစ်ရာ ပြုပြင်သူ မရှိလျှင်၊ သို့မဟုတ် ပြုပြင်လိုသူများ အားနည်းနေလျှင် မကောင်းသော အတုအပတွေ ပေါ်လာပြီး ကောင်းသောအရာဝတ္ထုများ ပျောက်ကွယ် တိမ်ကော ရတော့သည်၊ (ယခုစာရေးချိန်၌ပင် ပထမကျော် ဦးခင်မောင်ကြီး ရောက်လာပြီး အချို့သော တရားဆွေးနွေးပွဲများ၌ ပုဂ္ဂိုလ်အချို့ သူတို့ နှစ်သက်ကြည်ညိုရာ ဆရာများ၏ ဩဝါဒကိုသာ အမှန်ထားပြီး ဓမ္မဝိနယနှင့် မအပ်သော ပဋိပတ် လမ်းစဉ်များကို ပြောဆိုနေကြ၍ သာသနာတော် အတွက် ဝမ်းနဲမိကြောင်း လျှောက်ထားသည်။) ဤ အရေးအခင်း၌ ထိုဥပါသကာ၏ အမှာအရ ဘုရားဖူး ရဟန်းတော်သည် မြတ်စွာဘုရားအား လျှောက်ထားရာ ဗုဒ္ဓရှင်တော်မြတ်က အဂ္ဂသာဝက

၂-ပါး (အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်) ကို ခေါ်ပြီး "သင်တို့တပည့်တွေ သင်တို့ကိုယ်တိုင် သွား ဆုံးမချေကြ၊ သင်းတို့တတွေ လူကြမ်းလူရမ်းတွေဖြစ်လျှင် သံဃာတော် များများ ခေါ်သွားကြ"ဟု မိန့်တော်မူသည့်အတိုင်း အဂ္ဂသာဝက ၂-ပါး ဆောင်ရွက်တော်မူရာ ၎င်းဇနပုဒ်၌ သာသနာသန့်ရှင်းသွားသည်။

**အလဇ္ဇီတံခွန် လူလွန်မသား** လောက,သာသနာ နှစ်ဖြာလုံးပင် ဆိုးကောင်း ၂-ခု ပေါင်းစုလျက်သာ ရှိတတ်ကြရာ ကီဋာဂိရိဇနပုဒ် သံဃာများမှာ အလဇ္ဇီတံခွန် လူလွန်မသားတွေဟုပင် ဆိုသင့်ပေသည်၊ ၎င်းတို့လုပ်ရပ်မှာ ပန်းအမျိုးမျိုးစိုက်၊ ခူးယူသီကုံးပြီး အမျိုးသမီးကြီး-ငယ်များကို ပေးသည်၊ ထိုအမျိုးသမီး ကြီး-ငယ်များနှင့် အတူနေထိုင်ကြ၊ တအိပ်ရာထဲမှာပင် စောင်အတူခြုံကြ၊ ညစာစားကြ၊ နံ့သာလိမ်းကာ အတူတကွ သီဆိုတီးမှုတ်ကြ၊ ကျွေးချ၊ စစ်ဘုရင်ထိုးတမ်းကစားကြ စသည်ဖြင့် အပျက်ကြီး ပျက်နေကြသည်၊ ထိုသို့ပြုနေသည့်အတွက် အကြည်ညိုပျက်သူတွေထက် သူတို့ဘက် ပါနေသူတွေက များနေကြောင်းမှာ ရိုးရိုးသားသား သိက္ခာရှိ ကိုယ်တော်ကလေး ဆွမ်းမရခြင်းဖြင့် ထင်ရှားသည်။

**စိတ်ပျက် နေရုံဖြင့် အကျိုး မသက်နိုင်** စိတ်ပျက်စရာ အထက်ပါ အခြေအနေ ဆိုးများကို ကြည့်မနေမူ၍ ဆင်ခြင်ဉာဏ်ရှိသူပီပီ ဆောင်ရွက်ကူညီသော ဥပါသကာ၏ ကောင်းမှုကြောင့် ကီဋာဂိရိသာသနာမှာ ဆိုးရာမှ ကောင်းလာတော့သည်၊ ဤသို့ ဘုရားရှင်လက်ထက်တော်မှာပင် ပြုပြင်သင့်သည်များကို ပြုပြင်လျက် သာသနာတော်အား စောင့်ရှောက်လာခဲ့ကြသည့်နည်းတူ နောင် ပြဆိုလတ္တံ့သော သံဂါယနာ အကြိမ်ကြိမ်တို့ဖြင့်လည်း ပရမတ္ထသံဃာ,သမ္မုတိသံဃာ ဝန်ဆောင်များစွာတို့သည် မင်းနှင့်တကွသော ပြည်သူတို့၏ အကူအညီကို ယူလျက်လက်တွဲကာ စောင့်ရှောက်တော်မူလာသဖြင့် အညစ်အကြေးများ စွန်းငြိလျက် အပြစ်ရှိသလိုဖြစ်နေသော သာသနာတော်မှာ ဖြူစင်ဝင်းဝါ သန့်ရှင်းလာတော့သည်၊ (မုချအားဖြင့် သာသနာ၌ အပြစ်မရှိပေ၊ တာဝန်ရှိသူတို့၏ တာဝန်မကျေမှုကြောင့် အပြစ်ရှိသလို ဖြစ်ရသည်)။

## ဖြေဆိုရန် မေးခွန်းများ

၁။ လူ့ဘဝ ရခဲပုံပြ လိပ်ကဏ်းဥပမာကိုရေးသား၍ လိပ်ကဏ်းနှင့် ထမ်းပိုးတိုးခွင့်ရှိပါသေးလျက် အဘယ့်ကြောင့် အပါယ်သတ္တဝါများ လူ့ဘဝပြန်ရောက်နိုင်ခွင့် မရှိပါသနည်း၊ ဗုဒ္ဓမိန့်ကြားချက် အားလျော်စွာ ရေးသားပါ။

၂။ သေခါနီး မိတ်ဆွေကောင်း အရေးကြီးပုံ တောထွက် ကိုယ်တော်ကြီးဝတ္ထု အကျဉ်းချုပ်ပါ ထုတ်ပြ၍ အကုသိုလ်များ အဖော်နှင့်တကွ အုံကျင်းဖွဲ့ကာ လာတတ်ပုံကိုလည်း တရားသူကြီး ဥပမာနှင့်တကွ တင်ပြပါ။

၃။ စာရှုသူအား ပဒေသာပင် ပေါက်နေသူဟု ဆိုခွင့် ရှိ မရှိ ပြ၍ ပုဂ္ဂိုလ်တိုင်းကို မနုဿ=လူသားများဟု ဆိုနိုင်ပါသလော၊ နတ်ဘဝထက် သာသော လူ့ဘဝ၏ အခွင့်အရေးထူးများကို တိကအင်္ဂုတ္တိုရ်နှင့်အညီ ရေးသားပါ။

၄။ ယခု မျက်မှောက် ကြီးပွါးနေသူများ၊ ကြီးပွါးခြင်းကိစ္စ၌ အထွဋ်အထိပ် ရောက်ပြီးသူများ၏ အကြောင်းရင်း စစ်စစ်ကို ယထာဘူတကျကျ ရှင်းပြ၍ သတ္တဝါများအားလုံး ချမ်းသာစုံ ရရှိရေးဝယ် ပဓာနကျသော အကြောင်းကိုလည်း ရေးပါ။

၅။ ဥပါသကာဂုဏ် ၁၀-ပါးတွင် အရေးကြီးသော ဂုဏ်အင်္ဂါတရပ်ကို သတ်မှတ်ဖော်ပြ၍ သာသနာနှင့်မကြုံရမီ ရှေးက ကိုးကွယ်ရာ ရှာကြသူတို့၏ ပြုမူ ဆောင်ရွက်ချက်များကိုလည်း တင်ပြပါ။

၆။ ကိဋ္ဌာဂီရိဇနပုဒ် သာသနာပျက်နေရာ၌ အတုယူဘွယ် သူတော်ကောင်းတဦး ပြုပြင်ပေးနိုင်ပုံကိုရေးသား၍ ရင်းရှာခံကိုယ်တော်များ ပျက်စီးနေကြပုံနှင့် အဂ္ဂသာဝက ၂-ပါး ဆောင်ရွက်တော်မူကြပုံကိုလည်း ဖော်ပြပါ။

၇။ ဗုဒ္ဓ၏ သာသနာတော်သည် အမြဲ ဖြူစင် သန့်ရှင်းနေသည် မဟုတ်ပါလော၊ သာသနာတော် မသန့်ရှင်းဟူသော ဝေါဟာရ အသုံးကို မုချတိုက်ရိုက် နိတတ္ထအားဖြင့် ပြ၍ ကြည်ညိုဘွယ်ရာ သာသနာဖြစ်အောင် ပြုပြင်ခဲ့ကြပုံကိုလည်း ရေးသားပါ။

---

## သာသနာတော်နှင့် ကြုံတွေ့မှုဆိုင်ရာ အကျိုး အမြတ်များ

**ဥယျာဉ်ကြီးပမာ မြတ် သာ သ နာ**

နေပူထီးထီး အရိပ်မဲ့သော ကွင်းပြင်ကြီးဝယ် ထီးဘိနပ် မပါ ခရီးပြင်းလာနေသော ယောကျာ်းသည် မမြော်လင့်ဘဲ သီးပွင့်မျိုးစုံနှင့် ပြည့်စုံ၍ မြေချမ်းသာသည့် ဥယျာဉ်ကြီးသို့ ရောက်သွားရာ သီးပွင့်မစားရသေး, အရိပ်ခိုရုံမျှနှင့် အပူပျောက်၍ မြေချမ်းသာခြင်းသို့ ရောက်တော့သည်၊ မိမိ၏ လုံ့လဝီရိယ နှင့် အသိဉာဏ်ကို သုံးလျက် အသီးအပွင့်များကို ခူးယူ သုံးဆောင် ပြီးပါမူ ပြောပြဘွယ်မရှိသော ချမ်းသာများကို ခံစားရရှိပေမည်၊ ဤအတူ သံသရာနေပူဝယ် ဆင်းရဲပင်ပန်းစွာ သွားလာနေကြရသူ သတ္တဝါဟူသမျှ သည် ကံကောင်းထောက်မ၍ သာသနာ ဥယျာဉ်ရိပ်ကို ဝင်ရောက် ခိုလှုံ ရရာဝယ် မိမိ၏ စေတနာ, သဒ္ဓါ, ဝီရိယ, သတိ, ပညာ စွမ်းအားများကို သုံးလျက် အောက်တွင်ဖော်ပြမည့် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ စင်စစ်မှန်စွာ ရောက်ရှိပါလျှင် ဥယျာဉ်ကြီး၏ အသီးအပွင့်အရသာ (လူ နတ် နိဗ္ဗာန် သုံးတန်သော) ချမ်းသာမြတ်ကို ခံစားရမည်သာ ဖြစ်သည်၊ (ဥယျာဉ် တွင်းရှိ သစ်ပင်အသီးသီးတွင် အဆစ်ပိုး,အမြစ်ပိုးများရှိလျှင် ဥယျာဉ်ကြီး တစတစ ခြောက်သွေ့သွားနိုင်သည့်နည်းတူ သာသနာတော်ဝယ်တာဝန်ရှိ ပုဂ္ဂိုလ်များ၌ ဒုဿီလဓမ္မ,အသပ္ပုရိသဓမ္မဟူသော အဆစ်ပိုး,အမြစ်ပိုးများ ကျလာလျှင်လည်း သာသနာတော် ခြောက်သွေ့ဘွယ်ရာပင် ဖြစ်သည်။

## ဗုဒ္ဓဘာသာဝင် ၄-စား မှတ်သားကျင့်သုံးဘွယ်

အမြင်မှန် ၁၀-ပါးနှင့် ပေးလှူကြိုးရှိ။ ဦးဦးဖျားဖျား ပေးလှူပူဇော်၊ ဗုဒ္ဓဘာသာဝင်အငယ် ရကျိုးရှိ၏၊ ကြီးကျယ်စွာ ပေးလှူပူဇော်ရကျိုးရှိ၏၊ သုစရိုက် ဒုစရိုက်တို့၏ ကောင်းကျိုး ဆိုးပြစ် ရှိ၏၊ အပါယ်ဘုံ နတ်ဘုံတို့မှ ဤဘုံသို့ ရောက်လာတတ်ရကား ဤလူ့ဘုံလောကသည် ရှိ၏၊ ဤလူ့ဘုံမှ တပါးသော အပါယ်ဘုံ နတ်ဘုံရှိ၏၊ မိဘကိုပြုစုလျှင် ကောင်းကျိုး, ပြစ်မှားလျှင် ဆိုးကျိုး ရှိ၏၊(အမိနှင့်အဘ တပါးစီ၊) လောကတပါးမှ လောကတပါးသို့ ပြောင်းကြရသော သတ္တဝါတို့ ရှိ၏၊ဤလောက၌ အကျင့်ကောင်း၍ ပစ္စုပ္ပန်တမလွန် လောက ၂-ပါးကို ကိုယ်တိုင်သိတော်မူတိုင်း ဟောကြကုန်သော ရဟန်း, ပုဏ္ဏား, ဘုရား, ပစ္စေကဗုဒ္ဓါ,အရိယာတို့ ရှိကုန်၏ဟု ၁၀-ပါးသော အကြောင်းနှင့် စပ်သော အမြင်မှန် ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ရှိလျှင် အငယ်စားဗုဒ္ဓဘာသာဝင် ဖြစ်သည်၊ သို့သော် စိတ်မချရသေး၊ ယနေ့ ဗုဒ္ဓဘာသာဝင်, နက်ဖြန် ခရစ်ယန် စာဖွဲ့ ဖြစ်ခွင့်ရှိသေးသည်၊ (မိဘနှစ်ပါး ပျော်ပါး၍ ငါတို့ဖြစ်လာသဖြင့် မိဘတို့ကျေးဇူးမရှိဟု ဆိုတတ်လာကြသောခေတ်တွင် ဤ အမြင်မှန် ၁၀-ပါးကို ဟောနိုင်ကြပါစေ။

**အလတ်, အကြီး ဆိုင်ရာ ဗုဒ္ဓဘာသာဝင်များ** ရုပ်နာမ်တို့၏ အကြောင်းအကျိုး ဆက်စပ်ပုံကို သိသော ပဋိစ္စသမုပ္ပါဒ် ပညာရှင်သည် မိစ္ဆာဒိဋ္ဌိအယူမှားကို ပယ်နိုင်သဖြင့် အလတ်စား ဗုဒ္ဓဘာသာဝင် ဖြစ်၍ ရုပ်နာမ်တို့ကို ဖြစ်ပျက်တင်ကာ ဆင်ခြင်နိုင်သော ဝိပဿနာသမ္မာဒိဋ္ဌိပညာရှင်သည် အကြီးစား ဗုဒ္ဓဘာသာဝင် ဖြစ်တော့သည်။ ဤ ၂-ဦးကား ယခုဘဝအတွက် စိတ်ချရသော်လည်း အနာဂတ် သံသရာအတွက် မရေရာသေးပါ။

**ပရမတ္ထဗုဒ္ဓဘာသာဝင် သူတော်စင်** သစ္စာ ၄-ပါးကို ပေါက်ရောက် သိမြင်သော သောတာပန်စစ် ဖြစ်မှ ပရမတ္ထဗုဒ္ဓဘာသာဝင် မည်၍ တသံသရာလုံး စိတ်ချရပြီ၊ သေ၍

နောင်ဘဝ မိစ္ဆာမျိုးရိုးဝယ် ဖြစ်စေဦးတော့ အသက်သာ အသေခံမည်၊ ရတနာ ၃-ပါး ကိုးကွယ်မှု သရဏဂုံကို မစွန့်တော့ပေ။ ဝိနည်း ပရိဝါ ပါဠိတော်၌ ခရစ်ယန်မှ ပြောင်းလာသော ဗုဒ္ဓဘာသာဝင်ကို မူလခရစ်ယန် ပရိသတ်၌ "အမောင်ယေရှု, အမောင်ခရစ်ဟု ခေါ်လျှင် စိတ်ဆိုး၍ အမောင် ဂေါတမတပည့်ဟု ခေါ်လျှင် ဝမ်းသာပါက" ကျေနပ်လောက်သော ဗုဒ္ဓဘာသာဝင်ဖြစ်ပြီ၊ သို့တည်းမဟုတ် "မူလခရစ်ယန်ဆရာများ၏ ဂုဏ်ကျေးဇူးကို ပြောဆို၍ နှစ်သက်နေသေးလျှင်" အားရလောက်သော ဗုဒ္ဓဘာသာဝင် မဟုတ်သေးဟုလည်း ပြတော်မူသည်။

**မိမိကိုယ်ကို ချစ်-မချစ် စိစစ် နှိုင်းချိန်ရမည်** မိမိသာလျှင် မိမိကိုးကွယ်ရာ ဖြစ်၍ မိမိကိုယ်ကို ကောင်းစွာဆုံးမသော အားဖြင့်သာ ကိုးကွယ်ရာအစစ် ရနိုင်သည်။ အကုသိုလ် မဖြစ်အောင် စောင့်ရှောက်နိုင်မှ မိမိကိုယ်ကို မိမိချစ်ရာရောက်သည်။ နယ်စပ်ဒေသ မြို့ရွာများကို အတွင်းအပြင် လုံခြုံစေရသလို မိမိသန္တာန်မှာလည်း အတွင်း အပြင် အကုသိုလ်မဝင်အောင် စောင့်ရှောက်ပိတ်ဆို့ကြ။ ဘုရားပွင့်ရာ အခါကောင်းကို မလွန်စေနှင့် စသည်ဖြင့် ဓမ္မပဒ၌ ဘုရားရှင် ဟောတော်မူရာ အထက်ဖော်ပြပါ ဥပါသကာဂုဏ် ၁၀-ပါး ဗုဒ္ဓဘာသာဝင် အင်္ဂါများ နှင့် ပြည့်စုံကြမှသာ မိမိကိုယ်ကို မိမိ ချစ်ရာ ရောက်မည်။ ၃-ပါး ရတနာ သာသနာတို့၏ ဂုဏ်တော်များကို မျက်ဝါးထင်ထင် ဆင်ခြင်သုံးသပ်နိုင်မှ ပညာဗုဒ္ဓဘာသာဝင် ဖြစ်မည်။

**မရေရာသေးသော သဒ္ဓါဗုဒ္ဓဘာသာဝင်** မိရိုးဖလာ အမှတ်မဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်နေသူတို့သည် ဘုရား, တရား, သံဃာတော်တို့၏ စစ်မှန်သော ဂုဏ်တော် ရောက်အောင် နှလုံးသွင်း ကြည်ညိုတတ်ရန် ခဲယဉ်းသည်။ (လုံးလုံးမရှိဟု မဆိုလို။) ဘုရားဂုဏ်တော်ကို ထိမိအောင် အာရုံမယူနိုင်ကြသဖြင့် ရွှေရှိသောဘုရား, ရွှေမရှိသော်လည်း မိရိုးဖလာ ဆွေဘုရား, မျိုးဘုရား, ဆွေမျိုးဘုန်းကြီးများလောက်ကိုသာ စိတ်ညွတ် ကြည်ညို တတ်ကြသည်။ အခါတပါး တောရွာ မိန်းမ

တစု မန္တလေး သွားခါနီးဝယ် အော်ကျယ်ဟစ်ကျယ်နှင့် “မန္တလေး ဘုရားဖူး သွားမလို့ လိုက်ကြဦးမလား”ဟု ကျယ်လောင်စွာ ပြောဆို နေသည်ကို အတော်နားလယ်သော ဒကာကြီး တဦးက“တိုးတိုး ပြောကြ စမ်းပါ၊ ဒို့ရွာက ဘုရားကိုယ်တော်တွေ ကြားလျှင် အားနာစရာကြီး ဖြစ်နေပါ့မယ်”ဟု ပြက်ရယ်ပြုဘူးသတဲ့။ ဤမရေရာသေးသော သာမန် ဗုဒ္ဓဘာသာဝင်ကို ကျော်လွန်၍ ပညာဗုဒ္ဓဘာသာဝင်များ များကြပါစေ။

## ဘုရားအလောင်း၏ ကြည်ညိုဘွယ်ရာ ပါရမီတော်များ

**ကောင်းကင်ရှိကြယ်များနှင့် ငါတို့ ဘုရားအလောင်းမျက်လုံးတော်**

ဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရား၏ အထံတော်မှ “ဤရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာ တသိန်းလွန်သောအခါ ငါဘုရားကဲ့သို့ ဂေါတမဗုဒ္ဓဟူသော အမည်ဖြင့် ဘုရားတဆူဖြစ်လိမ့်မည်”ဟူသော နိယတဗျာဒိတ် ခတ်နှိပ်ပြီးရာအခါမှစ၍ ဘုရားဖြစ်ကြောင်း ဒါန, သီလ စသော ပါရမီတော် အပေါင်းတို့ကို အသက်ကိုပင် မငဲ့ကွက်ဘဲ နှေးညံ့မအား ကြိုးစားတော်မူရာ သိဝိမင်းဘဝ၌ နေ့စဉ် သိန်းပေါင်းများစွာလှူနေရသည်ကို အားရတော်မမူသောကြောင့် လှူရိုးလှူစဉ်တွေထက် မလှူဘူးသော မျက်လုံးတော်ကို လှူချင်စမ်းပါဘိ တော့ဟု အကြံဖြစ်လေသည်။

**ပုဏ္ဏားအိုနှင့် သိကြားပျို**

ထိုအကြံကို သိကြားမင်းသိသဖြင့် မျက်မမြင် ပုဏ္ဏားအိုယောင် ဆောင်၍ အလှူခံလာရာ ဝမ်းသာစွာဖြင့် သမားဘော်ကို ခေါ်ပြီး မျက်လုံးနှစ်ဘက်ကိုထုတ်၍ ဆက် သရန် ခိုင်းတော်မူသည်၊ သမားတော်က အခြားနည်းဖြင့် ပုဏ္ဏားကို ချီးမြှောက်တော်မူပါ၊ အရှင်မင်းကြီးမှာ မျက်လုံးတော် ကွယ်နေလျှင် မတင့်တယ်သဖြင့် မလှူသင့်ပါဟု တားသော်လည်း မရ၍ မျက်လုံး တော်ကို ဆေးလိမ်းလိုက်သောအခါ စူထွက်လာတော့သည်။

**သမားတော်၏ စေတနာ** ပင်ကိုယ်အတိုင်း ဖြစ်အောင် တတ်နိုင်ပါသေးသည်၊ မလှူပါနှင့် စဉ်းစားတော်မူပါဟု တားပြန်သော်လည်း မရသဖြင့် တို့ဆေး တို့လိုက်ရာ မျက်လုံးတော်များ အပြင်သို့ ထွက်လာပြီး မျက်ကြောမျှင်များဖြင့် အောက်သို့ကျလာတော့သည်။ ပင်ကိုယ်အတိုင်း ဖြစ်အောင် တတ်နိုင်ပါသေးသည်၊ စဉ်းစားတော်မူပါဟု လျှောက်တင်သော်လည်း မရသဖြင့် ဆတ်ဆတ်တုန်မျှ နာကျင်လှသည်ကို ဂရုပြုတော်မမူဘဲ မျက်ကြောမျှင်များကို ဒါးဖြင့် ဖြတ်စေလျက် ဆက်သ ခံယူပြီး ပုဏ္ဏားအိုအား လှူတော်မူရှာသည်။ ဤသို့ ထုတ်၍ထုတ်၍ လှူခဲ့သည်မှာ ကောင်းကင်အပြင်ရှိ နက္ခတ်ကြယ်တာရာများထက်ပင် များလှသည်။ (ဘုရားအလောင်းတော် သိဝိမင်း၏ စေတနာ၊ သိကြားမင်း၏ ကောင်းမှုမဂ်လာကြောင့် မျက်စိတော် အလင်းပြန်ရသည်)။

**ကမ္ဘာကုဋေ လွန်လေသော်လည်း** အလားတူပင် လှူဒါန်းသော အသားတော်များမှာ မဟာပထဝီမြေကြီးထက်ရင်း, အသွေးတော်များမှာ မဟာသမုဒ္ဒရာ ရေထက်ရင်း များစေ၍ ပြုစုသော ဒါနပါရမီကဲ့သို့ သီလပါရမီ, နေက္ခမ္မပါရမီ စသည်တို့ကိုလည်း ပြုစု တည်ဆောက်တော်မူပြီးမှသာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး တည်ထောင် ဖန်ဆင်းတော်မူသော သာသနာတော်မှာ ကမ္ဘာပေါင်း ကုဋေလွန်သော်လည်း တွေ့ကြုံဆုံစည်းဘို့ရာ အလွန်ပင် ခဲယဉ်းသော အမြတ်ဆုံး သာသနာပင် ဖြစ်သည်၊ ထင်ရှားစေအံ့၊ ဂေါတမဘုရား အလောင်းတော် ပါရမီဖြည့်ရာ ၄-သင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဘုရားပေါင်း ၂၈-ဆူမျှသာ တွေ့ကြုံဆုံစည်းရသည်ဖြစ်ရာ ၄-သင်္ချေနှင့် ကမ္ဘာတသိန်းကို ၂၈-နှင့် စားပါက ဘုရားတဆူတဆူနှင့် ကမ္ဘာပေါင်း မည်မျှကြာမှ တွေ့ရသည်ကို သိသာနိုင်သည်၊ (တသင်္ချေတွင် တစ်တလုံးနှင့် သုညပေါင်း ၁၄၀-ပါဝင်သည်ဟု သဒ္ဒါဆရာအချို့ ပြသည်၊ ကမ္ဘာကြီးတည်၍ ပျက်စီးသည်တိုင်အောင်သော အခါကို တကပ်, တကမ္ဘာဟု ခေါ်၏၊ အလျားအနံ တယူဇနာရှိသော ဂိုဒေါင်ကြီးအတွင်း၌ မုံညင်းစေ့များကို သွင်းပြီးလျှင် အနှစ် ၁၀၀-ကြာမှ တစေ့ကျ ယူပစ်ရာ

မုံညင်းစေ့များ ကုန်သွားသော်လည်း တကမ္ဘာ မကုန်သေးဟု နိဒါနဝဂ္ဂ အနမတဂ္ဂသုတ် သံယုတ်ပါဠိတော်၌ ဘုရားရှင် မိန့်သည်၊ ဤကဲ့သို့ ကမ္ဘာပေါင်း ရေတွက်၍ မရလောက်အောင် များသဖြင့် ကမ္ဘာတွေ အသင်္ချေဟု ဆိုသည်၊) ထိုကြောင့် "ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော=ဘုရားပွင့်ရာ သာသနာနှင့် ကြုံရဘို့ လွန်စွာ ခဲယဉ်းသည်"ဟု မိန့်တော်မူသည်။

**ဘုရားရှင်နှင့် သရဘပရိဗိုဇ်** ရာဇဂြိုဟ်မြို့တွင်း၌ တိတ္ထိပရိသတ်အား သရဘက "ငါသည် ရဟန်းတရားကို အကုန်သိပြီ၊ ရဟန်းဂေါတမ၏ တရား၌ အနှစ်သာရ ဘာမျှမရှိ၊ရဟန်းတွေဟာ အာဝဋ္ဋနီယ မာယာ (မျက်လှည့်အတတ်)ဖြင့် လောကကို ညာစားနေကြသည်၊" စသည်ဖြင့် ပြောဆိုသံကို မြို့တွင်းမှ ကြားလာသော ရဟန်းတော်အချို့၏ လျှောက်ထားချက်ဖြင့် ဘုရားရှင် သိတော်မူသောအခါ ဆိတ်ဆိတ်နေလျှင် သာ၍ ရောင့်တက်ပြီး အပြစ်များဘွယ် ရှိတော့သည်ဟု သနားသောအားဖြင့် ညအချိန်တွင် ပရိဗိုဇ်ကျောင်းသို့ တပါးတည်း ကြွသွားတော်မူပြီး "သည်အတိုင်း သင်ပြောနေတာ မှန်သလား"ဟု ၃-ကြိမ်တိုင်တိုင် မေးတော်မူသော်လည်း မရသဖြင့် အောက်ပါမိန့်ခွန်းကို မိန့်ကြားတော်မူသည်။

**ဗုဒ္ဓ၏ သိဟနာဒ (ရဲရင့်ပြတ်သားသော မိန့်ခွန်းတော်) ၃ – မျိုး**

၁။ "ငါဘုရားသည် သိစရာအားလုံးကို သိတော်မူသည်" ဤသို့ ဝန်ခံထားရာ၌ မည်သည့်တရားတော်တွေ မသိဘဲ ကျန်နေသေးတယ်ဟု ပရိဗိုဇ်တယောက်ယောက်က ပြောလျှင်–

၂။ "ငါဘုရားမှာ ကိလေသာအားလုံး ကုန်ခန်းပြီ" ဤသို့ ဝန်ခံထားရာ၌ ကိလေသာ မကုန်သေးဘူးဟု ပရိဗိုဇ် တယောက်ယောက်က ပြောလျှင်–

၃။ "ငါဘုရား ပြောသည့်အတိုင်း ကျင့်သူသည် ငါဘုရား ပြောအပ်သော အကျိုးကို မုချရရမည်" ဤသို့ ဝန်ခံထားရာ၌ မရနိုင်ဟု ပရိဗိုဇ် တယောက်ယောက်က ပြောလျှင်–

ထို ပြောဆိုသော သူကို ငါဘုရားပြန်၍ မေးသည့်အခါ သူသည် ရှေ့စကားကို နောက်စကားဖြင့် ဖုံးမှုလည်း ဖုံးလိမ့်မည်၊ အပြင်စကား တခုခုကို အပိုသွင်းချင်လည်း သွင်းလိမ့်မည်၊ စိတ်တိုခြင်း, ဒေါသထွက်ခြင်း, မနှစ်သက်ခြင်းတို့ကိုသော်လည်း ထင်ရှားပြလိမ့်မည်၊ ထို သုံးမျိုး တမျိုးမျိုးမှ မဖြစ်လျှင် ယခု သရဘ မှိုင်နေသလို စကားမေးမရအောင် မှိုင်နေလိမ့်မည်ဟု ရဲရင့်ပြတ်သားစွာ မိန့်ကြားတော်မူပြီး ပရိသတ်အား သစ္စာ ၄-ပါးပြ တရားရစေပြီးလျှင် အဘိညာဉ်တန်ခိုးဖြင့် ပြန်ကြွတော်မူသည်။

ဤမိန့်ခွန်းတော်အား လျော်သော ပါရမီတော် အကျင့်များကို အသခေါ် အနန္တ ရေတွက်မရနိုင်အောင် ကျင့်ကြံအားထုတ်တော်မူသဖြင့် ဘုရားရှင်သည် လောဘစသော ကိလေသာအားလုံး ကင်းစင်တော်မူပြီး သိစရာမှန်သမျှ မကျန်ရအောင် သိတော်မူပြီးသည့်အားလျော်စွာ သတ္တဝါဝေနေယျတို့အားလည်း အလားတူ ပစ္စုပ္ပန်၊ သံသရာ နှစ်ပြာလုံး ချမ်းသာစေလျက် ခန္ဓာဝန်ဇာတ် ချုပ်ပြတ်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာ အကျိုးတရားအထိ ရရှိစေရန် ဓဟာအပ်သော တရားတို့မှာလည်း ဟောတိုင်းပင် ရရှိ ခံစား နိုင်ကြပါသည်၊ ထို့ကြောင့် စစ်မှန်သော အမြတ်ဆုံး သာသနာ ဖြစ်တော့သည်။

**အခြားသော ဘုရားဆိုသူများ စကား စဉ်းစားဘွယ်ရာ** ဗုဒ္ဓအယူမှ တပါးသော အယူရှိသူကို တိတ္ထိဟု ဆိုလိုသည်၊ ထို ပုဂ္ဂိုလ်တို့က "ကမ္ဘာလောကကြီးနှင့်တကွသတ္တဝါတွေကို ၎င်းတို့ဘုရား ဖန်ဆင်းသည်၊တပည့်များ၏ အပြစ်မှန်သမျှ ကရုဏာအားကြီးသော ၎င်းတို့ဘုရားက ခွင့်လွှတ်၍ အပြစ်ကို သူကပင် ခံယူသည်၊ သေလျှင် ကောင်းကင်ဘုံမှာ ကယ်တင်တော်မူသည်" စသည်ဖြင့် သူတို့ဘုရား၏ ဂုဏ်များကို ချီးကျူးပြောဆိုကြရာ သာမန်အားဖြင့် အားထားကိုးစားဘွယ်ရှိသည်ဟု ထင်စရာဖြစ်သော်လည်း "ကမ္ဘာလောကကြီးကို မဖန်ဆင်းမီက ၎င်းဘုရားသခင် ဘယ်မှာနေသနည်း၊ ကောင်းကင်ဘုံမှာ နေသည်ဟုဆိုလျှင် ကောင်းကင်ဘုံကို ဘယ်သူဖန်ဆင်းသလဲ၊ ၎င်း ဘုရားသခင် ဖန်ဆင်းလျှင် ကောင်းကင်မရှိခင်က ဘယ်မှာနေသလဲ၊ ကမ္ဘာကြီး

ကို ဖန်ဆင်းသည်မှာ ဘယ်မျှကြာပြီနည်း၊ အဘယ့်ကြောင့် အိုနာသေရေး ဒုက္ခဘေးတွေကို ဖန်ဆင်းထားရသနည်း၊ မည်သူမျှ မလွတ်နိုင်ပါတကား၊ ပထမကမ္ဘာစစ်ကြီးအတွင်းက သတ်နေကြနေသူများမှာ ၎င်းတို့ဘုရား၏ တပည့်တွေသာ များပါတကား၊ အနန္တတန်ခိုးတော်တွေကို ဘယ်မှာ အသုံးချမှာလဲ၊ ကိုယ့်ဘာသာဝင် တပည့်ကိုသာ ကယ်၍ အခြားဘာသာဝင် တပည့်များကို မကယ်ဘူးဆိုလျှင် ထိုဘုရား၏ ကရုဏာ မေတ္တာသည် မျှမျှ တတ ရှိပါရဲ့လား” စသည်ဖြင့် ဆင့်ခြင်သည့်အခါ အနှယ်မခံနိုင်၊ အစစ်ဆေး အသုံးသပ် မခံနိုင် (မှတ်ကျောက်တင် မခံနိုင်)သော ယူဆယုံကြည် ဟောပြောချက်များသာ ဖြစ်တော့သည်။

**လာဘ်စားသော တရားသူကြီးပမာ**

၎င်းတို့၏ ဘုရားဆိုသူများက “သူ့တပည့် ခံလျှင် ဒုစရိုက်တွေ ပြုသူမှန်ပေမဲ့ အပြစ်မှလွတ်၍ ကောင်းရာသုဂတိသို့ ပို့မည်၊ သူ့တပည့် မခံ, မကိုးကွယ်လျှင် ကောင်းမှုတွေ ဘယ်မျှများများ မကောင်းသော ငရဲသို့ချမည်” ဟူသော စကားမှာ ယခုကာလ ကပ်ရပ်ပြီး တံစိုးလက်ဆောင် ထိုးလျှင် အမှုမမှန်သော်လည်း အနိုင်ပေးသော “ပြည်သူ့ချဉ်ဖတ်” တရားသူကြီး များနှင့်သာ တူတော့သည်။ ငါတို့သခင် ဘုရားရှင်ကမူ မည်သည့်တာဝန်ကိုမျှ ယူတော်မမူဘဲ ကောင်းသော ဒါန, သီလ စသော မျိုးစေ့ကောင်းကို ချမြုပ်ပါက ကောင်းမြတ်သော လူနတ်ချမ်းသာ စသည်ကို ရနိုင်ကြောင်းနှင့် မကောင်းသော သူ့အသက်သတ်, သူ့ဥစ္စာခိုး စသည့် အကျင့်ဆိုးရှိသူတို့အတွက် မကောင်းသော ငရဲ,တိရစ္ဆာန် စသည်သို့ ရောက်မည်ဟု “ဘယ်သူမပြု မိမိမှု” အနေ ဟောတော်မူပေသည်။

**သာယာဝတီဆရာတော်၏ သက်ကြီးပူဇော်ပွဲ**

နိုင်ငံကျော် ဓမ္မကထိက သာယာဝတီ ဦးဥ္ဇေယျ ဆရာတော်သည် ဆဋ္ဌ သံဂါယနာ ခေတ်က ရန်ကုန်သို့ ကြွလာတော်မူကြသော သိက္ခာတော်ကြီး ဆရာတော်ဘုရားကြီးများကို ပင့်၍ လှူဒါန်းဘွယ်များဖြင့် ခမ်းနားစွာ ကျင်းပပူဇော်ရာဝယ် အပူဇော်ခံ ဆရာတော်ကြီးများထံမှ ဩဝါဒကိုလည်း ကြည်ညိုလိုသဖြင့် ၅-မိနစ်

၁၀-မိနစ် စသည် မိန့်ကြားတော်မူပါဟု လျှောက်ထားရာ ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မန္တလေး မစိုးရိမ်ဆရာတော်ဘုရားကြီးက အလွန်တို၍ သိမှတ်နာယူဘွယ် ပြည့်စုံလှ ပေသော အောက်ပါ ဥဒါန်း ပါဠိတော်လာ တဂါထာကို မိန့်မြွက်ချီးမြှင့် သည်ဟု သိရသည်။

**မစိုးရိမ်ဆရာတော် ဘုရားကြီးဩဝါဒ** အားလုံးသတ္တဝါတွေဟာ ဆင်းရဲကို ကြောက်သူ ချည်းသာ ဖြစ်ကြတယ်၊ ဆင်းရဲကို အလွန်ဘဲ ရွံမုန်း ကြတယ်၊ ဒါဖြင့်လျှင် ဘာလုပ်ကြမလဲ။

သစေ ဘာယထ ဒုက္ခဿ၊ သစေ ဝေါ ဒုက္ခမပ္ပိယာ။
မာ ကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော—

ဟူသော ဘုရားဟောအရ ဘုရားရှင် ခွင့်မပြုတဲ့ မကောင်းမှုဟူသမျှကို ထင်ထင်ရှားရှား အများသိ မပြုနဲ့၊ အများမသိတဲ့ ကွယ်ရာမှာလဲ မပြုနဲ့၊ ကိုယ်, နှုတ် နှစ်ပါး လွန်ကျူးမှုများကိုသာမက စိတ်အမူအရာ သောင်း ကျန်း လှုပ်ရှားမှုများကိုလဲ ရှောင်ရှားကြကုန်ဟု မိန့်တော်မူရာ ပူဇော်ပွဲ အပြီး ပုသိမ်မြို့ ဝေဠုဝန်နိကာယ ဂဏာဓိပတိ ဆရာတော်ဘုရားကြီးမှာ ကျေနပ် ဝမ်းမြောက်လွန်းသဖြင့် အထူးတလည် ချီးမွမ်းတော်မူပြီး သာဓု ခေါ်တော်မူသွားကြောင်း သိရသည်။ (ရင်း ပုသိမ် ဝေဠုဝန် ဆရာ တော်ကြီး ၁၃၃၀-ခုနှစ်က ပျံလွန်တော်မူရာ ဝေဠုဝန် နိကာယကြီး၏ ဥသျှောင်အဓိပတိအရာကို ယခု ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ပွင့်လှ သိမ်ကုန်း ဆရာတော်ဘုရားကြီးက ဆက်ခံ စောင့်ရှောက်တော်မူဆဲ ဖြစ်သည်၊) ဤကား ဗုဒ္ဓ၏ အလွန်ပြည့်စုံသော ဩဝါဒတော်ပင် ဖြစ်သည်။

**ကံအမွေကို မိဘနှင့် ဘုရားက မပေးနိုင်** အထက်ပါ " ကိုယ်ပြု ကိုယ်ခံ " ဒေသနာတော် ဓမ္မကွန်အရ ကောင်းဆိုး နှစ်တန် ကံအမွေကို သားသမီးစသူတို့အား မိဘက မပေးနိုင်၊ အနန္တ တန်ခိုးတော်သခင် ဘုရားရှင် များကလည်း မပေးနိုင်၊ မိမိပြုခဲ့သော

ကုသိုလ်, အကုသိုလ်ကံ အားလျော်စွာ သာလျှင် အကျိုးပေးကြမည် ဖြစ်သဖြင့် မိဘချမ်းသာတိုင်း သားသမီး ချမ်းသာမည် မဟုတ်၊ မိဘ ဆင်းရဲသော်လည်း ကံအားလျော်စွာ (ပစ္စုပ္ပန်ကံ, အတိတ်ကံ ၂-မျိုးလုံး သက်ဆိုင်သည်၊) သားသမီးများ ချမ်းသာနိုင်သည်။ (နောက်ပိုင်း ရွှေခြူး ဝန်ဆောင် ဒါယကာကြီး၏ မျက်မှောက် အတ္တုပ္ပတ်ဖြင့် ထင်ရှားမည်၊) ထို့ကြောင့်—

ကောင်းတာပြုမှ၊ ကောင်းတာရ၊ ကောင်းမှ ကောင်းစားသည်။

ကောင်းဆိုး နှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်—

ဟူသော ဗုဒ္ဓ၏ ညွှန်ပြ ချက်နှင့် တိတ္ထိဘာသာဝင်များ ဆိုင်ရာ ဘုရား ဆိုသူတို့၏ တာဝန်ယူချက် များကို နှိုင်းယှဉ်ကြပြီးလျှင် အကောင်းဆုံး သော သီလရှင်, ဒါနရှင်, ပညာရှင်များ ဖြစ်ကြလျက် ဒါနအမွေ, သီလ အမွေ, ပညာအမွေများကို ခံယူနိုင်ကြပါစေ။

## ဖြေဆိုရန် မေးခွန်းများ

၁။ သာသနာတော်နှင့် ဥယျာဉ်ကြီး တူပုံကိုရေးသား၍ ဥယျာဉ်ကြီး ကို ခြောက်သွေ့သွားစေနိုင်သော အကြောင်းများနှင့် သာသနာ တော် ခြောက်သွေ့သွားနိုင်သော အကြောင်းများကိုလည်း ရေးသားပါ။

၂။ အငယ်စား ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ရေး အမြင်မှန် ၁၀-ပါးကို ရေးသား၍ မိဘ ၂-ပါး ပျော်ပါးသဖြင့် ငါတို့ ဖြစ်လာကြ သည်၊ မိဘအပေါ် ကျေးဇူးပြုဘွယ် မလိုဟု ဆိုသူများ ဗုဒ္ဓ ဘာသာဝင် ဖြစ်-မဖြစ်၊ ယခုနေသော စိတ်ချရသော, ယခုတဘဝ သာ စိတ်ချရသော ဗုဒ္ဓဘာသာဝင်များကိုလည်း ထင်ရှား အောင် ရေးပါ။

၃။ ဝိနည်း ပါဠိတော်လာ ကျေနပ်လောက်အောင် ဗုဒ္ဓဘာသာဝင် ကို ပြ၍ မိမိကိုယ်ကို ချစ်လွန်းသဖြင့် မိမိအား ကျေးဇူးများ

သော ဇနီး ခင်ပွန်း သားသမီးများကို ဝိသမလောဘဖြင့် ရှာကျွေးနေ သူများ ကိုယ့်ကိုယ်ကို ချစ်ရာ ရောက်-မရောက် ထောက်ပြပါ။

၄။ သဒ္ဓါနှင့်ပညာ ဗုဒ္ဓဘာသာဝင် ၂-ဦး အထူးကိုပြု၍ ဘုရားဖြစ်မည် ဟူသော ဗျာဒိတ်ရအလောင်းတော်သည် အလုပ်ကိုအားမထုတ် လျှင် ဗျာဒိတ်တော်မှန်နိုင်ပါမည်လော၊ ကြိုးစားအားထုတ်ပုံများ ကို သိဝိမင်းကြီး ဇာတ်တော်ဖြင့် မှတ်တမ်းတင်ပြပါ။

၅။ ကမ္ဘာကုဋေ လွန်သော်လည်း သာသနာနှင့် ကြုံခဲ့ပုံကို ဂေါတမ ဘုရားအလောင်း သာဓကဖြင့်ပြ၍ တကမ္ဘာ၏ အချိန်ကြာပုံ၊ တသင်္ချေ၏ ကမ္ဘာပေါင်းများပုံကို ပါဠိတော်စကား၊ သဒ္ဒါဆရာ တို့၏ စကားဖြင့် ရေးသားပါ။

၆။ သရဘပရိဗိုဇ်နှင့်စပ်၍ ဘုရားရှင် ပြတ်သားစွာ မိန့်ကြားသော သိဟနာဒ ၃-မျိုးကိုဖော်ပြ၍ ယခုကာလ အားထုတ်ကြသော် လည်း တရားမရနိုင်ပါဟု ဆိုလျှင် မည်သည့် မိန့်ခွန်းတော် ကို စွပ်စွဲရာ ရောက်ကြောင်း ကြောင်းကျိုး ဖော်ပြ ရေး သားပါ။

၇။ ဗုဒ္ဓမှတပါးသော ဘုရားဆိုသူများ၏ ဝါဒကို သိသမျှပြ၍ ၎င်း ဝါဒနှင့် ဗုဒ္ဓဝါဒ ဆန့်ကျင်ပုံကို တရားသူကြီး ဥပမာဖြင့် ယှဉ်ပြ ပြီးလျှင် မစိုးရိမ်ဆရာတော်ကြီး မိန့်ကြားသော ဥဒါန်း ပါဠိ တော်ကို အဓိပ္ပါယ်ရေးသားပါ။

၈။ ဆိုးမွေခံ၊ ကောင်းမွေခံ ဟူသော စကားသည် မိဘစသူတို့၏ အမွေအနှစ် အပြစ်ဆိုင်ရာများကို ဆိုလိုသလော၊ ၎င်းဥပဒေသ အတွက် အဘယ်သို့ယူလျှင် အသင့်မြတ်ဆုံးဖြစ်ကြောင်း ထင်ရှား အောင် ရေးသားပါ။

**အရှင်းအနှီးနည်းသော်လည်း အမြတ်ကြီးသော ဗုဒ္ဓသာသနာ**

**ထမင်းရေချောင်းစီး ဝေလာမပုဏ္ဏားကြီး** ဘုရား တရား သံဃာ ဟူသော ဒက္ခိဏေယျ အလှူခံ ပုဂ္ဂိုလ်နှင့်ကင်းသော သာသနာပအချိန်တွင် အလောင်းတော် ဝေလာမပုဏ္ဏားကြီးသည် ရွှေခွက်, ငွေခွက်, ကြေးခွက် ၈၄၀၀၀-တို့၌ အသီးသီးသော ရွှေငွေရတနာများကိုထည့်လျက် ၈၄၀၀၀-သော ဆင်,မြင်း,ရထား,နို့ညှစ်နွားမ, အဝတ်အထည် စသည်တို့ကို ထမင်းရေ ချောင်းစီးအောင် ထမင်း,အဖျော်များ ချက်ပြုတ် ကျွေးမွေးပြီး လှူဒါန်းလေသည်။ ယင်း အလှူကြီးသည် ဤမျှ ကြီးကျယ် ခမ်းနားသော်လည်း သာသနာ်တွင်း အရိယာ ဉာဏ်အမြင်ရှိသော သောတာပန်တဦးအား လှူရသောအလှူကို မမှီဟု ဘုရားရှင်သည် သူကြွယ်တဦးအား ဟောတော်မူပြီးနောက် သာသနာတွင်း အလှူအကျိုးကိုလည်း အောက်ပါအတိုင်း နှိုင်းယှဉ် မိန့်ကြားတော်မူသည်။ (သရဏဂုံ သီလ ရှိသူသည် သောတာပတ္တိ မဂ္ဂဋ္ဌာန်=ပထမဆင့် အရိယာအတွင်းသို့ ပါဝင်သက်ရောက်သည်။)

**သရဏဂုံတည်ကျိုး တန်ဘိုး မဖြတ်နိုင်** သောတာပန် ၁၀၀-အား လှူရသည်ထက် သကဒါဂါမ် တဦးအား လှူရခြင်း,သကဒါဂါမ် ၁၀၀-ထက် အနာဂါမ်တဦး စသည်ဖြင့် အလှူများ တိုးတက်မွန်မြတ်ပြီးလျှင် ရဟန္တာ,ပစ္စေကဗုဒ္ဓါ,သဗ္ဗညုမြတ်စွာဘုရား (ဘုရားရှင်မှာ တဆူသာပွင့်ကောင်း၍ ဘုရားရှင် ၁၀၀-ဟု မဆိုရ၊) ဘုရားအမှူးရှိသော သံဃာအား ပေးလှူကျိုးက မြတ်သည်၊ ထို့ထက် သံဃာအများပိုင် ကျောင်းလှူခြင်း, ထို့ထက် ဘုရား တရား သံဃာကို ဆည်းကပ်ကိုးကွယ်ခြင်း,သရဏဂုံ ဆောက်တည်မှုသည် မရေမတွက်နိုင် များမြတ်သော အကျိုးတို့ကို တိုးပွါးခံစားရသည်ဟု မိန့်တော်မူခြင်းမှာ သာသနာတွင်းကာလဖြစ်၍ အရှင်းနည်းပြီး အမြတ်ကြီးပုံ ထင်ရှားတော့သည်။ (သရဏဂုံထက် ၅-ပါးသီလက မြတ်,ထို့ထက် မေတ္တာဘာဝနာ, အနိစ္စသညာတို့ကို ပွါးများခြင်းက မြတ်ကြောင်း ထပ်ဆင့် ဟောတော်မူပါသေးသည်။)

## သာသနာတော်၌ စိတ်တလုံး အသုံးချတတ်သဖြင့် ကျေးဇူးများပုံ

**စကြာမင်းကြီးတဦး စိတ်ကူးပုံ** ဂေါတမဘုရား အလောင်းတော်သည် တခုသော ဘဝဝယ် "တိလောကဝိဇယ"အမည်ဖြင့် စကြာမင်းကြီးဖြစ်ခဲ့ဘူးရာ မြင့်မြတ်ဆန်းကြယ် စေတနာကြွယ်သော မင်းကြီးဖြစ်သည်နှင့်အညီ မြောက်မြားစွာသော ဘုရား, ပစ္စေကဗုဒ္ဓါ, သံဃာတော်များကို ဉာဏ်၌ထင်မြင်လာအောင် စိတ်ကူး၍ နှစ်သက်ကြည်ညို ရှိသေစွာ ရှိခိုးပူဇော်သည်။ ထို့နောင် ဝေဇယန္တာ နန်းပြာသာဒ်ကြီးကို အထပ်များစွာ ဖန်ဆင်း,ပန်းအိုး ရေချိုင့်များနှင့် အခင်းမျိုးစုံကိုလည်း ခင်းကာ မိမိပင့်ဘိတ်ချက်အရ ဘုရား,ပစ္စေကဗုဒ္ဓါ,သံဃာတော်များ ကြွလာပြီး ရွှေပလ္လင်တော်များဝယ် ထိုင်နေတော်မူပုံများကို အသီးအသီး စိတ်ကူးပြီးနောက် တိစီဝရိက် သက်နှင်းနှင့်တကွ မွန်မြတ်သော ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စိတ်ကူးဖြင့် အားပါးတရ လှူဒါန်းလေသည်။

ထို့နောင် မိမိဗိမာန်ကြီး တိုက်ခန်းအသီးအသီးဝယ် ကိန်းအောင်းတော်မူကြ, အချို့က စျာန်ဝင်စားကြ, အချို့က ပြဿနာများ မေးကြဖြေကြပုံများ, ဗိမာန် ၄-မျက်နှာတွင် ရေကန် ဥယျာဉ်တော်နှင့်တကွ ရောင်စုံမီးတိုင်များ, ကခုန် သီဆို တီးမှုတ်ကြသော ပရိသတ်များ,လာရောက် ပူဇော်ကြသော လူနတ် သိကြား နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗ စသော ပရိသတ်များနှင့် ထိုပရိသတ်တို့အား မိမိ (စကြာမင်းကြီး) က သူပြုသမျှကုသိုလ်များကို အမျှပေးဝေနေပုံများ စသည်ဖြင့် အားပါးတရ စိတ်ကူးပြီး ပြည့်စုံစွာ ဖန်ဆင်း ကြည်ညိုတော့သည်။

**မနောကံစေတနာနှင့် သာသနာ့အရှိန်အဝါ** စိတ်ကူးဖြင့် လှူသော ဤကောင်းမှုကြောင့်ပင် စကြာမင်းကြီး နတ်ရွာစံ ကံတော်ကုန်သော အခါ တာဝတိံသာ၌ ဖြစ်ပြီးလျှင် ဤစိတ်ကူးကုသိုလ်ကြောင့် လူနတ်ဘဝတို့၌ ကျင်လည်ရပြီး အခြား လူနတ်တို့ထက် သာလွန်သော အဆင်း,ပညာ,ဥစ္စာတို့ ရရှိ,ပြည့်စုံကြောင်း ဗုဒ္ဓအပါဒါန်

၍ ဟောတော်မူသည်။ ထို့ကြောင့် ယခုအခါ သူတော်ကောင်းစိတ်ဓာတ် ရှိကြသူ လူရှင်တို့အတွက် သာသနာတော်နှင့် တွေ့ရှိခိုက်ဝယ်“ကုသိုလ်ရှာ အသာကလေးပင် ရနိုင်ပေသည်။ ကောင်းမြတ်သော စရိုက် ဝါသနာ ထုံနိုင်ကြပါစေ။ ကုသိုလ်အလုပ်ကို မလုပ်ချင်လည်းလုပ်, လုပ်ချင်လည်း လုပ်” ဟု အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး မိန့်ကြား သည်ကိုလည်း သတိချပ်ကြပါလေ။

**ပုံတော်အတွင်း ဂုဏ်တော် သွင်းပါ** ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီးလျှင် ဘုရားရှင်၏ ပုံတော်ဒြပ်ကို မစီးဖြန်းရ၊ဂုဏ်တော်သကတ်ကိုသာ အာရုံပြု စီးဖြန်းရမည်ဟု ဆိုကြသော်လည်း ဘုရား ရှင်၏ ကြည်ညိုစရာ သပ္ပါယ်တော်မူပုံ အဖြာဖြာ (ရူပအစိန္တေယျ) သည် ဘဂဝါဂုဏ်တော်အဝင် သိရိဘုန်းတော်ပင် ဖြစ်သဖြင့် ပုံတော်, ဂုဏ်တော် ၂-ပါးစုံကိုပင် ပူဇော်စီးဖြန်းသင့်သည်။ ထို့ကြောင့် မိမိတို့ ဖူးမြှော်ပူဇော် နေကျ စေတီရုပ်ပွါး ပုထိုးတော်များတွင် အင်္ဂပုံ, သစ်သား အနေမျှ၍ သာ မထားမူ၍ ၎င်းတို့မှတဆင့် ဘုရားရှင်၏ ကြည်ညိုဘွယ်ရာ ရူပကာယ ကိုရင်း, ထို ရူပကာယဖြစ်အောင် ပါရမီတော်များကို ဘဝအသချေ အနန္တ ဖြည့်တော်မူခဲ့ပုံကိုရင်း,ဖြည့်တော်မူ၍ ပူဇော်အထူးကို ခံထိုက်သော ဂုဏ်, သိစရာအားလုံးကို သိတော်မူသောဂုဏ်, လူ, နတ်ဗြဟ္မာ သတ္တဝါ များကို လိမ္မာအောင် ချေချွတ်တော်မူနိုင်သောဂုဏ် စသည်တို့ကိုရင်း အာရုံယူလျက် ပူဇော်နိုင်ကြရမည်။ (ဂုဏ်တော်များ ပြည့်စုံအောင် ဖော်ပြသော အမရပူရ မဟာဂန္ဓာရုံ ဆရာတော်၏ ရတနာ့ဂုဏ်ရည်ကို ကြည့်ရှု လေ့လာပါ။)

**မာရ်နတ်ဖန်ဆင်းသော ဘုရားပုံတော်၏တန်ခိုး** စေတီ ယင်ပြင်တော်ကို တံမြက် လှည်း၍ သန့်ရှင်းသော စေတီအပြင်ကို ကြည့်ကာ သက်တော် ထင်ရှား ဘုရားကို အာရုံပြု လျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနေသော ဖုဿဒေဝတ ရဟန်း တော်အား မာရ်နတ်သည် နှောင့်ယှက် လိုသော သဘောဖြင့်

မျောက်ညိုကြီးဟန် ဆောင်၍ရင်း, နွားအိုယောင် ဆောင်၍ရင်း, အလှန် အရုပ်ဆိုးသော ယောကျာ်းယောင် ဆောင်၍ရင်း ၃-ကြိမ် ကိုယ်ထင်ပြသည်၊ "ဤလိုလူမျိုး ဒီနယ်မှာ မမြင်ဘူးဘူး၊ မာရ်နတ် ဖြစ်လေရော့ သလား"ဟု စဉ်းစားပြီး မေးရာ ဟုတ်ကြောင်း ဝန်ခံ သဖြင့် မာရ်နတ်ဖြစ်လျှင် ဘုရားပုံတော်ကို ဖန်ဆင်းပြပါဟု တောင်းပန် သောကြောင့် "တကယ်တူအောင် မတတ်နိုင်ပါ၊ အတုလောက်သာ ပြပါမည်"ဟု ပြောပြီး ဖန်ဆင်းပြလေသည်၊ "အတုသော်မှ ဤမျှ သပ္ပါယ်လျှင် ကိလေသာ အညစ်အကြေးကင်း၍ သန့်ရှင်းသော ဘုရားရှင် အစစ်မှာ ဘယ်မျှ သပ္ပါယ်တော်မူမည်နည်း"ဟု ကြံဆကာ နှစ်သက် သော ပီတိစိတ်ဖြစ်၍ ထို စိတ်ကိုပင် ဖြစ်ပျက်တင်ပြီး ဆင်ခြင်ပွါးများ သောအခါ . မကြာမီ ရဟန္တာ ဖြစ်လေသည်။

**နှစ် ၂၅၀၀-ကျော်သော်လည်း ဘုရားရှင် ရှိနေသေးသည်**

နောက်၌ ပြုလတ္တံ့သော သံဃိက ဒါန ၇-မျိုးတွင် ဗုဒ္ဓပမုခ ဥဘတော သံဃိက ဒါန ဆိုင်ရာ၌ "ဘုရား ဓာတ်တော် ရှိသော ဆင်းတုတော်မြတ်ကို ဘုရား နေရာတွင် ထား၍ ပထမလှူ၊ ထို့နောင် ရဟန်းမအား လှူလျှင် ဘုရား အမှူးရှိသော ၂-ဘက် သံဃာအား လှူဒါန်းသည် မည်သည်''ဟု အဋ္ဌ ကထာ၌ မိန့်တော်မူရာ ဘုရားရှင် မရှိတော့သည်မှာ နှစ်ပေါင်း ၂၅၁၈- နှစ်ရှိပြီး ဖြစ်သော်လည်း ဘုရားရှိနေသေးသည်ဟုပင် မှတ်အပ်သည်၊ "ဘုရားဓာတ်တော်ရှိသော ဆင်းတုတော်"ဟု အဋ္ဌကထာ ပြဆိုရာ၌ အကျိုးထူးမြတ်စေဘို့ မိန့်သည်ဟု မှတ်၊ ဓာတ်တော် မရှိသော်လည်း စေတီ ရုပ်ပွါး ဆင်းတုတော်များကို ထား၍လှူလျှင် ဗုဒ္ဓပမုခ သံဃိက ဒါနပင် ဖြစ်သည်၊ ထို့ကြောင့် လယ်တီ ဆရာတော်ဘုရားကြီးက "ဓာတ်တော် မရှိသော်လည်း ဗုဒ္ဓပမုခပင်" ဟု မိန့်သည်၊ ဤသို့လျှင် စိတ်ကူးဖြင့် ဘုရားကိုလှူသော အလောင်းတော် စကြာမင်း, မာရ်နတ် ဖန်ဆင်းပြသော ဘုရားပုံတော်အတုကို ကြည်ညို၍ ကျွတ်တမ်းဝင်သော ဖုဿဒေဝတထေရ် ဝတ္ထုများကို ထောက်၍ သက်တော် ထင်ရှား

ဘုရား, ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ဘုရား, စေတီ ရုပ်ပွါး ဆင်းတု တော်များ၌ ကြည်ညိုသဒ္ဓါ တူမျှပါမူ အကျိုးပေး တူတော့သည်သာ၊ မှန်၏၊ စိတ်ထားဖြူဖြောင့် တောင့်တလိုချင်ခြင်း တို့ကြောင့် သာလျှင် သတ္တဝါများ လူနတ် ချမ်းသာများသို့ ရောက်ကြသည်ဟု မိန့်သည်။

**စေတီရုပ်ပွါးတော်များ ဘုရားပင် မည်ပုံ** လူ နတ် ပြဟ္မာ သတ္တဝါတို့ မြတ်နိုးကော် ရော် ပူဇော် အပ်သောကြောင့် စေတိယ= စေတီဟု ဆိုရာ တေရသကနိပါတ် ကာလိင် ဗောဓိဇာတ်၌–

၁။ ဘုရား၏သွားတော်, စွယ်တော်, ဓာတ်တော် စသော ကိုယ် တော်မြတ် ဆိုင်ရာ အစိတ်အပိုင်းများကို သာရီရိက စေတီ၊

၂။ ဘုရားအသုံးအဆောင် ပရိက္ခရာ, ကျောင်းတော်, ဗောဓိပင် စသည်များကို ပရိဘောဂ စေတီ၊

၃။ ကိုယ်စားတော် ဖြစ်သော ရုပ်ပွါး ဆင်းတုတော် များကို ဥဒ္ဒိဿကစေတီ—

ဟု ၃-မျိုးပြသည်။

သာရတ္ထဒီပနိဋီကာ အလို–

(၁) ပရိဘောဂစေတီ၊

(၂) ဓာတုစေတီ၊ (သာရီရိက စေတီနှင့် တမိပွါယ်တူ)၊

(၃) ဓမ္မစေတီ (ပဋိစ္စသမုပ္ပါဒ်, ဓမ္မစကြာစသော ဓမ္မက္ခန္ဓာများ)

ဟု ၃–မျိုး ပြပြီးလျှင်–

ဥပရိပဏ္ဏာသ ပုတ္တောဝါဒသုတ် အဋ္ဌကထာ, နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာတို့ အလိုအားဖြင့် အထက်ပါ ဝါဒ၌ ပြခဲ့ပြီးသော ဓာတု, ဓမ္မ, ဥဒ္ဒိဿက, ပရိဘောဂဟု စေတီ ၄-မျိုးတွင် ဘုရားခြေတော်ရာ ဟူသော ပါဒစေတီကိုပါ ထည့်၍ ၅-မျိုး ပြသည်။

**စေတီထိုက်သော ပုဂ္ဂိုလ်များ** သုတ်မဟာဝါပါဠိတော်၌ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး ပူဇော်ထိုက်သော ကြောင့် (၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) အရိယာ တပည့် သံဃာများနှင့် ၎င်း ၃-ဦးတို့ ဆိုင်ရာ အသုံးအဆောင်များ၊ (၄) လူတို့ ပူဇော်ထိုက်သောကြောင့် စကြာမင်းဟု ၄-မျိုးပြ၏။

သီလရှိသော ပုထုဇဉ် ရဟန်းအားလည်း ကိလေသာ ကင်းသော ရဟန္တာကဲ့သို့ပင် ပူဇော်ထိုက်သည် (သုတ်မဟာဝါ အဋ္ဌကထာ)။ ရဟန်းတို့၏ အသုံးအဆောင်များသည် သာမဏေနှင့် လူတို့အတွက် စေတီထိုက်၍ ပူဇော်အပ်သည် (ဝိနည်း အဋ္ဌကထာ)။ ဤစကား ၂-ရပ်ဖြင့် ပုထုဇဉ် သီလဝန္တ ရဟန်းတော်များနှင့် ယင်းတို့၏ အသုံးအဆောင်များလည်း စေတီထိုက်သည်ဟု မှတ်သားထိုက်သည်။

## စေတီ ၃-မျိုး,၄-မျိုး,၅-မျိုး ပူဇော်ရကျိုးများ

**စေတီတည်ရကျိုး** လွန်ခဲ့သော ၁၁၈-ကမ္ဘာ အတ္ထဒဿီဘုရားလက်ထက်သောဘန ပြည်သားတဦး စေတီတည်၍ ပူဇော်ခဲ့သော ကောင်းမှုကြောင့် အပါယ်မလားရဘဲ သာဝတ္ထိမြို့ သူဌေးသားဖြစ်လာပြီး ရဟန်းပြု၍ ကေုဒါနမထေရ် အမည်ဖြင့် ရဟန္တာဖြစ်သည်။

**ဓာတ်တော်ပူဇော် ရကျိုး** ဤကမ္ဘာ ကကုသန် ဘုရားလက်ထက် ခေမာဝတီပြည်သားတဦး ဘုရားဓာတ်တော်ကို စေတီတည် ကိုးကွယ်သဖြင့် ကပိလဝတ်ပြည် သာကီဝင်မင်းသားဖြစ်ပြီး ရဟန်းဖြစ်၍ ကိမိလမထေရ် အမည်ဖြင့် ရဟန္တာ ဖြစ်သည်။

**ပါဒစေတီပူဇော် ရကျိုး** လွန်ခဲ့သော ၉၂-ကမ္ဘာ တိဿဘုရား လက်ထက် ခေမပြည်သားတဦး ဘုရားခြေတော်အတု ထုလုပ်ပူဇော်၍ သာဝတ္ထိပြည် ဗြာဟ္မဏမဟာသာလ ဖြစ်၊ ရဟန်းပြု၊ ပဒသညက မထေရ်အမည်ဖြင့် ရဟန္တာဖြစ်သည်။

**ပရိဘောဂစေတီ ပူဇော်ရကျိုး** ၄င်းကမ္ဘာ တိဿဘုရားလက်ထက် ခေမပြည်သားတဦး ဖောမိပင် စိုက်ပျိုး ကိုးကွယ်ခဲ့၍ သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်၊ ရဟန်းပြု၊ အသနဗောဓိ မထေရ် အမည်ဖြင့် ရဟန္တာဖြစ်သည်။

**စေတီပျက် ပြင်ရကျိုး** လွန်ခဲ့သော ကမ္ဘာတသိန်း ပဒုမုတ္တရ ဘုရားလက်ထက် ဟံသာဝတီ ပြည်သားတဦး စေတီပျက်တဆူကို ဦးစီးပြုပြင် ပူဇော်ခဲ့၍ သာဝတ္ထိပြည်၌ သူဌေးသား ဖြစ်၊ ရဟန်း ပြု၊ ပဘာက်ရမထေရ်အမည်ဖြင့် ရဟန္တာဖြစ်သည်။

**သပိုံစေတီတည်ထား ပူဇော်ရကျိုး** လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း တဏှင်္ကရာ ဘုရား လက်ထက် ဟံသာဝတီ ပြည်သားတဦး သပိုံစေတီ တည်ထား ကိုးကွယ် ခဲ့၍ ကောသမ္ဗီပြည်၌ ဃောသကသူဌေးဖြစ်၊ ရဟန်းပြု၊ ဝါဋ္ဌကာ မထေရ် အမည်ဖြင့် ရဟန္တာဖြစ်သည်။

**ရုပ်ပွါးတော် ပူဇော်ရကျိုး** လွန်ခဲ့သော ၃၁-ကမ္ဘာ ဝေဿဘူ ဘုရားလက်ထက် အနောမပြည်သားတဦး ရုပ်ပွါးဆင်းတုတော် ပူဇော် ခဲ့၍ သာဝတ္ထိပြည်သားတဦးဖြစ်၊ ရဟန်းပြု၊ ပတ္ထိမာ မထေရ် အမည်ဖြင့် ရဟန္တာဖြစ်သည်။

**ဓမ္မစေတီပူဇော် ရသောအကျိုး** လွန်ခဲ့သော ၉၂-ကမ္ဘာ ဖုဿဘုရားလက်ထက် ကာသိ ပြည်သား တဦး ပိဋကတ်တော် များကို ရေးသား ပူဇော်ခဲ့၍ ဂန္ထိနိယမထေရ် အမည်ဖြင့် ရဟန္တာဖြစ်သည်၊ (အားလုံး ဤဘုရား သာသနာတွင် ကျွတ်တမ်းဝင် ကြသည်။)

## အနာဂါရိယ သံဃာတော်များ၏ ထင်ရှားသော ကျေးဇူးများ

**ကမ္ဗည်းကျောက်စာနှင့် ရတနာ့အိုးများ** လူနတ်ဗြဟ္မာ ချမ်းသာဆိုင်ရာ လောကီအကျိုးများနှင့်တကွ မဂ် ဖိုလ် နိဗ္ဗာန်ဆိုင်ရာ လောကုတ္တရာ အကျိုးများကို တွေ့မြင်ကြားသိနေကြရ, သဒ္ဓါ ဝီရိယ အားလျော်စွာ အားထုတ်နိုင်ခွင့် ရနေကြသည်မှာ ပရိယတ္တိ သာသနာတော် (ဗုဒ္ဓ၏ ညွှန်ကြားပြသ ဆုံးမချက်များ) တည်ရှိနေသေး၍ ဖြစ်သည်၊ ရွှေ ငွေ ရတနာ ပေါများသူများသည် ယင်းတို့ကို လုံခြုံစေရန် မြေ၌မြှုပ်နှံသိုမှီး သိမ်းဆည်းပြီးနေရာ မပျောက်ရအောင် ခိုင်မာသော ကမ္ဗည်း ကျောက်စာ အမှတ်အသားများကို ထားတတ်ကြရာ ၎င်းကျောက်စာ ပျောက်လျှင် ရတနာအိုး ရှာရဘို့ ခက်တော့သည်။

အမှတ်သာသနာ ပရိယတ္တိမှန်ကန်ပါမှ အကျင့်သာသနာ ပဋိပတ္တိအားထုတ်စဉ် ဖြူးဖြောင့်ပြီးလျှင် အသိအမြင်သာသနာ ပဋိဝေဓ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သည်၊ ထို့ကြောင့် ပရိယတ္တိ သာသနာတော် သည်သာ သာသနာ ၃-ရပ်တွင် အရေးအကြီးဆုံး အခြေအမြစ်အကျဆုံး ဖြစ်၍ ကြာမျိုး ငါးပါး အရသာ (ပဋိဝေဓ)ကို စားသုံးလိုလျှင် ကြာ၏ တည်ရာ ရေ (ပဋိပတ္တိ) မခန်းခြောက်စေရအောင် ကံဘောင် ကံရိုး (ပရိယတ္တိ) ကို ထုထယ်ခိုင်မာ သိပ်သည်းအောင် ဆည်ဖို့ ထိန်းသိမ်း ရမည်ဟု အဋ္ဌကထာဆရာများ မိန့်ကြားကြသည်၊ (ပရိယတ္တိ တွင်လည်း အပြားသုံးပါးရှိရာ ဝိနည်းသည် သုတ္တန်, အဘိဓမ္မာတို့ထက် အရေးကြီး ကြောင်း ဤကျမ်းအစ၌ ရေးသားခဲ့ပြီ။)

**သာသနာ့ ဝန်ဆောင် သံဃာတော်များ** ကောသလ, ဗိမ္ဗိသာရ အစရှိသော မင်းများ၊ ဝိသာခါ, အနာထပိဏ်, ဇောတိက စသော သူဌေး သူကြွယ်များ သာသနာ့ တာဝန်ကို အရင်းကျကျ မဆောင်နိုင်ကြသေးပါ၊ အရှင်မဟာကဿပ, အရှင်အာနန္ဒာ

စသော ပရမတ္ထ သံဃာတော်များနှင့် အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ စသော သမ္မုတိ သံဃာတော်များကို အစထား၍ ယနေ့ထိအား ထုတ်တော်မူနေဆဲ ဖြစ်ကြသော သမ္မုတိ သံဃာတော်များသာလျှင် ဆောင်ရွက်တော်မူနိုင်ကြသည်။ အဋ္ဌကထာအကျယ်ကို ချုံး၍ရေးသားတော်မူသော အရှင်မဟာဗုဒ္ဓဃောသ, မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ, အနုဋီကာကျမ်းပြု အရှင် ဓမ္မပါလ စသော ထိပ်ခေါင်တင် သာသနာ့ဝန်ဆောင်များမှာ သမ္မုတိ သံဃာတော်များသာတည်း။

ဤဝန်ဆောင် သံဃာတော်များအဆင့်သို့ ရောက်အောင် မူလအရာတည် ပန္နက်နှင့် အုဋ္ဌမြစ်များမှာ ဆရာတော်များခြေရင်းရှိ ကျောင်းသားများနှင့် သာမဏေများသာ ဖြစ်သည်၊ ထို့ကြောင့် သာသနာတော်ကို အရှည်ခံ၍ တည်တံ့ တိုးပွါးမှု မြင်လိုပါသည်ဟု ဆန္ဒရှိကြ သူတိုင်း ကျောင်းသားငယ်, သာမဏေငယ်များကို ဦးစားပေး မွေးမြူချီးမြှောက်ကြဘို့ပင် ဖြစ်ပါသည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ ဝေလာမ ပုဏ္ဏားကြီး၏ သာသနာပ အလှူ ကြီးကျယ်ပုံကို သိသမျှ ရေး၍ ၎င်းအလှူကြီးနှင့် ဥပုသ်သည် ယောဂီတဦးအား ထမင်းတနပ်အလှူ အကျိုးပေးပုံကို နှိုင်းယှဉ်ပြပြီးလျှင် သာသနာတွင်း အချင်းချင်း သာလွန်ကြသော အလှူအံမျိုးမျိုးကိုလည်း ရေးသားပါ။

၂။ စေတနာ ဒါန, ဝတ္ထုဒါန ၂-မျိုးတွင် လှူဘွယ် ဝတ္ထု မပါ စေတနာ သက်သက်ဖြင့် အကျိုးပေးခွင့် ရနိုင်-မရနိုင် ကျမ်းဂန်ဝတ္ထု အကိုးပြု၍ ကုသိုလ်ရှာ အသာနှင့် ရနိုင်မည့် အချိန်ကာလကိုလည်း ပြပါ။

၃။ ဘုရားဂုဏ်တော် ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြ၍ ဂုဏ်တော်ကိုသာမက ပုံတော်ကိုလည်း စီးဖြန်းသင့်ကြောင်း အကိုးအကား စကားဝတ္ထု သာဓကများပါ ရေးသားပါ။

၄။ ယခုအခါ ဘုရားအမူးရှိသော ဗုဒ္ဓပမုခ သံဃိကဒါနပြုလျှင် ဖြစ်–မဖြစ် ပြ၍ မဟာမုနိ ဘုရားအား လှူဒါန်းခြင်းနှင့် သက်တော်ထင်ရှား ဘုရားအား လှူဒါန်းခြင်း အကျိုးပေး ထူး–မထူး ရေးသားပါ။

၅။ စေတီ ၃-၄-၅-မျိုးတို့ကို အဓိပ္ပါယ်ပါ ရေးသား၍ အဘယ့်ကြောင့် စကြာမင်းသည် စေတီထိုက်ရပါသနည်း၊ သဲပုံစေတီ တည်ထား ပူဇော်ရကျိုးကိုလည်း ရေးသားပါ။

၆။ သာသနာတော် ၃-ရပ်တွင် အခြေအမြစ် ကျသော သာသနာကို ကမ္ဘည်းကျောက်စာ ဥပမာနှင့်တကွ ပြ၍ ယခုကာလ ပဋိပတ္တိ ရိပ်သာ ဌာနများစွာဖြင့် အကျင့်စခန်း ပွင့်လန်းနေမှုသည် မည်သူ့ကျေးဇူး ဖြစ်ပါသနည်း၊အနာဂတ် သာသနာရေး အတွက် ကြိုတင် ဦးစားပေးသင့်သော ကိစ္စတခုကိုလည်း ဖော်ပြပါ။

---

## သံဂါယနာ ခြောက်တန်ဖြင့် ပရိယတ္တိ ကံဘောင် ဆည်ဖို့ကြသည်

**ဘုရားရှင် ပရိနိဗ္ဗာန်စံချိန် တောထွက်တပါး**

ပါဝါပြည်နှင့် ကုသိနာရုံ အကြား ခရီးလမ်း တနေရာဝယ် အရှင် မဟာကဿပ အမှူး ရှိသော သံဃာ-၅၀၀ ခေတ္တအပန်းဖြေ နားနေတော်မူကြခိုက် ကုသိနာရုံပြည် ဘုရားပရိနိဗ္ဗာန်စံတော်မူရာမှ နတ်ပန်းကို ယူပြီး ထီးလုပ်ဆောင်းလာ သော တက္ကဒွန်း၏ လျှောက်ထားချက်အရ သံဃာတော်များအားလုံး ဘုရားပရိနိဗ္ဗာန်စံတော်မူကြောင်း သိကြသည်။ (အရှင် မဟာကဿပ ကား ကြိုတင်သိပြီး ဖြစ်၏။) ထို သံဃာ့ပရိသတ်တွင် တချိန်က သူ့အလို မလိုက်သဖြင့် ဘုရားအပေါ် ရန်ငြိုးထားသော တောထွက် ရဟန်းကြီး သုဘဒ္ဒမှာ ထကတော့မလောက် ဝမ်းမြောက်သွားသည်။

အခြားသော (ပုထုဇဉ်, သောတာပန်, သကဒါဂါမ်) ရဟန်းတော်များမှာ ဖြေမနိုင် ဆည်မရ ငိုကြွေးနေကြသည်။

**ပဉ္စမ သံဂါယနာတင်ပုံ**

ငိုကြွေးနေကြသော သံဃာများကို တောထွက်ကြီးက "ကိုယ်တော်တို့ ဝမ်းမနဲကြနဲ့၊ မငိုကြစမ်းပါနဲ့၊ ဘုရားရှိစဉ်က ဘယ်ဟာအပ်၊ ဘယ်ဟာ မအပ်နဲ့ တပည့်တော်တို့မှာ ချုတ်ချယ်ခံရတယ်၊ ယနေ့တော့ လုပ်ချင်ရာ လုပ်နိုင်ပြီ" စသည်ဖြင့် အားပါးတရ ပြောဆိုသော စကားကို အကြောင်းပြု၍ နောင်အခါ သုဘဒ္ဒကဲ့သို့သော တရားမဲ့ကိုယ်တော်များ အားရှိ၍ "ဘုရား တရားတော်များဝယ် အတုတွေထည့် အစစ်တွေ ဖြုတ်လိုရာပြုတ်" ထင်ရာမလုပ်နိုင်အောင် မသိကုံးရသေးသော ပန်းများပမာ အစီအစဉ် မကျသေးဘဲ ရှိနေသော ဘုရားစကားတော်များကို သဘောတူရာ ပေါင်း၍ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး ၄-လခန့်လောက် အကြာတွင် ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကို အမှီပြု၍ အရှင်မဟာကဿပ, အရှင်အာနန္ဒာ အမှူးရှိသော ထိပ်ခေါင်တင် ရဟန္တာ ၅၀၀-တို့ ပေါင်းစုရွတ်ကာ ပထမသံဂါယနာ တင်တော်မူကြသည်။

**ရဟန်းတော်များ ရွှေငွေ သာယာအပ်သည်ဟု ယူဆ ဒုတိယ သံဂါယနာ**

ပြည့်စုံ သန့်ရှင်းနေသော ဗုဒ္ဓသာသနာတော်သည် နှစ် ၁၀၀-ကျော်လောက်တွင် ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများကြောင့်"ရဟန်းတော်များ ရွှေငွေသာယာအပ်သည်"ဟူသော ဝါဒဆိုးကြီးဖြင့် အမဲစက်ထင်လာပြန်သည်။ ဤအခြေအနေကို ခရီးသွားခိုက် တွေ့ကြုံသိရှိလာသော အရှင်ယသသည် "ဘုရားသာသနာ ပျက်စီးနေကြောင်း သိပါလျက် ကြောင့်ကြမဲ့နေလျှင် မလျော်" ဟု နှလုံးသွင်းကာ ရဟန္တာအရှင်မြတ် ၇၀၀-ဖြင့် ရင်းဝါဒကို နှိမ်နင်းတော်မူလျက် ဝေသာလီပြည်၌ကာလာသောကမင်းကို အမှီပြုပြီး ဒုတိယသံဂါယနာ တင်ရပြန်သည်။

**တတိယသံဂါယနာ** သီရိဓမ္မာ သောကမင်းကြီး ကိုယ်တိုင် သာသနာတော်ကို ကိုယ်ဘိ ရင်ဘိ ပြုစုနေချိန်, သားတော် မဟိန္ဒကဲ့သို့သော အထက်တန်းစား မင်းညီမင်းသားများကပင် သာသနာတွင်းဝင်ရောက် သာသနာပြုနေချိန်တွင် သာသနာတော်ဝယ် ပစ္စည်း ၄-ပါး ပေါများ ပြည့်စုံသည်နှင့်အမျှ တိတ္ထိများမှာ လာဘ်သပ်ပကာ ခေါင်းပါးကြတော့သည်။ ထို့ကြောင့် များစွာသော တိတ္ထိတို့သည် စား ဝတ် နေမှု ချောင်လေအောင် တိတ်တိတ်ပုန်း သာသနာတွင်းသို့ဝင်ပြီး သံဃာစစ်များနှင့် ရောနှောနေထိုင်ကြသည်။ သို့သော် ၎င်းတို့သည် ပင်ကိုယ်ယူမြဲ မိစ္ဆာအယူကိုသာ ယူကြသဖြင့် သာသနာတော် မသန့်ရှင်းရကား သံဃာစစ်များက ၎င်းတို့နှင့်အတူ သံဃကံများကို မဆောင်ကြတော့ချေ။ ဤ အရေးအခင်းကို ရှင်းစေပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာကြီး ၁၀၀၀-တို့သည် နှစ်ပေါင်း ၂၃၅-နှစ်ခန့် အကြာတွင် ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းကို အမှီပြု၍ တတိယသံဂါယနာ တင်ကြသည်။

**ခေတ်ပျက်နှင့် သံဃာတော်များ စား ဝတ် နေရေး** သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း လက်ထက် နှစ်ပေါင်း ၄၅၀-ခန့် အချိန် ဗြာဟ္မဏတိဿ သူပုန်ရန်ဖြင့် တိုင်းပြည် မငြိမ်သက်ဘဲ ရှိနေရာတွင် စောဠတိုင်းမှ ကျေးမင်းများကလည်း စစ်ဘက်လာကြသဖြင့် သီဟိုဠ်ပြည် ပျက်မတတ် ဖြစ်ပြီး တိုင်းသူ ပြည်သားများ အိမ်ခြေယာခြေ အနေမကျသည်နှင့်အမျှ သံဃာတော်များ ပစ္စည်း ၄-ပါး ခေါင်းပါးကြတော့သည်။ အလပဗ္ဗတ ကျောင်းတိုက်, မဟာဝိဟာရကျောင်းတိုက်တို့၌ ၃-နှစ်စာ စုဆောင်းထားသော ဝတ္ထုကံ စပါးများ့ကိုလည်း ကြွက်ကြီးများ စားကြသဖြင့် တညအတွင်း ဖွဲခွံများသာ ကျန်သည်။ အချို့ ရဟန္တာကြီးများ ပရိနိဗ္ဗာန်စံကြ, အချို့ အိန္ဒိယဘက်သို့ ကူးကြ စသည်ဖြင့် သံဃာတော်များ ဆင်းရဲကြတော့သည်။

**အသက်အသေခံ စာအံတော်မူကြပုံ** ထိုအချိန် ပိဋကတော်များမှာ ကျမ်းစာအုပ်အနေ ထားဘိဦး ပေစာ၌သော်မှ မရေးမဘင်ရသေးပေ။ သံဃာတော်များတွင် အချို့ ပိဋက အားလုံး, အချို့တတ်နိုင်ရာ ပိဋကတော်များကို မမေ့ပျောက်အောင် နှုတ်တက်အာဂုံ ဆောင်လျက်သာ ပရိယတ္တိသာသနာတော်ဝန်ကို ထမ်း ဆောင်တော်မူကြရသည်။ ဆွမ်းကို မဆိုထားဘိ စားကောင်းသော ဟင်းရွက် ဟင်းသီးများသော်မှ မရကြတော့။ သို့သော်လည်း ပိဋကတော် များ ကွယ်ပျောက်မည်စိုးရိမ်သဖြင့် အိန္ဒိယဘက် မကူးဘဲ ဖြစ်သလိုနေကာ ဝမ်းမီးလောင်သဖြင့် ပူလောင်နေသော ရင်ပေါ်ဝယ် သဲစိုများကို တင် ထား၍ အလွန်ပင်ပန်းစွာ ပိဋကတော်များကို ရွတ်အံတော်မူကြရသည်။

**ပေထက်အက္ခရာ စတုတ္ထသံဂါယနာ** ဤအရေးအခင်းကို ကိုယ်တွေ့ ဖြစ်တော်မူကြ သော ရဟန္တာ မထေရ်တို့သည် နောက်ပိုင်း ကာလတွင် ပိဋကတော်များကို အာဂုံဆောင် ထားလောက်အောင် ကိုယ်အား ဉာဏ်အား နည်းပါးတော်မူကြမည် ကို မြော်မြင်မိကြရကား ယခုလို ဘေးဖြစ်လာလျှင် ပိဋကတော်များ ချွတ်ယွင်းကြမည့်အချက်ကို လေးနက်စွာ စဉ်းစားတော်မူကြပြီး သုပုန် ဘေး ငြိမ်း၍ ဝဋ္ဋဂါမဏိမင်း နန်းစံသည့်အခါ ထိုမင်း၏ အကူအညီဖြင့် ပိဋကတော်များကို ပေ၌ ရေးသားကာ ၅၀၀-သော ရဟန္တာအရှင်မြတ် တို့သည် သီဟိုဠ်ကျွန်း မာတုလဇနပုဒ် အာလောကလိုဏ်ဂူ၌ စတုတ္ထ သံဂါယနာ တင်တော်မူကြသည်။

**ကျောက်ထက်အက္ခရာ ပဉ္စမသံဂါယနာ** စတုတ္ထသံဂါယနာတင်ပြီးသော ပေစာ ပိဋက တော်များကို သီဟိုဠ်မှ မြန်မာနိုင်ငံ သထုံ, နောက် ပုဂံသို့ သာသနာဆက်၍ အဝနေပြည် တော် ရွှေနန်းကျော့ရှင် နရပတိမင်း လက်ထက် ရှမ်းသိုဟန်ဘွား နှောင့်ယှက် အုပ်စိုးလာသဖြင့် ပိဋကကျမ်းစာများ မီးရှို့ခံရ, စာတတ် ပုဂ္ဂိုလ် သံဃာတော် ၃၀၀-ကျော် အပါအဝင် သံဃာများ ကွပ်မျက်ခံရ

သဖြင့် သာသနာ ကစဉ့်ကရဲ ဖြစ်သွားတော့သည်။ နောက်ကျန်သော သံဃာတော်များက ပိဋကတော်များ ပြန်စုသောအခါ ဝိနည်း ပရိဝါ ပါဠိတော် ရှာမရဖြစ်တော့သည်။ အတော်ကြာမှ နှုတ်ငုံရသော တောကျောင်းဘုန်းကြီး အရှင်ဒီပကို တွေ့၍ ကူးယူရသည်။ ထိုသို့ ကြိုးကြိုးစားစား မြန်မာဆရာတော်ကြီးများ ဆောင်ရွက်လာခဲ့ရာ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နောင် ထိုကဲ့သို့သော အရေးအခင်းများကို ကာကွယ်ရန် တံဆိပ်တော်ရ ဆရာတော်ကြီးများ ဦးစီးပြင်ဆင်လျက် တောင်ပြင် ဘုရားကြီးဆရာတော် အမှူးရှိသော သံဃာတော် ၂၄၀၀-တို့သည် မန္တလေး နေပြည်တော်တွင် သာသနာ ၂၄၁၅, ကောဇာ ၁၂၃၃-ခုနှစ်က ကျောက်ထက်အက္ခရာ ပဉ္စမသံဂါယနာ တင်တော်မူခဲ့ကြသည်။

**ဆဋ္ဌသံဂါယနာ**
**မဟာဓမ္မသဘင်**

ကမ္ဘောဒီးယား, သီဟိုဠ်, ယိုဒယား, လော, မြန်မာ ထေရဝါဒ ၅-နိုင်ငံ တို့သည် ပုံနှိပ်ပိဋကတော်များ၌ တိုင်းပြည် အလိုက်ရင်း, အဆင့်ဆင့် ပုံနှိပ်ကြရာတွင် ရင်း ပုဒ်ပါဌ်အက္ခရာအမျိုးမျိုး ကွဲလွဲလျက်ရှိရာ တမူတည်းဖြစ်၍ သန့်ရှင်းရေး, ဗုဒ္ဓဘာသာကို ကမ္ဘာသို့ ပြည့်စုံစွာဖြန့်ချိနိုင်ရေး, သာသနာတော်ကို လွတ်လပ်သော မြန်မာနိုင်ငံက အစွမ်းကုန် ပူဇော်ခွင့်ရရေး စသော အကြောင်းများကို ဦးတည်လျက် မြန်မာပြည် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး,အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးတို့ ဥက္ကဋ္ဌ သံဃမဟာနာယကအဖြစ် ဦးဆောင်တော်မူသော ထေရဝါဒ သံဃာတော် ၂၅၀၀-ကျော်တို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ဦးဆောင်သော မြန်မာနိုင်ငံ စေတနာရှင်များကို အမှီပြုလျက် သုဓ်သင် ပြင်ဆင်တော်မူကြပြီးလျှင် ပါဠိ, အဋ္ဌကထာ, ဋီကာ ပိဋကတော်အစုံ ထောင်ပေါင်း များစွာကိုလည်း ပုံနှိပ်လျက် သာသနာတော် ၂၅၀၀, ကောဇာ ၁၃၁၈-ခုနှစ်တွင် ရန်ကုန်နေပြည်တော် ကမ္ဘာအေး ကျောက် လိုဏ်ဂူကြီး၌ ပေါင်းစုရွတ်ကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ကြသည်။

**မစိုးရိမ်ဆရာတော်ဘုရားကြီး၏ စေတနာတော်**

ပဋ္ဌမ သံဂါယနာ ကျောက်စာတော်မူများ မန္တလေး၌ ပြည့်စုံစွာ တည်ရှိသော်လည်း သွား လာ ကြည်ညို ပူဇော် နိုင်ရေး ဝယ် ရန်ကုန်မြို့လောက် ကာလအားလျော်စွာ အချက်အချာ မကျလှပေ၊ ကမ္ဘာ့ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များအားလုံး လွယ်ကူစွာ ကြည်ညိုနိုင်ရေး, ဆဋ္ဌသံဂါယနာတင် ပိဋကကျောက်စာတော် မူများ သီးသန့် တည်ရှိရေးကို "မဟာဃာဟ ကုသလစ္စန္ဒ စေတနာဓမ္မ" ပြင်းပြတော်မူသော အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် "ရန်ကုန်မြို့ လှူပံ့တော်ပတ္တမြား ဦးမောင်မောင်- ဒေါ်ငြိမ်း သားသမီးတစု လှူဒါန်းသော ရန်ကုန်မြို့ ကံဘဲ့ ဘူတာရုံလမ်း ဓမ္မဝိနယ ရံသိ ကျောင်းတိုက်ကြီးတွင် "မန္တလေးမြို့ ၄-ပြင်၄-ရပ် ဆရာတော်များ ဦးစီး ထွင်းထုအပ်သော ဆဋ္ဌသံဂါယနာ ကျောက်စာတော်များကို "ပရိယတ္တိသာသနာတော်"အား လေးစားကော်ရော် ပူဇော် ချီးမြှောက်သည့် အနေဖြင့် လှူပံ့တော် ပတ္တမြား မိသားစု၏ စေတနာကို အခြေခံပြုကာ တည်ထားကိုးကွယ်ရန် စီစဉ်ဆဲ ဖြစ်နေပါသည်။

**ကြည်ညိုဘွယ်ရာ သံဃာတော်ရတနာ**

ဤသို့ ဘုရားရှင် မရှိသည့်နောက် **သာသနာတော်**ကြီး ကွယ်ပျောက်ဘို့ရာ ပေါ်ပေါက်လာသော အခြေအနေ ဆိုးများကို ရှေ့ပိုင်းတွင် အရိယာ သံဃာတော်များ, နောက်ပိုင်းတွင် ပုထုဇဉ်သံဃာတော်များ တွန်းလှန် အားထုတ်တော်မူခဲ့ကြသဖြင့် သံဃာတော်များသည် ယနေ့ ဗုဒ္ဓဘာသာဝင် အားလုံးတို့အဘို့ လွန်စွာ ကျေးဇူးများတော် မူကြသည်၊ ဘုရားရတနာ ဟူသော နေရောင် လရောင် မရှိလျှင် ရုပ်နာမ်ဓမ္မ သဘာဝကို တိကျစွာ သိဘို့ထား, အမည်သော်မျှ ကြားသိရမည် မဟုတ်ပါ၊ ယခု အခါ သံဃာတော်များ ကျေးဇူးတော်ကြောင့် ဓမ္မက္ခန္ဓာ ၈၄၀၀၀- ဟူသော (ဘုရားပေါင်း ၈၄၀၀၀-ဟုလည်း ဆိုအပ်သော) တရားတော်တို့သည် မြန်မာနိုင်ငံဝယ် အပြည့်အစုံ ထွန်းပြောင်လျက် ရှိနေပါသည်၊ (မြန်မာနိုင်ငံသာသနာတော်သည် အဘိဓမ္မာနှင့် ဝိနည်းဘက်၌ သီဟိုဠ်,

ယိုးဒယား၊ တိဗက်၊ ဂျပန်၊ တရုပ်ပြည်ဘို့ဒ္ဓရှိသော သာသနာတော်ထက် သာလွန် ပြည့်စုံသည်။)

**တရားရတနာကို မည်သို့ ပူဇော်မည်နည်း**

ဘုရားရှင်နှင့် သံဃာတော်သည် ပုံသဏ္ဌာန် အထင်အရှားရှိ၍ ပူဇော်ရန်လွယ်သည်၊ တရားတော်ကား ထိုသို့ ပုံသဏ္ဌာန် မထင်ရှားသော ကြောင့် မည်သို့ ပူဇော်ရမည်နည်းဟု ပုဏ္ဏားတဦး အကြံရ၍ ဘုရားထံ လျှောက်ထားရာ ဘုရားရှင်က "တရားကို ပူဇော်လိုလျှင် တရားတော်ကို သိ၍ ဗဟုသုတရှိသော ရဟန်းတော်ကို ပူဇော်လေ" ဟု မိန့်သည်၊ သံဃာတော်များထံ ဗဟုသုတရှိသော ရဟန်းတော်ကို မေးလျှောက်ရာ အရှင်အာနန္ဒာကို ညွှန်ပြကြသဖြင့် တရားတော်ကို ရည်မှန်း၍ ၁၀၀၀ဝ- တန် သင်္ကန်းဖြင့် အရှင်အာနန္ဒာအား လှူဒါန်းပူဇော်လေသည်။

**စာချဘုန်းကြီးများ ဆင်းရဲကြသည်**

အထက်ဖော်ပြပါ တရားပူဇော်ထုံးကို နှလုံးမမူမိကြသော ဗုဒ္ဓဘာသာဝင် များစွာတို့မှာ အပြင်ပန်း အပြော အဟော ကောင်း၊ ဆက်ဆံရေး ကောင်းသော ကိုယ်တော် များကိုသာ "ကျမ်းတတ်ပုဂ္ဂိုလ်" ဟု ယူဆပြီး ကိုးကွယ် လှူဒါန်းကြ၊ ပူဇော်ကြသဖြင့် ၎င်းပုဂ္ဂိုလ်များမှာ ဆွမ်း သင်္ကန်းစသည် ပေါများကြသလောက် ရိုးရိုးကုတ်ကုတ်နှင့် စာပေ ပို့ချ၍ နေကြသော သာသနာ့ဝန်ဆောင် စာချဘုန်းကြီးများမှာ ပစ္စည်း ၄-ပါး ရှားပါးကြသည်၊ ပစ္စည်း ၄-ပါး ချို့တဲ့သော စာချဘုန်းကြီး အချို့မှာ ယခင်ပုဂ္ဂိုလ် (ပြောဟော ဆက်ဆံရေး ကောင်းသူ) များ အောက်သို့ ကျွံရရှာ၏၊ ထင်ရှားသော စာချဘုန်းကြီး ဖြစ်ဘို့ရာမှာ ၁၀-နှစ် ၁၅-နှစ်ခန့် ပင်ပန်းကြီးစွာ ကြိုးစားရသော်လည်း အောင်မြင်သော တရားဟောပုဂ္ဂိုလ် ဖြစ်ဘို့ရာမှာမူ ပင်ကိုယ် အသံကောင်းလျှင် လပေါင်း အနည်းငယ်မျှဖြင့် လုံလောက်ဘွယ် ရှိပါသည်၊ ထို့ကြောင့် ယခုအခါ စာပေပို့ချလျက် သာသနာ့ဝန်ကို ဆောင်ရွက်မည့် ပုဂ္ဂိုလ် များ လုံးပါးပါးလျက်ရှိရာ နောင် ဆွမ်းထုပ်နှင့် လယ်ရှာရမည့် အခြေ အနေသို့ ဆိုက်ရောက်တော့မည် ထင်ပေသည်။

**ပါရမီအစုံ လုံလောက်ကြပါစေ**

ဆိုခဲ့ပြီး စကားများအရ ဗုဒ္ဓဘာသာဝင်တို့သည် သာသနာ့ ဝန်ဆောင် စာချဘုန်းကြီးများဝယ် ပူဇော်သင့်သော ဂုဏ်များကို နှလုံးသွင်းလျက် ပူဇော်ချီးမြှောက်ကြပြီးလျှင် "ငါတို့ ကူညီထောက်ပံ့ကြသဖြင့် အရှင်မြတ်တို့ တတ်သိထားသော ပရိယတ္တိ အသိတွေကို တိုးပွါးအောင် ပို့ချဖြန့်ဝေနိုင်ပေသည်၊ ထိုအရှင်မြတ်များ အေးအေးသက်သာ စာပေပို့ချနိုင်အောင် ထောက်ပံ့ကြသော မိမိတို့မှာလဲ အရှင်မြတ်များ ရသမျှ ပညာပါရမီများကို မုချ ရတော့မည်၊ တရားရတနာကိုလဲ ပူဇော်ရပြီ" ဟု ဆင်ခြင် ဝမ်းမြောက်နိုင်ကြပါစေ၊ စာချဘုန်းကြီးများကလည်း သာသနာတော်၏ အခြေအနေမှန်ကို နားလည်သော မိမိတို့ကမှ ဟောမပြလျှင် လူပုဂ္ဂိုလ်တို့ သိတော့မည်မဟုတ်ဟု ဆင်ခြင်တော်မူကာ စာကိုလည်း ပို့ချ, ဒကာ ဒကာမများကိုလည်း ဟောပြော ချီးမြှောက်တော်မူကြပါလျှင် "ကိုင်းနှင့်ကျွန်းပမာ အချင်းချင်း မှီရာတွေ" ဖြစ်ကြလျက် ထမ်းဆောင်နေသော သာသနာ့တာဝန်ကို ချမ်းသာစွာ ထမ်းဆောင်ခွင့် ရကြမည်သာ ဖြစ်ပေသည်။

## သံဃာတော်နှင့် စပ်လျှင် ဥပဒ်မဖြစ်အောင် ကျင့်တတ်ကြရမည်

**ဘုရားရှင်ကို ငယ်သေးသည်ဟု ကောသလမင်းကြီး အထင်သေးသည်**

ဂေါတမ ဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ၂-နှစ်ခန့် အကြာ အရွယ်တော် ၃၇-နှစ်တွင် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ပင့်လျှောက်ချက်အရ ကြွရောက်ရာ ကောသလမင်းကြီးလည်း ဘုရားထံရောက်လာ၍ ဝမ်းမြောက်ဘွယ်စကားများ ပြောပြီးလျှင် "အရှင်ဘုရားလဲ ဗုဒ္ဓဟု ဝန်ခံပါသလား" ဟု မေးလျှောက်သည်၊ "ဗုဒ္ဓဟုပြောလျှင် ငါ့ကို ပြောမှ မှန်မည်"စသည်ဖြင့် ဘုရားရှင်က ဝန်ခံတော်မူသောအခါ တပည့်ပရိသတ်တွေ များသော ပူရဏကဿပ စသော ဆရာကြီးများသော်မှ ဝန်မခံကြပါ၊ အရှင်

ဘုရားမှာ အသက်လဲငယ်, ရဟန်းပြုတာလဲ မကြာသေး၍ ဝန်မခံ သင့်ကြောင်း”ကောသလမင်းကြီးက လျှောက်ထားသောအခါ အောက်ပါ ဂါထာကို မိန့်ကြားတော်မူသည်။

**ငယ်သည်ဟု အထင်မသေး ထိုက်သောအရာ ၄-မျိုး** ဘုဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စယသဿိနံ။ ဘိက္ခုံစ သီလသမ္ပန္နံ၊သမ္မဒေဝ သမာစရေ= ငယ်သည် ဟူ၍ အဆိပ်ထန်သော မြွေနှင့် မီးကို မလေးမစားပြုလျှင် ထိုမြွေကိုက်၍, ထိုမီးလောင်၍ သေနိုင်သည်၊ မင်းမျိုးမင်းနွယ် သူငယ်ကို မလေးမစားပြုလျှင် ရှင်ဘုရင်ဖြစ်လာသော အခါ ကြီးလေးစွာ အပြစ်ပေး ခံရတတ်သည်၊ ထို့အတူ သီလသိက္ခာ ရှိသော ရဟန်းတော်ကို အငယ်ကလေးဘဲဟု မလေးမစားပြုလျှင် သူ၏ တန်ခိုးကြောင့် အကျိုးမဲ့ ဖြစ်တတ်သည်၊ ထို့ကြောင့် ကောင်းမွန် ရှိသေစွာ ကျင့်ကြံဆက်ဆံပါဟု ဟောတော်မူသည်။

**သမ္မဒေဝ သမာ စရေ အဓိပ္ပါယ်** “ကောင်းမွန် ရိုသေစွာ ကျင့်ကြံ ဆက်ဆံပါ” ဟူရာ၌ မြွေ, မီး, မင်းသားငယ် တို့နှင့် စပ်၍ မိမိအပေါ် ဘေးဥပဒ် အပြစ် မရောက်ရအောင် လိမ်လိမ်မာမာ ဆက်ဆံရမည်၊ မထေလေးစား မလုပ်ရဟု ဆိုလိုသည်။ ရဟန်းတော်ကိုမူကား ကလာဗုမင်း,ဒဏ္ဍကီမင်း,နာဠိကေရမင်း,အဇ္ဇုနမင်း တို့ကဲ့သို့ အကျိုးမဲ့မဖြစ်ရအောင် ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း စသည်ဖြင့် ရိုသေလေးစားစွာ ပြုပါဟု ဆိုလိုသည်၊ “ဘေးဥပဒ်” ဟူရာ၌ အသက် သေခြင်း, အပြစ်ဒဏ်ခံရခြင်း, အကုသိုလ် ဖြစ်ရခြင်းများ အားလုံး ပါဝင်သည်။

**ဂါရဝမင်္ဂလာ ဖြစ်—မဖြစ်** ဂါထာ နောက်ထက်ဝက်၌ သီလရှိသူ ရဟန်းတို့ဟု ဘုရား ဟောတော်မူခြင်း ကြောင့် အလဇ္ဇီ, ဒုဿီလများအတွက် စဉ်းစားဘွယ်ဖြစ်သည်။ အလဇ္ဇီ, ဒုဿီလ ဟုတ်–မဟုတ် လူများ သိနိုင်ခဲသည်။ အကယ်၍ တိကျစွာ သိစေဦးတော့ သဒ္ဓါတိဿ

မင်းကြီးများကဲ့သို့ ရည်ရွယ်၍ ရှိခိုးခြင်း, ပူဇော်ခြင်း, လှူဒါန်းခြင်း ပြုလျှင် ဂါရဝမင်္ဂလာ ဖြစ်ပါသည်။ ပူဇနီယ မင်္ဂလာလည်း ဖြစ်သည်။ အလဇ္ဇီ၊ ဒုဿီလတို့နှင့် တွေ့သောအခါ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာလာ သူကြွယ်ကဲ့သို့ သံဃာဂုဏ်ကို အာရုံပြု၍သော်၎င်း, မိမိမှာ အကုသိုလ်ဘေး ဥပဒ်ဖြစ်မှာ ကြောက်၍သော်၎င်း ရှိခိုးခြင်းစသောအမှုသည် သမ္မာဒေဝ' သမာစရေ ပါဠိနှင့် မဆန့်ကျင်၊ ကိုက်ညီပါသည်။ (၎င်းဝတ္ထု ၂-ခု နောက်၌ တွေ့လတ္တံ့။)

**ပဏ္ဏပါတသရဏဂုံ ထိုက်—မထိုက်** ဒုဿီလ ပုဂ္ဂိုလ်မှာ သီလ လုံးဝကင်းသည် ဖြစ်၍ သံဃာစစ် မဟုတ်သောကြောင့်၊ ထိုပုဂ္ဂိုလ်ကို ရှိသေတုပ်ဝပ်သော်လည်း ပဏ္ဏပါတ သရဏဂုံ မထိုက်ပေ။ သံဃာမှ ညွှန်လိုက်သော ဒုဿီလ ပုဂ္ဂိုလ်ဖြစ်မူ သံဃာသည် ပဏ္ဏပါတကို ခံသမား ဖြစ်သောကြောင့် ၎င်းသရဏဂုံ ထိုက်သည်။ လဇ္ဇီပုဂ္ဂိုလ်နှင့် (ဒုဿီလအဖြစ် မရောက်သေးသော) အလဇ္ဇီပုဂ္ဂိုလ်တို့မှာမူ သံဃာစစ်ဖြစ်သေး၍ ၎င်းသရဏဂုံ ထိုက်သည်သာ။

## ဖြေဆိုရန် မေးခွန်းများ

၁။ ပထမသံဂါယနာတင်ရခြင်း၏ အကြောင်းကို အတ္ထုပ္ပတ်နှင့်တကွ ပြ၍ ရဟန်းသံဃာတော်များနှင့် ရွှေငွေသာယာလက်ခံအပ်ရေး အလေးအနက် ရေးသားတင်ပြပါ။

၂။ တတိယသံဂါယနာ တင်ရခြင်း၏ အကြောင်းကိုပြ၍ ခေတ်ကာလမငြိမ်သက်လျှင် မည်သည့်ပုဂ္ဂိုလ်များ စားဝတ်နေရေး ခက်တတ်ကြောင်း သမိုင်းကြောင်းထုတ်ပြီးလျှင် ပိဋကပေစာများ စတင်ရေးသားရာ အခါကိုလည်း သာသနာနှစ်နှင့် တကွ ယှဉ်ပြပါ။

၃။ ရှမ်းသိုဟန်ဘွား သာသနာဖျက်ပုံ, မြန်မာ ဆရာတော်ကြီးများ ကြိုးစားတော်မူပုံကို ပြ၍ ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်၏ ဥသျှောင်ဆရာတော်ကြီးများကိုလည်း ဖော်ပြပါ။

၄။ ဆဋ္ဌသံဂါယနာ ကျောက်စာတော်မူများ ပေါ်ပေါက်လာရပုံကို ရေးသား၍ ယင်း ကျောက်စာတော်အလှူကို ဗုဒ္ဓဒါန, ဓမ္မဒါန တို့တွင် အဘယ်သို့ ဆိုသင့်ကြောင်း ပြပါ။

၅။ ဘုရားလက်ထက်တော် သူကြွယ်တဦး၏ တရားရတနာပူဇော်ထုံးကို ရေးသား၍ စာချဆရာတော်များ၌ ပြုအပ်သော ဒကာ, ဒကာမများတာဝန်, စာချဆရာတော်များ၏ တာဝန်ကိုလည်း ရေးသားပါ။

၆။ ဗုဒ္ဓအပေါ် ကောသလမင်းကြီး၏ အစအဦး ထင်မြင် ယူဆချက်ကို ပြ၍ ဘုရားဟောပြသော အထင်မသေးထိုက်သည့် အရာ ၄-မျိုးကိုလည်း အကြောင်းနှင့်တကွ ပြပါ။

၇။ အလဇ္ဇီ-ဒုဿီလ-မှန်း သိလျက် အရိုအသေပြု, ရှိခိုးပူဇော်မှုပြုလျှင် ဂါရဝမင်္ဂလာ, ပူဇနီယမင်္ဂလာ ဖြစ်–မဖြစ်၊ ဘိက္ခုံ စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ ဟူသော ကောသလ သံယုတ်နှင့် ညီ–မညီ၊ ၎င်းပုဂ္ဂိုလ်တို့သည် ပဏိပါတသရဏဂုံ ထိုက်–မထိုက် အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ ပြပါ။

---

## လဇ္ဇီ-အလဇ္ဇီ-ဒုဿီလ ပုဂ္ဂိုလ် ၃-မျိုး မှတ်သားဘွယ်

**လဇ္ဇီပုဂ္ဂိုလ်** "သဉ္စိစ္စ အာပတ္တိံ နာပဇ္ဇတိ" စသော ပရိဝါပါဠိတော်အရ ကောန် အာပတ်သင့်မှန်းသာ သိလျှင် ထိုအမှုကို မပြုခြင်း၊ မသိလို့, သိသော်လဲ စိတ်ကိုမချုပ်တည်းနိုင်လို့ လွန်ကျူးမိသဖြင့် အာပတ်ရှိနေမှန်းသာသိလျှင် အာပတ်ကို နေ့ကူးအောင် ဖုံးမထားခြင်း၊ ပစ္စည်းဝေဘန်မှု စသည်၌ အဂတိမလိုက်စားခြင်း၊ ဤအမှတ်အသား ၃-ပါးရှိသော ရဟန်းကို လဇ္ဇီ=ရှက်မှုရှိသောရဟန်းဟုဆိုရမည်။ ပစ္စည်းဝေဘန်မှုစသည်၌ ချစ်သဖြင့် လိုက်စားခြင်း ဆန္ဒာဂတိ, မုန်းသဖြင့် လိုက်စားခြင်း ဒေါသာဂတိ, မိုက်သဖြင့် လိုက်စားခြင်း မောဟာဂတိ, ကြောက်သဖြင့် လိုက်စားခြင်း ဘယာဂတိ၊ ဤ ၄-ပါး ကင်းရမည် ဟူလို။

**အလဇ္ဇီပုဂ္ဂိုလ်** "သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ" စသော ပရိဝါပါဠိတော်အရ ကျန်အာပတ်သင့်မှုန်း သိလျက် ပြုခြင်း၊ မသိလို့သိသော်လဲ စိတ်ကို မချုပ်တည်းနိုင်လို့ လွန်ကျူးမိသဖြင့် အာပတ်ရှိနေမှုန်းသိပါလျက် အာပတ်ကို နေ့ကူးအောင် ဖုံးထားခြင်း၊ ပစ္စည်းဝေဘန်မှုစသည်၌ အဂတိလိုက်စားခြင်း၊ ဤအကြောင်း ၃-ပါးတွင် တပါးပါးရှိနေလျှင်ပင် ထိုရဟန်းကို အလဇ္ဇီ=အရှက်မရှိသူဟု ဆိုအပ်သည်။

**လဇ္ဇီ—အလဇ္ဇီ စိတ်နှင့်စပ်သည်** "အာဒိတော ပဋ္ဌာယ အလဇ္ဇီ နာမ နတ္ထိ" ဟူသော ပရိဝါအဋ္ဌကထာ, ၎င်းအဖွင့် "ဒိဋ္ဌေ ဒိဋ္ဌေ သံသယော နကာတဗ္ဗော" ဟူသော သာရတ္ထဒီပနီဋီကာတို့ အရ မျိုးရိုးနွယ်ပြီး ရဟန်းဖြစ်ကတည်းက အလဇ္ဇီပေဘဲဟု မဆိုထိုက်ပေ။ စိတ်နှင့်စပ်၍သာ ဖြစ်ရသည်၊ တထိုင်တည်းမှာပင် သူများမသိဘဲ ၁၀-ခါမက သင့်နိုင်သော အာပတ်တို့ရှိရာ စိတ်ပါပြီး လွန်ကျူးလျှင် ၁၀-ခါမက အာပတ်သင့်၍ အလဇ္ဇီဖြစ်သလို ဤအာပတ်ကို ဒေသနာကြားမည်, နောင် မပြုတော့ဟု သူတော်ကောင်းစိတ်ပေါ်လျှင် ၁၀-ခါမက လဇ္ဇီဖြစ်နိုင်သည်။ တသက်လုံး သူတော်ကောင်းစိတ် မပေါ်လျှင် တသက်လုံး အလဇ္ဇီပင်တည်း။ သူတော်ကောင်းစိတ် ပေါ်-မပေါ်ကို မသိနိုင်သဖြင့် ပုဂ္ဂိုလ်တဦးတယောက်အပေါ် မြင်တိုင်း မြင်တိုင်း အလဇ္ဇီကိုယ်တော်ဘဲ ဟု သံသယမထားအပ်၊ မလျော်မှုကို တိုက်ရိုက်တွေ့နေလျှင် ထိုတွေ့ဆဲခဏ၌သာ ၎င်းကို အလဇ္ဇီဟု ဆိုရမည်။

**ကျန်အာပတ်သင့်မှုန်း သိလျက်နှင့် ပြုခြင်း** ဤအရာ၌ "လူသား, ခွေးသားစသော အသားကြီး ၁၀-ပါး ရဟန်းများ မစားရ" ဟူသော ဝိနည်း ပညတ်တော်ကို သိလျက် လွန်ကျူးမှု, မသိ၍ လွန်ကျူးမှု, အသားကို မြင်သောအခါ ဤအသားသည် ရဟန်းများ မစားကောင်းသော ခွေးသားပင်တည်းဟု အကြောင်းဝတ္ထုကို သိလျက် လွန်ကျူးမှု, မသိ၍ လွန်ကျူးမှုဟု ဤ၄-မျိုးနှင့် စပ်၍ ပါဏာတိပါတ, အဒိန္နာဒါန စသော ပင်ကိုယ် အကုသိုလ်မျိုး ဖြစ်သော

လောကဝဇ္ဇအာပတ်၊ မြေတူးခြင်း, သစ်ပင်ခုတ်ခြင်းစသော ဘုရားပညတ်ရှိသာ အပြစ်ဖြစ်ရသော ပဏ္ဏတ္တိဝဇ္ဇအာပတ်ဟု အာပတ် ၂-မျိုးဝယ်ဤသို့ မှတ်သားရမည်။

လောကဝဇ္ဇမျိုးဆိုင်ရာ

၁။ ဝိနည်းပညတ်ကို မသိသော်လည်း အကြောင်းဝတ္ထုကို သိလျှင် အချို့ အာပတ် သင့်သည်, သူ့အသက်သတ်မှု စသည်တည်း၊ အချို့အာပတ် မသင့်, သေခိယသိက္ခာပုဒ် စသည်တည်း။ သေခိယနှင့် မဟာဝါ, စူဠဝါလာသိက္ခာပုဒ်မျိုးသည် ဝိနည်းပညတ်တော်ကို မသိသူများမှာ အာပတ်လွတ်သည်သာ များ၏။

၂။ အကြောင်းဝတ္ထုကို မသိသော်လည်း ဝိနည်း ပညတ်တော်ကို သိလျက် လွန်ကျူးလျှင်——

အချို့အာပတ်သင့်သည်, သေသောက်မှုမျိုးတည်း၊ အရက်မှန်းမသိ, ဆေးဝါးထင်၍ သောက်သော်လည်း မလွတ်။

အချို့ အာပတ် မသင့်, ပါဏာတိပါတမျိုးတည်း၊ သတ္တဝါ ဟု မထင်, အခြားဝတ္ထုထင်၍ ဖျက်ဆီးက လွတ်၏။

၃။ ဝိနည်း ပညတ်, အကြောင်းဝတ္ထု ၂-ပါးလုံး သိလျက် လွန်ကျူးလျှင် ဆိုဘွယ်မရှိ၊ အာပတ်သင့်သည်သာ။

ပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုးမှာ ပညတ်, ဝတ္ထု ၂-ပါးစုံ သိလျက်လွန်ကျူးမှ အာပတ် သင့်သည်။

**သင့်ပြီးအာပတ်ကို ဖုံးထားခြင်း** အာပတ်လည်းသင့်, သင့်မှန်းလည်းသိခြင်း, အနီး၌ အကျိုးကို လိုလားသော ရဟန်းလည်း ရှိ, ရှိမှန်းလည်းသိခြင်း, အန္တရာယ် ၁၀-ပါးလည်း ကင်း, ကင်းမှန်းလည်းသိခြင်း, ဒေသနာ မကြားနိုင်လောက်သော ရောဂါ မရှိ, မရှိမှန်းလည်း သိခြင်း, အရုဏ်တက်အောင် ဖုံးထားလိုစိတ် ရှိ, ဖုံးလည်း

ဖုံးခြင်းဟု အကြောင်း ၁၀-ပါးစုံလျှင် အလဇ္ဇီဖြစ်၍ ဒုက္ကဋ်အာပတ်လည်း ထပ်သင့်သည်၊ အကြောင်း၁၀-ပါးတွင် တပါးပါးချို့ယွင်းပင် အလဇ္ဇီမဖြစ်၊ အာပတ်လည်း ထပ်၍မသင့်ပေ၊ (ဒေသနာကြားဘို့ရာ အခွင့်သင့်ပါလျက် မကြားတော့ပါဟု စိတ်ထားလိုက်လျှင် ကြားလိုစိတ်မဖြစ်သမျှ ကာလပတ်လုံး တလ,တနှစ် စသည်ကြာအောင် အလဇ္ဇီပင် ဖြစ်နေတော့သည်၊ အာပတ်သင့်နေသော်လည်း သင့်မှန်းမသိ၍ ဖုံးထားလျှင် အလဇ္ဇီ မဖြစ်။

**အဂတိ ၄-ပါး လိုက်စားခြင်း** သံဃိကပစ္စည်း ဝေဘန်ရာ နေရာများ၌ ဤ ၄-ပါးကို ပဓာနထား၍ ကျမ်းဂန်များ၌ ပြတော်မူသည်၊ ဆိုင်ရာ သိက္ခာပုဒ်များ ပျက်ပြားအောင်, အာပတ်သင့်အောင် လိုက်စားမှ အလဇ္ဇီဖြစ်သည်၊ ၂-ဦး ၂-ဘက် စာပေဆွေးနွေးကြရာ၌ မိမိဘက်က စကားမှားမှန်း, အဓမ္မမှန်း, အာပတ်မှန်း သိပါလျက် အညံ့မခံချင်သည့်အတွက် အမှန်ဖြစ်အောင်, ဓမ္မဖြစ်အောင်, အာပတ်မဟုတ်အောင် ပြောဆိုမှု မျိုးသည်လည်း မုသာဝါဒ အဂတိ တရားမျိုးပင် ဖြစ်သည်၊ လဇ္ဇီ-အလဇ္ဇီအရာ၌ ဝိနည်းမတတ်သူများအဘို့ စောင့်စည်းရန် သိလနည်းသလို အလဇ္ဇီဖြစ်ရန်လည်း နည်းသည်၊ ဝိနည်းတတ်သူများမှာ ကောင်းစွာ စောင့်ရှောက်သလောက် သီလကြီးမားသလို မကျင့်လျှင် အလဇ္ဇီဖြစ်ရန်လည်း များလှသည်၊ ထို့ကြောင့် "ဘုန်းကံကြီးမား အခြွေအရံလည်း များပါလျက် ဝိနည်းကျမ်းဂန် မတတ်ပါမူ, တတ်သော်လည်း မစောင့်စည်းပါမူ သာသနာတော်ကို အကြီးအကျယ် ဖျက်ဆီးနိုင်သူဖြစ်ရာ မီးထွန်း၍ တိုက်ခန်းတွင်းသို့ ဝင်ခိုးသော သူခိုးကြီးနှင့် တူသည်"ဟု မိန့်တော်မူကြသည်။

**အလဇ္ဇီ ၂-မျိုးနှင့် ဒုဿီလ ဝိနိစ္ဆယ** အာပတ် ၇-မျိုးတွင် တမျိုးမျိုး သင့်လျှင်ပင် အလဇ္ဇီ မည်လေရာ ပါရာဇိက အာပတ်သင့်၍ သီလ လုံးဝပျက်သော ဒုဿီလ အလဇ္ဇီ, ကြွင်း အာပတ်များသင့်သော သာမညအလဇ္ဇီဟု ၂-မျိုးရှိရာ သီလလုံးဝပျက်သော ပါရာဇိကကျ အလဇ္ဇီကိုသာ အလဇ္ဇီဟု ယူရမည်။

"ဒုဿီလဿာတိ နိဿီလဿ၊ ဒုဿီလောတိ နိဿီလော" ဒုဿီလ ဟူသည် သီလအားလုံးကင်းသော အချင်းခပ်သိမ်း သီလမရှိသော ရဟန်း တည်းဟု အဋ္ဌကထာ ဋီကာတို့ ဖွင့်တော်မူ၍ ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကကျရောက်မှုကို တိုက်ရိုက်ပြနိုင်သော "အသမဏော အသကျ ပုတ္တိယော=ရဟန်းမဟုတ် သာကီဝင် ဘုရားသားတော် မဟုတ်"ဟူသော ပုဒ်တို့နှင့် အတူထားသောကြောင့် ဒုဿီလအရ ရဟန်း သီလ သိက္ခာ အဏုမြူမျှ မရှိသော ပါရာဇိက ကျရောက်ပြီး ရဟန်းကို ယူအပ်သည်။ ဝိမတိဋီကာ၌ ဒုဿီလပုဒ်ကို ပါရာဇိက အရာဖြစ်လျှင် အချင်းခပ်သိမ်း သီလမရှိသော ရဟန်း, ကြွင်းသော အာပတ် ၆-မျိုး အရာဖြစ်လျှင် တစိတ်အားဖြင့် ပျက်သော သီလရှိသော ရဟန်း ဟု ၂-မျိုး ကြံထားသည်ကို—

၁။ ဒုဿီလဖြစ်ဘို့ အလဇ္ဇီထက်လွယ်သော သဘောသက်နေသော ကြောင့်ရှင်း,

၂။ အထက်ပါ အဋ္ဌကထာ, ဋီကာ အဖွင့်များနှင့် မညီသောကြောင့် ရှင်း—

မသင့်ဟု ဆရာများ ဆုံးဖြတ်တော်မူကြသည်။

**ဒုဿီလသည် လူလော ရဟန်းလော** ပါရာဇိကကျပြီး၍ ဒုဿီလဟု ဆိုအပ်သော ပုဂ္ဂိုလ်ကို ငါ ရဟန်းမဟုတ်ပြီ ဟု ဖွင့်မပြော သေးဘဲ ရဟန်းကောင်းများနှင့် ပေါင်းသင်း ဆက်ဆံ၍ သာရေးနာရေးများကို အလှူခံကာ ရဟန်းအသွင်ကို မစွန့် သေးသမျှ လူဟု မဆိုနိုင်၊ သီလပျက်နေသော ဒုဿီလ ရဟန်းဟုသာ ဆိုရမည်၊ "ငါရဟန်းမဟုတ်ပြီ"ဟု ဖွင့်ပြောလျှင် ဒုဿီလလည်း မဟုတ်, ရဟန်းလည်း မဟုတ်တော့ပြီ၊ သင်္ကန်းမချွတ်သေးလျှင် လူဟုကား မဆို ရသေး၊ ရဟန်းဝန်ခံချက်ကလည်း ကင်း, သင်္ကန်းလည်း ချွတ်ပြီးမှ လူ လုံးလုံးဖြစ်တော့သည်။

**ရဟန်းဟု ဆိုဘွယ်ရာအကြောင်းများ**

၁။ သံဃာဒိသေသ ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိက ကျနေသော ရဟန်းကိုပင် အမူလကပါရာဇိကဖြင့် စွပ်စွဲက ရဟန်းကောင်းကို စွပ်စွဲသည်နှင့် အတူ သံဃာဒိသိသ်အာပတ်သင့်သည်။ လူ သာမဏေတို့ကို စွပ်စွဲက ဒုက္ကဋ်မျှသာ။

၂။ အက္ကောသ သိက္ခာပုဒ်၌လည်း သီလရှိရဟန်းကို ဆဲရေးသလို ပါရာဇိကကျပြီး ရဟန်းကို ဆဲရေးလျှင် ပါစိတ်အာပတ်သင့်၍ လူ သာမဏေတို့ကို ဆဲရေးလျှင် ဒုက္ကဋ်မျှ သင့်သည်။

၃။ သဟသေယျသိက္ခာပုဒ်၌လည်း တမိုးတရံတည်းသော ကျောင်း၌ ရဟန်းအချင်းချင်း (သီလ ရှိသူရော ပါရာဇိက ကျပြီးသူပါ) အတူအိပ်လျှင် အာပတ်မသင့်၊ လူ သာမဏေတို့နှင့် အိပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၄။ "ရဟန်းတော်များ ကံဆောင်ရာသို့ မလာနိုင်သော ရဟန်းက သဘောတူကြောင်းပြောကြားသည့်စကား(ဆန္ဒ ပါရိသုဒ္ဓိ)ကို လူ သာမဏေတို့ လက်ခံ၍ သွားရောက်လျှောက်ထားလျှင် မရောက်၊ ပါရာဇိက ကျနေသော ရဟန်းက လက်ခံ ဆောင်ယူသွားလျှင် ရောက်သည်"ဟူသော အရာများကို ထောက်ထား၍ ဒုဿီလသည် ရဟန်းအရာ၌ပင် တည်သေးသည်ဟု မှချမှတ်အပ်သည်။

**ဥတ် ကမ္မဝါစာ အာဏာတော်များ** ပါရာဇိကကျပြီးဖြစ်လျက် ရဟန်းအရာ၌ တည်နေသေးသည်မှာ မြတ်စွာဘုရား၏ အမိန့် အာဏာတော်ဖြင့်ပြုအပ်သော ဥတ်ကမ္မဝါစာတို့၏ အစွမ်းကြောင့်ပင် ဖြစ်သည်။ သိမ်အပြင်၌ ရဟန်းလောင်း သာမဏေကို ဥတ် တကြိမ်, ကမ္မဝါစာ ၃-ကြိမ်ဖြင့် ရဟန်းပြုပေးရာဝယ် ပထမဉတ်တကြိမ် ရွတ်ပြီးလျှင်ပင် သာမဏေအဖြစ်ကို လွန်၍ ရဟန်းအရာ၌ တည်ပေပြီ။ ဒုတိယ တတိယ အကြိမ် ဆက်ရွတ်ရာ၌လည်း နည်းတူ၊ သို့သော် စတုတ္ထ အကြိမ်မပြီးသေး၍ ရဟန်းစစ်မဖြစ်သေးပါ၊ စတုတ္ထအကြိမ် ဘတ်ရွတ်ခွင့်

မရ၍ ထိုအနေဖြင့် တသက်လုံး ကောင်းမွန်စွာ နေသွားလျှင် လူ့သာမဏေ တို့ထက် အဆ ရာထောင်မက မြတ်သော ပဗ္ဗဇိတဂုဏ်၌ တည်တော့သည်၊ စတုတ္ထအကြိမ် ပြီးလျှင်ကား ရဟန်းစစ် ဖြစ်တော့ပြီ။

**သာမဏေပြုခဏ်း ဆိုင်ရာ မှတ်ဘွယ်** ရှင်ပြုရာ၌လည်း မြတ်စွာဘုရား အမိန့် အာဏာတော် မြတ်နှင့် ညီညွတ်စွာ သက်န်းတောင်း, သက်န်းပေး ပြီး၍ ဝတ်ပြီးလျှင်ပင် လူအဖြစ်ကို လွန်၍ သာမဏေ အရာ၌ တည်ပေပြီ၊ သရဏဂုံမယူရသေး၍ သာမဏေစစ်ကား မဖြစ်သေး၊ ထိုအနေဖြင့် တသက်လုံး ကောင်းစွာ နေသွားလျှင် လူထက် ရာထောင် မက မြတ်သော ပဗ္ဗဇိတဂုဏ်၌ တည်ပေပြီ၊ သရဏဂုံ ယူပြီးပါမူကား သာမဏေအစစ် ဖြစ်တော့ပြီ၊ ၎င်းသာမဏေ လိင်ကျသော ပြစ်မှုကို လွန်ကျူးမိလျှင် သရဏဂုံပျက်၍ သာမဏေစစ် ပျက်သော်လည်း သက်န်း ဝတ်သားသေး၍ လူကားမဖြစ်၊ ချွတ်ပစ်မှသာ လူလုံးလုံးဖြစ်သည်။

**စွပ်စွဲ ဆဲရေးမှုနှင့် အပြစ်အနာအဆာများ** သီလရှိရဟန်းကောင်းကို စွပ်စွဲ ဆဲရေးသလို ပါရာဇိကကျပြီး ဒုဿီလအား ဆဲရေးရာ၌ လည်း အလားတူ အပြစ်ကြီးပုံ, ဝိနည်း အာဏာတော်ကို ထောက်လျက် လူသီလဝန္တထက် ရဟန်း သာမဏေ ဒုဿီလကို စွပ်စွဲ ဆဲရေးမှု အပြစ်ကြီးပုံ ထင်ရှားတော့သည်။ ဤကား ဗုဒ္ဓအာဏာတော် စက်ရိပ်ကြောင့်ပင်ဖြစ်ရာ ထိုစက်ရိပ်သည် ဒုဿီလ ရဟန်း သာမဏေကို အားပေးကယ်ဆယ်ဘို့ မဟုတ်၊ အဟုတ်သော်ကား ဒုဿီလ ရဟန်း, သာမဏေကို အပြစ်လေးသည်ထက်လေးဘို့ ပြစ်မှားဆဲရေး သူတို့ကိုလည်း အပြစ်ကြီးစေဘို့, ဗုဒ္ဓမမွေသံဃစက်ရိပ်တော်တို့၏ ဂုဏ်ကို ကြည်ညိုသူတို့အား အကျိုးများစေဘို့သာ ဖြစ်တော့သည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ လဇ္ဇီ-အလဇ္ဇီပုဂ္ဂိုလ်တို့၏ အင်္ဂါလက္ခဏာ ၃-ပါးစီကို ပြ၍ တယိုင် တည်းမှာပင် ၁၀-ခါမက လဇ္ဇီ အလဇ္ဇီ ဖြစ်နိုင်ပုံ, တကြိမ်တခါ

မတော်ရာပြုသည်ကို မြင်မိသဖြင့် ထိုရဟန်းကို အမြဲ အလဇ္ဇီဟု မမှတ်သင့်ပုံများကို ကျမ်းဂန်အကိုးပါ ရေးပြပါ။

၂။ လောကဝဇ္ဇအာပတ်, ပဏ္ဏတ္တိဝဇ္ဇအာပတ်များကို အဓိပ္ပါယ်ရေး၍ လောကဝဇ္ဇအာပတ်မျိုး၌ ဝိနည်း ပညတ်ကို မသိသော်လည်း အကြောင်းဝတ္ထုကို သိ၍ လွန်ကျူးရာ၌ အာပတ်သင့်သော သိက္ခာပုဒ်, မသင့်သောသိက္ခာပုဒ်များကို ထုတ်ပြပါ။

၃။ ပညတ်, ဝတ္ထု ၂-ပါးစုံသိမှ သင့်သော အာပတ်ကို အမည်မျှပြ၍ သင့်ပြီး အာပတ်ကို ဖုံးလွှမ်းရာရောက်ကြောင်း ၁၀-ပါးကို ရေးသား၍ အာပတ်သင့်မှန်းမသိ၍ ဖုံးထားလျှင် အလဇ္ဇီ ဖြစ်-မဖြစ် စိစစ်ပြပါ။

၄။ ဝိနည်းတတ်သူနှင့် မတတ်သူ မည်သူက အလဇ္ဇီဖြစ်ဘို့ များပါသနည်း။ မီးထွန်း၍ တိုက်ခန်းတွင်းသို့ ဝင်ခိုးသော သူခိုးကြီးနှင့် တူသော ပုဂ္ဂိုလ်ကို တူကြောင်းနှင့်တကွ ပြပါ။

၅။ အလဇ္ဇီ ၂-မျိုးကို အဓိပ္ပါယ်ပါပြ၍ လဇ္ဇီ, အလဇ္ဇီ, ဒုဿီလဟု ပုဂ္ဂိုလ် ၃-ပါးအခွဲ၌ ယူသင့်သော အလဇ္ဇီကို ကောက်ပြပြီးလျှင် ဝိမတိဋီကာဆရာပြသော ဒုဿီလ၏ အဓိပ္ပါယ် ၂-မျိုး မသင့်ပုံကိုလည်း ပြပါ။

၆။ ဒုဿီလ၏ (က) ရဟန်းအဖြစ်၌တည်သေးချိန်၊ (ခ) ဒုဿီလလည်း မဟုတ်, ရဟန်းလည်းမဟုတ်, လူလည်းမဟုတ်ချိန်၊ (ဂ) လူ့ အဖြစ်သို့ လုံးလုံး ရောက်ချိန်များကို ပြ၍ ပါရာဇိက ကျပြီးသော်လည်း ဝန်မခံ သင်္ကန်းမချွတ်သေးလျှင် ရဟန်းအရာ၌ တည်သေးကြောင်း အကြောင်းပြ ရေးသားပါ။

၇။ ရဟန်းလောင်း သာမဏေ၏ ရှင်လည်းမက ရဟန်းလည်းမကျ သေးချိန်, ရှင်လောင်းတပါး၏ လူလည်းမက ရှင်လည်းမကျသေး ချိန်ကို ပြ၍ ပါဏာတိပါတအမှုကို လွန်ကျူး၍ လိင်ကျသော သာမဏေ၏ လူလုံးလုံးဖြစ်ချိန်ကိုလည်း ရေးသားပါ။

ဂ။ လူသူတော်စင်အား ဆဲရေးမှုနှင့် ဒုဿီလ ရဟန်း သာမဏေအား ဆဲရေးစုပ်စွဲမှု မည်သည်ကအပြစ်ကြီးကြောင်းပြ၍ ဗုဒ္ဓ၏အာဏာ တော်စက်ရိပ်သည် ဒုဿီလရဟန်းအား အကာအကွယ်ပေးရာ ရောက်-မရောက် ထောက်လှမ်း စိစစ်ပြပါ။

## အလဇ္ဇီ၊ ဒုဿီလ-ပုဂ္ဂိုလ်နှင့် ရနိုင်သမျှ မင်္ဂလာ

**အမှန်သိသော ဥပေက္ခာ** အလဇ္ဇီပုဂ္ဂိုလ်ဟူသည် စိတ်နှင့်စပ်၍ ဖြစ်သည်၊ အမြဲ အလဇ္ဇီဖြစ်မနေဟု နောက်က ပြခဲ့ပြီ။ ဒုဿီလကိုလည်း တိကျစွာသိရန် ခဲယဉ်းလှ၏။ ဒုဿီလဖြစ်-မဖြစ် ဝိနည်း ခိုရ်များ စိစစ်ပုံ နောက်တွင် ထင်ရှားလတ္တံ့ ၊ အကယ်၍အလဇ္ဇီ၊ ဒုဿီလ မှန်း တိကျစွာသိခဲ့သော "ဧကော အလဇ္ဇီ အလဇ္ဇီသတမ္ပိ ကရောတိ= အလဇ္ဇီတယောက်သည် အလဇ္ဇီ အရာမကများအောင် ပွါးတတ်သည်" ဟု ဆရာမြတ်တို့ မှာတော်မူသောကြောင့် မမှီဝဲ မဆည်းကပ် အပ်ပေ၊ လျစ်လျူ အနေ၌သာ တည်ရာ၏၊ ထိုသို့တည်ခြင်းသည် "အသေဝနာ စ ဗာလာနံ" ဟူသော မင်္ဂလာကြီး ဖြစ်သည်။ မှန်၏၊ ဗာလပဏ္ဍိတသုတ်၌ ကိုယ် နှုတ် နှလုံး ၃-ပါးလုံး မကောင်းသူကို ဗာလ, ဒွါရသုံးပါးလုံး ကောင်းလျှင် ပဏ္ဍိတဟု ဟောတော်မူရာ အကုသိုလ် မဖြစ်အောင် ရှောင်ခြင်းသည် အကောင်းဆုံးပင် ဖြစ်သည်။

ထိုကြောင့် သေဝိတဗ္ဗာသေဝိတဗ္ဗ သုတ္တန်ပါဠိတော်၌ "ချစ်သား သာရိပုတ္တရာ အကုသိုလ်တရား တိုးပွါး၍ ကုသိုလ်တရား ပျက်ပြားမည့် သဘောရှိသောသူကို မမှီဝဲမဆည်းကပ်အပ်၊ အကုသိုလ်တရားဆုတ်ယုတ် ပျက်ပြား၍ ကုသိုလ်တရား တိုးပွါးမည့် သဘောရှိသူကိုသာ မှီဝဲ ဆည်း ကပ် ပေါင်းသင်းအပ်သည်" ဟု မိန့်တော်မူသည်။

**အိမ်ဆောက်သစ်ရှာ ဥပမာ** သာသနာတော်၌ သီလရှိ၍ ပညာပြည့်ပြီးလျှင် သူတော်ကောင်းဂုဏ် ၃-ပါးလုံး စုံလင်သော ပုဂ္ဂိုလ်ကို ကိုယ်းကွယ်ဆည်းကပ်ရပါလျှင် မင်္ဂလာ

အမျိုးမျိုး တိုးမည်သာ ဖြစ်သည်၊ သို့သော် အကောင်းစုံ ရဘို့မလွယ်ပေ၊ အိမ်ဆောက်ဘို့ သစ်ရှာရန် တောသို့သွားသော ယောကျ်ားသည် သစ်တပင်တည်း၌ လိုသမျှအားလုံးမရနိုင်၊ သစ်ပင်အများကို ကြည့်၍ အချို့ကို တိုင်ရှည်, အချို့ကို တိုင်တို လိုသလို ရရာသစ်များကို ယူရသကဲ့သို့ ထိုအတူ အလဇ္ဇီ, ဒုဿီလ၌ အခြားကောင်းသော ပဏ္ဍိတ,သပ္ပုရိသ ဂုဏ်များရှိလျှင် ၎င်းတို့ကို အပြည့်ယူလျက် ဒုဿီလဟူသော အမှုကို လျစ်လျူရှု၍ ထားရမည်၊ ရော၍မပါစေနှင့်၊ ချုတ်ချယ်ခြင်းကိုလည်း မပြုပါနှင့်၊ အလဇ္ဇီ, ဒုဿီလကို ကိုးကွယ်မှုနှင့်စပ်၍ လယ်တီဆရာတော်ဘုရားကြီး၏ အောက်ပါမိန့်ကြားချက်မှာ လေးနက်လှသည်။

**သင်္ကန်းခြုံ၍နေ့စဉ်ကြွပါ ငွေ-၁ဝဝိ လှူပါမည်**

မုံရွာမြို့ လှေကူးအရပ်၌ ဒကာမကြီး တဦး သည် မိမိအိမ်ပေါက်သို့ နေ့စဉ် ဆွမ်းခံ ရောက်လာသော ရဟန်းကြီး တပါးကို မကြည်ညို နိုင်သဖြင့် ကန်တော့၍သာ လွှတ်သည်၊ အကြောင်းကို လျှောက်၍ လယ်တီဆရာတော်ကြီးသိရာ "သာသနာတွင်းကြုံ၍ ရသော မျက်စိ ၂-လုံးသည် ဒဿနာနုတ္တရိယ၏ အကြောင်းဖြစ်သည်၊ ကြည်ညိုသောစိတ်ဖြင့် အရဟတ္တဓဇ သင်္ကန်းတော်ကို မြင်ရခြင်းသည် လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ စည်းစိမ် ကျက်သရေကို မြင်ရသည်ထက် မြတ်သည်၊ ရှေးက တောသွားယောကျ်ား တယောက်သည် ချုံပေါ်တင်နေသော သင်္ကန်းတော်အပိုင်းကို တွေ့မြင်ရာ အရဟတ္တဓဇကို တွေ့ရပေသည်ဟု ကြည်ညိုစွာ ရှိခိုးပူဇော်ခြင်းကြောင့် သေသောအခါ နတ်ရွာသုဂတိသို့ ရောက်၍ ငါတို့ဘုရားလက်ထက်တွင် ကျွတ်တမ်းဝင်ကြောင်း အပါဒါန်ကျမ်း၌ ထင်ရှားရှိသည်။

ဒကာမကြီး ဆွမ်းတဇွန်းသည် သင်္ကန်းတော်ကို မြင်ရတာလောက် တန်ဘိုးမရှိ၊ သာသနာမရှိသောအခါ သင်္ကန်းကို ခြုံ၍ နေ့စဉ် ကြွပါ၊ ငွေ ၁ဝဝိ-လှူပါမည် ဆိုသော်လည်း မဖြစ်နိုင်"စသည်ဖြင့် ဟောကြားရာ ဒကာမကြီး သဒ္ဓါပေါက်သွားသတတ်၊ ဤ၌ လှူသူမှာ မဟာပ္ဖလဖြစ်၍ အလှူခံသူမှာ နစ်မွန်းဘို့ဖြစ်သည်၊ ဤသို့ အလဇ္ဇီ, ဒုဿီလမှန်း သိသော်

လည်း သင့်ရာကို ကြည့်ညို၍ မသင့်ရာကို ဖယ်ပြီး ပညာရှိတို့ဩဝါဒကို ခံယူလျက် ဒုဿီလအား၌ ကိုးကွယ်ပါလျှင် "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာ တစိတ်ဖြစ်၍ "သဗ္ဗိရေဝ သမာသေထ"နှင့်လည်း သင့်သလောက် ညီတော့မည်သာ။

## ပူဇော်ချီးမြှောက်ထိုက်သော ပူဇနီယပုဂ္ဂိုလ်များ

**သရဏဂုံသီလရှိသူ လူနှင့် သောတာပတ္တိမဂ္ဂဋ္ဌာန်** ပူဇနီယ ပုဂ္ဂိုလ်များကို သုတ္တနိပါတ် အဋ္ဌကထာ၌ "ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝက ၈-ဦး၊ မိဘ(ယောက္ခမများပါ)အကို အမ စသူများ ဟု ပြပြီးလျှင် သရဏဂုံ သီလရှိသော လူနှင့် ပုထုဇဉ် ရဟန်း, သာမဏေများသည် ပဌမအရိယာ (သောတာပတ္တိမဂ္ဂဋ္ဌာန်) ၌ ဝင်ကုန်သည်"ဟု ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ မိန့်တော် မူသည်၊ ထို့ကြောင့်ပင် ဝေလာမ ပုဏ္ဏားဝတ္ထု၌ ဘုရားအမှူးရှိသော သံဃာအား လှူရသည်ထက် သံဃိက ကျောင်း ဆောက်လှူခြင်းက မြတ်သည်၊ ထို့ထက် သရဏဂုံ ၃-ပါးတည်ခြင်း, ၅-ပါးသီလစသည် စောင့်ခြင်းက မြတ်သည် စသည်ဖြင့် ဘုရားရှင် မိန့်တော်မူသည်။

ဤစကားများအရ သီလသိက္ခာ မပျက်စီးသေးသော အလဇ္ဇီရဟန်း, သာမဏေများ ပူဇနီယပုဂ္ဂိုလ်၌ ပါဝင်၍ ၎င်းတို့ကို ပူဇော်ပါက ပူဇနီယ မင်္ဂလာ ဖြစ်ပုံထင်ရှားပြီ၊ ဒုဿီလ ရဟန်း, သာမဏေကို လှူဒါန်းပူဇော်လျှင် ပူဇနီယ မင်္ဂလာ ဖြစ်–မဖြစ် (ဂါရဝမင်္ဂလာ အရာ၌ အကျဉ်းသာ ပြခဲ့၍)ထပ်မံ စိစစ်ရသော်–

**လူရဟန္တာက ပုထုဇဉ် ရဟန်းကို ရှိခိုးရသည်** သာမဏေမှာ သရဏဂုံပြီးသည်နှင့် တပြိုင်နက် သာမဏေစစ်ဖြစ်၍ ရဟန်းမှာ စတုတ္ထကမ္မဝါစာ ဆုံးသည်နှင့် ရဟန်းစစ် ဖြစ်ပြီးလျှင် ကုဋေပေါင်း ၉၁၀၀-နှင့် ၅-သန်း ၃-သောင်း ခြောက်ထောင်သော သိက္ခာပုဒ်တော်များသည် ရဟန်းတော်နှင့်သာမဏေတို့ သန္တာန်၌ ပုဂ္ဂိုလ် အားလျော်စွာ တည်လျက်ရှိတော့သည်။ ဤသို့ ဘုရား၏အာဏာတော်

ဝိနည်းအရာကြောင့်ပင်လျှင် ကိလေသာအားလုံးကင်းပြီးသောလူရဟန္တာ များနှင့် ဝါ ၆၀-ရပြီး ဘိက္ခုနီရဟန္တာမကြီးများက ယနေ့ ပြုသစ်စ ကိလေသာ အပြည့်ရှိနေသေးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရသည်။ ရဟန်းတော် အချင်းချင်းလည်း ကြီးစဉ်ငယ်လိုက် (ရဟန္တာမထေရ်ငယ်က ပုထုဇဉ်မထေရ်ကြီးကို) ရှိခိုးရသည်။

**ရှံပင်ဖြစ်သော်လည်း စေတီအိမ် ဖြစ်လျှင်** ငါဘုရား ဟောထားခဲ့သော ၈၄၀၀၀-ဓမ္မက္ခန္ဓာ တို့သည် ဘုရားပေါင်း-၈၄၀၀၀ ဖြစ်ရစ် လတ္တံ့ ဟူသော ဗျာဒိတ်တော်နှင့်အညီ ဘုရားအာဏာ တော် ဉတ် ကမ္မဝါစာတို့၏ အစွမ်းအားဖြင့် ကုဋေ ၉၀၀၀-ကျော်သော သိက္ခာပုဒ် (၁-ကိုးထောင်တရာ၊ ရှစ်ဆယ်သာ၊ သချ်ာကုဋေထုတ်။ ၂-ငါးသန်း သုံးသောင်း၊ ခြောက်ထောင် ဆောင်း၊ အပေါင်းသိက္ခာပုဒ်၊) တို့သည် ရဟန်းသစ်သန္တာန်၌ တည်နေပြီဖြစ်ရာ စေတီအိမ် မည်သည် ရှံပင်ဖြစ်သော်လည်း ပူဇော်ခြင်းငှါ ထိုက်သကဲ့သို့ ၁၅၀၀-ကိလေသာ မစင် ဘင်ပုပ်တို့ ထွေးရှက်နေသော(ထိုပုထုဇဉ်ရဟန်း၏)ခန္ဓာကိုယ်သည် နိဗ္ဗာန်သို့ဆိုက်၍ တည်နေသော လောကုတ္တရာဘုံသား လူရဟန္တာများက ပူဇော် ဦးခိုက် ထိုက်တော့သည်၊ ထို့ကြောင့် ယခုကာလ လူများသည် ရဟန်းတော်များကို အရိုအသေ ဦးအောင် ပြုခြင်းသည် အပြစ်မရှိဟု သတိပြုကြလျက် ဒုဿီလပင် ဖြစ်သော်လည်း ရဟန်းအသွင်၌ တည်နေ ပါလျှင် ဘုရားအရှိန်အဝါ၊ ထိုကိုယ်တော် အားထုတ်သော တရားအရှိန် အဝါ၊ ဉတ်ကမ္မဝါစာ ရွတ်ဘတ်သော သံဃာတော်များ၏ အရှိန်အဝါကို အာရုံပြုလျက် ပူဇော်လျှင် ပူဇနီယမင်္ဂလာ ဖြစ်တော့သည်။

**ဒုဿီလရဟန်း၏ ဂုဏ် ၁၀-ပါး** ၁-ဘုရား၊ ၂-တရား၊ ၃-သံဃာတော်များ၏ဂုဏ်၌ရိုသေမှု ရှိခြင်း၊ ၄-သီတင်းသုံးဘော်များ၌ ရိုသေမှုရှိခြင်း၊ ၅-ပါဠိအဋ္ဌကထာ သင်ကြားမှု၌ လုံ့လရှိ၍ တရားစကား ကြားနာရမှု များခြင်း၊ ၆-သီလပျက်သော်လည်း ရဟန်း ရှင် လူ ပရိသတ် အလယ်သို့ရောက်သော် ရဟန်းကောင်းတို့၏ အသွင်အပြင် ဆောင်ခြင်း၊

၇-လူများကဲ့ရဲ့မှာ ကြောက်၍ ကိုယ်မှု နှုတ်မှု စောင့်စည်းခြင်း၊ ၈-ရသေ့ သူတော် လူသူတော် အဖြစ်ဖြင့် တရားအားထုတ်နေလိုမှု ရှေးရှုခြင်း၊ ၉-ရဟန်းအခေါ်ခံရမှုရှိ သေးခြင်း၊ ၁၀-မကောင်းမှုကို ပြုသော်လည်း သိုသိုသိပ်သိပ် ပြုခြင်းဟု မိလိန္ဒပဉှာလာ ဂုဏ် ၁၀-ပါးရှိသေးရာ ပညာရှိ သူတော်ကောင်းများသည် ကံကောင်း၍ သာသနာတော်နှင့် ကြုံတွေ့နေ ရသော မိမိအဖြစ် မိမိဘဝကို ကောင်းကောင်းကြီး ကျေနပ်လျက် "အော်–ဘုရားနှင့် ပစ္စေကဗုဒ္ဓါကို ထား၍ ကြွင်းသော ပုထုဇဉ်,အရိယာ သံဃာတော်များအားလုံး အာပတ်သင့်ကောင်းသေးတာဘဲ"ဟုဆင်ခြင် ပြီးလျှင် သူတပါးတို့၏ အလဇ္ဇီ, ဒုဿီလ, အသပ္ပုရိသဓမ္မများ အတွက် နားရှက်မျှ မခတ်ဘဲ ဖြောင့်တန်းစွာ အားထုတ်သွားကြရာသည်။

**ဝင်ပေါက်သာရှိ၍ ထွက်ပေါက် မရှိသော အပါယ် ၄-ဘုံ** တည့်တည့်မတ်မတ် အနေမတတ်ကြ၍ သူတပါးတို့၏ အလဇ္ဇီ ဓမ္မ များနှင့် ပတ် သက်ပြီး နားရှက် ခတ်ကြလျှင် ဝဋ်ကံ စသည် တိမ်းပါးမှုနှင့် လူ့အဖြစ်, ရှင့်အဖြစ် မစင်ကြယ်သည့် အတွက် သေလွန်သော် အပါယ်သို့သာ သွားဘွယ်ရာရှိသည်။ အပါယ် တခေါက် ရောက်လျှင်လည်း "အပါယ်ဟူသည် ဝင်ပေါက်သာ ရှိ၍ ထွက်ပေါက်မရှိ"သဖြင့် ဇာတ်မြှောသွားပြီးလျှင် လူနတ် သုဂတိဘဝနှင့် ဝေး၊ နတ်ပြည်၌ရှိကြသော (သာဝတ္ထိ, ရာဇဂြိုဟ်စသည်မှ ရောက်နေကြ သော) အရိယာ နတ်သား, နတ်သမီးများနှင့်လည်း ဝေး၊ မေတ္တေယျ ဘုရားသာသနာနှင့်လည်း ဝေးတော့မည်သာ ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ယခုဘဝ၌ ပြုထားကြသော ဒါန, သီလ, ဘာဝနာ, ဘုရားတည်,ကျောင်း ဆောက် မြောက်မြားစွာသော ကုသိုလ်များသည် "သဲထဲရေသွန်ပမာ" ဖြစ်မည် သေချာတော့သည်။

**အပြစ်မရှု စိတ်မခုကြရန် ဥပမာ တနည်း** သမုဒ္ဒရာ၌ သင်္ဘောပျက်၍ နစ်မြောနေသူ များကို သမုဒ္ဒရာ စောင့် နတ်မင်းက မြင်၍ ဆယ်တင် လိုသော်လည်း ကုသိုလ် ကံဟောင်း နည်းလှ၍ အခွင့်မရဘဲ ရှိနေရာတွင် တိုင်များဖန်ဆင်းပေးပြီး

ကိုင်ထားကြ၊ ၅-ပါးသီလနှင့်တကွ ကာယကံစသည်များ ထိန်းသိမ်းကြ၊ ငါး လိပ် စသည်များကို မပြစ်မှားကြနှင့်၊ ပြစ်မှားလျှင် တိုင်ပေါ်က ကျမည်၊ ဤကုသိုလ်ကြောင့် နက်ဖြန် သောင်ကြီးတခု အစားအစာ များနှင့် တွေ့ရမည်၊ရေမလွတ်သေး၊နောက် သောင်အဆင့်ဆင့် ပြောင်း၍ ၁၀-ရက်ကြာလျှင် နတ်မင်းကြီးတဦး လာ၍ ရတနာ သဘောကြီးနှင့် ဘေးကင်းရာပို့၊ အတုမရှိ သာယာပြည့်စုံသော မြို့ကြီးသို့ ရောက်၊ သူဌေး ကြီးများစည်းစိမ် ခံစားရမည်–ဟု နတ်မင်းကြီးက စနစ်တကျ သင်ပေးရာ သင်ပေးသည့်အတိုင်း စိတ်ခိုင်ခိုင်ထားကြသဖြင့် နောက်ဆုံး ချမ်းသာသို့ ရောက်ကြရသည်၊ ဤစကားရပ်များ၌ ပထမ သမုဒ္ဒရာစောင့်နတ်မင်းသည် ဂေါတမဘုရားနှင့်တူ၍ ဒုတိယနတ်မင်းကြီးမှာ အရိမေတ္တေယျ ဘုရားနှင့် တူသည်။ ဖန်ဆင်းပေးသော တိုင်များသည် လူ့ဘဝ, သောင်အဆင့်ဆင့် သည် သုဂတိဘဝအဆင့်ဆင့်နှင့် တူသည်၊ တဘက်ကမ်းရှိ မြို့ကြီးသည် နိဗ္ဗာန်နှင့်တူသည်၊ ရေသတ္တဝါများသည် အလဇ္ဇီ မသူတော်များနှင့်တူ၍ ၎င်းတို့အတွက် နားရွက်ခတ်, ဝစီကံစသည်ဖြင့် ပြစ်မှားလျှင် တိုင်တည်း ဟူသော လူ့ဘဝမှ ရေနက်တည်းဟူသော အပါယ်သို့ ကျရန်သာရှိတော့ သည် ဟူသော ဥပမာဖြင့်လည်း စိတ်ဓာတ်ခိုင်မာနိုင်ကြပါစေ။

**သဒ္ဒါတိဿမင်းကြီး၏ အတုယူဘွယ် သဒ္ဓါ** သီဟိုဠ်ကျွန်း၌ သဒ္ဒါတိဿမင်းကြီး ဆင်စီး၍ မြို့တော်ကို လှည့်သောအခါ မြို့ကျုံး၌ ရဟန်း တပါး (ငါးများနေရာ မင်းပရိသတ်ကို မြင်မှ တက်၍ သစ်ပင်ရင်းသွားထိုင်နေသည်)ကို မြင်သဖြင့်ဆွမ်းကပ်လိုသော စိတ် ပေါ်လာသည့်အလျောက် နန်းတော်ရောက်သောအခါ သူ့ ပွဲတော်အုပ် ကို မှူးမတ်များအား လှူဒါန်းစေသည်၊ တခါပြန်၍ ငါးများနေခိုက် ကိုယ်တော်သည် ဆွမ်းအုပ်လာလှူသော မှူး မတ်များကို မြင်သဖြင့် ငါးများမှုကိုဖြတ်, သစ်ပင်ရင်းသို့ ကပ်သော်လည်း အမှုကို မြင်သွားသော မှူးမတ်များက ဆွမ်းမကပ်တော့ဘဲ ပြန်သွားပြီး "ဒုဿီလဖြစ်၍ မကပ်ခဲ့ ကြောင်း" အကြောင်းစုံ လျှောက်ထားရာ မင်းကြီးက "ထိုရဟန်းသည် သင်တို့ကိုမြင်၍ ငါးများမှုကို လွှတ်ပြီး သစ်ပင်ရင်းသို့ ကပ်သည်ကား

ဟိရိဩတ္တပ္ပရှိသေးသောကြောင့် ဖြစ်သည်၊ သူတော်ကောင်း ဥစ္စာရတနာတွင် ပါဝင်သော ဟိရိဩတ္တပ္ပသည် အတိုင်းမသိ အဘိုးထိုက်သည်။ တထပ်စာပွဲတော်ထမင်းဟာ ဘာမျှ တန်ဘိုးမရှိ၊သွားကပ်ချေ” ဟု မိန့်ပြီး ပညာနှင့်ပြည့်စုံသောမင်းကြီးသည် ဒုသီလ သန္တာန်၌ရှိသော ဟိရိဩတ္တပ္ပကို ပူဇော်သောအားဖြင့် ပူဇနီယမင်္ဂလာကို ရယူသည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ အလဇ္ဇီဒုဿီလ မှန်သောကြောင့် မကိုးကွယ်သူမှာ အသေဝနာ ၁စ ဗာလာနံ မင်္ဂလာဖြစ်–မဖြစ်၊ တမျိုးတဖုံ ဆည်းကပ် ကိုးကွယ်လျှင်လည်း ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ ဖြစ်နိုင်–မဖြစ်နိုင် သဗ္ဗိရေဝ သမာသေထ ဒေသနာကိုရှုလျက် အပြုသဘော ရေးသားပါ။

၂။ ရဟန်းသံဃာကို ကိုးကွယ်ဆည်းကပ်ရေး၌ အိမ်ဆောက် သစ်ရှာ ဥပမာနှင့် ညွှန်းပြ၍ ချုံပေါ်တင်နေသော သင်္ကန်းတော်တပိုင်းကို အရဟတ္တဓဇ အနေ ရှိခိုးသော တောသွား ယောကျ်ားတယောက်၏ အကျိုးရပုံကိုလည်း အပါဒါန်ပါဠိတော်လာတိုင်း ရေးသားပါ။

၃။ သုတ္တနိပါတ် အဋ္ဌကထာလာ ပူဇနီယပုဂ္ဂိုလ်များကို ပြ၍ ပထမ အရိယာ သောတာပတ္တိ မဂ္ဂဋ္ဌာန်အား လှူလိုသော် ယခုအခါ မည်သည့်ပုဂ္ဂိုလ်များကို လှူရမည်နည်း။ အဋ္ဌကထာလာတိုင်း ညွှန်ပြီးလျှင် ဒုဿီလ ရဟန်း သာမဏေများအား လှူရာဝယ် ပူဇနီယမင်္ဂလာ ဖြစ်ရေး–မဖြစ်ရေး ဆွေးနွေးပါ။

၄။ အဘယ့်ကြောင့် လူရဟန္တာ, ဘိက္ခုနီရဟန္တာမကြီးများက သိမ်ဝင်ပြီးစ ပုထုဇဉ်ရဟန်းငယ်အား ရှိခိုးရပါသနည်း၊ အချို့ပဋိပတ် ယောဂီ ကိုယ်တော်များက ပဋိပတ်သမား မဟုတ်သော ဆရာတော်ကြီးများကို အရိုအသေ မပေးကြဟုဆိုလျှင် သာသနဝါဒ ဟုတ်–မဟုတ် စိစစ်ထုတ်ပြပါ။

၅။ လူများ အပြစ်ကင်းအောင် ရဟန်းအသွင် ရှိနေသူများအား ဒုဿီလပင်ဖြစ်သော်လည်း အရိုအသေပြုသင့်ကြောင်း စေတီအိမ် ဥပမာနှင့်တကွပြ၍ ရဟန်းတော်များ ကျင့်သုံးရသော သိက္ခာပုဒ် အပေါင်းကိုလည်း ရေတွက်ပြပါ။

၆။ ဒုဿီလရဟန်း၏ ဂုဏ် ၁၀-ပါးကို ပြ၍ အာပတ်မသင့်ကောင်းသူ ၂-ဦးကိုပြပြီးလျှင် ယခုကာလ အပြစ်ပြောရဲကြသော ဘုရား ဒကာ, ကျောင်းဒကာများ သဘောပေါက်အောင် ကျပေါက် သာရှိ၍ တက်ပေါက်မရှိသော ၄-နေရာကိုပြလျက် ရေးသားပါ။

၇။ သဘော်ပျက်ဥပမာ၌ နတ်မင်း ၂-ပါးနှင့် တူသော ပုဂ္ဂိုလ်များ ကို ပြ၍ သမုဒ္ဒရာအတွင်းရှိ ငါး လိပ် စသည်များကိုပြစ်မှား၍ တွယ်ထားသော တိုင်မှ ကျသူများသည် မည်သည့်ပုဂ္ဂိုလ်များနှင့် တူပါသနည်း။ သဒ္ဒါတိဿမင်းကြီး ဒုဿီလအား ပွဲတော်အုပ် လှူခိုင်းရာ၌ စေတနာထားပုံကိုလည်း ရေးသားပါ။

---

## ဗုဒ္ဓမမ္မသံဃာ့ဂိုဏ်းသင့်အောင် ထိခိုက်မှုဆိုင်ရာ အပြစ်များစွာ

**ပြစ်မှား ထိခိုက်လျှင် ဒဏ်၁၀-ပါးထိတတ်သည်**

"ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ" စသည်နှင့် အညီ သုဒ္ဓ အနင်္ဂဏ ဖြစ်၍ မပြစ်မှားထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့အား အလွန် ကြမ်းကြုတ် ရက်စက်သော ကာယကံ ဝစီကံတို့ဖြင့် ပြစ်မှားထိခိုက်သောသူသည် (၁) ပြင်ထန်း သော ရောဂါရတတ်ခြင်း၊ (၂) စီးပွါးပျက်တတ်ခြင်း၊ (၃) လက်ခြေအင်္ဂါ ချွတ်ယွင်းတတ်ခြင်း၊ (၄) ကုဋ္ဌ စသော ရောဂါကြီး ရတတ်ခြင်း၊ (၅) ရူးသွပ်တတ်ခြင်း၊ (၆) မင်းဘေး သင့်၍ စည်းစိမ် ပျက်တတ်ခြင်း၊ (၇) အစွပ်စွဲ ခံရတတ်ခြင်း၊ (၈) မိမိ၏မှီရာ ဆွေမျိုးအဆက် ပြုန်းတီး တတ်ခြင်း၊ (၉) စည်းစိမ် ဥစ္စာ အခြေအနေ ပြောင်းလဲ ပျက်စီးတတ် ခြင်း၊ (၁၀) မိမိအိမ်ကို မိုးကြိုး လောင်မီးနှင့် ပကတိမီးတို့

အလောင်ခံရခြင်းဟူသော ဒဏ် ၁၀-ပါး ထိတတ်ကြောင်း ဓမ္မပဒ၌ ဟောတော်မူသည်။ (သာမန်ပုဂ္ဂိုလ်တို့အား ထိခိုက်လျှင် ဒဏ်၁၀-ပါး မထိုက်သော်လည်း ကြမ်းထမ်းသော စွပ်စွဲချက် အားလျော်စွာ အပြစ် ကြီးမားလှသည်။ ဒုဿီလကိုပင် ဒုဿီလမှန်းသိလျက် ဒုဿီလစကားဖြင့် ထိပါး ပြောဆိုသော် စကား အခွန်းတိုင်း အခွန်းတိုင်း ဖရုသဝါစာ ကမ္မပထ မြောက်သည်။)

**ဝိနည်းမိုရ်ဆရာတော်ကြီးများ၏ ကြီးမားသော စေတနာ** ဒုဿီလကို ဒုဿီလမှန်းသိလျက် ဟူသော စကားသည် အမှန်သိရန် ခက်သည်၊ မှန်၏၊ သိမ်မွေ့လှသော ပါရာဇိက အာပတ္တာဓိကရုဏ်းကို ဆုံးဖြတ်သော ဝိနည်းမိုရ်သည် ဤသူကား ဒုဿီလ ဟု ဆုံးဖြတ်ရန် ခက်သည်။ အမှုသွားကို ကျနစွာ စစ်ဆေး၍ အပြစ် လွတ်အံ့ထင်လျှင် သုဒ္ဓ–စင်ကြယ်စေဟု ဆုံးဖြတ်လေ၊ အပြစ်ငြိရိပ်ထင် သော် ပါရာဇိကဟု မဆိုသေးမူ၍ လွတ်နိုင်မည့် နည်းလမ်း ရအောင်ရှာ၊ ရှာမရလျှင် အခြားဝိနည်းမိုရ်တပါးထံ လွှတ်ရမည်။

ဒုတိယ တတိယ စသော ဝိနည်းမိုရ်များကလည်း လွတ်အံ့ထင်လျှင် သုဒ္ဓဟု ဆုံးဖြတ်၊ မထင်လျှင် ပါရာဇိကဟု မဆိုသေးဘဲ နောက်ဝိနည်းမိုရ် ထံပို့၊ ဤသို့နည်းဖြင့် ဆောင်ရွက်၍ ပထမဝိနည်းမိုရ်ထံ ပြန်ရောက်လာ အံ့၊ အသုဒ္ဓ, ပါရာဇိကဟု မဆုံးဖြတ်ဘဲ တရားအားထုတ်ခိုင်းရမည်၊ အားထုတ်၍ စိတ် ပူလောင်လှပါသည် (သမာဓိ မဖြစ်ပါ) ဟု ဆိုလျှင် "စိတ်အေးရာ အခွင့်ကို ရှာတော့ငါ့ရှင်"ဟု မိန့်ရမည်၊ စိတ်ငြိမ်သက်သည် ဆိုက "ကောင်းကောင်း နေလေတော့"ဟု ပြောလွှတ်ရမည်ဟု ဝိနည်းမိုရ် လုပ်နည်းကို အဋ္ဌကထာကြီးများ ညွှန်ပြသည်။

**မိမိအတွက် သူတပါးမှာ သာသနာမပျက်စေသင့်** ဤသို့ ခဲယဥ်း၍ အသိခက်သော အရာကို "သင် ပါရာဇိကကျ၍ ဒုဿီလ ဖြစ်ပြီ" ဟု အလွယ် ဆုံးဖြတ်ခဲ့သော် ကျသူ ဖြစ်လျှင် ဝိနည်းမိုရ်မှာ တော်ပါ၏၊ မကျသူကို အကျဆိုလျှင် ထိုသူ၏ ကုဋ္ဌေ

၉-ထောင်ကျော်သော သိက္ခာပုဒ်တွေကို ဝိနည်းမိုရ်က ဖျက်ဆီးပစ်ရ ရောက်တော့သည်။ ထို့ကြောင့် ရဟန်းသံဃာတော်များကို ချွတ်ယွင်းချက် အချို့ကို မြင်ရုံတွေ့ရုံမျှဖြင့် နှုတ်သွက် လျှာသွက် မိမိသဒ္ဒါ မထက်သည် အားလျော်စွာ (မိမိ၏ ဒေါသ, ကောဓ, အညာဏ အားလျော်စွာ) အလဇ္ဇီ, ဒုဿီလဟု ပြောဆို ထိခိုက်ခြင်းသည် ၂-သိန်း ၄-သောင်း ယူဇနာ အထုရှိသော မဟာပထဝီ မြေကြီးကို ရွက်ထားရသကဲ့သို့ ဝန် လေးလှတော့သည်။ ထို့ကြောင့်——

"ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဂူဒမပ္ပဟာယ ယထာဘတံ နိက္ခိတ္တာ၊ ဇေဝံ နိရယေ=အယူ မှားသူ, သီလဝန္တကို စွပ်စွဲဆဲရေးသူ၊ ဤ၂-ဦးတို့သည် ရွက်လာသော ဝန်ထုပ်ကို အိမ်သို့ရောက်က ချထားလိုက်ရသကဲ့သို့ သူ ပြစ်မှု ၂-ပါးဖြင့် ငရဲသို့ ချထားအပ်ကုန်သည်" ဟု မိန့်တော် မူသည်။ (အယူမှားကိုစွန့်လျှင်,ဆဲမိသူကို တောင်းပန်ဝန်ချလျှင် လွတ်ခွင့်ရှိသည်။)

**နောက်က မာတုဂါမ အမြဲ ပါနေသော ရဟန်း တပါး**

ကဿပဘုရားလက်ထက် သစ်ပင်စောင့် နတ်တဦးသည် အလွန်ခင်မင်သောရဟန်း ၂-ပါးကို အလို စမ်းသော အားဖြင့် အခင်းသွားပြီး၍ ချုံမှထွက်လာသော ရဟန်းနောက်သို့ မာတုဂါမယောင် ဆောင်၍လိုက်သည်။ ထိုရဟန်းကား မာတုဂါမကို မမြင်၊ အဖော်ရဟန်း ကသာ မြင်သဖြင့် ဒုဿီလဟု စွပ်စွဲသည်။ မြို့ရွာရောက်သော အခါလည်း ၎င်းနှင့်အတူ ဥပုသ်မပြု၊ ထိုနတ်ကိုယ်တိုင်လာပြီး "ချစ်ကြည်မှုကို သိလို၍ သူ အလိုစမ်းကြောင်း" လျှောက်သော်လည်း ယုံကြည်မှုမရ၊ ရဟန်း ၂-ပါး စပ်မရတော့ပေ၊ ထိုနတ်သား သေပြီး ယင်းကျီစားသော အကုသိုလ်ကံ ကြောင့် ငရဲကျ၍ ဂေါတမဘုရားလက်ထက် ကောဏ္ဍဓာနရဟန်း ဖြစ်လာ သည်။ သွားလေရာရာ မာတုဂါမသူယောင် အမြဲပါ၏၊ ၎င်း ရဟန်း မမြင်သော်လည်း သာဝတ္ထိမြို့နေ ရဟန်း, ရှင်, လူများ အားလုံး မြင်ကြ၍ (ရဟန္တာ မဖြစ်မီ) ဒုဿီလရဟန်းဟုသာ စွပ်စွဲဆဲရေးခံရသည်။ (အပြစ် ငယ်သော်လည်း အကုသိုလ်ကား အဆိပ်ပြင်းလှ၏။)

**ပရိက္ခရာမက်၍ ၇-ခါ လူထွက်ရသော ထုံး** ကဿပ ဘုရား လက်ထက် အတူနေ ရဟန်း ၂-ပါးတွင် တပါးက လူထွက် လိုကြောင်း ပြောရာ ကျန်တပါးက တားရှာသည်။ နောက်အခါတွင်ကား သင်္ကန်း သပိတ် ပရိက္ခရာကို လိုချင်သဖြင့် မတားတော့ဘဲ လူထွက် ဖြစ်အောင် ဟောရာ လူထွက်တော့သည်။ ထိုရဟန်းသည် ငါတို့ဘုရားလက်ထက် စိတ္တဟတ္ထကမထေရ် ဖြစ်လာပြီး ရှေးဝိပါက်ကြောင့် ၇-ခါ လူထွက်အရှက်ရကာ ဝဋ်ခံရသည်။ ဤထုံးများကို ထောက်၍ သီလဝန္တ ရဟန်းများကို လူထွက် စေလိုမှုဖြင့် စွပ်စွဲ ကဲ့ရဲ့ခြင်း, ဒေါသာဂတိဖြင့် ဆဲရေးခြင်း, အထင်မှားအောင် ပုတ်ခြင်းများကို ရှောင်ရှား၍ အယုတ်သဖြင့် ရဟန်း, သာမဏေဘဝ၌ ပျော်နေသော မိမိတို့၏ သား, သမီး, မြေး, မြစ်များကို လူထွက်အောင် ဖြားယောင်း သွေးဆောင်ခြင်းများ မပြုအပ်သည်သာ။

**အပြစ်ပြောပုံ ၂-မျိုး** ပုဂ္ဂလဓိဋ္ဌာန် ထိခိုက် နစ်နာအောင် တိုက်ရိုက်သော်ငင်း, သွယ်ဝိုက်၍ သော်ငင်း မပြောကောင်းပေ၊ အကျိုးလိုလားသော စေတနာ စိတ်ထားပါလျှင် ပုဂ္ဂလဓိဋ္ဌာန်လည်း ပြောနိုင်ပါသည်၊ "အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ"နှင့်လည်း ညီသည်၊ ဓမ္မဓိဋ္ဌာန် ပြောလိုလျှင် ၎င်းပုဂ္ဂိုလ်များ၌ ဖြစ်ပွါးနေသော အလဇ္ဇီဓမ္မ, ဒုဿီလ ဓမ္မများကိုသာ ထိပါးစေရမည်၊ ပုဂ္ဂိုလ်ကို မထိပါးစေရ၊ "လောဘစသော တရားဆိုးများသည် အရှက်မရှိ, ညစ်ညမ်းဆိုးဝါး၍ ဤဘဝမှာလည်း ရှက်ဘွယ်ကောင်း, နောင်ဘဝမှာလည်း အပါယ်သို့ချဦးမည်၊ ငါ့မှာလည်း အပါယ်ကျစေမည့် ရှေးက ပြုခဲ့သော အလဇ္ဇီ ဒုဿီလဓမ္မများ များလှသည်ဖြစ်ရာ တဒင်္ဂကုသိုလ်နှင့်သာ အားရနေလျှင် အပါယ်ဝန် လေးလှသေးသည်" စသည်ဖြင့် သူတပါး အပြစ်မြင်သော် ထိုအပြစ်များကို မိမိကိုယ်သို့ ဆောင်သဖြင့် မိမိ အပြစ်များပေါ်လာပြီး သံဝေဂရဘို့ ဖြစ်သည်၊ မှန်၏၊ အလောင်းတော် သိဒ္ဓတ္ထသည် သူအို, သူနာ, သူသေကို မြင်၍ ၎င်း အို, နာ, သေကို မိမိအပေါ်တင်ကာ ဆင်ခြင်သဖြင့် သံဝေဂဉာဏ် ပြည့်စုံရသည်။

**လက်ထပ်ပွဲတွင် သူအိုကို မြင်၍သံဝေဂထင်သောထုံး** ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးရှင်ရေဝတ ကို ရဟန်းပြုမည်စိုး၍ ၇-နှစ် အရွယ်ကပင် မိဘများက လက်ထပ်ပွဲပြုကြရာ မင်္ဂလာ လက်ထပ်ပွဲ၌ အသက်ကြီးသူများကို ကန်တော့စေသည်၊ ထိုအခါ ဘိုး ဘွား များက "ငါတို့လို အသက်ရာကျော် ရှည်ပါစေ" ဟု ထုံးစံအားလျော်စွာ ဆုပေးရာ ထိုအဘွားအိုကြီးကို မြင်၍ အိုမည့်သဘောကို မိမိထံ ဆောင် ကာ သံဝေဂရပြီး တောထွက် ရဟန်းပြုသည်၊ ဤသည့်ပညာရှိထုံး နှလုံး မူနိုင်ကြပါစေ။

**လဇ္ဇီသူတော်ကောင်းဖြစ်ဘို့ ထိန်းကျောင်း ပြုပြင်ပါ** တဒင်္ဂလဇ္ဇီ, ဇာတိလဇ္ဇီ ဟူ၍ ၂-မျိုးရှိရာ အလဇ္ဇီ ပုဂ္ဂိုလ်သည် သံသရာ ဘေးကို ကြောက်၍ သံဝေဂ ထင်သဖြင့် မိမိ လွန်ကျူးသော သိက္ခာပုဒ် အာပတ်များကို ဆေးကြော သုတ်သင် လိုစိတ်, နောင် စောင့်စည်းလိုစိတ်များ ပေါက်လျှင် တဒင်္ဂလဇ္ဇီ ဖြစ်ပေ ပြီ၊ မှန်၏၊ လဇ္ဇီ အလဇ္ဇီတို့၏ အဖြစ်သည် စိတ်ဖြစ်မှုနှင့် စပ်သည်ဟု နောက်ကဆိုခဲ့ပြီ၊ တဒင်္ဂလဇ္ဇီသည် တဒင်္ဂဆိုသည့်အားလျော်စွာ သက္ကာယ ဒိဋ္ဌိ မကင်းသေးသဖြင့် ကိလေသာအားလျော်စွာ ရံခါလဇ္ဇီ,ရံခါ အလဇ္ဇီ ၂-မျိုး ဖြစ်နိုင်သည်၊ အကြွင်းမဲ့ ပယ်သတ်သော သမုစ္ဆေဒပဟာန် သောတာပတ္တိမဂ်ဉာဏ် ရလျှင်ကား ဇာတိလဇ္ဇီဖြစ်တော့ပြီ၊မှန်၏၊အရိယာ ပုဂ္ဂိုလ်များသည် သိလျက် စေတနာဖြင့် ဘုရား အာဏာတော်များကို ပုန်ကန်တော်လှန်မှု မရှိကြတော့ပြီ။

**လဇ္ဇီနှင့် သူတော်ကောင်း** ကာယ, ဝစီ ဒွါရ ၂-ပါး စောင့်စည်း နိုင်လျှင် လဇ္ဇီ ဖြစ်သော်လည်း သူတော် ကောင်း အဖြစ်သို့ အပြည့်အစုံမရောက်သေး၊ ဝိနည်းကိုသိ, ဝိနည်းကိုလေးစား၍ ကိုယ်နှုတ် ၂-ပါး စင်ကြယ်သော်လည်း "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" နှင့်အညီ အာပတ် မသင့်ကောင်းသော မနောဒွါရဆိုင်ရာ ပါပဓမ္မ ဒုစ္စရိတဓမ္မတို့ များစွာရှိသေးရာ ၎င်းတို့ကိုလည်း စင်ကြယ်စေမှ လဇ္ဇီ

ထက်သာသော သူတော်ကောင်းအဖြစ်သို့ ပြည့်စုံစွာ ရောက်နိုင်သည်။ (၁) ကတညုတ ကတဝေဒိဂုဏ်၊ (၂) ကလျာဏမိတ္တဂုဏ်၊ (၃) ပဏ္ဍိတ သေဝနဂုဏ်၊ (၄)ဆင်းရဲပင်ပန်းနေသော မိတ်ဆွေ၏ကိစ္စကို ရှေးကထက် တိုး၍ ရှက်ဆောင်သောဂုဏ်၊ ဤလေးပါးစုံလျှင် သူတော်ကောင်းမည်၏ ဟု စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်၌ သိကြားမင်းအမေးကို ဘုရား လောင်း ဖြေထားပုံမှာလည်း မှတ်သားဘွယ်ပင်ဖြစ်သည်။

**ညွှန်ပြအပ်သော ဝိနည်း၂-ပါး** လူများဆိုင်ရာ အာဂါရိယ ဝိနည်း, ရဟန်းတော် များဆိုင်ရာ အနာဂါရိယ ဝိနည်း ၂-ပါး ရှိရာ ဆိုင်ရာဆိုင်ရာ သင်ကြားရုံမျှဖြင့် သုသိက္ခိတမင်္ဂလာ မဖြစ်၊ ညွှန်ပြတော်မူတိုင်း ကောင်းစွာကျင့်မှသာ မင်္ဂလာဖြစ်သည်၊ ထို့ကြောင့် သုသိက္ခိတပါဌ်ကို "သင်ကြား"ဟူသော အနက်ကိုကျော်၍ "ကျင့်အပ်"ဟူသော အနက်အထိ ရောက်စေရမည်၊ (ဤပါဌ်ဖြင့် ရဟန်း ဝိနည်းကို လူများသင်ကြားခြင်းသည် မင်္ဂလာဟု ဆိုလိုရင်းမဟုတ်၊ လူ ရော ရှင်ပါ ဆိုင်ရာ ဆိုင်ရာ ဝိနည်းကို သင်လည်းသင်, ကျင့်လည်းကျင့်မှ မင်္ဂလာဖြစ်သည်ဟု ဆိုလိုသည်။)

**လူများဆိုင်ရာ ဝိနည်း** အကုသလ ကမ္မပထတရား ၁၀-ပါးကို ရှောင်၍ ကုသလ ကမ္မပထတရား ၁၀-ပါးနှင့် ပြည့်စုံစေရမည်၊ ပါဏာတိပါတစသော ၁၀-ပါးကို ရှောင်ရာ၌ တပါး တပါးတွင် "ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ နက်လေးဆူ၊ မှတ်ယူပြားလေးဆယ်" ဟူသော ဒသနိပါတ် အင်္ဂုတ္တိုရ်ဲ စကားနှင့်အညီ ၄-ပါးစီ ပြားသဖြင့် အကုသလကမ္မပထ (ဒုစရိုက်)တရား ၄၀-ပြား သည်၊ (ကိုယ်တိုင်ပြုမှု, တိုက်တွန်းခိုင်းစေမှု ဤ ၂-ပါးမှာ ထင်ရှားပြီ။) အတုလိုက်၍ သူတပါးပြုချင်အောင် "မောင်ပြု တံငါလုပ်၍ ချမ်းသာတာ ဘဲ"စသည်ဖြင့် ပြောလျှင် ချီးမွမ်းရာရောက်၍ ၎င်းချီးမွမ်းသံကို ကြားပြီး မောင်နီ အတုလိုက်ပြုလျှင် ချီးမွမ်းသူမှာ ပါဏာတိပါတ ကမ္မပထ မြောက်၍ သိက္ခာပျက်သည်၊ မရည်ရွယ်ဘဲ သာမန်ချီးမွမ်းလျှင် အတု

ပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ သိက္ခာပုဒ် ညစ်နွမ်းရုံသာတည်း၊ မိမိမှန်းသောသူ သေပြီဟုကြား၍ နှစ်သက်ကျေနပ်မှုကား "စိတ်တူသည်" မည်၍ သိက္ခာပုဒ် ညှိုးနွမ်းသည်၊ ထိုအတူ "ဈေးမှာ ငါးတွေပေါတယ်"ဟု ပြောသံကြား၍ ဝမ်းမြောက်လျှင်လည်း စိတ်တူသည် မည်သည်သာ။

**အသားဟင်းကျွေးသော တောရွာအလှူကြီးများ** အသားဟင်းမပါလျှင် သံဃာတော်တွေကလဲ မကြည်သာကြ, ရပ်ရွာကလည်း မချီးမွမ်းကြသဖြင့် အလှူရှင်ကို "သိသာသိစေ,မမြင်စေနှင့်"ဟူသော ဆောင်ပုဒ်အရ ဝေယျာဝစ္စသမားများက ဆောင်ရွက်ကြရာ အလှူရှင်လည်း စိတ်တူရာရောက်၍ သီလညှိုးနွမ်း, ဝေယျာဝစ္စသမားများလည်း သီလပျက်,သံဃာတော်များမှာလည်း အမြင်အကြား ယုံမှားမှုဟူသော အစွန်း ၃-ပါး ငြိစွန်းဘွယ်ရှိသဖြင့် "ကုသိုလ်တပဲ ငရဲတပိဿာ" မဖြစ်ရအောင် (ကုသိုလ်အဖြူ၌ အကုသိုလ်အမဲ မရောရလေအောင်) အသိပညာ ရှိကြရန် သင့်သည်၊ ပါဏာတိပါတသိက္ခာပုဒ်၌ ပရိယာယ် မရ ဟုလည်း တင်းကြပ်စွာ မိန့်မှာသည်၊ (ကုသိုလ်ကြောင့် ချမ်းသာသော်လည်း အကုသိုလ်ကြောင့် ဒါးပြုလူဆိုးတို့ အသတ်ခံရခြင်းစသည်တို့သည် ကုသိုလ်အဖြူနှင့် အကုသိုလ်အမဲရော၍ အကျိုးပေးပုံတည်း။)

**အကျင့်ဂုဏ်စုံမှ မင်္ဂလာ** လူ့ဝိနည်းအတွက် ဒုစရိုက် ၄၀-ကို လုံရုံဖြင့် မပြည့်စုံသေးပါ။ အဋ္ဌကထာ၌ "အာစာရဂုဏဝတ္တနေန သုသိက္ခိတော"ဟု မိန့်တော်မူခြင်းကြောင့် သိင်္ဂါလောဝါဒ (ဂိဟိဝိနယ) သုတ်လာ မိဘ၌ ပြုအပ်သောဝတ်,သားသမီး၌ ပြုအပ်သောဝတ် စသည့်ဝတ္တရား(အကျင့်ဂုဏ်)တို့ပါ ပြည့်စုံပါမှ အသီးအသီးဆိုင်ရာ မင်္ဂလာများနှင့် ပြည့်စုံမည်ဖြစ်သည်။

**လူများ ရဟန်းဝိနည်းကို သင်ကောင်းသည်** ဝိနယော စ သုသိက္ခိတော မင်္ဂလာပါဠ်သည် လူများ ရဟန်းဝိနည်းကို သင်ကြားသင့်ကြောင်း မရည်ညွှန်းသော်လည်း လူများအတွက် မိမိဆိုင်ရာ (လူ့ဝိနည်းဆိုင်ရာ)များ ပြည့်စုံ၍ သူတော်စင်များ

ဖြစ်နေပါမူ "ပုဏ္ဏားတဦးသည် သံဃာတော်များ ရဟန်းဝိနည်း ရှုတ်သံကို ကြားသဖြင့် သဒ္ဓါပေါက်ပြီး ရဟန်းပြုသည်"ဟု အဋ္ဌကထာလာသည့် အားလျော်စွာ ရဟန်းဝိနည်း တတ်သဖြင့် သဒ္ဓါတိုးဘွယ် ရှိရကား သင်ကြားသင့်သည်။ လူ့ ဝိနည်း ဆိုင်ရာများကို သင်ကြား အားထုတ်ကျင့်ကြံမှု မရှိဘဲ ရဟန်း ဝိနည်းကိုသာ ကျော်၍ သင်ကြားပါမူ "မရောင်ရာ ဆီလူး"ဟု ဆိုဘွယ်ရာရှိသည်။ ဝိနည်းတော်နှင့် မညီသော ရဟန်း,သာမဏေများကို တွေ့မြင်တိုင်း နှလုံးသွင်း မကောင်းဘဲ စွပ်စွဲဆဲရေးတတ်သော သူများလည်း အကျိုးထက် အပြစ်များဘွယ်ဖြစ်သဖြင့် သင်ကြားခြင်းငှါ မထိုက်ပေ။ ဒုဿီလကိုသော်လည်း စွပ်စွဲဆဲရေးမှု အပြစ်ကြီးပုံ ဖော်ပြခဲ့ပြီ။

**ဝိနည်းတတ်သော လူအာဇာနည်များ** မြတ်စွာဘုရား လက်ထက်တော်က စိတ္တသူကြွယ် စသော ဒကာများ, ခုဇ္ဇုတ္တရာ စသော ဒကာမများ, ဝိနည်းပိဋကနှင့်တကွ ပိဋက ၃-ပုံလုံး နှုတ်ငုံဆောင်ကြသလို ပေါက္ကံပြည် သခေ်ပဏ္ဏနာကျမ်းပြု အရှင် ဆပဒနှင့်အတူ သီဟိုဠ်မှ ပါလာသော ရှင်ရာဟုလာသည် ပေါက္ကံမှ သီဟိုဠ်သို့ ပြန်ရာ မာလာယုကျွန်း အရောက် ၎င်း မာလာဟု ဘုရင်က ကိုးကွယ် ပူဇော်သဖြင့် နေ့စဉ် နန်းတော်သို့ ဝင်ပြီး မင်းအား ဝိနည်း ခုဒ္ဒသိက္ခာနှင့် လက်သန်း အဋ္ဌကထာကို ချပို့ပေးရသည်ဟု ပေါက္ကံရာဇဝင်မှာ လာသည်။ မန္တလေး မင်းတုန်းမင်းကြီး၏ စကြာဒေဝီ မိဖုယားကြီးသည်လည်း သုတ္တန်, အဘိဓမ္မာများကို သင်ကြားပြီး ဘိက္ခုဝိဘင်းမှစ၍ ဝိနည်း ၅-ကျမ်းလုံး ကြည့်ရှု ဖတ်နာသည်ဟု စာတော်ဘတ်တို့ လျှောက်ထားကြောင်း လယ်တီဆရာတော်ကြီး မိန့်သည်။

## ဖြေဆိုရန်မေးခွန်းများ

၁။ မည်သည့်ပုဂ္ဂိုလ်အား ကိုယ်နှုတ်တို့ဖြင့် ကြမ်းထမ်းစွာ ထိခိုက်လျှင် ဒဏ် ၁၀-ပါး ထိုက်ကြောင်း၊ ၁၀-ပါး သရုပ်ပါ ဓမ္မပဒ

လာ်တိုင်း ထုတ်ပြ၍ ဒုဿီလအား သိ၍ ဒုဿီလ စကားဖြင့် ဆဲရေးသော် မည်သည့်အပြစ် ရောက်ကြောင်း ရေးသားပါ။

၂။ ဒုဿီလ ပုဂ္ဂိုလ်ဟု အတိအကျ အသိခက်ပုံကို အဋ္ဌကထာလာ ဝိနည်းမိုရ် စစ်တမ်းဖြင့် ပြ၍ မိမိမလိုလားသူ ရဟန်း၏ ချွတ်ယွင်းချက်ကိုပြ၍ ကောဓအားလျော်စွာ ပါရာဇိကဟု ရေးသား ပြောဆို စွပ်စွဲသောရဟန်း အပြစ်ကြီးလေးပုံ ဥပမာ ပါဠိ သာဓက တို့ဖြင့် ညှိနှိုင်း ရေးသားပါ။

၃။ အကုသိုလ်တို့၏ သေးငယ် သိမ်ဖျင်းပါလျက် အဆိပ်ပြင်းပုံကို မာတုဂါမ နောက်က အမြဲအလိုက်ခံရသော ရဟန်းတပါး၏ သာဓကဝတ္ထုဖြင့် ပြ၍ ပရိက္ခာရ ဂ-ပါး မက်သဖြင့် လူထွက်ဘို့ ဟောမိသော စိတ္တဟတ္ထက မထေရ်၏ ဝိပါက်လိုက်ပုံကို ယခုကာလ ရှင့်,မိဘများ ဆင်ခြင်ဘွယ်ရာ ရေးသားပါ။

၄။ အလဇ္ဇီ ဒုဿီလအား ပုဂ္ဂလဓိဋ္ဌာန် အပြစ်ပြောနိုင်ခွင့်ရှိသော စိတ်ထား, ပြောနိုင်ခွင့် မရှိသော စိတ်ထားများကိုဖော်ပြ၍ ဓမ္မ-ဓိဋ္ဌာန် အပြစ်ပြောပုံကိုလည်း ရေးပြီးလျှင် သူတပါးအပြစ်ကို မိမိအပေါ်တင် ဆင်ခြင်သဖြင့် အကျိုးရသော အလောင်းတော် သိဒ္ဓတ္ထ, ရှင်ရေဝတတို့၏ ထုံးကိုလည်း ရေးပြပါ။

၅။ အလဇ္ဇီပုဂ္ဂိုလ်သည် သံဝေဂရသဖြင့် လဇ္ဇီ ဖြစ်လိုသော် မည်သို့ကျင့်သုံးရမည်နည်း၊ လဇ္ဇီ ၂-မျိုးပါပြ၍ လဇ္ဇီနှင့် သူတော်ကောင်း ခြားနားမှုကိုရင်း, သူတော်ကောင်းဖြစ်ရန် သရဘင်္ဂဇာတ်တော်ပြ ဂုဏ် ၄-တန်ကိုရင်း အတုယူနိုင်ရန် ရေးသားပါ။

၆။ လူများ ရဟန်းဝိနည်းကို သင်ခြင်းသည် ဝိနယော စ သုသိက္ခိ-တော မင်္ဂလာ ဖြစ်ပါသလော၊ ၎င်း မင်္ဂလာပါဠိ၏ ဆိုလိုရင်း အဓိပ္ပါယ်ကိုပြ၍ ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိနှင့်အညီ ဒုစရိုက် ၄၀-ကို ရေးပြီးလျှင် အသားဈေးသို့ သွားရာ အသားငါး

များစွာတို့ကို မြင်ခိုက် ဖြစ်ထိုက်သော အကုသိုလ်ကိုလည်း ရေးပါ။

၇။ ယခုကာလ တောရွာ အလှူကြီးများ၏ ကုသိုလ် အကုသိုလ် မိဿက (ရော) ဖြစ်ပုံကိုရင်း, ရနိုင်သော အကျိုးအပြစ်ကိုရင်း စိစစ်၍ ယခုကာလ သားသမီးများသည် ချမ်းသာကြလျက် မိဘများကို ပစ်ထားတတ်ကြရာ၌ ဂိဟိဝိနယ လူ့ဝိနည်း စည်း မကျပုံကိုလည်း ရေးသားပါ။

၈။ လူများ ရဟန်းဝိနည်းကို သင်ကြားသင့်ကြောင်း အဠကထာလာ ဝတ္ထုနှင့်တကွ ပြ၍ နှလုံးသွင်းမကောင်းသူများ ရဟန်းဝိနည်း မသင်ထိုက်ပုံကိုရင်း, ရှေးခေတ် ဝိနည်း သင်ကြသော မြန်မာ့ ခေတ်, အိန္ဒိယခေတ် သမိုင်းကြောင်းကိုရင်း ရေးသားပါ။

---

## ရဟန်းတော်များက လူများအား ဝိနည်း သင်ကြားပေးခဲ့သော ထုံးနမူနာ

**ဝိနည်းမိုး ရွာ၍ သာသနာစည်ပင်ပုံ** ဆဗ္ဗဂိဂိဏ်းဝင် အဿဇိ, ပုနဗ္ဗသုက ကြီးမှူးသော သံဃာ ၅၀၀-ခန့် ကီဋာဂိရိဇနပုဒ် (နိဂုံးရွာကြီး) ၌ မာတုဂါမများနှင့် အပျက်ကြီး ပျက်နေကြပုံ, သူတော်ကောင်း ရဟန်းတော်တပါး ရောက်လာရာ ဆွမ်းမရ၍ အသိ ပညာရှိသော ဒကာတဦးကပင့်၍ ဆွမ်းကပ်ပြီး ရွာခံကိုယ်တော်များ ဖြစ် ပျက်ပုံကို ဘုရားအားလျှောက်ခိုင်းသဖြင့် အဂ္ဂသာဝက ၂-ပါး သံဃာများ နှင့် ကြွလာပုံ ရေးသားခဲ့ပြီ၊ အဂ္ဂသာဝက ၂-ပါး ဦးစီးသော သံဃာတော် ၅၀၀-တို့သည် ကျောင်းတိုက်သို့ မရောက်မီ ရွာတွင်းသို့ ကြွပြီး ကီဋာဂိရိ တရွာလုံးကို အုံးအုံးညံ့ဖြိုး ဝိနည်းမိုး ရွာစေတော်မူကြသည်။ (ဝိနည်း ပိဋကတ်ကို သင်ပေးတော်မူကြသည်။)

ထိုအခါမှ ကျောင်းနေဆရာများ၏ ခေတ်ကြောကို ဒကာ-ဒကာမ များ ပေါလောပေါ်အောင် သိကြသဖြင့် ကျောင်းတိုက်သို့ မသွားကြ၊

မလှူ မဒါန်းကြသဖြင့် ကိုယ်တော်များ အားနွဲ့သောအခါတွင် ပဗ္ဗာဇနီယကမ္မဝါစာဖြင့် အဂ္ဂသာဝကကြီးများက "အလဇ္ဇီတံခွန် လူလွန်မသားများ" ဖြစ်ကြသော ရှာခံကိုယ်တော်များကို ရှာနယ်မှ ခွါရှဲအောင် သရဲထုတ် ထုတ်ခတော်မူကြသည်။

**သတိမူဘွယ်ရာဖြစ်သော ဂေဟဿိတ တဏှာ** ဤဝတ္ထု၌ ရွာသူ ရွာသားများသည် ဝိနည်းနားမလည်ခင် ရှာခံ ကိုယ်တော်များက သစ်သီးပေး ပန်းပေးစသည်ဖြင့် ဖြားယောင်းပေါင်းသင်းမှုကို အဟုတ်ထင်ကာ အသိပညာ မပါကြသဖြင့် ခင်မင်နေကြသည်ကို (ဂေဟဿိတ တဏှာကို) ကြည်ညိုသည်ဟု ထင်ကြသည်၊ ထိုတဏှာဖြင့် ခင်မင်ရင်းနှီးပြီး လှူဒါန်းသည်မှာ သားသမီးများကို ပေးကမ်း ချီးမြှင့်ကြသူတို့၏ ကုသိုလ်မျှလောက်သာ အကျိုးရဘွယ်ရှိသည်၊တရွာလုံး ဝိနည်းသဘော မပေါက်ခင် ဆောင်ရွက်ပါက သာသနာပြုဆရာ ငါးရာမက တထောင်ပင် လာသော်လည်း ဖြုံမည် မဟုတ်ကြပါ၊ ထို့ကြောင့် အဂ္ဂသာဝကကြီးများ ဝိနည်းတရားဟောပြီး ဆရာ, ဒကာ အဆက်ကိုခွါလျက် သာသနာပြုတော်မူကြသည်၊ ကောသမ္ဗီပြည်၌ ဘုရားစကား မအောင်အောင် ရန်ထောင်နေကြသော ကိုယ်တော်များကိုလည်း မြို့သူမြို့သားများ ညီသဖြင့် အောင်မြင်စွာ ချိုးနှိမ်လျက် သာသနာ့အရှိန်ကို ရစေခဲ့ပြီ၊ ထို့ကြောင့် ရဟန်းတော်များသည် လူများအား သင့်လျော်သော ဝိနည်းတရားများကို သင်ကြားပို့ချသင့်သည်၊ သို့သော် သူတော်ကောင်းစိတ်ဓာတ် အားနည်းသူကို သင်ပေးမိလျှင် ဆေးအတွက် လေးဘွယ် ရှိသည်၊ တရုတ်ဘုန်းကြီးများ လူမထွက်ရ, မယားမယူရ၊ ယူလျှင်, လူထွက်လျှင် ရပ်ရွာက သတ်ပစ်သော ထုံးရှိသည်ဟု ကြားသိရရာ ထိုတရုတ်ဘုန်းကြီးများ သာသနာ ကောင်းဘွယ်ရာ ရှိသော်လည်း ဒကာ ဒကာမများမှာ အပါယ်ခရီးနှင့် နီးလှသည်။

## သာသနာတော်နှင့် ကြုံကြရခိုက် အမြတ်ထွက်အောင် ကြိုးစားသင့်သည်

**သာသနာတော်ကျိုးဆောင်ရာဝယ် ငှက်မူဆိုးကဲ့သို့ မဖြစ်စေသင့်** သူတပါးတို့၏အပြစ်ကို မြင်လွယ်၍ မိမိအပြစ်ကို မြင်ခဲသည်၊ သူတပါးတို့၏ အပြစ်ကို ဖွဲကို လွင့်သကဲ့သို့ လွင့်တတ်သော်လည်း မိမိအပြစ်ကိုမူ (ငှက်မူဆိုးသည် ငှက်မမြင်အောင် မိမိကိုယ်ကို သစ်ရွက် သစ်ခက်တို့ဖြင့် ဖုံးထားသလို) ဖုံးတတ်သည်၊ သူ့အပြစ်ကို ရှု၍နေသူများအဘို့ အာသဝအပြစ်ဆိုးများ တိုးသလောက် နိဗ္ဗာန်နှင့် အလှမ်းကွာတော့သည် ဟူသော ဓမ္မပဒဒေသနာတော် အရ သာသနာတော်နှင့် စပ်လျှင် အထက်ဖော်ပြပါ သာသနာပြု ပုဂ္ဂိုလ်များ ကဲ့သို့ ကောင်းမြတ်သော နှလုံးသွင်း ရည်ရွယ်ချက်များဖြင့် အပြစ်ကင်း၍ အကျိုးထင်အောင် ဆင်ခြင်ကြပြီးလျှင် ဆရာရော ဒကာပါ ပူးပေါင်း အားထုတ်သင့်ကြသည်။

**အရေးကြီးသော ဗုဒ္ဓ၏ မိန့်ခွန်းတော်များ** မိုးအခါ ငါ ဘယ်မှာနေမည်၊ ဆောင်းအခါ၊ နွေအခါ ဘယ်မှာနေမည်ဟု အများ သူငါ စဉ်းစားပြီး နေတတ်ကြသော်လဲ ဘယ်အချိန် ဘယ်နေရာမှာ ငါ သေလိမ့်မည်ဟု လားလားမျှ မစဉ်းစားလိုကြပါ၊ (နေရေးထက် သေရေးခက်သော်လည်း သေရေးကိုမတွေး နေရေးကိုသာ တွေးနေကြသည်၊) အိမ် ယာ တိုက်တာ ရာထူး အရှိန်အဝါ တွေနှင့် သာယာ တွယ်တာနေခိုက်မှာပင် (တရွာလုံး အိပ်ပျော်ကောင်းချိန် ရေမြုပ် မျောပါသွားသလို) သေမင်း ခေါ်ရာ သွားကြရမြဲပင် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားရှင်က "အို....ဒါယကာ သင့်အနီးမှာ သေမင်းတွေ စောင့်နေကြသည်၊ သင်သည် ယခုအခါ အရွယ်လွန်ပြီ၊ သေမင်းထံသွားဘို့ စီမံပြီးပြီ၊ လမ်းမှာ နားနေရန် အခွင့်မရှိ၊ မိမိတို့ မှီခိုရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုပါ၊ လျင်စွာအားထုတ်၍ အသိပညာရှင် ဖြစ်ပါစေ" စသည်ဖြင့် အရေးတကြီး မိန့်ကြားတော်မူသည်။

**လောကကြီးကို စောင့်ပေးသောတရား** လောက၌ လူတော်လူကောင်း ဟု ၂-မျိုး ရှိရာ တော်သော်လည်း မကောင်းလျှင် ထို ပုဂ္ဂိုလ်နှင့်စပ်၍ လောကမှာအကျိုး ထင်ဘွယ်ရာ မမြင်၊ ထို့ကြောင့် ပထမ လူကောင်းဖြစ်ရန် စောင့်စည်းမှု ကိုယ်ကျင့်သီလတရားဆိုင်ရာများ ပြည့်စုံသင့်သည်။ သီလသည် ကာယကံ ဝစီကံတို့ကို ကောင်းစွာထား၍ ကုသိုလ်တရားတို့ကို ဆောင်ခြင်းလက္ခဏာ ရှိသည်(လက္ခဏ)။ မကောင်းသော အစဉ်အလာများကို ဖျက်ဆီးမှု လုပ်ငန်းကိစ္စ ရှိသည့်အားလျော်စွာ (ရသ), ဖြူစင်သော အခြင်းအရာ ရှိသည် (ပစ္စုပဋ္ဌာန်)။ ၎င်းသီလ ပြည့်စုံဘို့ရာမှာ အရှက်တရား ဟိရီနှင့် အကြောက်တရား ဩတ္တပ္ပဟူသော လောကစောင့်တရား (လောကပါလ တရား) ၂-ပါးတို့ပင်ဖြစ်သည် (ပဒဋ္ဌာန်)။ မှန်၏။ ဤဟိရိဩတ္တပ္ပတရား သာ မရှိလျှင် မိဘ, သား, သမီး, ဘကြီး, ဘထွေး, ဇနီးဟူ၍ပင် မရှိတော့ဘဲ ခွေး, မြေခွေး စသော တိရစ္ဆာန်များကဲ့သို့ တလောကလုံး ရောသွားပေ တော့မည်။ ဟိရိ ဩတ္တပ္ပ တရားကြီး ၂-ပါး လောကကို အစဉ် စောင့်ပေး နိုင်ပါစေ။

**နတ်ပြည်၌ သာသနာတော် စည်ပင်ဆဲပင်** ဂေါတမဘုရား သာသနာ၌ ရှင်ရဟန်းအဖြစ်, လူ့အဖြစ် ရသူများသည် ယခုဘဝတွင်ပင် လက်စသိမ်းရန်, မသိမ်းသေးသော် ပွင့်တော်မူမည့် မေတ္တေယျဘုရား သာသနာတွင် လက်စသိမ်း ကျွတ်တမ်းဝင်ရန် အလားအလာ များစွာရှိသည်။(ယခု အန္တရကပ် ၁ဝ-နှစ်တမ်းအထိ ဆုတ်၊ နောက် အသင်္ချေယျတမ်းအထိ ပြန်တက်၊ နောက် ဆုတ်သော အန္တရကပ် တသိန်းတမ်းတွင် မေတ္တေယျဘုရား ပွင့်တော်မူမည်၊ ၎င်းဘုရား ပွင့်ပြီး ဤဘဒ္ဒကမ္ဘာတွင် ပွင့်ရန် ဘုရားမရှိတော့၊ ဤကမ္ဘာပျက်ပြီး သုညကမ္ဘာ တွေ များစွာဖြစ်၍ မှောင်အတိ ကျရစ်တော့မည်။) ကျွတ်တမ်းဝင်နိုင် ကြောင်းမှာ ယခုအခါ နတ်ရွာရောက်ကြောင်း ဒါန, သီလ စသော မျိုးစေ့ကောင်းများကို စိုက်ပျိုးခွင့်ရသောကြောင့်ပင် ဖြစ်သည်။ ထင်ရှား စေအံ့–ဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှာ နှစ်ပေါင်း ၂၅၁၈-နှစ်ရှိပြီ ဖြစ်

သော်လည်း စတုမဟာရာဇ် နတ်ပြည်၌ ရက်ပေါင်း ၊ ၅၀-ကျော်မျှ တာဝတိံသာ၌ ၂၆-ရက်အတွင်းမျှသာ ရှိသေးရာ ဘုရားလက်ထက်တော် သာဝတ္ထိ, ရာဇဂြိုဟ်စသော မဇ္ဈိမနှင့် သီဟိုဠ်တိုင်းသူပြည်သား ဘုရားသားတော် သမီးတော်များ ယခုအခါ နတ်ပြည် ၆-ထပ်၌ အပြည့်ရှိနေ၍ သာသနာ စည်ပင်ဆဲပင်ဖြစ်သည်။ မေတ္တေယျ ဘုရားလောင်း နတ်သားလည်း တုသိတာ၌ ရှိနေရာ ထိုသူတော်ကောင်း အရိယာနတ်သား နတ်သမီးတို့၏ အဆုံးအမကို ခံယူ၍ အားထုတ်သွားလျှင် နတ်ပြည်ရောက်နေကြမည်ဖြစ်သော မိမိတို့အဘို့ ဤဘုရားသာသနာတွင် ကျွတ်တမ်းဝင်ခွင့် ရှိနိုင်ရာသည်။ ထို့ကြောင့်—

"ဘုရားသာသနာ၊ ကြုံဘို့ရာ၊ လွန်စွာ ခဲယဉ်းသည်။

ကြုံခဲလှစွာ၊ သာသနာ၊ ကြုံကာ နေရပြီ"—

ဟု ဝမ်းမြောက်နိုင်ကြပါစေ။

**အကျင့်သီလ ရှိ-မရှိ နတ်များကြည့်နေကြသည်**

ဘုရားရှင်နှင့် အရိယာ သာဝက တို့၏ ဝင်း ဝင်း တောက် ဖြူစင်သော သီလ ကျက် သ ရေ တော် များ ကို ကိုယ် တွေ့ ကြည်ညိုခဲ့ကြရသော နတ်တို့သည် နတ်ပြည်၌ အပြည့်ပင်ရှိနေရာ ထိုနတ်များက ယခုရှိကြသော သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် လူတို့၏ သီလသိက္ခာများ ဖြူစင် ပြည့်စုံမှု ရှိ-မရှိ နေ့နေ့ ညည ခဏအစဉ် ကြည့်ရှုသိမြင်နေကြသည်။ သီလသိက္ခာ ဖောက်ဖျက်ကျူးလွန်သူ ရဟန်းရှင်လူတို့ကို တွေ့မြင်ရသော် ထိုသာသနာစောင့်နတ်များ နှလုံးမသာ မျက်နှာကျုံ့၍ နှာခေါင်းရှုံ့ကြသည်။ (ယခုအခါ သာသနာစောင့် နတ်များ အဘယ်ကဲ့သို့ နေမည်မသိ။) မကောင်းမှုပြုရာ ဆိတ်ကွယ်ရာ မရှိသည်သာ ဖြစ်ရာ ပတ်ဝန်းကျင်က မသိသော်လဲ ကာယကံရှင် ပထမ သိ၊ ထို့နောင် ကိုယ်စောင့်နတ်, ကျောင်းစောင့်နတ်, သာသနာစောင့်နတ်များ သိကြတော့ရာ ဟိရိ, ဩတ္တပ္ပတရား လက်ကိုင်ထားလျက် သူတပါးတို့၏ အလဇ္ဇီမမှု, အသပ္ပုရိသဓမ္မများကို အာရုံမယူကြဘဲ ရဟန်းတော်များဆိုင်ရာ

စတုပါရိသုဒ္ဓိသီလ, လူများဆိုင်ရာ အာဇီဝဋ္ဌမကသီလစသည့် သီလများ နှင့် ပြည့်စုံကြပြီးလျှင် နောက်ကပြဆိုခဲ့သော သပ္ပုရိသ သူတော်ကောင်း အင်္ဂါများနှင့် ပြည့်စုံပါက ယခုဘဝမှစ၍ အပါယ်တံခါးပိတ်နိုင်သော စူဠသောတာပန်များ ဖြစ်ပေတော့မည်။

**ဒါနထက် သီလက အဆင့်မြင့်သည်** ထမင်းရေချောင်းစီး ဝေလာမ ပုဏ္ဏားကြီးဝတ္ထု၌ အဆင့်ဆင့် အကျိုးတရားတို့ တိုးပွါးမြင့်မြတ်ပုံကို ပြခဲ့ရာတွင် ဗုဒ္ဓပမုခ သံဃိကဒါန ထက် သရဏဂုံသီလ ခံယူဆောက်တည်ခြင်းက မြတ်သည်ဟု ဘုရားရှင် ကိုယ်တိုင် မိန့်တော်မူသောစကားကို သာမန်အားဖြင့် သဘောကျရန် မလွယ်၊ ဒါနအလုပ်သည် သူတပါးချမ်းသာအောင် ကူညီသောအလုပ်မျိုး သာ ဖြစ်၍ သီလအလုပ်ကား သူတပါး မဆင်းရဲ မပင်ပန်းအောင် စောင့်ရှောက်ကူညီသော အလုပ်ဖြစ်သည်။ ဒါနရှင်က ရွှေငွေရတနာ များ ပေး၍ စိတ်ချမ်းသာနေသူတယောက်နှင့် သတ်မည်ဟု အသင့်စီမံ ပြီးမှ အကြောင်းတခုခုကြောင့် အသတ်မခံရတော့ဘဲ သေတွင်းမှ လွတ် လာ၍ စိတ်ချမ်းသာရသူ တယောက်ရှိရာ ထို ၂-ယောက်တို့တွင် မည်သူ့ ချမ်းသာက သာလွန်မည်ကို မှန်းဆလျက် ဒါနထက် သီလက အဆ ရာထောင်မက မြတ်ပုံ သဘောကျသင့်သည်။

**အဒိန္နာဒါန ဝိရတီသီလ စသည် မှန်းဆဘွယ်** အလားတူပင် ခိုး, တိုက်, လုယက်, အလစ်သုတ် မှု စသော အဒိန္နာဒါန် မှုခင်းများကြောင့် တလောကလုံး စီးပွါး ဥစ္စာများ လုံခြုံမှု ဖြစ်အောင် အားထုတ်ရခြင်းသည် ပင်ပန်းလှသည်၊ တရားဥပဒေစိုးမိုး၍ လူများ ကိုယ်ကျင့်တရား ကောင်းလာလျှင် ၎င်းဒုက္ခများ ကင်းပြီး ချမ်းသာမည့်အနေကို မြော်နိုင်တော့သည်။ ကိုယ့်ဆိုင်ရာ ကာမအတွေ့ကို ပုထုဇဉ်များပီပီ ခင်မင်တွယ်တာကြရာ သူတပါး လာရောက်ကျူးကျော် လျှင် အသက်နှင့် လဲ၍သော်မှ ခုခံ ကာကွယ်တတ်ကြသည်၊ လူများ အားလုံး ဟိရိဩတ္တပ္ပ အခြေခံလျက် သူ့စည်း ကိုယ့်စည်း စောင့်ကြပါ

လျှင် လောကလူသားများ အလွန် စိတ်ချမ်းသာကြပေမည် စသည်ဖြင့် စောင့်စည်းသော သီလသည် မိမိသာမက တလောကလုံး မဆင်းရဲ မပင်ပန်းအောင် ကူညီသော အလုပ်ဖြစ်ရကား ရှေးသူတော်ကောင်း အလောင်းအလျာတို့သည် အသက်ဟူသော အကြောင်းကြောင့်သော်မှ သီလသိက္ခာ မပျက်ရအောင် စောင့်ရှောက်တော်မူကြသည်။ ထို့ကြောင့် ပင် "ကိံသု ယာဝဇရာ သာဓု=အိုအောင် ကောင်းတာ ဘယ်အရာပါလဲ ဘုရား"ဟူသော နတ်သား၏အမေးကို"သီလံ ယာဝဇရာ သာဓု=ဆွေးမြေ့မှုမရှိ အိုအောင် 'ကောင်းသော တရားမှာ သီလသာ" ဟု ဘုရားရှင် ဖြေတော်မူသည်။

ဤသို့လျှင် လူများ၏ ၅-ပါး ၈-၉-၁၀-ပါး စသော သီလများ, ရဟန်း သာမဏေများ၏ ကုဋေ ၉-ထောင်ကျော်သော သီလများ၏ အကျိုး အသင်္ချေကို"အာနိသံသပရိစ္ဆေဒ် တဿ သီလဿ ကော ဝဒေ= မဟာပြဟ္မာ လျှာကုဋေဖြင့် ရေတွက်သော်လည်း ဆုံးနိုင်အံ့မထင်"ဟု ဝိသုဒ္ဓိမဂ်၌ မိန့်မြွက်သည်၊ "ဝိနည်းကျင့်ဝတ်၊တပါးတတ်က၊လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏" ဟူသော ရှေးဟောင်း ဩဝါဒတော်မှာလည်း သီလ အာနိသင်ကို ဆင်ခြင်နိုင်ဘို့ပင် ဖြစ်သည်။

## အင်းဝခေတ်သာသနာ ကြည်ညိုဘွယ်ရာ ဆရာတော်များ

**အမတ်စည်းစိမ် မမြိန်သောဆရာတော်နှင့် ခြိုးခြံသော ဆရာတော်**

အဋ္ဌကထာကြီးများ၌ သီလသိက္ခာတော်ကို စောင့်စည်းပုံပြ သာဓကများမှာ လွန်စွာကြည်ညိုဘွယ်ရာ ဖြစ်သော်လည်း လွယ်ကူနီးစပ်သော သက္ကရာဇ် ၁၀၉၉-ခုနှစ်ရှေ့ပိုင်း အင်းဝခေတ် သာသနာစောင့်ဆရာတော်ကြီးများ စောင့်စည်းပုံထုံးမှာ အတုယူဘွယ် ကောင်းလှသည်။ မြောက်နန်းကျောင်း ဆရာတော်အား မှူးမတ်များက "အရှင်ဘုရား လူဝတ်ကြောင် ဘဝနှင့် နေလျှင် မှူးမတ်မျိုးရိုး ဖြစ်၍ အမတ်စည်းစိမ် ရစရာရှိပါသည်"ဟု လျှောက်ထားရာ "အမတ် စည်းစိမ်သည် ရေအိမ်တခါတက်တွင် ငါ နှစ်သက် ပွါးများအပ်သော အသုဘသညာ၏ တစိတ်လောက်ကိုမျှ မှီနိုင်မည်လော" ဟု မိန့်ဘူးသည်။

မင်းရွာဆရာတော်ကား ဆွမ်း ဘုဉ်းပေးသောအခါ မျက်စိမှိတ်၍ နှိုက်မိရာ ဟင်းကိုသာ ဘုဉ်းပေးသည်။ အကောင်း ရွေးတော်မမူ။ ဆွမ်း ဘုဉ်းပေးပြီး လဘက်တရိုးခန့် ဘုဉ်းပေး, ကွမ်း ၂-ယာ ဝါးပြီး ခံတွင်း ဆေးသည်၊ နောက်ထပ် မဘုဉ်းပေးတော့။ သူတပါး အပြစ်မပြော၊ မိမိအနီး၌ လာပြောလျှင်လည်း မထောက်ခံ၊ ဆိတ်ဆိတ်နေလေ့ရှိသတတ်၊ အပြစ်ပြောခြင်းသည် သဘော မကောင်းခြင်းမင် ဖြစ်၍ ပညာရှိများရှောင် ရှက်ဖွယ်သာ။

**ဆေးကု ပေဒင်ဟော စက်ဆုပ်တော်မူကြပုံ**

အရှင်ဝရဓမ္မထံ ကျောင်းအမ ဆေးလာတောင်းရာ "မပေးကောင်း"ဟု မိန့်သည်။ ကျောင်းအမ ပါဟု လျှောက်ရာ "ကျောင်းအမ ဖြစ်လေ မပေးကောင်းလေ"ဟု မိန့်သည်။ နံမော်ဆရာတော်၏ ကျောင်းဒကာ့ သမီးသည် ကံကြီး ပုဂ္ဂိုလ်ထံ ဆွမ်း သွားပို့ရာ ငှက်ပျောသီး နှင့် မုံ့ လက်ဆောင် ပြန်လိုက်၏။ အိမ်ရောက်၍ ကျောင်းဒကာကြီး သိသည့် အခါ "ငါတို့ဆရာတော်နှင့် မတူ"ဟု ဆိုပြီး ဘုန်းကြီး ပေးလိုက်သော ငှက်ပျော,မုံ့များကို စွန့်ပစ်သည်။ ဤစကားဖြင့် ဝိနည်း နားလည်သူ များသည် လောကွတ် မများသော ပုဂ္ဂိုလ်ကောင်းကိုသာ လေးစား ကြောင်း သိသာသည်။

မဂ်လာဘုံကျော် ဆရာတော်ထံ ဝန်ကတော်ကိုယ်တိုင် လှူဘွယ်များ ဖြင့်သွား၍ဝန်ကြီးဇာတာကို မေးလျှောက်ရာ"ပေဒင်မဟောကောင်းဘူး" ဟု မိန့်သည်။ ဝန်ကတော်ပြန်သွားသောအခါ လှူဘွယ်များကို စွန့်စေ၍ ခေါ်လာသော ကျောင်းသား ငနီ ကိုလည်း ငေါက်ပစ်သည်။ အရှင် အဂ္ဂဓမ္မ ဆရာတော်ကား ဆေးကုဘုန်းကြီး လှူသမျှကို စွန့်ရုံမျှမက ဂုင်းဘုန်းကြီး ထိုင်သွားသော နေရာကိုပင် ရေဆေးခိုင်းသတတ်။

**သာလွန်မင်းနှင့် ဆရာတော်များ**

သာလွန် မင်းတရားကြီးကို သားတော် ရှင်တရုပ်က လုပ်ကြံသည့်အခါ ၄-ထပ်ကျောင်းသို့ မင်းကြီးပြေး လာပြီး "လိုက်လာသူကို တောင်ဝှေးဆွဲ၍ ဆီးကာ

ပေးပါ”ဟု လျှောက်ထားရာ“ငါရဟန်းဖြစ်သည်”ဟုဆို၍ မတားဘဲနေစဉ် စံကျောင်း ဆရာတော်က တားပေးသည်၊ အရေးတော်ပုံ ပြီးသောအခါ မင်းတရားကြီးက “၄–ထပ်ဆရာတော် ရဟန်း ပီသပါပေ၏၊ စံကျောင်း ဆရာတော်လည်း စစ်သူကြီး ပီသပါပေ၏”ဟုဆိုပြီး နောင် သမီးတော် လက်ထပ်ပွဲ၌ ၄–ထပ်ဆရာတော်ကိုသာ ပင့်တော့သည်။

ဝိနည်း ပါဠိတော်, အဋ္ဌကထာ နိဿျများကို ရွှေဥမင်နှင့် တောင်ဖီလာ ဆရာတော်တို့ စီရင်တော်မူကြရာ အခါတပါး တောင်ဖီလာ ဆရာတော်သည် နိဿျချင်း တိုက်လို၍ ရွှေဥမင်ဆရာတော်ထံ အခြံအရံနှင့် ကြွလာပြီး အလုပ်အကျွေး ဘိုးသူတော် တယောက်သာ ရှိသော ရွှေဥမင် ဆရာတော်အား “အရှင်ဘုရားမှာ ပရိသတ်မရှိသဖြင့် မကြောက်ဘူးလား ဘုရား”ဟု မေးလျှောက်ရာ “ကြောက်၍ တပါးတည်း နေပါသည်” ဟု မိန့်ကြားချက်ကို မင်းဆရာ တောင်ဖီလာသည် သံဝေဂရသဖြင့် နိဿျချင်း တိုက်အပြီး အခြေအနေ မပေးသော မိမိနိဿျကို စေတီ ယင်ပြင်တွင် မီးရှို့ ပူဇော်၍ နေမြဲ ၄-ထပ် ကျောင်းတော်ကြီးသို့ပင် မပြန်တော့ဘဲ တောထွက်တော်မူသည်။

## စိတ်အလိုလိုက်၍ မိုက်မိခဲ့ကြသော ဂိဇ္ဈကုဋ်ပြိတ္တာများ

**အရှင်မောဂ္ဂလာန်** ရာဇဂြိုဟ်မြို့ အနီး ဂိဇ္ဈကုဋ် တောင်ကြီးဝယ် ဘုရား
**ပြုံးတော်မူမိသည်** ရှင်နှင့် သံဃာတော်များ သီတင်း သုံးတော်
မူကြရာ အခါတပါး အရှင် လက္ခဏ နှင့် အရှင်မောဂ္ဂလာန်တို့ တောင်ပေါ်မှ ဆွမ်းခံ ဆင်းလာတော်မူကြရာတွင် အရှင်မောဂ္ဂလာန်သည် ထူးဆန်းလှသော ပြိတ္တာများကို တနေရာ၌ တန်ခိုးတော်ဖြင့် မြင်တော်မူသည်။ ထိုအခါ မိမိအတွက် ၎င်းဘဝဆိုးမျိုးမှ လွတ်ပြီ ဟု ဖြစ်ပုံကို တွေး၍၎င်း, မယုံနိုင်ဘွယ် ကံအကျိုးပေး ဆန်းကြယ်သည် ဟူသော ဒေသနာကို သတိရ၍၎င်း ပြုံးတော်မူရာ အကြောင်းကို အရှင်လက္ခဏက မေးလေသည်။ ဘုရားထံတော် ရောက်မှ မေးပါဟု ပြောသဖြင့် ဆွမ်းစားပြီးနောက် ဘုရား ရှေ့မှောက်တွင်

မေးသောအခါ "ယနေ့ ဂိဇ္ဈကုဋ် တောင်မှ အဆင်းတွင် သပိတ်သင်္ကန်း ခါးပန်းကအစ တကိုယ်လုံး မီးတောက်ပြီး ကယ်ပါယူပါ တစာစာဖြင့် နာကျင်စွာ အော်နေကြရသော ရဟန်းပြိတ္တာများကို မြင်ခဲ့ရပုံ့အံ့ဩစရာ ကောင်းတဲ့ ဒီလိုသတ္တဝါမျိုး ရှိမှ ရှိပလေတယ်ဟု တွေးမိပုံ" များကို လျှောက်ထားသည်။

**ကဿပဘုရားသာသနာ ယုတ်မာခဲ့ကြသူများ** ထိုအခါ မြတ်စွာဘုရားက ငါသည်လည်း ဗုဒ္ဓမဖြစ်မီ ဒိဗ္ဗစက္ခု အဘိညာဉ် ရတုန်းကပင် မြင်ခဲ့သည်၊ သို့သော်လည်း ငါဘုရားပြော၍ မယုံလျှင် မယုံသူမှာ အကျိုးမဲ့စရာ ဖြစ်သောကြောင့် မပြော၊ ၎င်းပြိတ္တာများသည် ကဿပဘုရား သာသနာတွင် ယုတ်မာသော ရဟန်းများဖြစ်ခဲ့ကြသောကြောင့် နှစ် သိန်းပေါင်းများစွာ ငရဲခံပြီးမှ ပြိတ္တာဖြစ်လာကြသည်" စသည်ဖြင့် အရှင်မောဂ္ဂလာန် လျှောက်ထားသော ရဟန်းမပြိတ္တာ, သိက္ခမာန်ပြိတ္တာ, သာမဏေ-သာမဏေမ-ပြိတ္တာ များနှင့်တကွ လူပြိတ္တာ အမျိုးမျိုးတို့ကို ဘုရားရှင်ကလည်း မြင်တော်မူခဲ့ကြောင်းနှင့် ရှေးမကောင်းမှုကံများကိုပါ ထပ်ဆင့်မိန့်ကြားသည်ဟု လက္ခဏသံယုတ်ပါဠိတော်၌ ပါရှိရာ "ဝိနည်းကျင့်ဝတ်၊ တပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏" ဟူသော ရှေးဩဝါဒတော်မှာ လေးနက်လှတော့သည်။

**စဉ်းလဲလှသော အိုးစရည်းရဟန္တာ** သီလ သိက္ခာ မရှိပါဘဲ ရှိဟန်ဆောင်မှု သာဋေယျ တရား့အပြစ်ရှိပါလျက် မရှိဟုထင်အောင် လှည့်ပတ်မှု မာယာတရားတို့မှာ သာသနာတော်၌ အလွန်စက်ဆုပ်ဘွယ် ကောင်းလှသည်။ အထက်ဖော်ပြပါ ရဟန်းပြိတ္တာ စသည်တို့သည် ဤသို့ သီလသိက္ခာ ပျက်စီးကြခြင်းကြောင့်သာ ဖြစ်ရာ ယင်းအဖြစ်ဆိုးမှ လွတ်ကင်းရာ ကြိုးစားသင့်သည်။ဒကာ-ဒကာမများ အထင်ကြီး၍ လာဘ်ပေါများအောင် ဟန်ဆောင်လိုသော ရှေးက ဘုန်းတော်ကြီး တပါးသည် ကျောင်းခန်းအတွင်း၌ လူမမြင်အောင် အိုးကြီးတလုံး မြှုပ်ထားပြီး အပြင်က ဒကာ ဒကာမများ လာသံကြားလျှင် အိုးအတွင်း

ဝင်နေ၊ ဘုန်းကြီးဘယ်မှာလဲဟု မေးလျှင် တပည့်များက ကျောင်းခန်းတွင်းမှာဟု ပြော၍ ဝင်ကြည့်၊ မတွေ့ပေ၊ ယခုတင်ကဘဲ အခန်းထဲမှာ ရှိပါတယ်ဟု ပြောသဖြင့် တခါပြန်ဝင်ကြည့်၊ ကုလားထိုင်ပေါ် ထိုင်လျက် တွေ့တော့သည်၊ ဘယ်ကြွနေပါသလဲဟု မေးရာ "ရဟန်းဆိုဒါ သည်လိုဘဲ လိုရာကြွနိုင်တယ်"ဟု တန်ခိုးရှင် လေသံမျိုးဖြင့် ပြောလေသော် အားလုံး ကပင် ရဟန္တာဟု အထင်ကြီးကြတော့သည်။ ဤသို့သော အိုးစရည်း ရဟန္တာမျိုးကိုကား လုံးလုံးမကိုးကွယ်ထိုက်ပေ။ ပရိယတ္တိ မစုံသော်လည်း အကျင့်သိက္ခာ လုံလောက်၍ ရိုးဖြောင့်လျှင် ကိုးကွယ်ထိုက်တော့၏။

**ရိုးခိုးခံနေကြရသမျှ ဒုက္ခကြီးလှသည်** "သီလ သိက္ခာ မစင်ကြယ်သော ရဟန်းများအတွက် ဆွမ်းသည် အလှုံ့ရဲရဲညီသော သံတွေခဲများပမာ ဖြစ်၍ သင်္ကန်းသည်လည်း မီးလောင်သံပြားကြီးနှင့် တူသည်၊ ကျောင်းသည် သံရေပူအိုးကြီးသဘွယ် ဖြစ်ပြီးလျှင် ရိုသေစွာ ရှိခိုးခံကြရခြင်းသည် အရောင်တလက်လက် အသွားထက်သည့် လှံရှက်နှင့် ထိုးသလို ဖြစ်ပေသည်"ဟု ဝိသုဒ္ဓိမဂ်မိန့်ကြားပုံကို လေးစားလျက် လူနတ် ပြဟ္မာတို့၏ အရိုအသေ ခံနိုင်လောက်, ပူဇော်သက္ကာရအပြု ခံနိုင်လောက်သော သီလ သမာဓိပညာ ဂုဏ်သိက္ခာ တို့နှင့် ပြည့်စုံအောင် ကြိုးစားမှသာလျှင် ဘဝမဆုံးဘဲ သာသနာ့နှင့် ကြုံရကျိုးနပ်ပေတော့မည်။

**ချမ်းသာသောရဟန်းတော်များ ဖြစ်ပါစေ** ဤသာသနာတော်၌ ပညာရှိသော ရဟန်းသည် ဣန္ဒြေကို စောင့်စည်း၍ ရတတ်သမျှဖြင့် ရောင့်ရဲပြီးလျှင် ပါတိမောက်သီလကို စောင့်တော်မူသည်၊ အသက်မွေးမှု စင်ကြယ်၍ မပျင်းမရိ သီလ ရှိကုန်သော မိတ်ဆွေ ကောင်းများကို မှီဝဲပါမှ နိဗ္ဗာန်ရောက်ကြောင်း အစစ် ဖြစ်မည်၊ "အို... ရဟန်း မိမိကိုယ်ကို မိမိ ဆုံးမပါ၊ မိမိကိုယ်ကို မိမိ စောင့်ရှောက် သတိနှင့် ပြည့်စုံပါစေ၊ သို့မှသာလျှင် သင်ရဟန်းသည် ချမ်းသာစွာ နေရပေလိမ့်မည်" ဟူသော ဓမ္မပဒလာ ဒေသနာတော်နှင့် အထက်ဖော်ပြပါ အင်းဝခေတ် သာသနာစောင့် ဆရာတော်ကြီးများ

ထုံးကို အတုယူ ကြည်ညိုနိုင်ကြပြီးလျှင် ဂိဏ္ဍကုဋ္ဌဆရာအရှင်တို့၏ ချွတ်ယွင်းချက်များ မိမိအပါးမှ ဝေးအောင် လေးစားစွာ အားထုတ်တော်မူနိုင်ကြပါစေ။

## ဖြေဆိုရန် မေးခွန်းများ

၁။ ရဟန်းတော်များက လူများအား ဝိနည်းတရား ဟောကောင်း-မဟောကောင်း အင်္ဂါသာဝက ၂-ပါး အကြောင်းအရာများနှင့် တကွ ပြ၍ ဂေဟသိတတဏှာ သဘောကို စစ်ကြောပြီးလျှင် ကောသမ္ဗီပြည် ဂိုဏ်းကွဲ အငြင်းပွါး သံဃာတော်များ မည်သူတို့ကြောင့် ညီညွတ်သွားသည်ကိုလည်း ဖော်ပြပါ။

၂။ သာသနာ့အကျိုး ဆောင်ရာဝယ် ငှက်မှုဆိုးလို မဖြစ်သင့်ပုံ၊ နေရေးထက် သေရေးခက်ပုံတို့ကို ဒေသနာနှင့်အညီ စီစဉ်တင်ပြ၍ သီလတရားအားလုံး၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုရင်း, လောကပါလ တရား ၂-ပါး၏ အရေးကြီးပုံကိုရင်း ရေးသားပါ။

၃။ ယခုအခါ နတ်ပြည်သာသနာ၏ အခြေအနေကို ပြ၍ မေတ္တေယျဘုရားပွင့်မည့် အချိန်ကိုရင်း, ဤဘဒ္ဒကမ္ဘာမှ နောင်တွေ့ရမည့် ကမ္ဘာများကိုရင်း,ဘုရားသာသနာနှင့် ကြုံရခဲပုံကိုရင်း အသီးသီး ရေးပါ။

၄။ သာသနာစောင့် နတ်များ၏ ကြောင့်ကြကြီးမား စေတနာထားကြပုံများကို ပြ၍ မကောင်းမှုများ၏ ဆိတ်ကွယ်ရာ မရှိပုံကို ရေးပြီးလျှင် ရဟန်း ရှင်လူများ စူဠသောတာပန် ဖြစ်ရေး ဆွေးနွေးပါ။

၅။ ဒါနထက် သီလမြတ်ပုံ သဘောကျဘွယ် ရေးသား၍ သီလ၏ အကျိုးပြစကားများကို သံယုတ်, ဝိသုဒ္ဓိမဂ်နှင့်အညီ ပြပြီးလျှင် အမတ်မင်း စည်းစိမ်ကို ရေအိမ်တခါတက်မျှ နှစ်သက်ပွါးများ

အပ်သော ဘာဝနာလောက် တန်ဘိုးမထားသော ရှေးဆရာတော်တပါး အကြောင်းကိုလည်း ရေးသားပါ။

၆။ ရှေးဆရာတော်များ၏ခြိုးခြံတော်မူပုံ၊ ဆေးမကု၊ ဗေဒင်မဟောပုံ၊ ရဟန်းပီသတော်မူပုံ၊ ကြောက်၍တပါးတည်းနေပုံ ကြည်ညိုဘွယ်ရာတို့ကို ပြ၍ ဆုဇဂိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်ကြီးဝယ် အရှင်မောဂ္ဂလာန် ပြုံးတော်မူကြောင်းကိုလည်း ရေးသားပါ။

၇။ ဝိနည်းကျင့်ဝတ် တပါးချွတ်က လူ နတ် မကြိုက် ကဲ့ရဲ့ထိုက်ပုံကို ယခုအခါ ဂိဇ္ဈကုဋ်တောင်ခြေရှိ ပြိတ္တာများ၏ ဒုက္ခဝိပါကကို မြှော်ခေါ် တင်ပြလျက် အိုးစရည်းရဟန္တာ၏ သာဓုခေါ်ယူ-စဉ်းလဲပုံကိုလည်း ရေးပါ။

၈။ သီလ သိက္ခာ မစင်ကြယ်ပါဘဲလျက် ပစ္စည်းလေးပါး ခံယူစားသောက်နေရမှု၏ ဒုက္ခကြီးပုံ ဝိသုဒ္ဓိမဂ်စကားကို ရေးသား၍ ချမ်းသာသော ရဟန်းတော်များ ဖြစ်အောင် ကြိုးစားရမည့် အစီအစဉ်ကိုလည်း ဓမ္မပဒလာအတိုင်း တင်ပြပါ။

---

## ဗုဒ္ဓဘာသာဝင်များနှင့် ခွဲ၍မရသော ဒါနမင်္ဂလာ

**ပုဂ္ဂိုလ်လိုက်၍ ဖြစ်ရသော အဆိုးစကား ၅-မျိုး**

သဒ္ဓါတရား မရှိသူများအတွက် သဒ္ဓါတရားနှင့်စပ်သော ဟောပြောချက်သည် နားဝင်မချိုသော စကားဆိုးများသာ ဖြစ်သည်၊ ထို့အတူ သီလမစောင့်နိုင်သူများအတွက် သီလနှင့်စပ်သော စကား, ဥစ္စာပစ္စည်း၌ စွဲမက်ဝန်တိုသူများအတွက် အလှူနှင့် စပ်သောစကား, ဗဟုသုတ မလိုလားသူများအတွက် ဗဟုသုတနှင့် စပ်သောစကား, ပညာကင်းမဲ့သူများအတွက် ပညာနှင့်စပ်သော စကားများသည် ယင်းပုဂ္ဂိုလ်များနား၌ မကြားလိုသော စကားဆိုးများသာ ဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားဟောတော်မူရာ သာသနာတော် တဝက်

ကျော်လာပြီဖြစ်သော ယခုအခါတွင် အလှူခံပုဂ္ဂိုလ်များဘက်, အလှူရှင်များဘက် ၂-ဦး ၂-ဘက်လုံးတွင် ချွတ်ယွင်းချက်များ မကင်းနိုင်ကြသဖြင့် ဒေသနာတော် မှန်ကန်တိကျပုံ ကြည်ညိုကျေနပ် မဆုံးပင် ဖြစ်သည်။'

**သိက္ခာသုံးပါး၌ ဒါနမပါ** သီလ သမာဓိ ပညာ သိက္ခာ ၃ ပါး, မဂ္ဂင် ၈-ပါး အကျင့်များတွင် ဒါန မပါဝင်သဖြင့် ဒါနသည် နိဗ္ဗာန်အထိ အကျိုးပေးနိုင်သော တရား မဟုတ်၊ အထက်တန်းစား မဂ်ဖိုလ်များကို ဒကာ-ဒကာမများ မသိအောင် "အဖုံးကြီးကြီးဖြင့် ဖုံးထားကြသော" ဘုန်းကြီးများက ကိုယ့်ဘက်ကိုယ်ယက်သည့်အနေဖြင့် ဒါနကို အမွှန်းတင်ကြသော်လည်း အမှန်မှာ ဒါနသည် သံသရာကို ရှည်စေ, လည်စေ တတ်သော တရားသာဖြစ်သည်ဟု အထက်ဖော်ပြပါ စကားဆိုးအမှတ် ၃-အရ နှမြောစေးနဲ သူများသာ ပြောတတ်ကြသည်။

(၁) "ရဟန်းတို့ ဒါနစေတနာ၏ အကျိုးကို ငါဘုရားလိုသာ သတ္တဝါများ သိကြလျှင် မလှူဒါန်းဘဲ စားနိုင်မည် မဟုတ်၊ နှမြော တွန့်တိုသောစိတ်ကလည်း သတ္တဝါကို နှိပ်စက်နိုင်မည် မဟုတ်ပေ" စသည်ဖြင့် ဣတိဝုတ်ပါဠိတော် ဒါနသုတ်၊

(၂) ဘုရားဖြစ်မည်ဟူသော နိယတဗျာဒိတ် ခတ်နှိပ်အပြီး အလောင်းတော် သုမေဓာသည် ဘုရားဖြစ်မည့် အလုပ်များကို စစ်ထုတ်တော်မူရာတွင် ဒါနပါရမီကို ရှေးဦးစွာ မြင်တော်မူသည်ဟူသော ဗုဒ္ဓဝင်ပါဠိတော်၊

(၃) သီလစသည် ဂုဏ်ရှိသူအား ဆွမ်းတယောက်မ-မျှ လှူသည်ဖြစ်စေ, ငါးတောင်မျှရှိသော သစ်ရွက်မိုး ကျောင်းငယ် ဆောက်လုပ်လှူဒါန်းသည်ဖြစ်စေ ကမ္ဘာများစွာ အပါယ်ဘေးမှ ကင်းပြီး အဆုံး၌ နိဗ္ဗာန်ရဘို့ပင် အလှူရှင်မှာ ဖြစ်ရသည်ဟူသော မူလပဏ္ဏာသအဋ္ဌကထာ အာကင်္ခေယျသုတ်၊

(၄) ဘုရားဖြစ်တော်မူ၍ သတ္တဝါများအား မဂ်ပေါက်ဖိုလ်ဝင် တရားတော်အစဉ်ကို ဟောကြားရာတွင်လည်း အစဆုံး ဒါနကထာ, နောက်မှ သီလကထာ စသည်ဖြင့် ဟောတော်မူသည် ဟူသော ဓမ္မပဒအဋ္ဌကထာ၊

(၅) ဒါနသည် နိဗ္ဗာန်သို့ အဖြောင့်သွား လမ်းမှန်ဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်၏ အကြောင်းလည်း ဖြစ်သည်ဟူသော ဓမ္မပဒ၊

ယင်းဒေသနာတော်တို့အရ သိက္ခာ ၃-ပါး မဂ္ဂင် ၈-ပါး အကျင့်များတွင် မပါဝင်သော်လည်း ဒါနမပါလျှင် နိဗ္ဗာန်သို့ လုံးဝမရောက်နိုင်ဟု ကေန်ပင် မှတ်သားထားရမည်။

**လောဘကြောင့်သာ သံသရာရှည်သည်** ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းနား၌ မျောလာသော သစ်တုံးကြီးကို ဘုရားရှင်က သံဃာတော်များအား ညွှန်ပြတော်မူ၍ ဤသစ်တုံးကြီးသည် မြစ်၏ ဤဘက်,ထိုဘက် ကမ်း ၂-ဘက်တွင် ကပ်ငြိမနေလျှင်, ရေလယ်၌ မြှုပ် ဝဲမစုပ်လျှင်, သောင်မတင်လျှင်,လူနတ်တွေ မဆယ်လျှင်, ဆွေးပုပ်ရိကျ မသွားလျှင် သမုဒ္ဒရာသို့ ရောက်သွားပေမည်၊ မြင့်သောဂင်္ဂါမြစ်ရေအယဉ်သည် နိမ့်သော သမုဒ္ဒရာဘက်သို့ စီးဝင် နေသောကြောင့်တည်း။ ထိုအတူ သစ်တုံးနှင့်တူသော ဿင်ချစ်သားတို့သည်လည်း မိမိခန္ဓာကိုယ်နှင့် အပြင်အာရုံများ၌ တပ်မက်မှုတဏှာ, ကာမဂုဏ်၌ နစ်မြုပ်, ကာမဂုဏ်မှ မထွက်ချင်သောတဏှာ, လူ နတ်ဘဝကို နှစ်သက်မှုတဏှာ, ထေ၀င်လွှားသောမာနနှင့် တဏှာအရင်းခံသော အကုသိုလ် အဟန့်အတားများ မရှိလျှင် သမုဒ္ဒရာ' တည်းဟူသော နိဗ္ဗာန်သို့ ပြေးဝင်မည်သာဖြစ်သည်ဟု မိန့်တော်မူရာ သံသရာရှည်၍ လည်စေနိုင်သော တရားမှာ လောဘအရင်းခံသော (တဏှာ မာန ဒိဋ္ဌိ- ပပဉ္စတရား ၃-ပါးအပါအဝင်) မကောင်းမှု အကုသိုလ် တရားများသာ ဖြစ်သည် (ဒါနက သံသရာရှည်သည် မဟုတ်၊) ဟု ဒါရုက္ခန္ဓောပမ သံယုတ် ပါဠိတော်၌ ဘုရားဟောတော်မူသည်။

ထင်ရှားစေဦးအံ့–အတွင်း, အပြင် တဏှာ ၂-မျိုးရှိရာတွင် အတွင်းတဏှာ အားနည်း ညှိုးနွမ်း သွားအောင် ရှေးဦးစွာ အပြင်အာရုံနှင့် ပတ်သက်သော အပြင်တဏှာကို ဒါနဖြင့် ပယ်ပြီးခါမှ အားသေးညှိုးနွမ်းနေသော အတွင်းတဏှာကို သီလ သမာဓိ ပညာတို့ဖြင့် ပယ်သတ်ပါလျှင်

လိုအပ်သောတဏှာ၏ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ကေန်ရနိုင်ပေသည်။

"ဏ-ကြီးကို ပယ်နိုင်မှ န-ငယ်နှင့်နီးမည်"ဟူသော ဆောင်ပုဒ်အား လျော်စွာ ဒါနပြု၍ လူ နတ်ဘဝ စည်းစိမ်များကို ရည်ရွယ်လျှင် ရည်ရွယ်သောတဏှာအားလျော်စွာ လူ နတ်ချမ်းသာများကို ရသည်၊ သီလစောင့်၍ လူနတ်ဘဝကို တောင့်တလျှင်လည်း အလားတူပင်ဖြစ်ရာ ဒါန သီလ-တို့က သံသရာကို ရှည်စေ,လည်စေ,ရစေသည် မဟုတ်၊ထိုစဉ်က ပါဝင်သော တဏှာ လောဘ-ကသာ ရှည်စေ, လည်စေ,ရစေသည်။

**ဒါနမလိုဟု ဆိုသော** သာဝတ္ထိပြည် ကောသလ မင်းကြီး၏ သား**ကိုယ်တော်တပါး** မင်းသား ငယ်သည် အမည် မှည့်သော နေ့၌ ကျက်သရေတိုက်ခန်း ထီးဖြူတော်ရိပ်တွင် အိပ်စက်ရင်း အနီးပုခက်တွင် ချိုတွဲစွာအိပ်နေသော အလုပ်အကျွေးမိန်းမ၏ သားငယ်အား "အိုချစ်ဆွေ....သင်သည် လှူပါ, ဒါန်းပါဟု ဟိုစဉ်က ငါပြောသော စကားကို နားမထောင်၊ ဒါနမပြုခဲ့သဖြင့် ယခု ဆင်းရဲတဲ့ ဘဝ ရောက်နေရလေပြီ၊ ဒါနရှိသော ငါ၏စည်းစိမ်ကို သင် ဘာပြောလို သေးသလဲ"ဟု ပြောဆိုရာ အလုပ်အကျွေးမိန်းမ၏သားငယ်က "သင့်မှာ ရှိတဲ့ ရွှေ ငွေ မြ ဖလ် စသော စည်းစိမ်တို့သည် ပထဝီဓာတ်အစုသာဖြစ်သလို ငါအိပ်နေတဲ့ ဝါးခြမ်းစိတ် ပုဆိုးနွမ်းသည်လည်း ပထဝီဓာတ်အစုသာ တည်း" စသည်ဖြင့် ပြန်ပြောသောစကားကို အမတော် သောတာပန်သုမန မင်းသမီးက ကြားသဖြင့် ကလေး ၂-ဦး၏ သာသနာရေး အတွင်းကျကျ စကားများကို အခြားသူများအား ပြောလျှင် ဘီလူးငယ်တွေဟု ထင်လိမ့်မည်ဟု ယူဆကာ မည်သူ့ကိုမျှမပြောဘဲ မင်းသမီး-၅၀၀ ခြံရံကာ ရထား ၅၀၀-ဖြင့် ဘုရားထံ သွား၍လျှောက်ထားသည်။

"ချစ်သမီး သုမန သဒ္ဓါ သီလ ပညာ ဤ၃-ဖြာ တူသော်လည်း ဒါနရှိသော တပည့်သာဝကသည် ဒါန မရှိသူထက် နတ်ဖြစ်သော ဘဝ, လူပြန်ဖြစ်သော ဘဝတို့၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာ

ကြီးခြင်း, အခြံအရံပေါ၍ ကျော်စောထင်ရှားခြင်း, တန်ခိုးအာဏာ ရှိခြင်း အကျိုးငါးပါးတို့ သာလွန်သည်၊ အကယ်၍ လူ့ဘောင်မှ ရဟန်း ဘ၀သို့ ကူးပြောင်းကြလျှင်လည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါး ပေါများပြည့်စုံပြီး သီတင်းသုံးဘော်တို့၏ မေတ္တာထားမှုကို ခံရ သည်၊ ရဟန္တာဖြစ်ရာ၌ကား ခြားနားမှု မရှိပေ၊ ဤ ကလေး ၂-ဦး တို့သည် ကဿပဘုရားရှင်၏ တပည့် ရဟန်း ၂-ပါး ဖြစ်ကြ၍ တဦးနှင့် တဦး သဒ္ဓါ သီလ ပညာ တူမျှသော်လည်း တဦးက ဆွမ်းခံ၍ ရလာသော စားသောက်ဘွယ်မျိုးကို လှူပြီးမှ စားသောက်တတ်သော ဒါနအလေ့ရှိ၍ တဦးမှာမူ ရဟန်းဟူသည် မျှတရုံဆွမ်းခံ၍ သီလမကျိုးအောင် စောင့်လျှင် ပြီးတော့သည် စသည်ဖြင့် ဒါနစိတ် မရောက်သော ပုဂ္ဂိုလ်ဖြစ်သည်”ဟု အင်္ဂုတ္တိုရ် ပါဠိ အဋ္ဌကထာတို့၌ ညွှန်ပြသည်။

**ဒါနရှင်နိဗ္ဗာန်ဝင် နောက်မကျပါ** ဘုရားရှင်က သုမနမင်းသမီးအား “ ဒါန၏အကျိုး သည် အရဟတ္တဖိုလ်ပေါက် ဘဝများစွာ ကောင်းကျိုး ရောက်၍ ဒါနအကျိုးကို သိမြင်သူတိုင်း နည်းများ မဟူ ပေးလှူသင့်သည် ဟူသော သင်လျှောက်ထားချက် မှန်ပေသည်” စသည်ဖြင့် မိန့်တော်မူရာ ဒါနရှိသူသည် မရှိသူထက် သံသရာ ပို၍ရှည်လျား သည်ကို မတွေ့ရ၊ ဘ၀သံသရာ၌ ကောင်းကျိုးချမ်းသာများ ရပုံကိုသာ တွေ့ရသည်၊ ထို့ကြောင့် နှမြောစေးနဲမှု အားကြီးလျှင် ပညာစွမ်းအား သင့်သလောက် ကြီးမားသော်လည်း သဒ္ဓါတရား ခေါင်းပါးသော ကဒရိယ=စက်ဆုပ်ဘွယ်အရိယာ (အရိယာတု) ဖြစ်တတ်သည်ကို သတိ ချပ်သင့်သည်။

ကဒရိယပုဂ္ဂိုလ်ဟူသည် ခန္ဓာ အာယတန ဓာတ်စသည်တို့၌ ပရိယတ္တိ အသိ အတော်အတန်ရှိပြီး ဟောပြောရေးမှာလည်း ကျွမ်းကျင်သည့် အားလျော်စွာ သူတို့ကိုယ်သူတို့ ဒိဋ္ဌိပြုတ်ပြီးသော အရိယာဟု ထင်နေသူ များဖြစ်သည်။ အပြောပါသလောက် လက်တွေ့ မဟုတ်ကြရာ ဒါနအရာ၌ အဆင့်အတန်းမြင့်နေသော သူတို့အနေဖြင့် အောက်တန်းစား ဒါနပြုဘွယ်

မလိုဟုရင်း, သီလအရာ၌လည်း သက်သတ် ခိုးမှု ကာမေသုစသည်တို့သည် ရုပ်နာမ်အချင်းချင်း သဘောအားလျော်စွာ ဆောင်ရွက်ရာဖြစ်၍ ဒိဋ္ဌိ ပြုတ်ပြီးသူများအဘို့ လုပ်ချင်ရာလုပ် အပါယ်ကျခွင့် မရှိတော့ဟုရင်း, ဘာဝနာအရာ၌လည်း သတိပဋ္ဌာန်အလုပ်သည် မိမိကိုယ်ကို ညှဉ်းဆဲသော အတ္တကိလ မထာ နုယောဂ သာ ဖြစ်သည်၊ သိမှု ကိစ္စ ပြီးကြသူများ တရားထိုင်စရာ မလိုဟုရင်း ယူဆကြပြီး ရဟန်း သံဃာတော်များကို သော်မှ သူတို့လောက် မသိဟု ထင်ကာ ဦးချ ရှိခိုးခြင်း မပြုကြသော ပုဂ္ဂိုလ်များ (အရိယာတုများ) သည် ရင့်သန်လာသောအခါ အလှူခံ ပုဂ္ဂိုလ်များကို ဖိနှိပ်ချုတ်ချယ် ပြောဆိုတတ်သော (ပရိဘာသက) ပုဂ္ဂိုလ် များ အဆင့်သို့ ရောက်တတ်သည် ဟူသော နေမိဇာတ် အဋ္ဌကထာကို ဆင်ခြင်ကြပြီးလျှင် သဒ္ဓါနှင့် ပညာ အရာရာ၌ မျှတ ညီညွတ်၍ မှန်ကန် ကောင်းမွန်သော နှလုံးသွင်းရှိကြလျက် "ရောဂါရှိ၍ ဆေးစားရာ မူလ ရောဂါမပျောက်သည့်အပြင် ဆေးကြောင့် ရောဂါအသစ်ထပ်ဖြစ်ရသလို" မဖြစ်ဘို့ လိုပေသည်။

**ဓုတင်ဆောင်ရဟန်းကိုသာ လှူသည်–ဟူရာ၌**

အခါတပါး ဘုရားထံ ရောက်လာသော- သူကြွယ်အား "သင်တို့အမျိုး၌ အလှူဒါန ပြုကြရဲ့လား" ဟု ဘုရားက မေးရာ ဒါန ပြုကြပါသည်၊ သို့သော် တောကျောင်း ကိုယ်တော်, ဓုတင်ဆောင် ကိုယ်တော်များနှင့် ရဟန္တာပုဂ္ဂိုလ်, ရဟန္တာဖြစ်အောင် ကျင့်နေသော ပုဂ္ဂိုလ်များကိုသာ လှူပါသည်ဟု လျှောက်ထား၍ "လူများအဘို့ ဤ ဘုန်းကြီးသည် ရဟန္တာဘဲ, ရဟန္တာဖြစ်အောင် ကျင့်နေသူဘဲဟု သိနိုင်ဘို့ မလွယ်၊ တောကျောင်းနေတိုင်း, ဓုတင်ဆောင်သူတိုင်း စိတ်ရင်းကောင်း မနေလျှင် မချီးမွမ်းထိုက်၊ စိတ်ရင်းကောင်းလျှင် ရွာနီးကျောင်းနေ ဓုတင်မဆောင် သူများလည်း ချီးမွမ်းထိုက်သည်။ ဤသို့ပုဂ္ဂိုလ်ကောင်းဆိုး ရွေးချယ်ရေးမလွယ်သောကြောင့် သံဃာကိုသာ ရည်မှန်း၍ လှူဒါန်း လေ" ဟု အင်္ဂုတ္တိုရ်-ဆက္က၌ ဘုရားညွှန်ပြတော်မူသည်။

**ရွေးချယ်လှူမှ အကျိုးရသည်** "ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ"စသည့် တိက အင်္ဂုတ္တိုရ်နှင့် အညီ ရွေးချယ်၍ လှူသောအလှူကို ဘုရားရှင်ချီးမွမ်းသည်၊ ဤလူ့ ပြည်၌မြတ်သောအလှူကို ခံထိုက်သူပုဂ္ဂိုလ်တို့၌ ပေးလှူလျက် လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့များ ပမာ အကျိုးများ မြားမြတ် ကြီးကျယ်သည်ဟု မိန့်တော်မူရာ သီလသိက္ခာ ပြည့်စုံ၍ ကုသိုလ်တရား အားထုတ်မှု ရှိပြီးလျှင် သစ္စာ ၄-ပါးကို သိမြင်သောကြောင့် အာဟုနေယျ စသော အရိယာ သံဃာ့ဂုဏ် လောက်လုံသော အလှူခံ ပုဂ္ဂိုလ်ကောင်းများကို ရွေးချယ် လှူဒါန်းသင့်သော်လည်း အထက်ပါ သူကြွယ်အား ဘုရားရှင် မိန့်ကြားတော်မူသကဲ့သို့ ရွေးချယ်ရေး မလွယ်သောကြောင့် အောက် ညွှန်ပြပါ သံဃိကဒါနမျိုး စိုက်ပျိုး အားထုတ်သင့်သည်။

## သံဃိကဆိုင်ရာ မှတ်သား လေ့လာဘွယ်များ

**သံဃိကဒါန ၇-မျိုး** ၁။ ဘုရားအမှူးရှိသော ဘိက္ခု, ဘိက္ခုနီ သံဃာအား လှူဒါန်းခြင်း၊ ၂။ ဘိက္ခု, ဘိက္ခုနီသံဃာအားသာ လှူဒါန်းခြင်း၊ ၃။ ဘိက္ခုသံဃာအားသာ လှူဒါန်းခြင်း၊ ၄။ ဘိက္ခုနီသံဃာအားသာ လှူဒါန်းခြင်း၊ ၅။ ဘိက္ခု,ဘိက္ခုနီ သံဃာက ညွှန်ကြား ချပေး၍ ရသော သံဃာအား လှူဒါန်းခြင်း၊ ၆။ ဘိက္ခုသံဃာက ညွှန်ကြားချပေး၍ ရသော သံဃာအားသာ လှူဒါန်းခြင်း၊ ၇။ ဘိက္ခုနီ သံဃာက ညွှန်ကြားချပေး၍ ရသော သံဃာအားသာ လှူဒါန်းခြင်းဟု ဒက္ခိဏာဝိဘင်္ဂသုတ်လာ သံဃိက ဒါန ၇-မျိုး ရှိသည်။

**သံဃိကဖြစ်အောင် စိတ်ထားရပုံ** မည်သည့်ဆရာတော်, မည်သည့်ပုဂ္ဂိုလ် စသည်ဖြင့် ပုဂ္ဂိုလ်၌တည်သော စိတ်ကို ပယ်ဖျောက် သုဓ်သင်၍ အကျင့်ကောင်းမှု (သုပ္ပဋိပန္နဘာ) စသော သံဃာဂုဏ်များကို ဆင်ခြင်ပြီးလျှင် ထိုဂုဏ်များနှင့် ပြည့်စုံသော ဘုရားတပည့်သား သံဃာတော်များအား ငါလှူမည်, ဆွမ်းဒကာ သင်္ကန်းဒကာ ပြုမည်ဟု စိတ်ထားရက်ပါ၏၊ သံဃာတော်များဟူရာ၌ အရှင်ကောဏ္ဍည, အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် စသော ဘုရား

လက်ထက်က သံဃာတော်များ၊ ထို့နောင် ပထမ, ဒုတိယ, တတိယ သံဂါယနာ စသော သံဂါယနာ အသီးသီး အတွင်းရှိ တပါးမကျန် အလုံးစုံသော သံဃာတော်များသို့တိုင် ရှိရှိသမျှကို ယူရမည်၊ ထိုသို့ သံဃာ၌ စိတ်ရောက်၍ လှူလျှင် သက်နိုးလည်ပင်းရောက်နေသော နောက်ပိတ်ဆုံး ဒုဿီလအား လှူခြင်း သံဃိက အလှူကို အရှင်သာရိပုတ္တရာ စသည်တို့နှင့်တကွ ဘုရားလက်ထက် ကျွတ်တမ်းဝင်ကြကုန်သော မထေရ်များကို အစထား၍ ယခု ထင်ရှားရှိ ရဟန်းပုဂ္ဂိုလ်တို့သည် အလှူအကျိုးကြီးအောင် ချီးမြှောက် သုမ်သင်ကြသည်ဟု ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ ညွှန်ပြသည်။

**သံဃိကအလှူရှင်များ ဝမ်းမြောက်ဘွယ်** သံဃာသို့ စိတ်ရောက်၍ သံဃိက ဖြစ်အောင် ဆွမ်း သင်္ကန်း ကျောင်း ဆေး တို့ကို လှူဒါန်းသည်ဖြစ်အံ့၊ အလှူဒကာသည် သံဃာ တရာ, တထောင်တို့၏ အလှူဒကာ မဟုတ်၊ ဘုရားသာသနာ၌ရှိ အလုံးစုံသော (မရေမတွက်နိုင်အောင် များသော) သံဃာတော်တို့၏ ဆွမ်းဒကာ, ကျောင်းဒကာ စသည် မည်တော့သည်။ ထို့ကြောင့် အလှူရှင်များ ဝမ်းမြောက်ဘွယ် ဖြစ်သကဲ့သို့ ထိုတသာသနာလုံးဆိုင်ရာ ဆွမ်း သင်္ကန်း စသည်တို့ကို "လောက၌ သားသမီးများသူတို့မှာ အချို့သားသမီးများ သေသွားကြလျှင် အားလုံးဆိုင်သော အမွေဥစ္စာများကို ကျန်သားသမီးတို့သာ ရယူသုံးစွဲခွင့်ရှိသကဲ့သို့ "ယခုရှိနေသော သံဃာတော်များသာ ရယူ သုံးစွဲပိုင်ခွင့်ရှိသဖြင့် ယခုလက်ရှိ သံဃာတော်များအတွက်လည်း အခွင့်အရေး မယုတ်လျော့၍ ဝမ်းမြောက်ဘွယ်ပင် ဖြစ်သည်။ စေတီ, ဘုရားတည်၍ ဒါယကာခံရာ၌လည်း ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွါးတော်၏ ဒါယကာသာ မဟုတ်, ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရား၏ ဒါယကာဖြစ်အောင် နှလုံးသွင်းတတ်ပါစေ။

**ဘုရားမရှိရာ ကာလ၌လည်း ဗုဒ္ဓပမုခ သံဃိကဖြစ်ပုံ** ပထမသံဃိကဒါန၌ ဘုရားနှင့်တကွ ရဟန်း, ရဟန်းမ သံဃာတို့ကို ပင့်၍ ဘုရားရှေ့၌ "ဗုဒ္ဓပမုခဿ သံဃဿ ဒေမ=ဘုရားအမှူးရှိသော ၂-ဘက်သံဃာအား ငါပေးလှူကုန်၏" ဟု ဆို၍လှူ, ဘုရားမရှိသော

နောက်ပိုင်းတွင် "ဘုရားခေတ်တော်ပါသော" ရုပ်ပွါးတော် ရှေ့တွင် ၂-ဘက် သံဃာအား လှူလျှင် ပထမ သံဃိကဖြစ်ကြောင်း အဋ္ဌကထာ မိန့်သည်၊ "ဘုရားခေတ်တော်ပါသော"ဟူရာ၌ အကျိုးကြီးမား စေတနာ ပွါးရန် အဋ္ဌကထာ မိန့်သည်ဟု ယူ၊ ဘုရားခေတ်တော်စစ် မပါသော်လည်း ရုပ်ပွါးဆင်းတုတော် စေတီတော်တို့အား လှူဒါန်းရာ၌ အတူတူဟုပင် မှတ်လေ။ ပထမသံဃိက ၄-ပါးကား တိုက်လုံးကျွတ် သံဃာကို ပင့်၍ လှူသောအလှူများတည်း။ (ယခုအခါ ဘိက္ခုနီ သံဃာ မရှိပြီ ဖြစ်၍ ၁။ ဗုဒ္ဓပမုခ ဘိက္ခုသံဃိက၊ ၂။ ဘိက္ခုသံဃိက ဟု ၂-ပါးသာ ရနိုင်တော့သည်။)

**အလဇ္ဇီ ဒုဿီလကို ရသော်လည်း သံဃိကပင်** — အမှတ် ၅-၆-၇- သံဃိက ၃-မျိုးကား တိုက်လုံးကျွတ် သံဃာကုန်အလှူ မဟုတ်ပေ၊ ဒကာတတ်နိုင်သမျှ ဘိက္ခုသံဃာထဲမှ တပါး နှစ်ပါး စသည်၊ ဘိက္ခုနီသံဃာထဲမှ တပါး နှစ်ပါး စသည် တောင်းရာဝယ် တိုက်တာ အုပ်ချုပ်သူများက အလှည့်ကျ စာရေးတံဖြင့် ညွှန်ကြား ချပေးအပ်သော ဥဒ္ဒိဿက သံဃိက ၃-မျိုး ဖြစ်သည်။ ထိုသံဃိက ၃-မျိုးကား စိတ်ထားမတတ်လျှင် သံဃိက မမြောက်နိုင်၊ မထေရ်ကြီးကို မှန်းသော်လည်း သာမဏေငယ်ကို ရ၍ စိတ်စေတနာ သဒ္ဓါပျက်မူ သံဃိက မမြောက်သလို မထေရ်ကြီးကိုရ၍ ဝမ်းမြောက်လွန်းကလည်း သံဃိက မဖြစ်နိုင်၊ ထို့ကြောင့် အလဇ္ဇီ၊ ဒုဿီလကိုပင် ရသော်လည်း ဤသူသည် ငါ့အလှူမြောက်ရုံ ကိုယ်စားလှယ် အလှူခံသာ ဖြစ်သည်၊ အလှူခံပုဂ္ဂိုလ်အစစ်ကား အရှင်သာရိပုတ္တရာစသော သံဃာအားလုံးသာ ဟု သံဃာ့ဂုဏ် အာရုံပြု၍ စိတ်ခိုင်ခိုင်ထားနိုင်လျှင် သံဃိက မြောက်သည်၊ ထိုအလဇ္ဇီ၊ ဒုဿီလကိုလည်း အရှင်သာရိပုတ္တရာကိုကဲ့သို့ အလေးအမြတ် ပြုပါလေ။

**ဒုဿီလကို ဘုရားနှင့်အတူ လေးစားသော သူကြွယ်** — ကျောင်းဒကာသူကြွယ်တဦး သံဃိကလှူလို၍ ကျောင်းတိုက်မှ သံဃာတပါး တောင်းရာ ဒုဿီလ ရဟန်းကို ရသော်လည်း နေရာ

ထိုင်ခင်း ကျနစွာ ခင်းကျင်းပြီး မျက်နှာကြက်နှင့် တကွ ဘုရားကို ပူဇော်သကဲ့သို့ ပန်းနံ့သာအခိုးအထုံများဖြင့်၎င်း, ခြေဆေးခြင်း,ခြေသုတ်ခြင်း များဖြင့်၎င်း ရိုသေလေးစားစွာ ပြု၍ ဆွမ်းကပ်သည်၊ ဒုဿီလမှန်းသိလျက် ဤမျှ ပြုစုရသလားဟု အများက မေးသောအခါ ထိုဒုဿီလကို လှူသည်, ပြုစုသည်မဟုတ်၊ သံဃာကို လှူသည်, ပြုစုသည်ဟု ပြန်ပြောကြောင်း အဋ္ဌကထာညွှန်ပြသည်၊ ထို့ကြောင့် အလဇ္ဇီ, ဒုဿီလသည်လည်း သံဃိကအရာ ဖြစ်လျှင် ပူဇနီယပုဂ္ဂိုလ်ပင် ဖြစ်သည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ အကောင်းစကားသာ ဖြစ်ပါလျက် ပုဂ္ဂိုလ်လိုက်၍ အဆိုးဖြစ်ရသော စကား ၅-မျိုးကို ပြ၍ သိက္ခာ ၃-ပါး, မဂ္ဂင် ဂ-ပါး အကျင့်များတွင် မပါဝင်သော ဒါနကို နိဗ္ဗာန်ရောက်ကြောင်းဟု ဆိုကြရာ အကြောင်း ၃-မျိုးထက်မနည်း ထုတ်ပြ၍ သံယုတ်ဒါရုက္ခန္ဓောပမ သုတ်ကို ကိုးကား၍ သံသရာ ရှည်ကြောင်း တရားများကိုလည်း ရေးသားပါ။

၂။ ဒါနမလိုသော ကိုယ်တော်နှင့် လိုသော ကိုယ်တော်တို့ အကျိုးပေး ခြားနားပုံကိုပြ၍ ဒါနရှင်ကိုယ်တော်၏သံသရာ ပို၍ မရှည်ပုံကို၎င်း, ကာဒရိယမည်သော အရိယာအတုများ၏ ယူဆချက်နှင့် ကာဒရိယအဆင့်ကိုလွန်သော် ပရိဘာသကအဆင့် ရောက်နိုင်ပုံကို၎င်း ရေးသားပါ။

၃။ သဒ္ဓါလို၍ ပညာပိုသူများဝယ် ဖြစ်တတ်သော အပြစ်ကို ပြ၍ သံဃာကောင်း ဆိုး မရွေးချယ်တတ်သော လူများအတွက် သံဃိကလှူသင့်ကြောင်းပြ ဆက္ကာ အင်္ဂုတ္တိုရ် ဝတ္ထုကြောင်းကို ရွေးချယ်လှူမှ အကျိုးရ ဟူသော တိကအင်္ဂုတ္တိုရ်နှင့် မဆန့်ကျင်အောင် ရေးသားပါ။

၄။ ဒက္ခိဏာဝိဘင်္ဂသုတ်လာ သံဃိက ၇-မျိုးသရုပ်ကို ထုတ်၍ သံဃိ-က ဖြစ်အောင် စိတ်ထားပုံနည်းကို ရေးပြီးလျှင် သက်န်း လည်ပင်းသို့ ရောက်နေသော ဒုဿီလအား သံဃိက စိတ်မှန်း၍ လှူဒါန်းလျှင် အလှူအကျိုးကြီးအောင် မည်သည့် ပုဂ္ဂိုလ်များ က သုခ်သင်ပေးကြောင်း ညွှန်ပြပါ။

၅။ သံဃိကအလှူရှင်များဝမ်းမြောက်ဘွယ် အနုမောဒနာကိုရေး၍ တသာသနာလုံးဆိုင် သံဃိက ပစ္စည်းများကို သက်ဆိုင်ရာ ကျောင်းတိုက်ရှိ သံဃာတော်များ ပိုင်ဆိုင် သုံးစွဲခွင့် ရှိကြောင်း ဥပမာပြ ဖြေပြီးလျှင် ယခုကာလ ဗုဒ္ဓပမုခဖြစ်အောင် လှူဒါန်းရ ပုံကိုလည်း ရေးသားပါ။

၆။ ဥဒ္ဒိဿက သံဃိက ၃-မျိုး စိတ်ထားခက်ပုံကို ပြ၍ သံဃာက ချပေးသဖြင့် ရသော ဒုဿီလပုဂ္ဂိုလ်အား ဘုရားနှင့်အတူ လေးစားသော သူကြွယ်၏ဝတ္ထုကိုရင်း, သံဃိကအရာ၌ ဒုဿီလ ပုဂ္ဂိုလ်၏ ပူဇနီယဖြစ်ပုံကိုရင်း ရေးသားပါ။

## ပုဂ္ဂလိကအလှူခံပုဂ္ဂိုလ် တကျိပ်လေးဦး

**သာသနာတွင်းလူများနှင့် သောတပတ္တိမဂ္ဂဋ္ဌာန်** တိရစ္ဆာန်, လူ ဒုဿီလ, လူ သီလဝန္တ, သာသနာပ ဈာန်ရရသေ့-၄-ဦး, အရိယာ ၈-ဦး, ပစ္စေကဗုဒ္ဓါနှင့် သဗ္ဗညုဘုရား ၂-ဦး, **ပေါင်း** ၁၄-ဦးရှိသည်၊ အမှတ်- ၃ လူသီလဝန္တအရ သာသနာပ လူ သီလဝန္တကို ယူလေ၊ သရဏဂုံ ၃-ပါး၌ တည်သော သာသနာတွင်း လူကို အစထား၍ ၅-ပါးသီလစသော သီလ၌တည်သူများကို သောတာ ပန် အဖြစ် မျက်မှောက်ပြုရန် ကျင့်နေဆဲ ပုဂ္ဂိုလ်များ ဖြစ်ခြင်းကြောင့် သောတာပတ္တိမဂ္ဂဋ္ဌာန် (ပထမအရိယာ) အတွင်း၌ သွင်းယူရကြောင်း အဋ္ဌကထာ မိန့်သည်။

**သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်များ** ပဓာနအားဖြင့် သောတာပတ္တိမဂ်၌ တည်သော အမှတ်-၁ အရိယာသည်သာ သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ် အစစ်ဖြစ်သော်လည်း သရဏဂုံ တည် လူနှင့် ၅-ပါး, ၁၀-ပါး သီလရှိသူများကိုလည်း ယူရမည်ဟု အဋ္ဌကထာ မိန့်သောကြောင့် သာသနာ့ဝန်ထမ်း ပုထုဇဉ် ရဟန်း,သာမဏေ များလည်း သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်များသာ ဖြစ်သည်၊ ဤ၌ သီလရှိသော ရဟန်း, သာမဏေများအတွက် ထင်ရှားသည့် နည်းတူ အလဇ္ဇီ, ဒုဿီလ ရဟန်း, သာမဏေများလည်း အလှူခံပုဂ္ဂိုလ် ၁၄-ဦးတွင် ပါဝင်ကြောင်း မိလိန္ဒပဉှာ လာ "လူဒုဿီလထက် ရဟန်း, သာမဏေ ဒုဿီလတို့က ဂုဏ် ၁၀-ပါးဖြင့် ဒါယကာတို့၏ အလှူကို အကျိုးကြီး အောင် ချီးမြှောက်သုတ်သင်နိုင်သည်"ဟူသောစကားဖြင့် ထင်ရှားသည်၊ (ဒုဿီလဂုဏ် ၁၀-ပါး ပြခဲ့ပြီး။)

**ဒက္ခိဏာဝိသုဒ္ဓိ ၁၀-ပါး မှတ်သားဘွယ်** ဒုဿီလအား လှူသူများ အကျိုးကြီးဘို့ရာ အကြောင်းများမှာ (၁) ကိလေသာ စစ်ပွဲ၌ ဆင်နွှဲသူ ရဟန်း, သာမဏေကောင်း တို့၏ ချုပ်ဝတ် မိန့်ညိုဟူသော သင်္ကန်း သပိတ် ပရိက္ခရာများ ဝတ်ဆင်ထား ခြင်း၊ (၂) ရဟန်း အသွင်အပြင် အမူအရာ ပြုနေခြင်း၊ (၃) သံဃာ့ အစည်းအဝေးများ၌ ဝင်ရောက်ခြင်း၊ (၄) ဗုဒ္ဓ ဓမ္မ သံဃ သရဏဂုံတည် ခြင်း၊ (၅) တရားအားထုတ်ရာ သံဃာ့ကျောင်း၌ နေခြင်း၊ (၆) ဘုရား သာသနာတည်ရာ အခွင့်ကို ရှာမှီးခြင်း၊ (၇) တရားမြတ်ကို ဟောပြောမှု ရှိခြင်း၊ (၈) ပိဋကတ ၃–ဖြာ ဒေသနာဆီမီးလျှင် စိတ်၏တည်ရာ လည်း လျှောင်းရာရှိနေသေးခြင်း၊ (၉) ဘုရားသည် မြတ်၏ဟု စင်စစ် ဖြောင့် မှန်စွာ ယူခြင်း၊ (၁၀) ဥပုသ်ပြုမှု ရှိခြင်း ဟူသော, ဤ ၁၀-ပါးဖြင့် လှူသူတို့၏ အလှူကို အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်သည်၊ (ရဟန်းဇာတ်မရှိသူ ပကတိလူသည် သင်္ကန်း ပရိက္ခရာကို ဆောင်သော် လည်း ဒက္ခိဏာဝိသုဒ္ဓိဂုဏ်မဖြစ်၊) ဤဂုဏ် ၁၀-ပါးတွင် အချို့ဂုဏ်မှာ ဒုဿီလ ရဟန်းအား နစ်မွန်းဘို့ဖြစ်သည်၊ တတ်သိလိမ္မာ၍ လှူသူများမှာ

ဒက္ခိဏာဝိသုဒ္ဓိ ဖြစ်ဘို့ရှိသော်လည်း မလိမ္မာ၍ စွပ်စွဲသူမှာ အပြစ်လေးဘို့ ဖြစ်သည်။

**ပုဂ္ဂလိကဒါနအကျိုးများ** တိရစ္ဆာန်ကို လှူရာ၌ အကျိုး အဆတရာ, သာသနာပ လူ ဒုဿီလ၌ တထောင်, သာသနာပ လူသီလဝန္တ၌ တသိန်း, သာသနာပ ဈာန်ရ ရသေ့၌ ကုဋေ တသိန်း၊ သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်များ (အထက်၌ ပြခဲ့ပြီး) ကို လှူရာ၌ အကျိုး အသင်္ချေယျ အပ္ပမေယျ၊ အထက်အရိယာ ၇-ဦး နှင့် ပစ္စေကဗုဒ္ဓါ,သဗ္ဗညုဘုရားများကို လှူရာ၌လည်း အကျိုးအသင်္ချေယျ အပ္ပမေယျဟုဟောတော်မူသည်၊ (စပါးတလင်းအတွင်းရှိ မြေမှုန့်အသင်္ချေ, တရွာတွင်းရှိ မြေမှုန့်အသင်္ချေ,တမြို့တွင်းရှိ မြေမှုန့်အသင်္ချေ၊ဤသို့အသင်္ချေ ချင်းတူသော်လည်း အနဲအများ ကွာသည်ဟု အဋ္ဌကထာပြ၏၊) ၁၄-ဦး တွင် တဦးထက်တဦး အကျိုးပေးကြီးသည်၊ ဒုဿီလကို လှူလျှင် မဟပ္ဖလ မဖြစ်ဟု ဆိုသည်မှာ သီလဝန္တနှင့် တိုင်းတာ၍ ဖြစ်သည်။ တိရစ္ဆာန်နှင့် တိုင်းတာက မဟပ္ဖလဖြစ်သည်သာ။

## ဗုဒ္ဓပုဂ္ဂလိကဒါနနှင့် သံဃိကဒါန နှိုင်းယှဉ်ချက်

**ဗုဒ္ဓပုဂ္ဂလိက ဒါန က သံဃိကထက် မြတ်** အဋ္ဌကထာ ဆရာ ကိုယ်တိုင်ပင် "န ယိ မသ္မိံ လောကေ ပရသ္မိံ ဝါ ပန၊ ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ။ ယ'မာဟု နေယျာန-မဂ္ဂတံ ဂတော၊ ပုညတ္ထိကာနံ ဝိပုလဖလေသိနံ"—ဟူသော ပါဠိတော်ကို ကိုးကားလျက် ဘုရားထက် မြတ်သော အလှူခံပုဂ္ဂိုလ် မရှိ၊ ထို့ကြောင့် သံဃိကဒါန ၇-ပါးထက် ဗုဒ္ဓအား လှူဒါန်းသော ပုဂ္ဂလိကဒါနက မြတ်သည်ဟု ဆုံးဖြတ်တော် မူတိုင်း သေချာစွာ မှတ်သားအပ်သည်၊ အကြောင်းများကား—

၁။ မိထွေးတော် ဂေါတမီယူလာသော သင်္ကန်း ၂-စုံတွင် တစုံကို ဘုရားရှင် အလှူခံ၍ ကျန်တစုံကို "သံဃေ ဒေါ် ဂေါတမီ ဒေဟိ-

စသည်ဖြင့် သံဃာကိုလှူ၊ သံဃာကိုလှူလျှင် ငါဘုရားကိုလည်း ပူဇော်ရာရောက်သည်”ဟု မိန့်တော်မူသည်မှာ ဘုရားအား လှူ၍ စေတနာ ၃-တန်ဖြစ်ပြီး သံဃာအားလှူ၍ စေတနာ ၃-တန် ထပ်ဖြစ်၊ ပေါင်း စေတနာ ၆-တန်တို့သည် မိထွေးတော်အား စီးပွါးချမ်းသာ ကြာရှည်စွာ ဖြစ်လိမ့်မည်ဟု နှလုံးပိုက်၍ လှူစေသည်ဟု မှတ်ယူရမည်။

တနည်းကား မိထွေးတော်မှာ ရဟန္တာဖြစ်၍ အကျိုးများဘို့ အထူးမလို၊ မိမိ(ဘုရား)မှာလည်း သက်နီးတစုံဆိုက မျှပြီဖြစ်၍ ကျန်တစုံကို သံဃာအား (ဒိဋ္ဌာနုဂတိ လိုက်ကြစေရန်) လှူခိုင်းသည်၊ ဗုဒ္ဓဒါနထက် သံဃိကဒါနက မြတ်၍မဟုတ်၊ “သံဃာကို လှူလျှင်ငါဘုရားကိုလည်း လှူသည်မည်သည်”ဟူသောစကားမှာလည်း မိထွေးတော်စိတ်ကို စောင့်သောအားဖြင့် မိန့်သည်ဟု မှတ်၊(ဘုရားကိုလှူသည်ထက် သံဃိကဒါနက အကျိုးကြီးသော ကြောင့် တစုံကိုသံဃာအား လှူစေသည်ဟူသော ဆန့်ကျင် ဘက်ပြောတတ်သူ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့၏ စကားကို အဋ္ဌကထာကိုယ်တိုင် ပယ်သည်။)

၂။ နတွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန-စသည်ဖြင့်“အာနန္ဒာ သံဃိကဒါနထက် ပုဂ္ဂလိကဒါနက အကျိုးသာသည်ဟူ၍ ဘယ် အကြောင်းကြောင့်မျှ ငါဘုရား မဟော”ဟု ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်၌ မိန့်ကြားချက်သည် ဗုဒ္ဓပုဂ္ဂလိကဒါနကို ချန်လှပ်၍ ဟောတော်မူသည်ဟု ယူဆပါသည်။

၃။ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ-စသည်ဖြင့် “သံဃာ၌ စိတ်ရောက်အောင် ပြုဘို့တတ်နိုင်သူအား ပုဂ္ဂလိက ရဟန္တာဒါန ထက် သံဃာမှညွှန်း၍ချအပ်သော ဒုဿီလဒါနသည်အကျိုးကြီး သည်”ဟူသော အဋ္ဌကထာစကားလည်း ပုဂ္ဂလိကရဟန္တာဒါန ဟု သာမာန်သာ မိန့်သဖြင့် ဗုဒ္ဓပုဂ္ဂလိကဒါန ကျန်သည်သာ၊

ထို့ကြောင့် ဗုဒ္ဓပုဂ္ဂလိကဒါနသည် သံဃိကဒါန အားလုံးထက် မြတ်သည်ဟု မုချဆတ်ဆတ် မှတ်သားအပ်သည်။

**ရုပ်ပွါးတော်မြတ် ဒါနလည်း သံဃက ဒါနထက် သာသည်**

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ-စသည်ဖြင့် "သက်တော် ထင်ရှား ဘုရားနှင့် နိဗ္ဗုတ်စံ ဘုရားရှင် အသီးသီးဝယ် ကြည်ညိုသဒ္ဓါ ညီမျှပါမူ ဆည်းကပ် ပူဇော်ရကျိုး တူပေသည်၊ မှန်၏၊ စိတ်ထားဖြူးဖြောင့် တောင့်တလိုချင်ခြင်း အကြောင်းတို့ကြောင့်သာလျှင် သတ္တဝါများ သုဂတိ ၃-ရွာ ရောက်ကြပါသည်"ဟု ဝိမာနဝတ္ထု၌ ဟောတော်မူသောကြောင့် သံဃိကကျောင်းကုသိုလ်ထက် ဘုရားတည် ကိုးကွယ်သော ကုသိုလ်က ပိုမြတ်သည်ဟု မှတ်ဘွယ်ရာရှိသည်၊ (ယခု ကာလ သံဃိက ကျောင်းများဝယ် ဘုရားဆင်းတုတော်နှင့်တကွ ဘုရား ကျောင်းဆောင်ပါ စီစဉ်တည်ဆောက်ကြခြင်းသည် ပြည့်စုံတော့သည်။) သို့သော် သက်တော်ထင်ရှားဘုရားနှင့် ရုပ်ပွါး စေတီတော်မြတ်တို့အပေါ် စေတနာသဒ္ဓါဓာတ် တူနိုင်၊ မတူနိုင် စဉ်းစားဘွယ်ရာတည်း။

**ဆင်ခြင်စဉ်းစား၍ ဝမ်းသာနိုင်ကြပါစေ သူတော်ကောင်းတို့**

ယခု ခေတ် ရတနာ ၃-ပါးနှင့် နီးစပ် နေကြသူများမှာ ရှေးက ပြုခဲ့သော အကုသိုလ်တွေ ရှိနေစေကာမူ အကျိုးမပေးရလျှင် မနေနိုင်လောက်အောင် ကြီးကျယ်သော အကုသိုလ်ကံများကား "အကျိုးပေးသင့်သမျှ ပေးပြီးဖြစ်၍ နောက်ထပ် အကျိုးပေးဘို့ရာ ကံကြီးများ" မရှိသလောက် နည်းပါးကြလေပြီ၊ ထို့ကြောင့် ယခုဘဝ၌ နောက်တပ် အကုသိုလ်ကံကြီးများ မဖြစ်ရအောင် စောင့်ရှည်၍ ကြိုးစားပြီး ပါရမီများကို ဖြည့်သွားကြလျှင် ကောင်းသော ဘဝကို မလွဲတမ်း ရနိုင်ပေပြီ၊ တကယ်လိုချင်ပါမူ နိဗ္ဗာန်နှင့်လည်း နီးနေပြီဟု ဆိုဘွယ်ရာသာတည်း။

**သောတာပန် လာဇာနတ်သမီး**

ဘုရား လက်ထက်တော်က ဆင်းရဲသူ အမျိုးသမီးလေး တယောက်သည် လယ်

တော စောင့်ရှင်း ပေါက်ပေါက် သွားရေစာကလေးများကို (နိရောဓ သမာပတ်မှထ၍ ရင်းဆင်းရဲသူမကလေးကို မြင်သဖြင့် ဆွမ်းခံကြွလာ သော)အရှင်မဟာကဿပ ထေရ်အား လှူဒါန်းပြီး အလှူကို ဝမ်းသာစွာ စဉ်းစားရင်း အပြန်တွင် ကဇင်း (ကံသင်း) ရိုးမှ မြွေကိုက်သဖြင့် ဆုံးရှာ သည်၊ ယင်းကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ကာ ပေါက်ပေါက်ဇာတွေ တွဲရရှိဆွဲသော လာဇာနတ်သမီးဟု တွင်သည်။ ထို့နောက် အရှင်မဟာ ကဿပကို ကျေးဇူးတင်လှသဖြင့် ပြုစုလိုသောကြောင့် အရှင်ကဿပ နေရာ လိုဏ်ဂူသို့ သွားသောအခါ အပြုအစု မခံသဖြင့် ဘုရားထံ သွား၍ လျှောက်ရာ တရားနာရ၍ သောတာပန် ဖြစ်သည်။

လယ်ယာမြေကောင်းနှင့် တူသော အရိယာ သံဃာ၌ အနည်းငယ် သော ပေါက်ပေါက် ခဲဘွယ် လှူဒါန်းမှုကြောင့် နတ်စည်းစိမ်မျှမက သောတာပန်တိုင်အောင် ရသောအကျိုးများကို စဉ်းစားလျက် ကုသိုလ် ကောင်းမှုများကို ကြိုးစားကြပါလျှင် လူ့ဘဝရကျိုး, သာသနာတော်နှင့် တွေ့ရကြုံရကျိုးများ နပ်ပေတော့မည်။

**ရဟန်း သာမဏေများသည် နတ် ပြဟ္မာများထက် ဘဝအရထူးသည်**

ရှင် ရဟန်းပြုနိုင်ခွင့် ရရှိရေး၌ နတ် ပြဟ္မာများကို တိရစ္ဆာန်အရာထား၍ ဘုရားရှင် တားမြစ်တော်မူခဲ့ရာ ယင်း ပုဂ္ဂိုလ်တို့ သဒ္ဓါတရား ကြီးမားသဖြင့် "အရှင်ဘုရား တပည့်တော် များကို ရဟန်းခံပေးကြပါ၊ အရှင်ဘုရားတို့အား တသိန်းစီ ထိုက်တန် သော လှူဘွယ်များကို လှူပါမည်"ဟု လျှောက်သော်လည်း ရှင့်ရဟန်း အဖြစ် သွတ်သွင်း ချီးမြှောက်ပေးတော်မမူ၊ ဤသို့လျှင် အရတော်၍ နတ်ပြဟ္မာများထက် ထူးမြတ်ပုံကို ဝမ်းမြောက်တော်မူကြရန် ဖြစ်သည်။ ဂေါတမဘုရား အလောင်းတော် ပါရမီဖြည့်ရာကာလ ၄–သင်္ချေ နှင့် ကမ္ဘာတသိန်းတွင်မှ ရှင်ရဟန်းဘဝ ၉– ကြိမ်မျှသာ ရခဲ့ဘူးရာ ကံတော် ၍ ယခုရသော ရှင်, ရဟန်းဘဝကို အားပါးတရ ဖြစ်တော်မူကြပါလျှင် ယခုဘဝ အရိယာ မဖြစ်စေဦးတော့ ဒုတိယ နတ်ဘဝတွင် အရိယာ နတ်သား,နတ်သမီးများနှင့် ဇာတ်ပေါင်းရန် လွယ်မည်သာတည်း၊

## ဖြေဆိုရန် မေးခွန်းများ

၁။ ပုဂ္ဂလိကအလှူခံ ၁၄-ဦးကို ရေး၍ အမှတ်-၃ လူသီလဝန္တအရ မည်သည့် ပုဂ္ဂိုလ်ကို ယူသင့်သနည်း၊ သောတာပန်ဖြစ်ရန် ကျင့်ဆဲ မည်သော မုချ နိတတ္ထ ပုဂ္ဂိုလ်, အမုချ နေယျတ္ထပုဂ္ဂိုလ်များကို အဋ္ဌကထာပြတိုင်း ရေးသားပါ။

၂။ အလဇ္ဇီရဟန်း သာမဏေများ အလှူခံ ၁၄-ဦးတွင် ပါဝင်သင့် မသင့် အကြောင်းပြ ရေးသား၍ ဒုဿီလအား လှူသူများ အကျိုးပြီးဘို့ရာ အကြောင်း (ဒက္ခိဏာဝိသုဒ္ဓိ) ဂုဏ် ၁၀-ပါးကို ထုတ်ပြပြီးလျှင် မိမိသဘော အလျောက် သက်န်းဝတ်နေသူ လူသည် ဒက္ခိဏာသုဒ္ဓိ ဖြစ်နိုင်ပါသလော။

၃။ ဒက္ခိဏာဝိသုဒ္ဓိဂုဏ် ၁၀-ပါးဖြင့် ဒုဿီလအားရင်း, တတ်သိလိမ္မာ၍ လှူသူအားရင်း,မလိမ္မာ၍ စွပ်စွဲသူအားရင်း မည်သို့ ကျေးဇူး ပြုကြောင်း ပြ၍ ပုဂ္ဂလိက ဒါန အကျိုးများကို အသီးအသီး တိုင်းတာပြီးလျှင် အရိယာပုဂ္ဂိုလ်များ၏ အလှူ အကျိုးပြ အသင်္ချေယျချင်း ထူးပုံကိုလည်း ရေးပါ။

၄။ ဒုဿီလအားလှူလျှင်မဟပ္ဖလမဖြစ်ဟူသောစကားကို ရှင်းပြ၍ ဗုဒ္ဓပုဂ္ဂလိကဒါနနှင့် သံဃိကဒါနများ မည်သူက အကျိုးပေးသာ ကြောင်း ပါဠိကိုးကား ရေးသားပြီးလျှင် မိထွေးတော်အား သက်န်းတစုံကို သံဃာအားလှူခိုင်းရာ၌ ဘုရားရှင်ရည်ရွယ်တော် မူရင်းကိုလည်း ရှင်းပြပါ။

၅။ သံဃိကထက် ပုဂ္ဂလိက အကျိုး သာ၏ဟု ငါဘုရား မဟော ဟူသော စကား,သံဃာ၌ စိတ်ရောက်လှူလျှင် ပုဂ္ဂလိက အလှူ ဒါနထက် အကျိုးကြီးသည်ဟူသော စကားများကို ဘုရားသာ လျှင် အမြတ်ဆုံးအလှူခံဟူသောစကားနှင့် ဝိရောဓိမဖြစ်အောင်

ရှင်းပြ၍ စေတိယပူဇနီယဒါန, သံဃိကဝိဟာရဒါန ၂-ဦး အကျိုး
ပေး ထူးပုံကိုလည်း ရေးသားပါ။

၆။ ရတနာသုံးပါးနှင့် နီးစပ်နေသူများ သုဂတိဘဝ နိဗ္ဗာန်များနှင့်
မဝေးကြောင်းကို ထင်ရှားအောင် ရေးသား၍ ညောင်စေ့မျှ
သောအလှူ၏ ညောင်ပင်ကြီးမျှ အကျိုးကြီးပုံကို လာဇာနတ်
သမီး သာမကောဝတ္ထုဖြင့် ဖြေပြီးလျှင် နတ်ပြဟ္မာ များထက် ဘဝ
အရထူးသော ရဟန်းသာမဏေများ၏ ဂုဏ်ကို ရေးပါ။

---

## ပြည့်စုံသော သာသနာတော်၌ ပြည့်စုံအောင် ကြိုးစားကြပုံ

**ဘုရားဖြစ်ဘို့ထက် ခက်သောဘဝ** "ဗုဒ္ဓုပ္ပါဒေါ ဟိ ဒုလ္လဘော၊ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ စ= ဖြစ်နိုင်ခဲသော ဘုရားတဆူဖြစ်တော်မူရသည်ထက် ရှင်ရဟန်းအဖြစ်ကိုရဘို့ သာ၍ ခဲခက်သည်"ဟူသော ပါရာဇိက အဋ္ဌကထာစကားကို လွယ်ကူစွာ သဘောမကျနိုင်သော်လည်း လေးနက်စွာ ဆင်ခြင်လျှင် ဉာဏ်သက်ဝင် နိုင်သည်။ ထင်ရှားစေအံ့၊ ဘုရားသာသနာနှင့် ကြုံရေး, လူဖြစ်ရေး, သဒ္ဓါ တရားရှိရေး, ရှင်ရဟန်းပြုနိုင်ဘို့ ဆိုင်ရာတရားစကား ကြားနာခွင့်ရရေး စသော ခက်ခဲမှု ဒုလ္လဘများကို လွန်မြောက်မှ ရှင်ရဟန်း ဖြစ်နိုင်သည်။ ဂေါတမဘုရား အလောင်းတော်သည် ၂-ဆူသောဘုရားများနှင့် ကြုံရ သော်လည်း ၉-ဘဝသာ ရှင်ရဟန်းဖြစ်ခဲ့ရပုံနှင့်တကွ မြတ်စွာဘုရားသည် စကြာမင်းအဖြစ်ဖြင့် ရွှေအိုးကြီး အမွေများကို သားတော် ရာဟုလာ အား မပေးမူ၍ ရှင်ရဟန်း အဖြစ်ကိုသာ ပေးတော်မူခဲ့ခြင်းတို့သည် ရှင်ရဟန်းဘဝ၏ အထက်တန်းကျပုံ, ဒုလ္လဘဖြစ်ပုံများကို ထင်ရှားစေသည်။

**သာသနာပြုပုဂ္ဂိုလ်များ လည်း အရတော်ကြ** ရှင် ရဟန်းဘဝ ရခဲသည်နှင့်အမျှ ပစ္စည်းဥစ္စာ စေတနာနှင့် ရှင်လောင်း, ရဟန်းလောင်းများ ရှိမှသာ (ယခုအခါ ငယ်ဖြူ ရဟန်းလောင်း များ ရှားပေပြီ၊) ရှင်-ရဟန်း ဒကာ, ဒကာမ ဖြစ်နိုင်ခွင့် ရှိပြန်ရာ ခက်ခဲ

သော သာသနာပြု တာဝန် အချို့အဝက်ကို ယူရာ ရောက်သောကြောင့် "ပရိယာယေန ပန မာတာပိတူဟိ ဩရသော ပုတ္တော ပဗ္ဗဇိတော၊ အတ္တ- တော ပန တေ သယံ ပဗ္ဗဇိတာ ဝိယ ဟောန္တိ=ရှင်ရဟန်းပြုပေးသော မိဘနှင့် ရှင်ရဟန်း ဒကာ, ဒကာမတို့သည် ကိုယ်တိုင်ကိုယ်ကျ ရှင်ရဟန်း ပြုရသလို အကျိုး အဓိပ္ပါယ် သက်ရောက်ကုန်သည်" ဟု ဝိနည်းဋီကာ စကားကို လေးစားလျက် သာသနာပြု ရှင်, ရဟန်း ဒကာ, ဒကာမများ အဖြစ် တာဝန်ယူကြရန် လိုအပ်လှသည်။

**ရှင့်မယ်တော်တဦး ကောင်းမှုစွမ်းရည်** ကဿပဘုရား သာသနာတော်ခေတ်က ဒကာမ ကြီး တဦး မိမိသားကို ရှင်ရဟန်း ပြုပေးပြီး ကျောင်းတိုက်၌ ထားကာ မေ့လျော့ပေါ့ဆမနေဘဲ ရဟန်း သံဃာများကိုလည်း တတ်စွမ်းသမျှ ဆွမ်းစသည်ဖြင့် ချီးမြှောက် သည်၊ ၎င်းကုသိုလ်ကို စာဂါနုဿတိ အမြဲရှိနေရာ သေခါနီးတွင် နတ်ပြည် မှ နတ်ရထား ၆-စင်း ဆိုက်လာသည်။ ကြောက်လန့်မှု ကင်းစွာဖြင့် တုသိတာရထားစီးပြီး ငရဲအမျိုးမျိုးကို လျှောက်၍ကြည့်ရာ ငရဲမီးများ ခေတ္တ ရပ်စဲရခြင်း, တုသိတာ၌ နတ်စည်းစိမ်ခံစားပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခြင်း အကျိုးများကား သာသနာပြု မယ်တော်ကြီး၏ ကောင်းမှု စွမ်းရည်များပင် ဖြစ်သည်။

**ရှေးသူတော်ကောင်းများ နှင့် သာသနာ့အရသာ** ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ။ သာဝကာနဥ္စ သမ္မတ္တိ၊ သော သာသနသမ္ပဒါ။ တလောကလုံး၌ သတ္တဝါတို့ အားထားရာ ဘုရားရှင်၏ ကောင်းမြတ်သောဘုရားစစ် ဘုရားမှန်ဖြစ်ခြင်း, ကျင့်ဆောင် လိုက်နာအပ်သော တရားတော်၏ တရားစစ် တရားမှန်ဖြစ်ခြင်း, တပည့် သားများ၏ အကျင့်သီလနှင့် ညီမျှပြည့်စုံခြင်း၊ ဤ ၃-ပါးတို့ကား သာသနာတော်၏ ပြည့်စုံခြင်းများဖြစ်ပေရာ ထို့ကြောင့်ပင် အသောက မင်းကြီးသည် တနေ့လျှင် သံဃာတော် ၆-သောင်း နန်းတော်သို့ ပင့်၊

ဆွမ်းကပ်၊ တရားတော်ကို ကြည်ညိုသဖြင့် ဓမ္မက္ခန္ဓာ ၈၄၀၀၀-ကို ရည်၍ ကျောင်းပေါင်း-၈၄၀၀၀ ဆောက်လှူသည်၊ သာသနာ့အမွေခံ ဖြစ်လေအောင်လည်း အိမ်ရှေ့မင်းသား,သားတော်မဟိန္ဒ, သမီးတော် သင်္ဃမိတ္တာ တို့ကို ရှင်ရဟန်းပြုစေပြီး သာသနာတော်ကို ချီးမြှောက် ပူဇော်သည်။ ဤကား ရှေး သူတော်ကောင်းများ သာသနာ့အရသာကို ဦးစားပေး အရေးထားပုံတည်း။

အရှင်ရာဟုလာသည် ဘုရားရင်သွေးတော်ပင် ဖြစ်သော်လည်း မာန်မာနမရှိမူ၍ သာသနာ၌ ဂါရဝ, နိဝါတ, သုဿိက္ခိတ မင်္ဂလာအပြည့်ဖြင့် သဲတဆုပ် တဆုပ်ကို နေ့စဉ် ယူပြီးလျှင် ဤသဲလုံး အရေအတွက်မျှ ဆုံးမပဲ့ပြင်ပေးမည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ပါစေဟု ဆုတောင်းရှာပုံမှာလည်း ကြည်ညို ပူဇော်မဆုံးဘွယ်ပင် ဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားက "အဆုံးအမ ခံယူကြသော တပည့်သာဝကများတွင် တသာသနာလုံး၌ ရှင်ရာဟုလာသည် အမြတ်ဆုံး အသာဆုံးဖြစ်သည်" ဟု အဂ္ဂရာထူးဖြင့် ချီးကျူးမြှောက်စားတော်မူသည်။

**သမာဓိကြီးမား ကြိုးစားကြကုန်** အထက် ဖော်ပြခဲ့ရာ ဒုလ္လဘအဖြာဖြာကို သက်သာလွယ်ကူစွာ ရပြီးဖြစ်ကြကုန်သော ရဟန်း ရှင် လူတို့သည် ယခုဘဝ ယခုအချိန်ကာစ သေနေ့ကျအောင် သူတပါးတို့၏ အလဇ္ဇီ, ဒုဿီလ, အသပ္ပုရိသဓမ္မများကို နားရွက်မျှ မခတ်ကြကုန်ဘဲ လက်ရှိ အတိုးတန်ဘဝကြီးကို "ပြည်တန်တဲ့ပတ္တမြား ရက်တက်ရည်နှင့် လဲစားသလို မဖြစ်ရလေအောင်" စောင့်ရှောက်ကြပြီးလျှင်သုဂတိ အဆင့်ဆင့်ဖြင့် ဤဘုရားသာသနာအတွင်း ကျွတ်နိုင်ကြရန် (နတ်ပြည်၌ သာသနာ စည်ကားဆဲဖြစ်ကြောင်း ဆိုခဲ့ပြီ၊) အယုတ်ဆုံး နောက်ဘုရားသာသနာသို့ ချမ်းသာစွာ ရောက်ကြ၍ ဘုရားရှင်နှင့်တွေ့ဆုံပြီး ကျွတ်တမ်းဝင်နိုင်ကြရန် (ဤကမ္ဘာမှ နောက် သုညကမ္ဘာတွေဖြင့် မှောင်အတိသာတည်း၊) အောက်ပါ ဝိဇ္ဇာစရဏဘုရား ၂-ပါးကို လေးစားစွာ ကျင့်ကြကုန်ရာသည်။

**အသက်ထက်ဆုံး ကျင့်သုံးရန် တရား ၂-ပါးသာ** ဝိဇ္ဇာဟူသည် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ၃ပါးသာ ဖြစ်၍ စရဏ ဟူသည် လူများမှာ အာဇီဝဋ္ဌမကသီလ သပ္ပုရိသအင်္ဂါစုတည်း။ ရဟန်းတို့မှာ စတုပါရိသုဒ္ဓိသီလ သပ္ပုရိသအင်္ဂါစု တည်း၊(သပ္ပုရိသ အင်္ဂါ၄-ပါးကို လင်္ကာနှင့် သူတော်ကောင်းအခွဲ၌ရေးသား ခဲ့ပြီ၊) ဝိဇ္ဇာမျိုးဗီဇကား ဤဘုရားသာသနာ နောက်ပိုင်းနှင့် အယုတ်ဆုံး နောက်ဘုရား သာသနာဝယ် ကျွတ်နိုင်ရန် ဖြစ်သည်။ စရဏကား အပါယ် လမ်းမှ လွတ်ပြီးလျှင် သုဂတိဘဝ အဆင့်ဆင့်ဖြင့်သာ ဤဘုရားသာသနာ နောက်ပိုင်း,သို့မဟုတ် နောက်ဘုရားသာသနာသို့ ဖြောင့်မတ်စွာ ဆိုက် ရောက်ရန် ,ဖြစ်သည်။

**အကြောင်းမစုံသော ကောသလ မင်းနှင့် ရောပထ နဂါးမင်းကြီး** ဝိဇ္ဇာ,စရဏ တရား ၂-ပါး တွင် တပါးပါး ချို့တဲ့က မဂ်ဖိုလ်နိဗ္ဗာန်၏ အရသာကို မခံစားနိုင်ပေ၊ ထင်ရှား စေအံ့။ (၁) ကောသလမင်းနှင့် မလ္လိကာ မိဖုရားကြီးတို့သည် ဘုရား နှင့် ရင်းနှီး ချစ်ကျွမ်းဝင်ကာ ဘုရားဒကာ, ဒကာမများ ဖြစ်ကြ၍ တရားတော်ကို နာယူမှတ်သားရသော်လည်း စရဏမျိုးသာရှိ၍ ဝိဇ္ဇာမျိုး မရှိသောကြောင့် ဘုရားဒကာ, ကျောင်းဒကာမျှသာ ဖြစ်ပြီး "ဟင်း မွှေသော ယောက်မကဲ့သို့"တရားအရသာ မသိသဖြင့် ကျွတ်တမ်း မဝင် ရဘဲ တပေပေ ကျန်ရစ်ကြရကုန်သည်။ (၂) ရောပထ နဂါး, ကပိလ ငါးကြီးတို့သည် ကဿပဘုရား သာသနာတွင် ပိဋက ၃-ပုံဆောင်များ ဖြစ်ခဲ့ကြသော်လည်း ဝိဇ္ဇာမျိုးသာရှိ၍ စရဏမျိုး မရှိသောကြောင့် အပါယ်ဘုံ၌ ဘုံးဘုံးလဲကျနေသဖြင့် ဘုရားသာသနာနှင့် ကြုံရကြိုး မနပ် ကြချေ။ (၃) အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, ခေမာ, ဥပ္ပလဝဏ် စသော ပုဂ္ဂိုလ်ထူးများ၊ ဝိသာခါ, အနာထပိဏ်, စိတ္တသူကြွယ် စသော ပုဂ္ဂိုလ်ထူးများသည် ဝိဇ္ဇာ,စရဏမျိုး၂-ပါး စုံခဲ့ကြသောကြောင့် ချမ်းသာ သော သုဂတိဘဝကိုရ၊ ဘုရားရှင်နှင့်တွေ့၊ သာသနာပြုနိုင်ကြ၊ ကျွတ်တမ်း ဝင်ကုန်ကြရသည်။

**ဝိဇ္ဇာနှင့် စရဏ သဘောဂုဏ်များ** နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ပဋိပတ် ဒါန အပါအဝင် သီလ သမာဓိ–သိက္ခာ ၂-ပါး သည် စရဏမည်၏၊ သဒ္ဓါဂိုဏ်းဝင် ဖြစ်သည်။ စရဏဖြင့် ရင်းနှီး၍ ရအပ်သော အရိယာဉာဏ်, ပညာ သိက္ခာသည် ဝိဇ္ဇာမည်၏၊ ပညာဂိုဏ်းဝင် ဖြစ်သည်။ သဒ္ဓါထက်လျှင် စရဏအပြု များ၍ ပညာ ရော့တတ်သည်၊ သံသရာ၌ ပြောင်လက်စွာ အကျိုးပေးသော်လည်း သဘောဉာဏ် မနက်နဲပေ၊ ပညာ့ထက်လျှင် ဝိဇ္ဇာအပြု များ၍ သဒ္ဓါဘက်က ရော့တတ်သည်၊ သံသရာ၌ ချို့တဲ့ခေါင်းပါးတတ်သည်၊ သဘော ဉာဏ်ကား နက်နဲ စူးရှပါ၏။ ထို့ကြောင့် သဒ္ဓါ,ပညာ ညီမျှမှသာ အကျိုးပေး ပြည့်စုံ ကောင်းမွန်မည်။

**အဗ္ဘန္တရသရက်နှင့် ငှက် ဉပမာ** စရဏသည် ကျေးငှက်၏ အတောင်,ခြေတို့နှင့်တူ၍ ဝိဇ္ဇာတရားသည် မျက်စိနှင့် တူသည်၊ ဤဘုရား သာသနာနှင့် နောက်ဘုရားသာသနာ ၂-ပါးသည် တယူဇနာဝေးသော အဗ္ဘန္တရသရက်ဥယျာဉ်ကြီး ၂–ခုနှင့် တူ၍ လူနတ် ဗြဟ္မာ သုဂတိဘဝတို့သည် အကြား တယူဇနာ ခရီး တလျှောက် ခဲတကျ ကွာစီ ရှိနေကြသော ရိုးရိုး တောသရက်ပင်များနှင့် တူသည်၊ အောက် မြေပြင်တလျှောက်လုံး၌ကား ကျေးငှက်တို့ကို ဖမ်းမျို၍စားသောမြွေဆိုး အန္နံ့ရှိ၍ မြေခပါ်သို့ ကျသမျှ ကျေးငှက်များ အသက်ချမ်းသာရာ မရ၊ ၎င်းအောက် မြေပြင်ကား အပါယ် ၄-ဘုံနှင့် တူသည်။

(၁) အင်္ဂါစုံ ကျေးငှက်တို့သည် အဗ္ဘန္တရသရက်ဥယျာဉ်ကြီး ၂ ခု တွင် ပျော်ရွှင်စွာ သွားလာစားသောက်နေနိုင်ကြသလို ယခုသာသနာ၌ ဝိဇ္ဇာမျိုး,စရဏမျိုး ၂-ပါးနှင့်ပြည့်စုံသူများလည်း သုဂတိဘဝ အဆင့်ဆင့် ဖြင့် ဤဘုရားနှင့် နောက်ဘုရား သာသနာတွင် ချမ်းသာစွာ ကျွတ်နိုင် သည်၊ အရှင်သာရိပုတ္တရာ, ဝိသာခါ, အနာထပိဏ် စသူတို့ကဲ့သို့တည်း။

(၂) အတောင်, ခြေ, မျက်စိသာ ရှိ၍ နှုတ်သီး မရှိသော ငှက်တို့ သည် အဗ္ဘန္တရ သရက်ဥယျာဉ်သို့ ပျံသွားနိုင်သော်လည်း နှုတ်သီးမရှိ၍

သရက်သီးရသာကို မစားနိုင်သလို စရဏသာရှိ၍ ဝိဇ္ဇာမရှိသဖြင့် ကျွတ်တမ်း မဝင်ကြသေးသော ကောသလမင်း, မလ္လိကာဒေဝီ စသူတို့နှင့် တူသည်။ (မျက်စိသည် သရက်ဥယျာဉ်သွားလမ်းကို သိဘို့ သရက်သီးကို မြင်နိုင်ဘို့ ကျေးဇူး ၂-ခုပြုရာ ဝိဇ္ဇာ,စရဏ ၂-ဘက်လုံး၌ ဝင်သည်၊ မှန်၏၊ မျက်စိသည် ကံ, ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာ ဉာဏ်နှင့် တူရာ ၎င်းဉာဏ်ရှိမှ စရဏမျိုးဟူသော အကျင့်နှင့် ဝိဇ္ဇာမျိုး ဉာဏ်အမြင် ပြည့်စုံနိုင်သည်၊ အတောင်, ခြေတို့သည် စရဏမျိုး, သီလ သမာဓိနှင့် တူ၍ နှုတ်သီးသည် ဝိဇ္ဇာမျိုး အရိယာဉာဏ်အမြင်နှင့် တူသည်။)

(၃) နှုတ်သီးနှင့် မျက်စိသာ ရှိ၍ အတောင်ကျိုးသော ငှက်တို့သည် ကောင်းကင်က မသွားနိုင်ဘဲ မြေအပြင်မှ သွားရမည်ဖြစ်ရာ သရက်ဥယျာဉ်ကြီးသို့ ချောမောစွာ ရောက်ရန် မလွယ်သလို ဝိဇ္ဇာမျိုး သုတ် အဘိဓမ္မာ ကျမ်းဂန်သာ တတ်၍ စတုပါရိသုဒ္ဓိသီလစသော စရဏမျိုး အကျင့် ချို့တဲ့သော ပုဂ္ဂိုလ်တို့သည် သုဂတိဘဝ အဆင့်ဆင့်နှင့် ဝေး, ဘုရားသာသနာ မဂ်ဖိုလ်နိဗ္ဗာန်နှင့်လည်း ဝေးမည်သာ ဖြစ်သည်၊ အပါယ် ရောက်နေသော ရောပထနဂါး စသူတို့ကဲ့သို့တည်း၊ ထို့ကြောင့် ပဥ္စမ ကျေးငှက်များနှင့် အလားတူ ချမ်းသာမှန်သမျှ ပြည့်စုံကြရန် ဝိဇ္ဇာ,စရဏ တရား ၂-ပါးကို ယခုဘဝ ယနေ့က စ၍ အမိအရ အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

## ဖြေဆိုရန် မေးခွန်းများ

၁။ ဘုရားဖြစ်ဘို့ထက် ခက်ခဲသောဘဝ ရှိ,မရှိ အဋ္ဌကထာဖြင့် ညှိပြပြီးလျှင် အိုးအိမ် အစီးအပွါး သား မယား လင်သားများနှင့် နေသူများ ရှင်ရဟန်း ဒကာခံ၍ ရှင်ရဟန်းပြုပေးလျှင် ၎င်းတို့ ကိုယ်တိုင် ရှင်ရဟန်းပြုရာ ရောက်မရောက် ပြ၍ ရှင်ရဟန်း မယ်တော်တဦး ကုသိုလ်ထူးပုံကိုလည်း ရေးသားပါ။

၂။ ယခုလက်ရှိ သာသနာတော်၏ ပြည့်စုံမှု ၃-ပါးကို ရေး၍ အသောကမင်းတရား သာသနာ့အရသာ ရအောင်ယူပုံကို ပြပြီး

လျှင် ဘုရားသားတော် ရာဟုလာ၏ သီလသိက္ခာ လေးစားပုံ အခြေအနေကိုလည်း ပုံတင်ဘွယ်ရာ ရေးသားပါ။

၃။ ဒုလ္လဘအများကို အောင်မြင်လာကြသော မိမိတို့အဘို့ အသက်ထက်ဆုံး အားထုတ်ရမည့်တရား ၂-ပါးကို ပြ၍ ဝိဇ္ဇာမျိုး, စရဏမျိုးတို့၏ အကျိုးကို ရေးသားပြီးလျှင် အဘယ်မျိုးစေ့ ချိုး၍ ကောသလမင်းကြီးနှင့် ရောပထ နဂါးမင်းများ ကျွတ်တမ်းမဝင်နိုင်ကြောင်းကိုလည်း ရှင်းပြပါ။

၄။ လက်ရှိလူများ အခြေအနေကိုကြည့်၍ မည်သူသည် သဒ္ဓါများ၍ ပညာပါးသည်၊ သို့မဟုတ် ပညာများ၍ သဒ္ဓါပါးသည်ဟု ပြပြီးလျှင် အဇ္ဈတ္တိကရသရက်နှင့် ငှက် ဥပမာကိုလည်း ပြည့်စုံစွာရေးပါ။

၅။ ဝိသာခါ, အနာထပိဏ်တို့သည် မည်သည့်ငှက်နှင့် တူကြသနည်း။ အဘယ်မျိုးစေ့လို၍ ဘုရားကျောင်းအမ မလ္လိကာ ကျွတ်တမ်းမဝင်ကြောင်း ဆိုင်ရာငှက် ဥပမာပြ ဖြေပြီးလျှင် စာပေကျမ်းဂန်သာ တတ်၍ သီလစသော စရဏမျိုး ချို့သူများသည် မည်သည့်အခွင့်အရေးများ ဆုံးရှုံးနိုင်ကြောင်း ငှက်-ဥပမာ, ပုဂ္ဂိုလ်-ဥပမာများနှင့်တကွ ရေးသားပါ။

---

### ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့် အတုမရှိ ပြည့်စုံတော်မူသော မြတ်စွာဘုရား

ပုဂ္ဂိုလ်လေးမျိုး မှတ်သားဘွယ် (၁) လောက၌ အချို့သူသည် သီလ သမာဓိ ပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့် မိမိ ပြည့်စုံသော်လည်း သူတပါးကို ပြည့်စုံအောင် အကျိုးမပြုပေ၊ ထိုသူသည် ကိုယ်ကျိုးသာ ကျင့်၍ သူကျိုးမကျင့်သော ဝက္ကလိစသော မထေရ်များနှင့်တူသည်၊ (၂) အချို့ကား မိမိ သီလစသည်နှင့် မပြည့်စုံသော်လည်း သူတပါးကို ပြည့်စုံစေသည်၊ ထိုသူသည် ဥပနန္ဒ

စသော မထေရ်များကဲ့သို့ ကိုယ်ကျိုးမကျင့်သော်လည်း သူကျိုးကား ကျင့်သည် မည်သည်၊ (၃) အချို့ကား မိမိ သီလစသည်နှင့်ပြည့်စုံအောင် ကျင့်သကဲ့သို့ သူတပါးကိုလည်း ကျင့်အောင် အကျိုးပြုသည်၊ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန် စသူတို့လို ကိုယ်ကျိုး, သူကျိုး နှစ်မျိုးစုံ ကျင့်သူ ဖြစ်၍ အကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်သည်၊ (၄) အချို့ကား မိမိလည်း သီလ စသည်နှင့် မပြည့်စုံ,သူတပါးကိုလည်း ပြည့်စုံအောင် အကျိုးမပြု၊ ဒေဝဒတ် စသူများကဲ့သို့ ကိုယ်ကျိုး,သူကျိုး ၂-မျိုးလုံးမှ ဆုံးရှုံးသော အညံ့ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

**ယထာဝါဒီ တထာကာရီ မြတ်စွာဘုရား** ဘုရားရှင်ကား ပုဂ္ဂိုလ် ၄-မျိုးတွင် တတိယ ပုဂ္ဂိုလ်မျိုး ဖြစ်စေသင့်သည်ဟု ဟောတော်မူသလို ကိုယ်တော်မြတ် ကိုယ်တိုင်လည်း လက်တော်သို့ ရောက်လာသော အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာကို ပယ်ရှားတော်မူ၍ ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး သတ္တဝါအားလုံးအတွက် ကျေးဇူးပြုနိုင်သော အရဟတ္တမဂ် အရဟတ္တဖိုလ် သဗ္ဗညုတဉာဏ်တော်ကို လက်ဝယ်အပိုင် ရရှိလေအောင် "အရိုးတွေ ကြေ၊ အရေတွေ နွမ်း၊ အသားတွေ ခန်းစေတော့" မလျှော့တမ်း ဝီရိယဇွဲတော်ဖြင့် အားခဲတော်မူလာခြင်းကြောင့် ကိုယ်တော်မြတ်၏ ရည်မှန်းချက် ဉာဏ်တော်ထူးများကို ဆွတ်ခူး ပန်ဆင်တော်မူနိုင်ခဲ့ရာ အတုမရှိသော အကျင့်စရဏတရားနှင့် စရဏအားလျော်စွာ အပိတ်အပင် အဆီးအတား မရှိ မြင်တော်မူနိုင်စွမ်း ရှိသော ဝိဇ္ဇာဉာဏ်ပိုင်ရှင် ဖြစ်တော်မူသော ကြောင့် ဂုဏ်တော် ၉-ပါးတွင် ၃-ခုမြောက် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

**ဘုရားအလိုတော်ကျ ဖြစ်နိုင်ကြရေး** ဘုရားရှင်သည် ၄၅-နှစ်တိုင်တိုင် သတ္တဝါတို့၏ အကျိုးစီးပွါးကို မနားတမ်း ဖြည့်စွမ်းဆောင်ရွက်တော်မူရာဝယ် အကျင့် စရဏ တရားဖြင့် လူ နတ်ဗြဟ္မာ ချမ်းသာများ ရရှိခံစားရေးထက် ဝိဇ္ဇာဉာဏ်သဘောကြီး

ဖြင့် သံသရာပင်လယ်ပြင်ကို ကူးခတ် လွန်မြောက်ကာ နိဗ္ဗာန်ချမ်းသာ ခံစား ရရှိနိုင်ရေးကိုသာ သတ္တဝါများအတွက် ဦးစားပေးတော်မူသည်။ ထို့ကြောင့်ပင် နောက်ဆုံး မိန့်ခွန်းတော်ဖြင့် "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ=ရုပ်နာမ် ဓမ္မ သင်္ခါရအားလုံး ကုန်ဆုံး ပျက်ပြုန်းတတ်သောကြောင့် မပေါ့မဆ သတိဓမ္မဖြင့် ပြည့်စုံရင်ကြ" ဟု မှာတော်မူခဲ့သည်။ ဗုဒ္ဓ၏ ထို နောက်ဆုံး မှာတမ်းတော်ဖြင့် ဝိဇ္ဇာမျိုး ဗီဇ အောင်မြင်အောင် စိုက်ပျိုးမှုသာ ဘုရားအလိုတော် ကျမည်ဖြစ်၍ ဗုဒ္ဓ၏ အပင်ပန်း ခံတော်မူရကျိုး နပ်ပေမည်။

**ဘဝချမ်းသာများ၏ စက်ဆုပ်ဘွယ်ရာ** "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" ဟု ဟောတော်မူအပ်သည်နှင့်အညီ ကာမ, ရူပ, အရူပ ဘုံ ၃-ပါးဆိုင်ရာ ရုပ်နာမ် ဟူသမျှတို့သည် ဆင်းရဲချည်းသာ ဖြစ်ကြသည်၊ မှန်၏၊ ပဋိသန္ဓေမှစ၍ ခဏမစဲ ရုပ်နာမ်တို့၏ ချုပ်ပျက်သေဆုံးမှု ဟူသော ခဏိကမရဏ, သွား ရပ် ထိုင် လျောင်း ဣရိယာပုထ်ပြောင်းလဲတိုင်း တေဇောမီး၏ တောက်လောင်ခြင်း စသည်တို့ကြောင့် ပထဝီကာယ စသည်တို့၏ တသုတ်စီ တသုတ်စီ ချုပ်ပျောက် သေဆုံးမှု ဟူသော သန္တတိမရဏ, ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါ သင်္ခါရတို့နှင့် ဘဝဟောင်း စခန်းသိမ်း သေဆုံးမှုဟူသော သမုတိမရဏတို့မှ လွတ်ကြသူများ မရှိချေ။ ထို့ကြောင့်ပင် ဘုံ ၃-ပါးကို အလွန်ကောင်းသော အဆင်း, အနံ့, အရသာတို့နှင့် ပြည့်စုံသော အပွင့်အသီးတို့ကို အခါခပ်သိမ်း ဆောင်ကုန်သော အဆိပ်သစ်ပင် သစ်တောကြီးနှင့် တူသည်ဟု မိန့်တော်မူသည်။

**အဆိပ်သီးစားဌက်များပမာ** ၎င်း သစ်တောကြီးဝယ် အသီးအပွင့်တို့၌ ရှိသော အဆိပ်သည် လောဘ စသော တရားဆိုးများနှင့်တူရာ အသီးအပွင့်တွင်ရှိသော အဆိပ် အကုသိုလ်များကို ငှက်တည်းဟူသော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့က အာသာငမ်းငမ်း အရမ်းကာရော စားသောက်ကြတိုင်း အဆိပ် အကုသိုလ်

ကိလေသာ အပူများ လောင်ကျွမ်းကြသဖြင့် မကြာမီ အောက်ခြေ မြေအပြင်ဟူသော အပါယ်ဘုံသို့သာ တဘုံးဘုံးကျ နစ်မြုပ်မျောပါးကြ ရတော့သည်။ ထို့ကြောင့်ပင် ဘုံ ၃ ပါးတွင် ပါဝင်ငြိကပ်လျက်ရှိသော အကုသိုလ်များကြောင့် အဆုံးတွင် အပါယ်သို့သာ သတ္တဝါများ ရောက်ရကြောင်းကို ရည်ရွယ်တော်မူ၍ နိဒါနဝဂ္ဂသံယုတ် နခသိခ သုတ်၌.... "ချစ်သား ရဟန်းတို့ လက်သဲတော်ပေါ်ရှိ မြေမှုန့်ကား အလွန်နည်း၍ မဟာပထဝီမြေမှုန့်တို့ အလွန်များသလို နေ့စဉ် သေဆုံး ကြသော သတ္တဝါတို့တွင် သုဂတိဘုံသို့ ရောက်ကုန်သော သတ္တဝါတို့ကား ငါဘုရား လက်သဲပေါ်ရှိ မြေမှုန့်ပမာ အလွန်နည်းပါးကုန်၏၊ အပါယ် ဘုံသို့ ရောက်ကုန်သော သတ္တဝါတို့ကား မဟာပထဝီမြေကြီးရှိ မြေမှုန့်တို့ ကဲ့သို့ အလွန်များကုန်၏"ဟု ဟောတော်မူသည်။

**သုတ် ၂ ပါး အထူး** ဤ နခသိခသုတ်ကား သေလေသော လူ နတ် ပြဟ္မာများ အပါယ်သို့ဘုံ အသွားများပုံကို ပြ၍ ကာဏကစ္ဆောပမ လိပ်ကာဏ်းဥပမာပြ သုတ်ကား အပါယ်ရောက်ပြီး သူများ သုဂတိဘဝ တက်လာနိုင်ဘို့ ခဲယဉ်းပုံကို ပြသည်၊ ထို့ကြောင့် အပါယ်ဘုံသည် ဝင်ပေါက်သာရှိ၍ ထွက်ပေါက်မရှိ၊ ကျပေါက်သာ ရှိ၍ တက်ပေါက်မရှိ၊ မြုပ်ပေါက်သာရှိ၍ ပေါ်ပေါက်မရှိ၊ စုန်ပေါက်သာရှိ၍ ဆန်ပေါက်မရှိ ဟု ဤသုတ်များဆိုင်ရာကို ထောက်လျက် သဘောပေါက် ထိုက်ကြပေသည်။

**ဘုံ ၃-ပါး၏ ဥပမာများ** ၁။ ဘုံ ၃-ပါးသည် သားရဲတို့ဖြင့် ပြည့်သော တောအုပ်ကြီး၊ ၂။ ကျားတို့၏ နေရာလိုဏ်ဂူ၊ ၃။ မိကျောင်း ရေဘီလူးတို့ဖြင့် ပြည့်သော ရေအိုင်ကြီး၊ ၄။ အဆိပ်ခပ် ထားသော ဘောဇဉ်၊ ၅။ ခိုးသူ ဒါးပြတို့၏ နေရာခရီး၊ ၆။ မီးလောင်၍ နေသောအိမ်၊ ၇။ စစ်သည်နှစ်ဘက် ချီတက်တိုက်ခိုက်နေရာ စစ်မြေပြင် နှင့် တူသည်ဟု ဝိသုဒ္ဓိမဂ် မိန့်မြွက်တော်မူရာ ဘာမျှမဟုတ်သော လူနတ် ပြဟ္မာ ချမ်းသာမျှဖြင့်သာ ရောင့်ရဲမနေမူ၍ နိဗ္ဗာန်ချမ်းသာအထိ ရမိစေ

နိုင်သော ဝိဇ္ဇာမျိုး ဗီဇကို ကျနစွာ စိုက်ပျိုးသင့်သည်၊ ထို့ကြောင့် "စရဏ လေးက်သာ၊ ပြည့်စုံတာနဲ့၊ လေးရွာအပါယ်၊ လွတ်ပြီကွယ်ဟု၊ စိတ်ဝယ် ရွှင်ပျ၊ နှစ်သိမ့်ပ၊ အားရ၍လဲ မနေသင့်"ဟု ဆရာများ စပ်ဆိုတော်မူခဲ့ ကြသည်။

**စိတ်သာရှင်စေ ဘုရားဟောခဲ့** ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။ စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဓမ္မပဒနှင့် အညီ လောက၌ ပုဂ္ဂိုလ်၏အလို စိတ်၏ အလိုဟု ၂-မျိုးရှိရာ ပုဂ္ဂိုလ်က ချမ်းသာမှုကို လိုလားသော်လည်း **ဓမ္မကား** လောဘစသော ကိလေသာ အားလျော်စွာ ကိလေသာကြိုက် **အဆင်း** အသံ စသည်ကို လိုသည်၊ ထို့ကြောင့် ကောင်းမြတ်သော ဝိပဿနာ အာရုံတို့၌ မပျော်နိုင်ဘဲ ငယ်ပေါင်းဖြစ်သော ကိလေသာကြိုက် **ကာမအာရုံ**သို့သာ ဆွဲသွားတတ်သောကြောင့် စိတ်သည် ဒုန္နိဂ္ဂဟ မည်သည်။

**စိတ် လျှင်မြန်ပုံ ဥပမာ** မန်ကျည်းပင် စသော အရွက်စိပ် သစ်ပင်မျိုးကို ကြည့်ရာ အရွက် တခုတခုလျှင် မြင်သိစိတ် အသီးသီး ဖြစ်၍ အသီးသီး ချုပ်ကွယ်ကြကုန်၏၊ အရွက်တခုကို မြင်မှု သိမှုနှင့် အခြား အရွက်တခုကို မြင်မှုသိမှုသည် တခြားစိတ်သာ တည်း၊ မှန်၏၊ စိတ်တို့ည်သည် တခုပြီးမှ တခု ဖြစ်ကြသည်၊ ၂-ခုပြိုင်၍ မဖြစ်၊ သို့သော်လည်း စိတ်မည်သည် အလွန်မြန်လှသဖြင့် တပင်လုံးကို တပြိုင်နက် မြင်သည်ဟု ထင်ရသည်၊ ထိုသို့ ဖြစ်ပျက်အမှန် လျှင်မြန်ခြင်း ရှိ၍ စိတ်ကို "လဟု"ဟု လည်း ဆိုရသည်။

အာရုံကို သိခြင်း လက္ခဏာရှိသော စိတ်သည် ပြုပြင် ထိန်းသိမ်းမှု အာဂန္တု အလားအလာရှိမှသာ ကုသိုလ်ကောင်းမှု ကိစ္စ ဖြစ်နိုင်သည်၊ ပကတိ အလားအလာမှာမူ "ပါပသ္မိံ ရမတေ မနော" ပါဠိတော်အရ မကောင်းမှု၌သာ မွေ့လျော်မြဲ ဖြစ်သည်၊ ထိုသို့ ကာမအာရုံ၌သာ ကျတတ် ၍ ကာမနိပါတလည်း မည်သည်၊ ဤသို့လျှင် အဆုံးမ ခက်၊ အနှိမ်

ခက်၍ လျင်မြန်စွာ ကာမအာရုံ၌ ကျတတ်သောစိတ်ကို ရုပ်နမ်အာရုံဖြင့် ဆုံးမခြင်းသည် ကောင်း၏၊ သို့မှသာ ချမ်းသာစင်မှန် မြတ်နိဗ္ဗာန်ကို ရရောက်နိုင်သည်ဟု မိန့်သည်။

**ခန္ဓာငါးပါး၏ အပြစ် အနာအဆာများ** ခန္ဓာငါးပါးတို့သည် ယုတ်မာညစ်ဆိုး ဆင်းရဲမျိုးဖြစ်၍ ဒုက္ခသိသရာ၏ အဆင်းတန်ဆာဖြစ်ကာ အဝိဇ်တိုင်အောင် အဆင့်ဆင့်လည်လျက် ဒုက္ခစက်အပြောဖြောတ့်ဖြင့် ကြောက်ဘွယ်သာဖြစ်၍ ဘယ, သတ္တဝါများ လိုအပ်သောချမ်းသာတို့၏ အကြား၌မကြာမကြာ ရောက်လာတတ်သော ထိတ်လန့်ဘွယ် အန္တရာယ်တို့သာဖြစ်၍ ဤတိ, ရောဂါဆိုး အနာဆိုး စသည်တို့ဖြင့် လွန်စွာကပ်ရပ် နှိပ်စက်တတ်သည်သာ ဖြစ်၍ ဥပဒ္ဒဝဟူသည်သည်-စသည်ဖြင့် ခန္ဓာငါးပါး၏ အပြစ်အနာအဆာ ဒုက္ခလက္ခဏာ ၂၅-ပါးကို ဟောထားတော်မူသည်ဖြစ်ရာ ယင်း ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့၏ စုဝေါင်းခိုအောင်းရာသာ ဖြစ်သည်။

**ကျားစာဖြစ်ရရှာသော ခရီးသွား ၃-ဦး** တောလမ်းခရီးကြမ်း၌ သွားသောယောကျ်ား ၃-ယောက်တို့သည် တောဆင်ရိုင်းများနှင့် ဆုံမိကြ၍ လုံခြုံစေခြင်းငှါ အနီး၌ ရှိသော ကျောက်ဂူကြီး ၃-ခုသို့ ဝင်ပြေးကြရာ ကျားတွေနေသော ကျောက်ဂူတွင်းသို့ ဝင်မိကြသဖြင့် ကျားစာဖြစ်ကုန်သကဲ့သို့ ထိုအတူ အပါယ်ဘေးမှ လွတ်ရန် လူ့ဘဝကို အားကိုးသူ တယောက်, နတ်ဘဝ, ဗြဟ္မာဘဝကို အသီးသီး တယောက်စီ အားကိုးကြသော်လည်း အိုနာ သေရေး ဒုက္ခဘေးမှ ခိုလှုံ ပုန်းအောင်းရာ မရကြတော့ဘဲ ဇာတိက, သန္တတိ,သမ္မုတိ-မရဏဟူသော သေခြင်းကျားနှင့် ပက်ပင်းသာ တိုးကြတော့သည်၊ ထို့ကြောင့် ခန္ဓာ ၅-တန်တို့သည် ခိုလှုံ ပုန်းအောင်းရာ မမှန်သဖြင့် အလေဏလည်း မည်ရာ ခိုလှုံ ပုန်းအောင်းရာ မမှန် လေဏဟူသောနိဗ္ဗာန်ကိုဂုဏ်, နိဗ္ဗာန်ရောက်ကြောင်း ပဋိပဒါအကျင့်ကိုဂုဏ် ပြတော်မူလိုသော

ကြောင့် "လောကဥ္စ ဘိက္ခဝေ ဒေသေဿာမိ လောကသမုဒယဥ္စ" စသည်ဖြင့် သဠာယတနဝဂ္ဂသံယုတ် အနာသဝါဒိသုတ်၌ ဟောတော်မူသည်။

**သုတ်ဆိုင်ရာအဓိပ္ပါယ်** ခန္ဓာ ၅-ပါးဟူသော ဘေးရန်တို့၏ ခိုလှုံပုန်းအောင်းရာဌာနအမှန်မှာ ရာဂစသောကိလေသာတို့၏ကုန်ရာ နိဗ္ဗာန်သာဖြစ်၍ ယင်းနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မှာ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ စသော မဂ္ဂင် ၈-ပါး အကျင့်များသာ ဖြစ်သည်ဟု ဟောတော်မူရာ ပိဋကတ် ၃-ပုံ ဓမ္မက္ခန္ဓာ-၈၄၀၀၀ မြားမြောင်လှသော်လည်း ချုပ်လိုက်သော် သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး စသည်ဖြင့် ဗောဓိပက္ခိယ ၃၇-ပါးတွင် ဝင်၍ ထပ်၍ချုံးပြန်ရသော် အထက်ဖော်ပြပါ မဂ္ဂင် ၈-ပါးသာ ဖြစ်သည်။

**ရောဂါနှင့်ဆေး သင့်အောင် ပေးရမည်** ကိလေသာကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မှာ မဂ္ဂင် ၈-ပါးဟု မိန့်တော်မူရာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့မှာ သီလမဂ္ဂင် သီလသိက္ခာ ဖြစ်၍ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးမှာ သမာဓိမဂ္ဂင် သမာဓိ သိက္ခာ မည်သည်၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမှာ ပညာမဂ္ဂင် ပညာသိက္ခာမည်ရာ အချုပ်တွင် နိကာယ် ၅-ရပ် ပိဋကတ် ၃-ပုံမှာ သိက္ခာ ၃-ပါးသာ ဖြစ်သည်၊ ကိုယ်နှုတ် အမူအရာ သောင်းကျန်းမှု ဝီတိက္ကမ ကိလေသာကို သီလသိက္ခာဖြင့် သတ်၍ သီလသိက္ခာ အားကောင်းလျှင် စိတ်အမူအရာ သောင်းကျန်းမှု ပရိယုဋ္ဌာန ကိလေသာကို သမာဓိ သိက္ခာဖြင့် ပယ်သတ်ရပေမည်၊ သမာဓိသိက္ခာ အားကောင်း၍ အချိန်ကြာလျှင် မျက်စိတမှိတ် လျှပ်တပြက် အတွင်း ကုဋေ တသိန်းမက ဖြစ်ပျက်နေသော နာမ်ခန္ဓာ, ကုဋေ ၅၀၀၀-ကျော် ဖြစ်ပျက်နေသော ရုပ်ခန္ဓာကို သိသော ပညာဖြစ်ပေါ်လာကာ ထိုပညာ အားကောင်း၍ အချိန်ကြာလျှင် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ သန္တာန်ဝယ် မျိုးစေ့အဖြစ် တည်ရှိနေသော အနုသယ ကိလေသာကို ပညာ

သိက္ခာဖြင့် ပယ်သတ်ရမည် ဖြစ်သောကြောင့် ဧကော ဓမ္မော–အရ တခုတည်းဖြစ်သော ဝိမုတ္တိအရသာ နိဗ္ဗာန်ချမ်းသာကို ရရှိ ခံစား နိုင်တော့သည်၊ ထို့ကြောင့်—

(၁) လွန်ကျူး ဆူပွက်၊ မျိုးမပျက်၊ ၃-ချက် ကိလေသာ။

(၂) သီလသမာ၊ ဓိပညာ၊ သတ်ရန် ၃-သိက္ခာ။

(၃) အနာနှင့်ဆေး၊သင့်အောင်ပေး၊ပျောက်ရေး မခက်ပါ—

ဟု မိမိ၏ ကျေးဇူးတော်ရှင် ပွင့်လှသိမ်ကုန်း ဆရာတော်ကြီးသည် မိမိတို့ ငယ်စဉ် အနုသယယမိုက်ကို ချုပ်ပို့စဉ်က မိန့်ကြားတော်မူသည်ကို အရိုးစွဲ မှတ်သားခဲ့ရသည်။

ဤနေရာ၌ ဝေဘူဆရာတော်ဘုရားကြီး၏ အများ နားလည်အောင် မိန့်ကြားသော မူရင်းမိန့်ခွန်းကို ရေးသား၍ ကျမ်းစာနိဂုံး အဆုံးသတ် ပေတော့အံ့။

**ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒအချုပ်**

အများ နားလည်အောင် ပြောရမယ် ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတခု ဖြစ်တဲ့ နှာဖျား နှာဝမှာ လေ ၂-ရပ်ဟာ အမြဲ ဝင်တိုက်ထွက်နေတယ်၊ နှာဖျား နှာဝ ကာယပသာဒ အကြည်ဓာတ်က အထိခံ၊ ထွက်လေ ဝင်လေဖြစ်တဲ့ လေ၂-ရပ်ဟု ဆိုအပ်သော ဝါယောဓာတ်က ထိတဲ့ဟာ၊ အထိခံရတာကလဲ ရုပ်၊ ထိတဲ့ဟာကလဲ ရုပ်၊ အဲဒီရုပ် ၂-ခု ထိတာကို သိတာက နာမ်ဆိုတော့ ဒကာကြီး ဒကာမကြီးတို့ သူများ မေးမနေနဲ့၊ ကိုယ့်နှာဝကို ဉာဏ်နှင့်စောင့်ကြည့်၊ ဝင်တော့ ထိဝင်မယ်၊ ထွက်တော့လဲ ထိထွက်မယ် ထိတာကို သိရင် သိနေရင် လောဘ, ဒေါသ, မောဟ ဖြစ်ခွင့်မရလို့ လောဘမီး, ဒေါသမီး, မောဟမီး ငြိမ်းတယ်၊ ငြိမ်းတော့ အေးတယ်။

မထိခင်ကလဲ သိလို့မဖြစ်ဘူး၊ ထိပြီးပြန်တော့လဲ သိလို့မဖြစ်ဘူး၊ ထိတုန်းကိုသာ သိလို့ဖြစ်တယ်၊ အဲဒါကို ပစ္စုပ္ပန်တဲ့တဲ့လို့ဆိုတယ်၊ ထိတာကို သိနေရင် ရုပ်နှင့်နာမ်သာ ရှိပါကလားလို့ သိလိမ့်မယ်၊ ရုပ်နာမ်မှတပါး ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ မရှိဘူးဆိုတဲ့ ဘုရားရှင်၏ တရားတော် အမှန်ပါကလားလို့ ကိုယ့်ဟာကိုယ် သိလိမ့်မယ်၊ သူများမေးနေဘို့ မလိုပါဘူး၊ နှာဝမှာ လေထိတာကိုသိရင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး၊ ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်၊ သမ္မာဒိဋ္ဌိဖြစ်တယ်။

ထိတာကို သိနေတဲ့အချိန်မှာ ရုပ်နာမ်မှတပါး ဘာမျှ မရှိပါကလားလို့ သိတာကို နာမ်ရုပ်ကို ပိုင်းခြားသိပြီမို့ နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်၊တထိထဲထိ တသိထဲသိနေလျှင် အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့ အကျိုးရတယ်၊ ဒါဟာ တဒင်္ဂပဟာန် တခဏလေးအချိန်မှာ ရတဲ့ အကျိုး၊ နဲတယ်လို့များ မမှတ်ကြနဲ့။ ကမ္ဘာ့ဌာန်းထိုင်ရတာများ ဘာမှလဲ မတွေ့ပေါင်၊ ဘာမှလည်း မရပေါင်လို့များ မမှတ်လိုက်ကြနဲ့၊ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့ အခါမှာ အင်မတန် ကြီးမားတဲ့ အကျိုးထူးများ ရနိုင်တယ်၊ အထူးကြိုးစားကြ—

စသည်ဖြင့် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်ကို လေးနက်စွာ အာရုံပြုကြလျက် မိမိအတွက် ထောက်တည်မှီခို ပုန်းအောင်းရာ အမှန်ကို အမြန်ကြီး ရနိုင်ကြပါစေ။

**ဝေဘူဆရာတော်ဘုရားကြီး၏ အာနာပါနဝိပဿနာ** ထင်ရှားရှိသော တရားကို မြင်အောင် ရှုတာ ဝိပဿနာ ခေါ်တယ်၊ ထွက်လေ ဝင်လေဟာ မွေးကတဲက သေတဲ့အထိ ရှိနေတာဘဲ၊ သူများဆီ သွားပြီး ငှါးစရာ လိုသေးသလား၊ ဝယ်စရာ လိုသေးသလား၊အရင်းစိုက်ဘို့ ဘာခက်လဲ၊အလုပ်ကော ပျက်

သေးသလား၊ ထွက်လေဝင်လေ နှာသီးဖျားမှာ တရိပ်ရိပ် ထိထိ သွားတာကို သိအောင် မြင်အောင် နှာသီးဝမှာ သတိကပ်ပြီး စောင့်ကြည့်၊ မထိခင်လဲ သိလို့မရဘူး၊ ထိပြီးလဲ သိလို့မရဘူး၊ ထိတုန်း ပစ္စုပ္ပန်တဲ့တဲ့မှ သိလို့ရတယ်၊ ထွေလီ ကာလီတွေ လိုက်မ လုပ်နဲ့၊ ထွက်လေ ဝင်လေက ဝါယောဓာတ်၊ ဖောဋ္ဌဗ္ဗက ထိတယ်၊ ထိစရာနဲ့ ထိတာက ရုပ်၊ သိတာက နာမ်၊ သိနေလျှင် လောဘ, ဒေါသ, မောဟ ဖြစ်ခွင့်မရတော့ မီးငြိမ်းတယ်၊ နာမ်ရုပ်မှတပါး ဘာမျှ မရှိပါကလားလို့ သိလာမယ်။

နှာသီးဖျားတွင်မက တကိုယ်လုံးမှာ တရိပ်ရိပ် တရွရွ ဖြစ်ပျက် နေတာ တွေ့ရလိမ့်မယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်လျှင် သိသာလှပါ တယ်၊ ဘယ်သူ့ကိုမှ သွားမေးစရာ မလိုဘူး၊ ရေငတ်တဲ့လူ ရေ သောက်တော့ ရေငတ်ပြေသလိုဘဲ၊ ရေကို ခပ်သောက်နေရတာ ကမှ ကြာပါသေးတယ် —

ဟူသော ဝိပဿနာဓမ္မဖြင့် ဝိဇ္ဇာမျိုးဗီဇကို မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန် မြင်အောင် ဆင်ခြင်သုံးသပ်နိုင်ကြပါစေ။

## ဖြေဆိုရန် မေးခွန်းများ

၁။ ပုဂ္ဂိုလ် ၄-မျိုးကို ဥဒါဟရုဏ် ပုံစံများနှင့် တကွ ပြ၍ ဘုရားရှင် နှစ်သက်တော်မူသော ပုဂ္ဂိုလ်ကို ရွေးထုတ်ပြီးလျှင် ဘုရားရှင်၏ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ= ပြော သလိုပြု၊ပြုသလို ပြောတော်မူပုံကိုလည်း ဉာဏ်မှီသမျှ ရေးသားပါ။

၂။ ဘုရားရှင်သည် စရဏထက် ဝိဇ္ဇာကို ဦးစားပေးတော်မူကြောင်း နောက်ဆုံး မှာတမ်းကိုပါ ရေးသား၍ ဘဝချမ်းသာများ၏ ဆက်စပ်ဘွယ်ရာ ဖြစ်ပုံကို အဆိပ်သစ်ပင် ဥပမာဖြင့် တန်ဆာဆင် ယှဉ်ပြပါ။

၃။ နိဒါနဝဂ္ဂသံယုတ် နခသိခသုတ္တန်ကို လိုရင်းဘာသာပြန် ရေး၍ ယင်းသုတ်နှင့် လိပ်ကာဏ်းဥပမာပြသုတ်တို့ ထူးပုံကိုရှင်း၊ အပါယ် ဘုံ ဆိုင်ရာမှတ်ချက် ၄-သွယ်ကိုရှင်း သံဝေဂယူဘွယ်ရာ ရေး သားပါ။

၄။ ဘုံ ၃-ပါး၏ ဥပမာ ၇-ချက်ကို ဝိသုဒ္ဓိမဂ်နှင့် အညီ အစီအစဉ်ကျ ရေးပြ၍ ဝိဇ္ဇာမျိုး ဗိဇ၏ ပဓာနအရေးပါပုံကို အာရုံယူနိုင်ရေး ဆရာများ ရေးစပ်ပေးထားသော လင်္ကာနှင့်တကွ ပြပါ။

၅။ လောကဥ္စ အလို ၂-မျိုးကိုပြ၍ စိတ်၏ ဒုန္နိဂ္ဂဟမည်ပုံ၊ လျင်မြန်ပုံ များကို ရေးပြီးလျှင် စိတ်၏ အလားအလာ ၂-မျိုးတွင် မည်သည့် အလားအလာရှိမှ ကုသိုလ်ကောင်းမှုများ ဖြစ်ပွါးနိုင်ကြောင်း ပြပါ။

၆။ ခန္ဓာ ၅-ပါး၏ အပြစ်အနာအဆာများတွင် ဥပဒ္ဒဝမည်ပုံကို ပြ၍ "ဆင်ကြီးကြောက်လို့ ကျားကိုကိုး၊ ကျားကြီး ဆင်ထက်ဆိုး" ဟူသော ဥပမာနှင့် လျော်စွာ ဘုံ ၃-ဖြာ၏ ခိုလှုံပုန်းအောင်းရာ မဖြစ်ပုံကိုလည်း ရေးသားပါ။

၇။ အလောဏ, လောဏ, ပဋိပဒါ ၃-ဖြာတို့အထူးကိုပြ၍ နိကာယ် ၅-ရပ် ပိဋကာ ၃-ဖြာ ၈၄၀၀၀-သော ဓမ္မက္ခန္ဓာတို့ကို ဤ အနာသဝါဒိ သုတ်အရ အချုပ်ကို ပြပြီးလျှင် မဂ္ဂင် ၈-ပါးကို သိက္ခာ ၃-ပါး ဖြစ်အောင်လည်း သွင်းပြပါ။

၈။ ကိလေသာရောဂါ ၃-မျိုးဆိုင်ရာ ဆေး ၃-ဖြာကို ဆောင်ပုဒ် ၃-ခုနှင့်တကွ ပြ၍ နှာဖျား နှာဝ၌ အမြဲဖြစ်နေသော ဝင်လေ ထွက်လေနှင့် ဆိုင်ရာ ထိ, သိ ၂-ပါးကို ရုပ်နာမ် ခွဲပြပြီးလျှင် ပစ္စုပ္ပန်ကျကျ ရှုမှတ်မှုဖြင့် ရအပ်သော အကျိုးများကိုလည်း ရေးသားပါ။

## ကျမ်းစာပြုစု ကောင်းမှုမင်္ဂလာ ရည်ညွှန်းရာ

**အလှကြော့ကွင်း သေမင်း ထောင်ချောက်**

လမ်းမအလယ်၌ အငြိမ့်သမ တဦး အဝတ်တန်ဆာ ပန်းနှံ့သာဖြင့် လှပတင့်တယ် ငြိမ့်ညောင်း သာယာဘွယ်သော တူရိယာအသွယ်သွယ်နှင့် စည်းဝါး တကျ ကပြ နေသည်ကို ဆွမ်းအလို့ငှါ ရွာတွင်းသို့ ဝင်သော ငါသည် တွေ့မြင်သော်လည်း ထို ငါ၏စိတ်၌ ထိုအငြိမ့်သမအား "သေမင်း ထောင်ထားသည့် ကျော့ကွင်း" ကဲ့သို့ မှတ်ထင်သည်ဟု အရှင်နာဂသမာလထေရ် မိန့်လေသည့်အားလျော်စွာ ကျမ်းစာရေးသား ဤကောင်းမှုများကြောင့် မိမိသည်လည်း ယနေ့ကို အစ ချမ်းသာရသည့်တိုင် ရူပသဒ္ဒ စသည်ဖုံဖုံ ငါးအာရုံကို အားကုန်နှိမ်နင်း မျှင်သေမင်း၏ ကျော့ကွင်းပမာ တွယ်တာမှုရှင်း ကင်းရစေသား။

**မှိုရာကိုတွယ် မာလောနွယ် ပမာ ငြိတဏှာ**

မာလောနွယ်၏ သဘောကား မှိုရာသစ်ပင်ကို ငြိတွယ်၍ လွှမ်းမိုးကြီးပွါးသလို တဏှာသည်လည်း မေ့လျော့ပေါ့တန် နေထိုင်သောသတ္တဝါကို ငြိတွယ်လွှမ်းမိုး၍ ကြီးပွါးသည်၊ သစ်သီးလိုသော မျောက်အိုသည် တောထဲ၌ တပင်မှတပင် တကိုင်းမှတကိုင်း ဒုံးစိုင်း ပြေးလွှားနေရသလို တဏှာတိုးပွါး သူသည်လည်း ဘဝတခုမှ တခုသို့ ကူးပြောင်းကျင်လည် နေရသည်ဟု မာလုကျပုတ္တ သုတ္တန် ထုတ်ပြန်သည့် အားလျော်စွာ စေတနာလျှမ်း ဤသည့်ကျမ်းစာ မင်္ဂလာကြောင့် တဏှာကြွေးရှင်း သန္တေကင်းသည့် သေမင်းမလာ အမတသို့ လျင်စွာ ယုတ်ချောက် ရောက်ရပါစေသား။

**နိဗ္ဗာန်သမုဒ္ဒရာသို့ သွားရာ ဆိပ်ကမ်းမှာ သီလသာ**

ဤလောက၌ အကျိုးစီးပွါးကို လိုသူသည် သီလကို ဆောက်တည် အပ်၏၊ စင်ကြယ်သောသီလသည် စည်းစိမ်ချမ်းသာ အားလုံးကိုဆောင်၍ အဆွေခင်ပွန်းကောင်း များစွာကိုလည်း ရနိုင်သည်၊ သီလသည် ကုသိုလ်အားလုံးတို့၏ အရင်းမူလ, ဈာန်မဂ်ဖိုလ်တို့၏ တည်ရာ

သမထ ဝိပဿနာ တရားမြတ်တို့၏ မိခင်သဖွယ် ဖြစ်ပြီးလျှင် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့၏ နိဗ္ဗာန်ဟူသော သမုဒ္ဒရာသို့ ဆင်းသက်ရာ ဆိပ်ကမ်းလည်း ဖြစ်သည်၊ မြတ်သောလက်နက်,မြတ်သောအဆင်တန်ဆာ, ခိုင်မာသော တံတားသဘွယ် ဖြစ်ပြီးလျှင် အတုမရှိသော အမွှေးနံ့သာ, မြတ်သော စားမြိန်စာ ရိက္ခာထုပ်နှင့်တူသော သီလကို ဝတ်စားဆင်ယင် ခြံရံယှဉ်ကာ ချမ်းသာစုံညီ ဘုံနန်းဆီသို့ ပါရမီစုံရေး အားထုတ်ရေးသို့ ပို့ပေးပါစေသား။

**မနေလိုသော်လည်း မသေလိုသေးပါ** ကျောက်တောင်ကြီးသည် ပကတိ လေတို့ကြောင့် မတုန်လှုပ် သလို **မောဟကုန်ပြီးသော** ပုဂ္ဂိုလ်တို့သည်လည်း တုန်လှုပ်ခြင်း မရှိပြီ၊ ငါသည် သေခြင်းကို မနှစ်သက်သလို အသက်ရှည် နေရခြင်းကိုလည်း မနှစ်သက်၊ လခစားသည် လခရရန်အတွက် လ ကုန်မည့်ရက်ကိုသာ စောင့်မျှော်နေ သကဲ့သို့ ငါသည်လည်း ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကိုသာ စောင့်မျှော်နေ သည်ဟူသော အရှင်သာရိပုတ္တရာ၏ ညီတော် အရှင်ရေဝတ မိန့်ပြအပ် သည့် အတိုင်း သမာဓိကျောက်တိုင် မယိမ်းယိုင်အောင် မြဲခိုင်တည်ဆောက် မြော်မှန်းချက် ပေါက်အောင် ရောက်ရပါစေသား။

**အော်—သေသော်မှ ကောင်းသေး၏ တကား** ညဥ့်အချိန်ကာလသည် တိတ်ဆိတ် ငြိမ်သက်သည်၊ လူသံ ငှက်သံတို့မှ ကင်းကာ နက္ခတ် ကြယ်တာရာတို့ဖြင့်လည်း သာယာသည်၊ ထို အချိန်သည် တရားထူး မရသေးသမျှ အိပ်စက်ရန်မဟုတ်၊ ထိုထို ညဥ့်တို့ သည် တရားအားထုတ်ဘို့ အချိန်တို့သာ ဖြစ်ကုန်သည်တကား၊ ငါသည် ဆင်စီးလျက် စစ်မြေပြင်သို့ ဝင်သည်ရှိသော် ဆင်ပေါ်မှ စောက်ထိုးကျပြီး ဆင်နင်းမိ၍ စစ်မြေပြင်၌ သေရခြင်းသည် မြတ်ပေသေး၏။ ကိလေသာ စစ်ပွဲမှ ရှုံးကာ ကိလေသာနှစ်မွန်းလျက် အသက်ရှည်ရခြင်းသည် မမြတ် သည်သာ-ဟူသော အရှင်သောဏ၏ ဓမ္မအားလျော်စွာ ကိလေသာစစ်ပွဲ **အောင်လံစွဲလျက် အောင်ပွဲကိုခံ အောင်စံရပါစေသား။**

သက္ကရာဇ် ၁၂၆၅-ခုနှစ် တန်ခူးလပြည့်ကျော် ၉-ရက် သောကြာနေ့ နံနက် ၄- နာရီ အချိန်တွင် မွေးဖွားသန့်စင်၍ ငယ်စဉ်အခါ ဘဝအတ္ထုပ္ပတ်ကို သား-သမီး ဉာတိများ လိုက်နာစေရန် ကျမ်းစာနောက်ပိုင်း၌ အလျှုဝတ္ထုများ ဓာတ်ပုံများနှင့်တကွ ရေးသားစီရင်ကာ မှတ်တမ်းတင်ခဲ့သည်။



ပဲခူးမြို့ ရွှေဘြူး ဝိနယစာမေးပွဲဝန်ဆောင်
ဒါယကာကြီး-ဦး သူတော် ၇၂-နှစ်
သက်ရှည်ကျန်းမာနေပုံ

# ရွှေခြူး ဦးသူတော်၏ အတ္ထုပ္ပတ္တိ

## ပဲခူးမြို့ ဝိနယပရိယတ္တိစာမေးပွဲ ဝန်ဆောင်ဒါယကာ ရွှေခြူးဦးသူတော်၏ အတ္ထုပ္ပတ္တိဆိုင်ရာ ကျမ်းဦးအစ နိဒါန်း

### "စိရံ တိဋ္ဌတု သဒ္ဓမ္မော"=သူတော်ကောင်းတရားသည် အရှည်ခံ၍ တည်တံ့ တိုးပွါးစေသတည်း။

**ရွှေခြူးဒါယကာ၏** ဒါယကာကြီး ဦးသူတော်သည် သူ၏ဘဝဖြစ်စဉ်

**ပဓာနရည်မှန်းချက်** မှတ်တမ်းကို အသက် "၇၁" နှစ်သို့ ရောက်လာသောအခါ သူ၏ သားသမီးများ, ဆွေမျိုးဉာတိများနှင့် မိတ်ဆွေ သင်္ဂဟ များအား ဘဝကို ရုန်းကန် လှုပ်ရှားရေးဝယ် သူသည် အဘယ်မျှ အားထုတ် ကြိုးစားရပုံ, အားထုတ် ကြိုးစားသော်လည်း "ကုသိုလ်ကံပေး မရသေး" ဆိုသလို အကြောင်းကံ (အတိတ်ဆိုင်ရာ)မပြည့်စုံသေးလျှင် ပစ္စုပ္ပန်ကံ မည်မျှကြိုးစားသော်လည်း အကျိုး မရသေးပုံ, အကျိုးပေးမှု ပြည့်စုံအောင်မြင်သော အခါ၌လည်း ယခုရရှိထားသော အခြေအနေမှ အမြတ်ထုတ်နိုင်ဘို့ အရေးကြီးပုံများကို မျက်ဝါးထင်ထင် တွေ့မြင်သိကြရပြီး သူကဲ့သို့ပင် အတုယူနိုင်ရေး, အားထုတ်နိုင်ရေးကို လွန်စွာ လေးစား ဂရုထားသူ ဖြစ်ကြောင်း ဘုန်းကြီးအား လျှောက်ထား၍ သိရသည်။ သူသည် အိမ်ယာ, တိုက်တာ, ဖဲမွေ့ရာ, ကတ္တီပါ ကော်ဇောပေါ်တွင် မွေးဖွားလာရသူ မဟုတ်၊ ခရီးခြေလျင် မြေအပြင်ဝယ် လူလာဖြစ်ရပြီး ပင်ပန်းချိတဲ့စွာ မွေးဖွား ကြီးပြင်းလာရပုံကို သားသမီးများနှင့် သူ့ပတ်ဝန်းကျင်အား အထူး သိစေလိုသည်ဟု ဆိုပေသည်။

**ပဓာန အားထားရာ မင်္ဂလာ** ဒါယကာကြီးသည် အထက်ဆုံး အပိုဒ် "စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသော နှလုံးသွင်း အားလျော်စွာ ငယ်စဉ်က ကျောင်းတော်ကျောင်း ဆရာတော်

သင်ကြား ပို့ချပေးလိုက်၍ အသိဉာဏ် နုနုပေါ်တွင် မယ်န (သံမှို) နှက်ထားသကဲ့သို့ စွဲလာခဲ့သော မင်္ဂလာတရားတော်ဆိုင်ရာ အနက် အဓိပ္ပါယ်များကို ကြီးလေ ကြီးလေ ပိုမိုသဘောပေါက်လာလေ ဖြစ်သော ကြောင့် (၁) ပစ္စုပ္ပန် လူ့ဘဝ သာယာပြည့်စုံရေးနှင့် တကွ၊ (၂) ဘဝ သံသရာ သာယာပြည့်စုံရေး၊ (၃) ဘဝလွတ်မြောက်မှု ပြည့်စုံရေး ဟူသော လောကီ, လောကုတ္တရာ ချမ်းသာ အားလုံးသည် "၃၈" ဖြာ မင်္ဂလာမှသာ ထုတ်နုတ်ယူငင် သုံးစွဲနိုင်သည်၊ ထို့ကြောင့် "၃၈" ဖြာ မင်္ဂလာဟူသော တရားကို အစထား၍ ဘုရား တရားတော်များ အရှည် ခံ၍ တည်တံ့တိုးပွါးရေး, လူများမှာလည်း မင်္ဂလာတရားနှင့် အသီးအသီး ကိုယ်စီကိုယ်င ပြည့်စုံနိုင်ရေးကို အထူးပင် လိုလားသူ ဖြစ်သည်။ "တပည့် တော်အဖို့မှာဆိုလျှင် အရာရာ မင်္ဂလာ တရားကိုသာ အားထားမိသော ကြောင့်သာ ဤ အခြေအနေသို့ ရောက်သည်ဟု ယုံကြည် ပါကြောင်း" လည်း လျှောက် ထားသည်။

**အတုခိုးဘွယ်ရာ ဥဒယဘဒ္ဒ ဇနီးမောင်နှံ**

ဥဒယဘဒ္ဒ မင်းသားနှင့် ဥဒယဘဒ္ဒါ မင်း သမီး ဇနီးမောင်နှံ ၂-ဦး သုရုန္ဓန တိုင်း ပြည်ကို အုပ်ချုပ်နေကြရာ ပါရမီ ဖြည့် ဘက်များ ဖြစ်ကြ၍ တဦးအပေါ် တဦး ကြင်နာလေးစား ကြပုံမှာ စာဖြင့်ရေးသား၍ ကုန်ဘွယ်ရာ မရှိသလို အသိအလိမ္မာ ဉာဏ်ပညာများ မှာလည်း ပါရမီရှင်ကြီးများ ဖြစ်ကြသလောက် အလွန် ပြည့်စုံပေါက် မြောက်ကြသည်၊ မင်း,မိဖုရား ၂-ပါးတွင် အလျင် နတ်ရွာစံသူက ရောက် ရာဘဝမှ လာပြောကြစတမ်းဟု ဂတိသစ္စာ ထားကြသည့်အား လျော်စွာ ဘုရင်မင်းမြတ်က ပထမ နတ်ရွာစံ၊ တာဝတိံသာ သိကြားဖြစ်၊ ဂတိအား လျော်စွာပင် ဥဒယဘဒ္ဒါ မိဖုရားကြီးအားလည်း သူ သိကြားဖြစ်ကြောင်း ကိုယ်နှုတ်စိတ်များကို စောင့်စည်း၍ စွန့်ကြဲ လှူဒါန်းနေပါလျှင် အတူ တကွ ဖြစ်ဘို့ရာ ရှိကြောင်း လာရောက် ဟောပြော ဆုံးမသည်၊ ဆုံးမတိုင်း လိုက်နာသော မိဖုရားလည်း ကံကုန်သည့်အခါ ၎င်း၏ ကြင်ရာတော် သိကြားမင်းထံရောက်ပြီး မိဖုရားပင် ဖြစ်ရသည်။

**ရွှေခြုး သမီးခင်ပွန်း တို့ကိုလည်း ဘုန်းကြီး များ အားရသည်** ကုသိုလ်ကံ အခွင့်သာလာသော အချိန် ဂျပန်ခေတ် စစ်အတွင်းမှစ၍ ပဲခူး ရွှေဂူဆရာတော်ကြီး စသူတို့၏ ဩဝါဒကို ခံယူလျက် သီတင်းကျွတ်လ ရှင်သာမဏေစာပြန်ပွဲ, ကဆုန်လ ရဟန်းတော်များ ဝိနည်းစာမေးပွဲဟု တနှစ် ၂-ကြိမ် "ရွှေခြုး ဝိနယပရိယတ္တိစာမေးပွဲ"ကြီးကို ဇနီး ဒေါ်မြတင်နှင့် စိတ်ဘူကိုယ်မျှ သာသနာ့တာဝန်ကို ပူဇော်ချီးမြှောက်လာရာ မအောင်လည်း ရ၊ အောင်လည်း ရ။ သင်္ကန်း, ထီး, ဘိနပ် စသည်များ ရသည်ဟု သိရသည်၊ ဇနီး ဒေါ်မြတင် ကွယ်လွန်သော်လည်း ဇနီး ဒေါ်မြတင်၏ စေတနာ လက်ရာများကို မပျက်စေရအောင် ဆထက် တန်ဘိုးတိုး၍ ကြီးစားသည်ဟု ကြားသိရရာ အထက်ဖော်ပြပါ ပါရမီအစုံ ရင့်ကုန်ပြီးသော ဥဒယဘဒ္ဒ ဇာတ်တော်လာ ဇနီးမောင်နှံများကဲ့သို့ပင် ရွှေခြုးမိသားစုတို့ကိုလည်း ဘုန်းကြီးများ အားရကျေနပ်သည်၊ ကျောင်းတိုက်ကြီးတွေမှာ ဝိနည်း ပိဋကသံ မဆိတ်သော်လည်း ပတ်ဝန်းကျင် စာသင်တိုက် မဟုတ်သော ကျောင်းများမှာပါ ဝိနည်း ပိဋကတော်များ အသံ ဆူညံစေလိုသောကြောင့် ရှင်းကျောင်း ဆရာတော်များကိုလည်း နှစ်စဉ် အလှည့်ကျ ဝိနည်းပိဋကတော် ပြန်ဆို' တော်မူကြပါ ဘုရားဟု လျှောက်ထား၍ ဆွမ်း, သင်္ကန်း စသည် လှူကြောင်း သိရသည်မှာ သာ၍ပင် ဝမ်းမြောက် ကျေနပ်မိသည်။

**ကျမ်းဦးမင်္ဂလာ မြတ်မင်္ဂလာ** အထက်ဖော်ပြပါ စကားရပ်များအရ မင်္ဂလသုတ်တက်၍ ကျက်ကာ မင်္ဂလာဖြင့် သာသနာအား ချီးမြှောက် ပူဇော်ခွင့်ရသော ရွှေခြုးဒါယကာသည် ညောင်တုံးမြို့ ရွှေဟင်္သာတောရ အဂ္ဂမဟာပဏ္ဍိတ ဝိကျောင်း ဆရာတော်ဘုရားကြီး ရေးသားတော်မူသော မင်္ဂလသုတ် ဆောင်ပုဒ်ကဗျာများကိုပင် "ပဥ္စဂုဏံ အဟံ ဝန္ဒာမိ" အစချီကာ ကျမ်းဦးနိဒါန်းကို သူကိုယ်တိုင် ရေးသားပြဆိုသည်။

ပဉ္စင်္ဂုဏ် အဟံ ဝန္ဒာမိ–သုံးပါးရတနာ မြတ်ဆရာနှင့် မိဘဂုဏ်အင် ဦးညွတ်တင်ကာ ကြည်လင်ရွှင်မြူး စိတ်ကြည်နူးဘို့ ကျမ်းဦးထုတ်ဖော် မြတ်သုတ်တော်ကား—

မင်္ဂလသုတ်တော် မင်္ဂလာဆောင်ပုဒ် ကဗျာများ

သုံးဆဲ့ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွါးချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပင် တဝေဝေ၊
ဘေးကင်းရန်ကွာ ချစ်သူပေါ်လို့၊ စိတ်ရော ကိုယ်ရော ချမ်းသာ မလေ။
ပြောဆိုကြံဆ၊ ဆောင်သမျှ၊ အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ၊ မင်္ဂလာပန်းခိုင်တွေ။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ – အသေဝနာ-ပုဒ်

တရားကင်းငြား၊ လူမိုက်အား၊ ရှောင်ရှားမင်္ဂလာ။
တရားကျင့်သိ၊ ပညာရှိ၊ ကပ်ဘိမင်္ဂလာ။
ပူဇော်ထိုက်သူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာ။

မင်္ဂလာ—ပဋိရူပ-ပုဒ်

ကုသိုလ်ဖြစ်ရန်၊ လျော်ကန်သင့်မြတ်၊ ထိုအရပ်၊ နေအပ် မင်္ဂလာ။
ရှေးကပြုအပ်၊ ကုသိုလ်မြတ်၊ ရှိလတ် မင်္ဂလာ။
ကိုယ်နှုတ်စိတ်အား၊ ကောင်းစွာထား၊ မှတ်သား မင်္ဂလာ။

မင်္ဂလာ—ဗာဟုဿစ္စဥ္စ-ပုဒ်

အပြစ်ကင်းစင်၊ ကြားအမြင်၊ များလျှင်မင်္ဂလာ။
အပြစ်ကင်းလတ်၊ ထိုအတတ်၊ သင်အပ်မင်္ဂလာ။

လူရှင်ကျင့်လတ်၊ ဝိနည်းမြတ်၊ ကျင့်အပ်မင်္ဂလာ။
ဆိုသင့်ထိုက်ငြား၊ ထိုစကား၊ ဆိုငြားမင်္ဂလာ။

### မင်္ဂလာ—မာတာပိတုဥပဋ္ဌာန-ပုဒ်

မိဘနှစ်ပါး၊ လုပ်ကျွေးငြား၊ မှတ်သား မင်္ဂလာ။
သားမယားအား၊ ထောက်ပံ့ငြား၊ မှတ်သား မင်္ဂလာ။
နှောင့်ရှက်ကင်းမှု၊ အလုပ်စု၊ လုပ်မှု မင်္ဂလာ။

### မင်္ဂလာ—ဒါနဉ္စ-ပုဒ်

သဒ္ဓါကြည်ဖြူ၊ အလှူဒါန၊ ပေးလှူက၊ မုချ မင်္ဂလာ။
သုစရိတ၊ ဆယ်ခုမှ၊ ကျင့်က မင်္ဂလာ။
ဆွေမျိုးတို့အား၊ ထောက်ပံ့ငြား၊ မှတ်သား မင်္ဂလာ။
အပြစ်ကင်းမှု၊ အလုပ်စု၊ လုပ်မှု မင်္ဂလာ။

### မင်္ဂလာ—အာရတိ ဝိရတိ-ပုဒ်

ရှိသေထိုက်သမျှ၊ ရှိသေက၊ မုချ မင်္ဂလာ။
ကိုယ်စိတ်နှိမ့်ချ၊ နေပါက၊ မုချ မင်္ဂလာ။
ရရသမျှ၊ ရောင့်ရဲက၊ မုချ မင်္ဂလာ။
ပေးဘူး ကျွေးဘူး၊ သူကျေးဇူး၊ အထူးသိက မင်္ဂလာ။
သူတော်တရား၊ ကျင့်နာကြား၊ မှတ်သား မင်္ဂလာ။

### မင်္ဂလာ—ခန္တီစ-ပုဒ်

ကီ-ကုတ် နှစ်တန်၊ ကျိုးများရန်ပ၊ သည်းခံက၊ မုချ မင်္ဂလာ။
ဆုံးမစကား၊ နာလွယ်ငြား၊ မှတ်သား မင်္ဂလာ။

ရဟန်းသံဃာ၊ မကြာခဏ၊ ဖူးမြင်က၊ မုချ မင်္ဂလာ။

သူတော်တရား၊ ဆွေးနွေးငြား၊ မှတ်သား မင်္ဂလာ။

မင်္ဂလာ—တပေါစ-ပုဒ်

ခြိုးခြံစွာပ၊ ကျင့်ကြံက၊ မုချ မင်္ဂလာ။

သူတော်ကျင့်အပ်၊ အကျင့်မြတ်၊ ကျင့်လတ် မင်္ဂလာ။

သစ္စာလေးဝ၊ သိမြင်က၊ မုချ မင်္ဂလာ။

ဒုက္ခကင်းပြန်၊ မြတ်နိဗ္ဗာန်ဟု၊ မျက်မှောက်ပြု၊ မှတ်ရှု မင်္ဂလာ။

မင်္ဂလာ—ဖုဋ္ဌဿ-ပုဒ်

လောကဓံ ရှစ်ဝ၊ ကြုံတွေ့က၊ စိတ်က မယုတ်၊ မတုန်လှုပ်၊ မုချမင်္ဂလာ။

လောကဓမ္မ၊ ဤ ရှစ်ဝကြောင့်၊ ဗျာပါ သောက၊ မရှိက၊ မုချ မင်္ဂလာ။

လောကဓမ္မာ၊ ဤရှစ်ဖြာကြောင့်၊ ရာ—ဒေါ—မော—မြူ၊ မရှိမူ၊ မှတ်ယူမင်္ဂလာ။

လောကဓမ္မာ၊ ဤရှစ်ဖြာကြောင့်၊ လေးဖြာယောဂ၊ ဘေးကင်းက မုချမင်္ဂလာ။

မင်္ဂလာ—တောဒိသာနိ-ပုဒ်

သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာ၊ ကျင့်ကာ ရန်အောင်မည်။

ကိုယ်နှုတ်စိတ်မှာ၊ မြဲမကွာ၊ ကျင့်ကာ နိဗ္ဗာန်ပြည်။

လောကုတ် လောကီ၊ နှစ်လီနှစ်ဝ၊ မြတ်သုခ၊ မုချ ရနိုင်သည်။

(စံကျောင်းဆရာတော်)

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား၊ ပျက်ပြားနေကြ ကမ္ဘာမြေ။
ဟိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့၊ လူနှင့်လူချင်း သတ်ကာနေ။
ငြိမ်းချမ်းပါစေ အာသီသနှင့်၊စွမ်းနိုင်ရာက ကူညီသလေ။
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား၊ ရေးသား ဖြန့်ကာဝေ။
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ၊ ကမ္ဘာက သိပါစေ။

ပဲခူးမြို့–အဘ ဦးသူတော် စီစဉ်သည်။

## ဘဝဖြစ်စဉ် နိဒါန်းအစ ညွှန်ပြရသော်

**ရရှိသော လူ့ဘဝ အသုံးချ တတ်ဘို့ အရေးကြီးသည်** ဤခန္ဓာကိုယ်၏ ဂုဏ်ကျေးဇူး ထူးခြားမှုသည်ကား ပဋိသန္ဓေ ဖြစ်ပျက်တတ်စွာသော ဓမ္မတာ သဘောများသာ သံသရာအဆုံးတိုင် တည်ကုန်ရာ၏။ အစမထင်သော ဤသံသရာကြီးနှင့်စာလျှင် လူ့ဘဝတခုသည် ကောင်းကင်ပြင်ကြီး အတွင်းဝယ် သေးငယ်လှသော လျှပ်စစ်နွယ်ကလေးမျှသာ ရှိပေသည်။ တနည်းအားဖြင့် ပြန့်ပြော ကျယ်ဝန်းလှသော သမုဒ္ဒရာ အဏ္ဏဝါကြီးအတွင်း၌ ရေစက်ရေပေါက်ကလေးမျှသာ ရှိပေသည်။ ပြောပလောက်အောင် မဟုတ်ချေ။ သို့သော် မိမိရရှိသော လူ့ဘဝကို အသုံးချတတ်သူအဘို့ ငယ်စဉ်ဘဝ အညတရ သာမည ဘဝကလေး၌ပင် လောကုတ္တရာဆိုင်ရာ ဘဝ သံသရာခရီးအတွက် ဆွတ်ခူး စားသုံးမကုန်နိုင်သော ပဒေသာပင်ကြီး ဖြစ်ခဲ့ပေသည်။ လောကီရေးရာ ဘဝတာတွင် နေမင်းသဖွယ် အလင်းရောင် ပေးနိုင်ခဲ့ပေသည်။မိုးကြီးသဘွယ် အေးမြကြည်နူး အကျိုးထူးများစွာကိုလည်း ပေးနိုင်ခဲ့ပေသည်။

**ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ** ဤနေရာ၌ "မိမိဘဝကို အသုံးချတတ်သူ" ဟူသော စကားရပ်ကို အသုံးပြုရပေမည်။ လူတိုင်း လူတိုင်းပင် "မနုဿတ္တ ဘာဝေါ

ဒုလ္လဘော” ဆိုသည့်အတိုင်း ရတော်ရခဲ ဘဝတခုကို ရရှိနေကြပေသည်။ သို့သော် မိမိရနေသောဘဝကို အခြေတည်၍ ဘဝအကျိုး အမြတ်ထုတ်နိုင်သူကား ရှာမှရှားပေသည်၊ ဘဝကိုအခြေတည်၍ အမြတ်အစွန်းထုတ်နိုင်သူကိုသာ “မိမိဘဝကို အသုံးချတတ်သူ” ဟူ၍ ခေါ်ဆိုရပါမည်။ ကျန်ရစ်သူတို့ အမြဲတမ်းတ သ နေရမည့် အာဇာနည်စာရင်းဝင် ပုဂ္ဂိုလ်ဖြစ်ရပေမည်။ ဤစကားအတိုင်း ဘဝတခုဟူသော လူ့ခန္ဓာကိုယ်သည် ခဏနှင့် ပြုန်းတီး ပျောက်ကွယ်သွားလင့်ကစား ယင်း ဂုဏ်ကျေးဇူးများသည် ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ ဖြစ်ရမြဲဓမ္မတာတည်း။ လူ၏ဘဝသည် အနှစ်တရာအတွင်း ပျောက်ကွယ်သွားမည်သာ ဖြစ်၍ လူ့အာဇာနည်တို့၏ အနှစ်တရာအတွင်း လုပ်ဆောင်ချက်များမှာ နှစ်ပေါင်းရာထောင်မျှမက တည်ရှိကျန်ရစ်မြဲ ဖြစ်၏။

## ပထမပိုင်းကဏ္ဍ လောကလူ့ဘောင် ရောက်ခဲ့ရပုံ

**ပန်းချီပန်းပုဆရာကြီး ဦးရွှေဘော်** ဦးရွှေဘော်သည် “ရေဝတီမြစ်ဝှမ်း မအူပင်ခရိုင် ဓနုဖြူမြို့အပိုင်အင်းရဲကြီးနယ်မြေ နှဲကျီးရွာ” ဇာတိ ဖခင်ကြီး ဖြစ်လေသည်။ ဤတွင် အတတ်ပညာ, ပန်းချီပန်းပု, ရုပ်လုံးရုပ်ထု လက်မှုပညာ လုပ်ကိုင်မှုဖြင့် အသက်မွေးကာ ပထမ အိုးအိမ်တည်ထောင်ပြီး ဇနီးကွယ်လွန်ခဲ့ရာ သားသမီး ၃-ဦး ကျန်ရှိလေသည်။ အမည်ကား “မောင်ဘိုးမြစ်” “မရွှေသစ်” “မောင်ဘိုးကာ” တို့ ဖြစ်သည်။ ဖခင်ကြီးမှာ သားသမီး အထက်လူ ၂-ယောက်တို့အား ဘိုးဘွားများထံ အပ်နှံ နေထိုင်စေ၍ သားငယ်မောင်ဘိုးကာအား ဖခင်နှင့် လက်တွဲကာ လက်မှုပညာ သင်စေပြီး လုပ်ကိုင်စားသောက်ကြလေသည်။ နောင်သောအခါ သားသမီးအကြီး ၂-ဦးတို့သည် မိမိနယ်မြေဒေသတွင် လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကာ အသက်မွေးမှုပြု၍ အိုးအိမ်တည်ထောင်ကြလေ၏။ အထက်ပါ လက်မှုအတတ်ပညာသည် ဖခင်ကြီး ဦးရွှေဘော်သည် အရွာရွာနယ်မြေ ဘုရားတန်ဆောင်း, ကျောင်းကန်, ရုပ်လုံးရုပ်ထု လုပ်ကိုင်မှုဖြင့် အသက်မွေး

ခဲ့လေသည်။ အသက် ၃၀-ကျော် ၄၀-နီးပါး ရောက်သောအခါ ဘခင်ကြီးသည် မိခင်ကြီး၏ဌာနေ ဓနုဖြူမြို့ ရောဝတီမြစ် အရှေ့ဘက်ကမ်း "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့ တံဆိပ်တော်နာမံ ခံယူတော်မူရသော "သက်တော်ရှည် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး" တည်ရှိရာ "စံကင်းကျေးရွာ" ကြီးတွင် နေထိုင်ခဲ့လေသည်၊ မိခင်ကြီး၏ "အဘ ဦးမိုး၊ အမိ ဒေါ်အေးမယ်" တို့မှ မွေးဖွားကြသော သားသမီးတို့မှာ ဒေါ်မယ်ကျင်, ဒေါ်မယ်သီ, မောင်ဘိုးဆန်း, မောင်ဘိုးသင်း" တို့ ဖြစ်ကြ၍ အဘ အလုပ်ဆရာ "ဦးရွှေဘော်" အား "ဦးမိုး - ဒေါ်အေးမယ်" တို့က သမီးဖြစ်သူ ဒေါ်မယ်သီ (ဦးသူတော်၏မိခင်ဖြစ်မည့်အမျိုးသမီး) နှင့် စေ့စပ်ထိမ်းမြား လက်ထပ်ပေးစားလိုက်ကြလေသည်။

**ဦးရွှေဘော် ကွယ်လွန်သဖြင့် ယော်စဉ်ကပင် ဖတဆိုး ဖြစ်ရသော မောင်သူတော်**

တောလက်ကျေးရွာ နေထိုင်ကာဖြင့် မိမိအသက်မွေး ပညာဖြင့် မလုံလောက်၍ ဘုရား ပုထိုး ကြီးမား, မြို့ရွာဒေသလည်း ကြီးမား၍ ကုံလုံ ကြွယ်ဝ မင်း ပုဏ္ဏား ချမ်းသာသူ သူဌေးတို့ ပေါများရာ ပဲခူးမြို့သို့ ဦးရွှေဘော်-ဒေါ်မယ်သီတို့ ၁၂၆၀-ပြည့်နှစ်တွင် ရောက်ရှိ၍ ပဲခူးမြို့ အနောက်မျက်နှာ ရှေးအခေါ် "သင်ဖြူးတန်း" ဂါမ ယခု ရွှေသာလျောင်းဘုရားအနီး လမ်းမတွင် ဆင်းရဲသားသဘာဝ နေထိုင်ကြရလေသည်။ မိခင်ကြီးက သင်ဖြူးယက်လုပ်၍ ဖခင်ကြီးမှာ သံဖြူ ပန်းတင်း အလုပ်မှ စ၍ ရုပ်လုံး ရုပ်ထု ပန်းချီဘုန်းကြီးပျံတွင် လုပ်ကိုင်ကြသော လောင်တိုက်, တလား, ပြာသာဒ်, နတ်လမ်း, ကြာကလပ်အစ ရနိုင်သမျှ လုပ်ငန်းအစုံလုပ်ကိုင်၍ အသက်မွေးရလေသည်။ ၁၂၆၂-ခုနှစ်တွင် သားကြီး "မောင်ထွန်း" ကို မွေးဖွား၍ ၁၂၆၅-ခုနှစ် တန်ခူးလပြည့်ကျော် ၉-ရက်နေ့ နံနက် အရုဏ်တက်အချိန်တွင် သားလတ် "သူတော်" ယခု "ရွှေခြူး ဦးသူတော်" ကို ဖွားမြင်သန့်စင်ခဲ့ပြီး သမီးငယ် "မသန်းရင်" ကို ၁၂၇၀-ပြည့်နှစ် တွင် မွေးဖွားခဲ့လေသည်။ ဤတွင် ဖခင်ကြီး "ဦးရွှေဘော်" သည် သမီးငယ် ဖွားမြောက် တနှစ်မရောက်မီ ဤဂါမနေရာတွင် ကွယ်လွန် အ[illegible]ရောက်

ခဲ့ပါသည်။ဘခင်ကြီးပါ သားကြီး "မောင်ဘိုးကာ"သည် မိမိဖခင်ကြီး သင်ကြားပေးသမျှ အတတ်ပညာဖြင့် ပဲခူးမြို့မှာ နေထိုင်ခဲ့၍ မိခင်ကြီးမှာမူ မိမိဇာတိ ချက်မြှုပ်နေရာမဟုတ်သော ဤနေရာ၌ သားသမီး ၃-ဦးတို့ဖြင့် နေရေး စားရေး ကြပ်တည်းသောကြောင့် မိမိ ဌာနေ မိဘ ရပ်ထံ ပြန်မှ တော်မည်ဟု ဆုံးဖြတ်ကာ အတန်တန်လူကြုံဖြင့် စာရေး၍ မိခင်ကြီး "ဒေါ်အေးမယ်" ကွယ်လွန်ပြီး အဘ" ဦးမိုး" သာလျှင် အသက် ၇၀-ကျော်အရွယ် ကျန်ရစ်ခဲ့စဉ်မှာပင် မိဘတို့ ရပ်ထံ ပြန်ဖြစ်ကြလေသည်။ (ဦးသူတော်တွင် ဘခင်ကြီးဘက်မှ ပါသော သားချင်း, အကို, အမ ၃-ဦး၊ အမေတူ-အဖေတူ အကို, နှမ ၂-ဦး ပေါင်း သားချင်း အရင်း ၆-ဦး ရှိသည်။)

၆-နှစ်သား သာသာကပင် မိခင်နှင့် အငှါး ကောက်ရိတ် လိုက်ရခြင်း

ဖခင်ကြီး "ဦးမိုး" (ဦးသူတော်၏ အဖိုး) ကွယ်လွန်ခဲ့ပြန်လေပြီ။ ဉာတိ အကို, အမ-များလည်း အိုးအိမ်တည် ထောင်ကြပြီး သူတို့ဘာသာ လယ်ယာ ကိုင်းကျွန်းမှစ၍ လုပ်ကိုင်စားသောက်နေကြလေပြီ။ မိခင်ကြီးမှာ မုဆိုးမ ဘဝ အသက် ၃၀-ကျော် ၄၀-မှာ သားသမီးငယ် ၈-နှစ်, ၆-နှစ်, ၁ နှစ်ရွယ်ကလေးများအား ရာသီဥတုမရွေး လုပ်ကိုင်နိုင်သမျှ အလုပ်ဖြင့် မိုးတွင်းကာလမှာ ပျိုးနှုတ်, ကောက်စိုက်, ရသမျှအလုပ် လုပ်၍ ကောက် သိမ်းပြီးချိန်တွင် ဈေးတောင်း ခေါင်းပေါ်တင်ကာ ဟင်းရွက်ဟင်းသီး ရသမျှအစုံကို နီး-နား ရွာခြေတလျှောက်တွင် ဆန်, ပိုက်ဆံ, ရသမျှ တို့နှင့် ရောင်းကာ ဆန်ကို ဝမ်းစာ ထားပြီး ပိုက်ဆံ ရသမျှကို ဝယ်ယူ ရောင်းချရန် အရင်းအနှီးပြု၍ နေ့ရှိသမျှ လုပ်ကိုင်ရ၏။

မိုးလေးလ ကုန်မြောက် ဆောင်းလေးလ ရောက်ဦးစ တန်ဆောင် မုန်းလတွင် ရွာဦး၌ တည်ရှိသော "မြကျိုက်ပြန်" ဘုရားပွဲတော်တွင် ဇာတ်, ရုပ်စုံပွဲတို့ဖြင့် ကျင်းပရာ ပွဲလမ်းသဘင်ကို ဈေးရောင်းရင်း ကြည့်ရှုရလေသည်။ ကောက်ယဉ်စပါး ရိတ်သိမ်းရန် နီးသောအခါ ကျဲပိုင်, နွားပိုင်ဖြင့် လုပ်ကိုင်သော လယ်ယာ နီး-ဝေး တောလက်

ကျေးရွာတို့တွင် ကေ သုံးဆယ်, လေးဆယ်, တရာနီးပါး လုပ်ကိုင်နိုင်သော လယ်ရှင်ကြီးများထံ နီးကပ်စွာ ဆက်ဆံ၍ ပြောင်းရွှေ့ပြီး ကိုင်းပင်တို့ဖြင့် တဲအိုဆောက်ကာ ယခုနှစ် စပါးရိတ်ရန် စတင်ရလေသည်။ ရိတ်သိမ်းခ နှုန်းမှာ ထုံးစံအတိုင်း လယ်ယာ အဆိုး-အကောင်းကိုလိုက်၍ ကောက်လှိုင်းစည်း ၄-လှိုင်းလျှင် တတင်းထွက်,၅-လှိုင်းလျှင် တတင်းထွက်သော ကောက်လှိုင်းမျိုး ၁၀-လှိုင်းလျှင် မိမိအတွက် တလှိုင်း ရိတ်ခ ရကြလေသည်။ တန်ဆောင်မုန်း လပြည့်ကျော်မှ နတ်တော်, ပြာသို, တပို့တွဲလပြည့်ခန့်အထိတွင် ပြီးမြောက်သောအခါ မိမိရသမျှ စပါးလှိုင်းတို့ကို ကျဲ, နှံရှိသူများထံ တောင်းပန် ငှါးရမ်း၍ နယ်ဖတ် သန့်စင်, လှေ့လှင့် ရသမျှ တင်းငါးဆယ်ခန့်တွင် ၁၅ တင်း, တင်း ၂၀-တို့ကို ရောင်း၍ ကျန် ၃၀-တင်းခန့်ကို ရွာထဲအရောက် ပြန်လည် သယ်ဆောင်၍ မိုးဘွင်းပိုင်း ဝမ်းစာအဖြစ် သိုမှီး စုဆောင်းထားရလေသည်။

**မိခင် မုဆိုးမကြီး၏ ဆင်းရဲမှု ရင်နင့်ဘွယ်ရာ**

တပေါင်း, တန်ခူး, ကဆုန်တို့တွင် မိခင်ကြီးမှာ နွေဥတု ရာသီ လအချိန်တို့၌ ဘဝက်အကြောင်းပေးသမျှ “ မုန့်လက်ဆောင်း ” သည့် ဘဝဖြင့် မိမိ စွမ်းနိုင်သမျှကို ချက်ပြီး ထန်းလျက်ရည်နှင့်တမျိုး, သကြားရည်နှင့်တဖုံ, အုန်းနို့ရည် နယ်ညှစ်ကာ တသွယ် ကြိုက်နှစ်သက်ရာကို အမျိုးစုံ ပြုလုပ် ရောင်းချ၍ အသက်မွေးရပါသည်။ ဤသို့ဖြင့် သားငယ် သမီးငယ် လူမမယ် ကလေးတွေနှင့် မုဆိုးမဘဝ အလုပ်လုပ်ရသောအခါ မိမိက မကျွမ်းကျင် မနိုင်နင်းသော အုန်းသီးလုံးကြီးများကို ခွဲဘို့ ခွါဘို့ အတွက် ဓားကြီး, ဓားငယ်, အုန်းခြစ်တို့ကို သုံးစွဲရသဖြင့် ရံဖန်ရံခါ ခက်ခဲကြီးစွာ တွေ့ကြုံရလေသည်။ အုန်းသီးခွါမှုအတွက် လမ်းမ တာရိုးတွင် သွားလာသော လူကြီး, လူငယ်, လူလတ်တို့အား မေတ္တာပြု ခေါ်ယူ၍ ထိုသူတို့အားအုန်းသီးခွဲ,ခြစ် ပြုလုပ်ပေးရန် တောင်းပန်ရသည်။ နံနက် ထမင်းစားပြီးမှ အစ နေပူ,မိုးရွာ အခါမရွေး ရွာစဉ်တလျှောက် ကုန်စင်အောင် သွားရောက် ရောင်းချလေရာ ညနေပိုင်းတွင် ရသမျှဆန်, လုံးတီးဆန်, ပိုက်ဆံကြေးငွေတို့ဖြင့် ပြန်လည် ထပ်မံဝယ်ယူ

ကာ နောက်တနေ့အတွက် ဆက်လက် လုပ်ကိုင် စုဆောင်း ရပြန်၏။ ဤကဲ့သို့ နေ့ဥတုချိန်ခါမှလွန်မြောက် မိုးဥတုနီး ရောက်အောင် ဆင်းရဲ ပင်ပန်းစွာ သားသမီးများကို ရှာမှီး ကျွေးမွေးခဲ့ရလေသည်။ မိခင်ကြီး၏ ဂုဏ်ကျေးဇူးသည်ကား ဘယ်အခါ ပေးဆပ်ကုန်နိုင်ဘွယ် ရှိပါတော့ အံ့နည်း။ "လူတိုင်း မာတာပိတု ဂုဏ်ကျေးဇူး သတိပြုကြပါ"။

**အထူးမှတ်ချက်။** ရဟန်း, သံဃာ, ဘုန်းကြီး, **သာမဏေတို့အား** ဆွမ်းမလောင်းခြင်းသည် ကုသိုလ်မရရှိသာ ရှိသည်။ မွေးဘမိခင် ကျေးဇူးရှင်တို့အား ကျွေးမွေး စောင့် ရှောက်မှု မပြုလျှင် "မာတာပိတု ဥပဋ္ဌာနဉ္စ မင်္ဂ-လာ" ပျက်၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း နည်းပါးမည်။

**၁၀-နှစ် ကျော်မှ ကကြီး ခကွေး သင်ရသော ဦးသူတော်** ဤကဲ့သို့ ဆင်းရဲပင်ပန်းစွာ အသက် မွေး၍ နေထိုင်စဉ် သားကြီး "မောင် ဘိုးထွန်း" အား စံကင်းရွာ အရှေ့ ဘက် "ဒိုက်ကလေး" တောရွာကြီးတွင် သီတင်းသုံး နေထိုင်တော်မူ သော "ဦးဥက္ကံသ" ဆရာတော်ထံ အပ်နှံ၍ စာပေ သင်ကြားစေကာ ကျောင်းသားဘဝမှ တဖန် သာမဏေဘဝ ၃-ဝါရသည်အထိ နေထိုင် စေခဲ့ရလေသည်။ ကျန်ရှိသော သားသမီး သုံးယောက်တို့မှာ မိုးခါ နွေခါ လုပ်စားကိုင်စားဖြင့် သူတပါးဥာတိ၏ အိမ်ခြံအနီး ဝါး သက်ငယ် တို့ဖြင့် တဖက်ယပ်တဲ ဆောက်လုပ်ကာ ၃-နှစ်ကျော် နေထိုင်ခဲ့ပြီး ခတ် တော်ကျောင်းအနီး "သိမ်ကြီးတန်း" လမ်းမကြီးသို့ ပြောင်းရွှေ့ကာ နေထိုင်လာခဲ့သည်။ သားလတ် "သူတော်" ယခု "ရွှေခြူးဦးသူတော်" သက်ရွယ် ၁၀-နှစ်ကျော်ရောက်သော် ဤလမ်းမအနီးတွင်ရှိ ဟသ်ပြဒါးနီ သစ္စေးပန်းမှန် ကြာကလပ်တိုင်လုံးကြီးများ ရွှေချမွမ်းမံ ဘုရားဆောင် ဘုံပြာသာဒ် ထုပိကာ ရွှေထီး သိမ်တော်ကြီးပါ တည်ရှိသော ခတ်တော် ကျောင်းတိုက်ကြီးမှ ဆရာတော် "ဦးပဏ္ဍဝံသ" ထံ အပ်နှံ၍ နမော ဗုဒ္ဓါယ မှ အစ ကကြီး, ခကွေး, မင်္ဂလသုတ်အထိ ရောက်အောင် ကျောင်းနေရသည်၊

အချိန်ကာလ နေ့ရက်များမှာ စာသင်ချိန် ပြည့်အောင်ပင် မတက်နိုင်ခဲ့ပါ။ အကြောင်းမှာ တန်ဆောင်မုန်း ကောက်သိမ်းချိန်မှစ၍ တပို့တွဲလအထိ လယ်ယာတောသို့ မိခင်ကြီးနှင့်အတူ အလုပ် လုပ်ကိုင် နေရသည့်အတွက် တပို့တွဲမှတန်ခူး ကဆုန်လပြည့်အထိ ကျောင်းမှခဏထွက်ကာ မိခင်ကို ကူညီရသေးသည်။ ဤသို့နေရသည်မှာ ၁၃-နှစ်သားအရွယ်ထိတိုင် ဖြစ်ပါသည်။

**၁၃-နှစ်သား စာရင်းငှါး လုပ်ရ မျက်နှာရခဲ့**

ငင်းအရွယ်မှာပင် လယ်ယာကြီးများ လုပ်ကိုင်သူ စာရင်းတိုင် ခေါ် လယ်ပိုင်ရှင်ကြီးများထံ ထွန်တုံး ပိတ်ချိန်အထိ တောတင်းကုတ်တွင် မိမိနှင့် တန်သမျှ နွားကျောင်း, စာချောက်အလုပ်ကို လုပ်ခ စပါး ၁၅-တင်းဖြင့် လုပ်ကိုင်ရပြန်သည်။ တောဓလေ့သဘာဝ နီး-နား ဘုန်းတော်ကြီးကျောင်းမှ နံနက် ၈-နာရီ ဆွမ်းခံထွက်ကြေးမောင်းခေါက်လျှင် လယ်ရှင်စာရင်းတိုင်နှင့် လယ်ထွန် စာရင်းငှါးလေး ငါးယောက်အတွက် နံနက်စာ ထမင်းဟင်းစုံ ငြုတ် ကြက်သွန်ငပိရည် တို့စရာအစုံ ထင်း မီး ရေမိုး စုံလင်စွာ သယ်ပိုး၍ ချက်ပြုတ်ရပါသည်။ တင်းကုတ်ထဲတွင် ကျန်ရှိသေးသော အလုပ်များဖြစ်သည့် နွားချေးကျုံးခြင်း, ညပိုင်းတွင် ကျွဲ,နွားများ စားရန် စားကျင်းခွက်ထဲသို့ မြက်စိမ်းစိုတို့ကို စားကျင်းအပြည့် ဖြတ်တောက်ထည့်သိုခြင်း, တံမြက်လှဲခြင်း, တလင်းရှင်းခြင်းများကို ခိုင်းမှသာလုပ်တတ်ခြင်းအတွက် အပြစ်များစွာ ဆိုသဖြင့် လူကြီးများဆန္ဒအရ မခိုင်းစေရခင် ကြိုတင် လုပ်ကိုင်ထားရလေသည်။ ဤသို့ဖြင့် မျက်နှာရခဲ့သည်။ ဤ အချိန်မှ အစ မွန်းတည့်ချိန်အထိ လယ်ထွန်ဖြုတ်ကာ နွား, ကျွဲတို့ကို ယူဆောင်လာ၍ တင်းကုတ်အနီး ထားပြီး ကြိုတင် ပြင်ဆင်ထားသော ထမင်းပွဲမှာ တူညီစွာ စားသောက်ကြရသည်။ ဦးသူတော် ငယ်စဉ်အခါ ကျွဲ, နွားတို့ကို ကြိုးလွှတ်ဖြေကာ လယ်အနီး နွားစားကျက်ကြီးများတွင် နီးနားလယ်သမားနွားကျောင်းသားများနှင့်အတူ ကျွဲ,နွားများ အစာဝ၍ မပျောက်ပျက်ရအောင် ထိန်းကျောင်းပြီး တောကျောင်းတို့ ဓလေ့ ညနေ ၄-နာရီ တုံး

ကုလားတက် ခေါက်သံ ကြားက နွားများကို စုဆောင်းကာ ချည်တိုင်တင်းကုတ်သို့ မောင်းနှင် သွင်းရ၏။

ဘုရားနှင့် ကျောင်းဒကာ လယ်ယာ ဦးကြီးများ | လယ်ယာ လုပ်ငန်းခွင် အရေးကြီးလှသော ထိုသည့် အချိန်တွင်ကား လုပ်သားကြီးများ လယ်ထဲတွင် ကန်သင်း တမန် တူးဖောက် ဖို့ကြ၍ မြက် ကိုင်းပင်တို့ကို ခုတ်ထွင် ရှင်းလင်းနေ ကြသည်။ ၎င်း အချိန်၌ မိမိ ကျွဲနွားများ ပြန်ရောက်၍ အလုပ်ပြီးမြောက်ချိန် ဖြစ်သည်။ သို့သော် မနားနိုင်ဘဲ ညပိုင်းတွင် နံနက်ကဲ့သို့ ထမင်းဟင်း ပြည့်စုံရအောင် "အတိုင်းအရှည် အပို အလိုကြီး" မရှိစေရန် အမြန် စီမံချက်ပြုတ်ရသည်။ ညနေပိုင်း ဖား, ခရု အော်ချိန် မှောင်ရီသန်းလျှင် လူစုံရောက်၍ ထမင်းဟင်းလျာ စားသောက်ကာဖြင့် လယ်ထဲမှာပင် အိပ်ကြရသည်။ နံနက် အရုဏ်တက်မှစ၍ ကျွဲ, နွား ထွန်တံစုံ ပြင်ကာ အလင်းရောင်ပေါက်လျှင် လယ်ယာခွင်၌ ပြိုင်ဆိုင် ထွန်ယက် စိုက်ပျိုးကြရသည်။ မိုးရွာ, နေပူ, စနေ, တနင်္ဂနွေ မရှိ၊ ဝါဆိုလပြည့်မှာပါး လယ် မပြီးမချင်း နားရက်မရှိ၊ လူတိုင်း ပင်ပန်းကြီးစွာ လုပ်အားကို ရင်းနှီး၍ ရွာမှီးမှုဖြင့် တောရော မြို့ပါ ဘုရား ကျောင်းကန် တန်ဆောင်းကြီးများကို ဆောက်လုပ် လှူဒါန်းခဲ့ကြလေသည်။ ဤသို့ဖြင့် ရှေးလူကြီးများကောင်းမှု ယခုတိုင်ပင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။ " သတိပြုပါ "

ပျိုးတလက် ၂-ပြား သားကြီး သားငယ် မိခင်နှင့်အတူ သယ် | ဤသို့ဖြင့် မိမိ၏ နွားကျောင်း, ဂျိုးချောက်, စာစောင့် လုပ်ငန်းသည် ကဆုန်လမှ ဝါဆိုလအထိ ရောက်ရှိကာ မိုးတွင်းထွန်တုံးပိတ်တွင် စပါး ၁၅-တင်းဖြင့် လုပ်ငန်းပြီးမြောက်၍ အိမ်သို့ ရောက်ခဲ့လေသည်။ လယ်ယာလုပ်ငန်းခွင်တွင် နှစ်စဉ်ပြုလုပ်လာခဲ့ရာ တနှစ်သောကာလ ၁၂၇၇-ခုနှစ်တွင် "ပုက္ကန်ချောင်း, ပဲပိတ်ချောင်း" ကြီးများမှ ရေများလျှံတက်၍ တောလယ်ကွင်းတွင် လယ်ကွက်များစွာ နစ်မြုပ် ပျက်စီးခဲ့၏။ ဝါခေါင်လပြည့်ကျော် တော်သလင်းအနီး ရောက်ရှိသောအခါ

စိုက်ကွင်းလက်ကျန် ရှိသူများထံ စိုက်ပျိုးပြီး ပျိုးခင်းတို့ကို လယ်ရှင် အများ ဝယ်ယူကြသည်။ ထိုအခါ နုတ်ပြီးသား ပျိုးစည်းများကို ပျိုး တလက် ပိုက်ဆံ ၂-ပြား သယ်ခ ရ၍ ပျိုးစည်း ၁၀၀-လျှင် ၃-ကျပ် ၂-ပဲနှုန်းဖြင့် မိခင်ကြီးနှင့်အတူ သားကြီး, သားငယ်တို့ လယ်ကွင်းပြင်မှ ချောင်းကမ်းအနီးသို့ နိုင်သမျှ သယ်ပိုး ကူလီလုပ်ကြရလေသည်။ သားငယ် သူတော်သည် ၎င်း အချိန်က အသက် ၁၂-နှစ်မျှသာ ရှိသေး၏။ ပျိုး လက် ၁-ခုသာ နိုင်နင်းသေးသည်ဖြစ်ရာ ပျိုးလက် တဘောစီကို ပခုံး ထက်တင်ကာ လယ်ကွင်း ကန်သင်းလမ်းမတို့တွင် ရှုံ့နှံ့ ဒူးပုဆစ် မြုပ်မျှကို ရှန်းကန် သယ်ပိုးရင်း လဲပြိုခဲ့ရသေးသည်။ဤသို့ဖြင့် ရှုံ့ရေအလိန်းလိန်းဖြင့် ပင်ပန်းကြီးကြီးစွာဖြင့် တနေ့တာလုပ်ကိုင်သော်မှ "တမတ်,၃-မူး" မျှသာ ရ ခဲ့ပါသည်။မိခင်ကြီးနှင့် သားကြီးမောင်ထွန်းတို့မှာ တနေ့ "၃-မတ်,တကျပ်" ရရှိပါသည်။ မိသားစု လုပ်ခ စုစုပေါင်း တနေ့ ၂-ကျပ် ၈-ပဲ၊ ၃-ကျပ် ခန့်မျှ ရရှိသည်၊ ထိုအလုပ်ကို နေ့ရက်မကြာ ခဏတာစိုက်ပျိုးမှီ အားသွန် ပြီးလုပ်ကိုင်ကြရသည်။ လူ့ဘဝမှာ ကံဖန်သမျှ ခံကြရပေမည်။

**ဒုက္ခမျိုးစုံ ကြုံရာ လောဘီ သားအမိ**

ခုတ်တော်ကျောင်း ဆရာတော်ထံမှောက်ပြန်ရောက် သောအခါ ဆရာတော်သည် သေချာဃဏာ ရှိလှသော ကြောင့် သင်ပုန်းကြီးကို တခါပြန်သင်ကြား၍ မင်္ဂလ သုတ် ပါဠိအနက်စုံကို သရုပ်ခွဲကာ ဝမ်းဗိုက်ထဲအရောက် သဘောပေါက် အောင် အထပ်ထပ် သင်ပေးသည်၊ ရွှေတက်ရန်စာ အပြင်အောင်မြင်း, အတွင်းအောင်ခြင်းနှင့် စာပေများစွာတို့ကို ကျက်အံစေပြီး ကြပ်မတ် သင်ကြားပေးစဉ် လခရီး တန်ဆောင်မုန်းသို့ တဖန် ရောက်ရှိပြန်လေသည်၊ ရှေးနှစ်များအတူ ကောက်ရိတ်ဆင်းရမည့် အတွက် လေးလတာအတွင်း တကြိမ် ကျောင်းမှထွက်ကာ လယ်တောသို့ မိခင်နှင့်အတူ ပြောင်းရွှေ့ပြန် သွားရလေ၏။ ဤအခါ သားကြီး မောင်ကွန် ကျောင်းသား သာမဏေ ဘဝမှထွက်၍ တခြားရွာန ယယ်ယာမြေမှာ နေ့လုပ်ငန်း စပါးနယ်ဖတ်, ကျီကျစောင့် စပါးသိမ်းပြီးအထိ လုပ်၊ စပါး ၂၀-မှ ၃၀ တင်းဖြင့် တန် ., ကဆုန်လဆန်းအထိ လုပ်ကိုင်ခဲ့သည်၊သမီးငယ် မသန် ရင်မှာ ကျောင်းတွင်

မနေနိုင်ရှာ၊ ကလေးဘဝအရွယ် ငယ်ငယ်ကလေးနှင့် ထမင်းဟင်းအစချက် ပြုတ်ကာ ကူညီလုပ်ကိုင်ခဲ့ရရှာသည်၊ စပါးသိမ်းပြီး ပြာသို၊ တပို့တွဲလ ခရီး တထောက် ရောက်ခဲ့သော အခါ တောရွာကြီးအနီး ကရင်သူကြီး "ဦးရွှေဖြူ" ဖွင့်လှစ်သော အစိုးရအထောက်အပံ့ခံ ၄-တန်းကျောင်းတွင် ကျောင်းနေရသည်၊ "ဆရာ ဦးစံထိုက်၊ ဦးထွန်း" တို့က သူငယ်တန်းမှ တတိယတန်းအထိ ပေါင်း၊ နှုတ်၊ မြှောက်၊စား ကိန်းဂဏန်း အမျိုးမျိုးကို သင်ကြားပေးရာ ရသမျှ နှစ်လအချိန် အတွင်း ကြိုးစား သင်ယူ၍ တတ်မြောက်ခဲ့ပါသည်၊ ဤနှစ်သည် ဒုက္ခမျိုးစုံ အဖုံဖုံ ကြုံတွေ့ရသော ၁၂၈၀ ပြည့်နှစ် ဖြစ်ပါသည်။

**တောင်မြင့်မိုရ် ပြိုသည့်အလား အားထားရာမမြင် ဒုက္ခပင်လယ်ပြင်** ထိုနှစ်အတွင်း မိုးကုန်ဆောင်းကပ် ဒုက္ခတွေထပ်တော့မည့် တန်ဆောင် မုန်းလ အနီးသို့ ရောက်သောအခါ ဧရာဝတီမြစ်ဝှမ်း စကင်းရွာကြီးနှင့်တကွ နီးဝေးရပ်စုံ၌တရွာလုံး အိမ်ပေါက် စေ့ ကျန်းမာသူမရှိအောင် "တုတ်ကွေး" ခေါ် အဖျားရောဂါ ကျရောက် လာလေရာ မိမိတို့အတွက် ဆံပြုတ်ကိုပင် ကျိုမသောက်နိုင်အောင် ပြင်း ထန်စွာ ခံစားရလေသည်၊ တဦးတလေသာလျှင် ထို အဖျားရောဂါမှ လွတ်ကင်းခဲ့သည်၊ ထိုသူသည် တရွာလုံးအတွက် ဆံပြုတ်၍ တောင်းထဲတွင် အိုးကြီးကိုထည့်ကာ နံနက်မိုးလင်းမှစ၍ ယောက်ချိုခွက်ဖြင့် လှည့်လည် ကာ တိုက်ကျွေးရသည်၊ မိမိပန်းကန်ကိုပင် ထမယူနိုင်သူတို့အား ကိုယ်တိုင် ရှာမှီး ထည့်သို တိုက်ကျွေးရပါသည်၊ ဤသို့သော ရောဂါကပ် ဖြစ်ချိန်မှာ မိမိတို့ ဘဝကံအကြောင်းက ကောင်းစွာ မခံနိုင်တော့ပါ၊ မိခင်ကြီးနှင့် တကွ သားရေ သမီးပါ ဖျားနာကြသည်၊ ဆရာသမား၊ ဆေးဝါးခတ်စာ အလျှင်းမရှိ၊ ရပ်ရွာ ဆေးဆရာများသော်မှ တရွာလုံးအတွက် တနေ့ တခေါက် မရောက်နိုင်ကြ၊ဆင်းရဲစွာ ဒုက္ခဝေဒနာ ခံစားကြရသည်၊အမေ သေ သား မသိ၊ သားသမီးသေ အမေ မသိ၊ သဲသူက သဲ၊ နာသူက နာ၊ သေသူက နေ့စဉ် မနဲ မစဲလှဖြစ်လေရာ မိခင်ကြီး ဒေါ်မယ်သီမှာလည်း ရှေးဦးစွာဖျားနာခဲ့ပြီး ဘဝကံအကြောင်းမကောင်းလှစွာဖြင့် ၁၂၈၀-ခုနှစ်

တန်ဆောင်မုန်းလဆုတ်၇-ရက်နေ့တွင် အသက် ၄၇-နှစ်မှာ လူ့လောကကို မျက်ကွယ်ပြု အနိစ္စရောက်ခဲ့လေသည်၊ ကံကြမ္မာလေလှိုင်း ရိုင်းလေသမျှ သူတော်တို့ မောင်နှမများ ခံကြရပါတော့သည်။

**အကိုကြီးတော့ အဘအရာ** ရွှေးယခင် ပဲခူးမှာ ကျန်ခဲ့သော အကိုကြီး ဦးဖိုးကာသည် မိခင်ကြီး ကွယ်လွန်ကြောင်း ကြားသိ၍ ယင်းနှစ်နတ်တော်လအတွင်းမှာပင် ဦးကြီး, ဘကြီး, ကြီးတော်, အဒေါ်တို့ ရှိကြသည့်အနက် အရင်းအချာဆုံးဖြစ်သော အမိမဲ့သား မောင်နှမသုံးယောက်တို့အား လာ၍ ခေါ်ပါသည်၊ ဉာတိ ဆွေမျိုးအပေါင်းတို့ မတားဆီးနိုင်ဘဲ သင်းဘောဆိပ် ကမ်းညွတ်မျှ အဝတ်, ပုဆိုး, တဘက်တို့ဖြင့် ဝေ့ ရမ်း၍ ကြေကွဲမျက်ရည်ကျကာ နှုတ်ဆက်ကြသည်၊ ဤသို့ဖြင့် ခရီးစခန်းတထောက် ပဲခူးသို့ ရောက်ခဲ့ကြရပြန်သည်၊ ဤကား အတိတ်နှင့် ပစ္စုပ္ပန် ဆက်စပ်မှုပေတည်း။

**မှန်စီရွှေချ မောင်သူတော်ဘဝ** ပဲခူးရောက်ပြီး ထိုနှစ် ဝါခေါင်လအတွင်း လုပ်ငန်းဆင်းရရာ အကိုကြီး၏ ဇနီး မောင်လှမောင်၏ အမိသည် မန္တလေးမြို့ ပိသုကာဆရာကြီး ဦးမှဲ့၏ နှမဖြစ်လေသောကြောင့် မန္တလေးမြို့သို့ အားလုံးပြောင်းရွှေ့ကာ ပိသုကာပညာ မှန်စီရွှေချ သစ္စေး သားရိုး ရုပ်ထု ဆင်းတုလုပ်ငန်း ဌာနတို့မှာ ညီငယ်နှစ်ဦးတို့အား အလုပ်သင် အပ်နှံ၍ ခရစ်သက္ကရာဇ် ၁၉၂၁-ခု မြန်မာသက္ကရာဇ် ၁၂၈၃-ခုနှစ်ထိ တနှစ်ကျော်မျှ နေထိုင်ကာ အကိုကြီးနှင့် ဇနီး, သား, ညီမငယ်တို့ ပဲခူးသို့ ပြန်ကြသည်၊ ၎င်းနှစ် ဆောင်းဥတုမှာပင် အကိုကြီး၏ဇနီး မောင်လှမောင်၏ အမေ ကွယ်လွန်၍ ညီငယ်ဖြစ်သူ "သူတော်"သည် ပြန်ရောက်လာပြီး အကိုကြီး,တူငယ်,ညီမငယ်တို့နှင့် အတူ ပြွန်တန်ဆာမြို့ ကျိုက်ပိဒိုင်ရွာ, ကျွဲတန်းရှည် ရွာကြီးများနှင့်တကွ အသီးအသီးသောနေရာတို့တွင် မိမိတတ်ကျွမ်းရာ ပညာဖြင့် ဘုရားပလ္လင်, မှန်စီရွှေချ, သစ္စေးသားရိုးကိုင်, ရုပ်လုံးရုပ်ထု အလုပ်မျိုးစုံကို လုပ်ကိုင်စားသောက်နေရလေသည်။

**အပ်ချုပ်စက်ထောင် အိမ်မီးလောင်သော သက်န်းခဝါသည်**

ပိသုကာဆရာကြီး ဦးမှုံမှာ အလုပ်အကိုင်ကြီးများ ရရှိ၍ အောက်ပြည်မြို့ရွာ မှော်ဝန်း ကျောက်တန်း ဒေသရှိ "ကဒပွန" ရွာကြီးတွင် လယ်ပိုင်ရှင် "ဦးသိန်းမောင် – ဒေါ်ကျင်ရွှေ" တို့၏ ဘုရားတန်ဆောင်းဘုံပြာသာဒ် ကောင်းကင်ဘုံ အဆင့်ဆင့် ထုပိကာ မှန်စီရွှေချ ပစ္စည်းတို့ဖြင့် တန်ဆောင်းကြီးအတွင်း၊ အပြင်အပြီး မန္တလေးလုပ်သားကျား ၁၀-ယောက် တို့နှင့် အတူ အကိုကြီး "ဦးဘိုးကာ"ပါ ညီအကို ၂-ယောက် သွားရောက်လုပ်ကိုင်၍ တန်ဆောင်မှုန်းမှ တပေါင်း၊ တန်ခူးအထိ ကြာခဲ့လေသည်၊ ထိုမှ ပြန်ရောက်၍ မကြာမီမှာ ပထမ အလုပ်လုပ်ခဲ့သော ကျွှတန်းရှည်ရွာကြီးမှ သစ္စေးကုန်သည် ဦးမောင်၏သမီး "ဒေါ်ကျော့ခင်"နှင့် အကိုကြီး အိမ်ထောင်ကျကာ သီးခြားခွဲ၍ လုပ်ကိုင်သည်၊ ဤကြားကာလ အလုပ်အကိုင် မရှိချိန်မှာ ဉာတိ တော်စပ်သူ သင်ဖြူးတန်းရပ်"ဦးကိုရင်သင်"ထံ စင်းကား အပ်ချုပ်စက်တလုံး လဆိုင်းနှင့်အကြွေးဝယ်ယူတည်ထောင်၍ အပ်ချုပ်အလုပ် သင်ကာ အသက်မွေးခဲ့သည်၊ တနှစ်ကျော် ကြာသောအခါ ကြွေးကျေပြီးနောက် အိမ်ပါ မီးလောင်၍ စက် အစရှိသော ပစ္စည်းများ ဆုံးရှုံးသဖြင့် ဦးစံဖေ၏ ခဝါသက်န်းဆိုးအလုပ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်၊ ထိုမှတဖန် မန္တလေးမှ ဆရာဦးမှုံသည် အောက်ပြည်ရွာ "ဝါးခယ်မ" မြို့ "သကျသီဟ" ဘုရားတန်ဆောင်းကြီး၌ ကွန်းတိုင်ကြီးများကို မှန်စီရွှေချ သွန်းနေလေရာ လက်ရန်းဝရန်တာတွင် ဖလ်ပွတ်လုံး သံပန်းများဖြင့် တည်ဆောက်ခဲ့၏၊ လယ်ပိုင်ရှင်"ဦးဘဖေ – ဒေါ်ရိတ်" တို့၏ တန်ဆောင်းကို ရွှေတိုင် မျက်နှာကြက်ရွှေချ ဟသ်ပြဒါးနီ ·ဒုဋ္ဌဂါမဏိ ဇာတ်ကားအစုံတို့ဖြင့် ဆောက်လုပ်ခဲ့သည်၊ ထို့ပြင် ကျုံမငေး ကျွန်းပြာသာဒ်ရွာ လယ်ပိုင်ရှင် ဦးကုလားကြီး၏ တန်ဆောင်းနံရံ ဆင်းတုရုပ်ပွါး ဘုရားပလ္လင် တံကဲ ပန်းအစုံတို့ကိုပါ မန္တလေးလုပ်သားများနှင့် တွဲကာ ၁၂၇၅-ခုနှစ်မှ ၂-နှစ်ကျော်နီးပါးအလုပ်ဆရာ၏ ထမင်းစား တလ ကျပ်ငွေ ၃၀-နှင့် ရသမျှ စုဆောင်း လုပ်ကိုင်ရသည်၊ ဤနှစ်ကာလများအတွင်း နှမငယ် မသန်းရင် အိုးအိမ်ကျ၍

တောင်စွန်းမြို့နယ်မှာ နေထိုင်ကာ စောသိ, စောရီ သမီးငယ် ၂-ဦးကို ဖွားမြင်ခဲ့သည်။

**ကျေးဇူးရှင်များနှင့်** အပူအအေး **မမှု** တန်ဆောင်မုန်းလ ရောက်သော် **နှုတ်ချီးမှု မင်္ဂလာ** ဝါးခယ်မတွင် ဖျားနာမှုပြင်းထန်၍ မသေရုံခံစားရ၏။ ရပ်ကွက် ခင်မင်ရင်းချာ "ဦးဖိုးကူ – ဒေါ်စောညွန့်" တို့က သားသမီးပမာ အိမ်သို့ခေါ်ဆောင်၍ ဆေးဝါး, ခါတ်စာ, ဆရာဖြင့် ကုသပေး၍ သက်သာသောအခါ ပဲခူးသို့ပြန်ရန် ခွင့်ပန်ကာ အလုပ်မှ စုဆောင်းရသမျှ ပိုက်ဆံဖြင့် ပုဝါတပိုင်, လုံချည်,အင်္ကျီတို့ဖြင့် ဇနီးမောင်နှံ တို့အား ကျေးဇူးဆပ် ကန်တော့ခဲ့သည်၊ ဤမှ အလုပ်ဆရာထံ ခွင့်ပန်၍ မိမိရသမျှ ငွေ,အဝတ်အစား သေတ္တာ,အိပ်ရာတို့ကို ယူ၍ သင်္ဘောခရီးဖြင့် ပဲခူးသို့ ပြန်ခဲ့သည်။ ပဲခူးတွင် အကိုကြီး ဦးဘိုးကာနှင့် အိမ်ချင်းကပ် ရင်နှီးသော "ဦးဘိုးကြာ-ဒေါ်ခန့်"တို့ထံတွင် ကျန်းမာမှုရအောင် အနားယူ၍ ကျန်းမာသောအခါ ယခင်အစ "ဦးကိုရင်သင်" အပ်ချုပ်နှင့် တွဲလုပ်စဉ် ယခုပဲခူး မင်းလမ်းရှိ "ဦးဘ-ဒေါ်မိ ကုမ္ပဏီ"ပိုးထည် ပရိက္ခရာတိုက်ပိုင်ရှင် ပဲခူးတွင် ထိပ်တန်းအကျော် ကိုယ်ပိုင်ကား လက်ဦးစွာ စီးနိုင်သော ပုဂ္ဂိုလ် ကြီးများက သူတို့ဆိုင်ကြီးတွင် လူကင်းပါး၍ အရောင်းအဝယ်အလုပ် ဖြစ် မြောက်စေရန် တိုက်ဆိုင်ကြီးအတွင်း ယောကျ်ားဝတ် ရှပ်အင်္ကျီ, ပိုးပုဝါ အမျိုးမျိုး အိမ်ထောင်ပရိဘောဂ ပရိက္ခရာပစ္စည်း, မင်္ဂလာခမ်းနားစုံ, ခုတင်,ဘီရိုများကို တာဝန်ယူ၍ ဝယ်သူတို့ စိတ်တိုင်း ကျအောင်, စျေးနာ မတဲ့ တဲ့အောင် ပြေပြစ်ချိုသာစွာ စကားသုံး၍ အခါကြီးရက်ကြီးမှတပါး ပိတ်ရက် မရှိ, နံနက်-၆-နာရီမှ ည-၇- နာရီအထိ ဖွင့်လှစ်ရောင်းချစေ၏။ ထမင်း ၂-နပ် ကျွေးသည်။ ပထမ လခ ၁၈-ကျပ်မှ ၂၀-ကျပ်အထိ ရကာ ၁၂၉၂-ခုနှစ် မြေငလျင်ကြီး လှုပ်ပြီးသည်အထိ လုပ်ကိုင်နေခဲ့ရလေသည်။

## ဒုတိယပိုင်းကဏ္ဍအစဖြင့် လောကလူ့ဘောင် အိုးအိမ်ထောင်ပုံ

ဦးသုတော်နှင့် ပါရမီစုံလင် ဒေါ်မြတင် ဤတွင် ပထမ အစ ပိုင်း၌ ဦးဘိုးကြာ၏ဇနီး "ဒေါ်ခန့်" ကွယ်လွန်ပြီး ဒေါ်ခန့်အမ "ဒေါ်ဖီ" ကွယ်လွန်ခဲ့သည်။ "ဒေါ်စော" ဟူသော ဒုတိယအမကြီး ကျန်ရှိကာ ဒေါ်ခန့်မှ မွေးသော "မောင်တင်မောင်နှင့် မမြတင်" မောင်နှမ ၂-ယောက်နှင့် အတူ နေထိုင်၏။ ဒေါ်စော အသက် ၇၂-နှစ်မှာ ကွယ်လွန်၍ အဘ "ဦးဘိုးကြာ၌ သားသမီး၂-ဦး ကျန်ရှိခဲ့၏။ ရန်ကုန်မြို့ ပွဲစားကြီး ဦးထွန်းအေး၏ ဇနီး ဦးဘိုးကြာ၏အမ "ဒေါ်ငယ်"က သမီး မမြတင်အား မောင်သုတော်နှင့် စုံဖက်ကာ အကျယ်မပါ မိရိုးဖလာနည်းဖြင့် ထိမ်းမြားပေးခဲ့သည်။ ဦးဘိုးကြာသည် ကိုအုန်းဖေတို့၏အမိ ဒေါ်နှင်းနွယ်နှင့် အိမ်ထောင်ပြုသည်။ ၁-နှစ် ၂-နှစ်ကျော်ကာလတွင် ဒေါ်နှင်းနွယ် ကွယ်လွန်၍ သမီး၊ သားမက်တို့နှင့် အတူနေသည်။

ရွှေခြုး ဆေးလိပ်လုပ်ငန်း မြေငလျင် လှုပ်မပြီးမီ ဆိုင်မှာ လုပ်ကိုင်နေစဉ် "၁၂၉၀-ခုနှစ် နတ်တော်၊ ပြာသိုမှစ၍ ဇနီးသည် "ရွှေခြုး မိခင် ဒေါ်မြတင်"သည် သူတပါးအိမ်မှ မိမိသင်ကြား တတ်မြောက်လာသော ဆေးပေါ့လိပ် အလုပ်ဖြင့် လုပ်ငန်းစတင်လေသည်။ ဆေးရွက်ကြီး ဆယ်ပိဿာ၊ ဆေးရိုး ၂-တင်း၊ ရှမ်းဖက် ၅-ပိဿာ၊ မန်ကျည်း၊ ထန်းလျက်အစုံ နယ်ဖတ်၍ မိမိနှင့် လုပ်သား လေးငါးယောက် ရေအိုးကွဲပေါက်ကို ဖာထေး၍ ဆေးစပ်ထည့်ပြီး ရသမျှ လိပ်ကာ စတင်ခဲ့သည်၊ ဆေးလိပ်ကို ရောင်းရတတ်သမျှ လိပ်၊ မရောင်းရသောအခါ စုပုံထားရပြီး ဒုက္ခဆင်းရဲခံ၍ ရပ်ချည်တလှဲ ပိတ်ချည် တသွယ်ဖြင့်ငွေကြေး လေးငါးဆယ်ကို မ တည်ကာ ဆိုင်အလုပ်မှ မထွက်မီ ၁-နှစ်ကျော် ၂-နှစ်နီးပါး အလူးအလဲခံရင်း လုပ်ကိုင်ခဲ့သည်။ ရှေးဦးစွာ သားဦးယောကျ်ားဖွားမြင်သော်လည်း ၃- လကြာမြောက် ကာလသို့ ရောက်သောအခါ အလုပ်အစ ဆင်းရဲသော ကာလမှာပင် ကွယ်လွန်ခဲ့သည်။

**စက်ဘီးတစီးဖြင့် ဆေးလိပ်စည်း တင်ကာ နိုးနာရှသို့** ထိုမှကြာမြောက် ၂-နှစ်သို့ရောက်သော အခါ ဆိုင်အလုပ်မှ ထွက်၍ ဆေးလိပ် လုပ်ငန်းကို မဖြစ်မနေ ကြိုးစားကာ စက်ဘီးတစီးဖြင့် ပဲခူးမြို့ နီးနားနယ်မြေတလျှောက် နံနက်ပိုင်းတွင် အိမ်အလုပ် လုပ်၍ နေ့လယ်မှစ ည-၇-နာရီ ၈-နာရီထိ အကြွေး,လက်ငင်း ရောင်းရသမျှကို အညွှံခံပြီး ရောင်းချရ၏။ ဇနီးသည် ဒေါ်မြတင်မှာ အိမ်မှုရေးရာ အဖြာဖြာကို ထမ်းဆောင်ရင်း ဆေးလိပ်တံဆိပ်ကပ်, ထုပ်စည်းအပြီး နေ့ရောညပါ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရှာသည်။ ဤတွင် ဒုတိယမြောက်သား "ထွန်းအုံ"ကို ၁၂၉၇-ခုနှစ်တွင် ဖွားမြင်၏။

သားငယ်သည်ကား မွေးသည်မှစ နောက်ပိုင်း ကျန်းမာမှု နည်းပါးကာ နေ့ည မအိပ်ရအောင် ဖြစ်သည်။ သားငယ်၏ ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှု အတန်တန်မပြည့်စုံသည့်ကြားက ဆရာသမားခေါ်ယူကုသ ကျွေးမွေးရသည်။ နောက်ပိုင်း နို့ ဆီတဗူး တမတ်, သုံးမူးကိုပင် မတိုက်ကျွေးနိုင်တော့ဘဲ ၃-နှစ်အရွယ်ထိ ထန်းလျက်ရည်နှင့် ဒူးမှုံကြွပ် ကိုသာ တိုက်ကျွေးရသည်အထိ အလွန် ဆင်းရဲခဲ့ရပါသည်။

**ဝီရိယရှိသူ လူနတ်ကူ** ဤကဲ့သို့ ပြုတ်ချည့်,ရပ်ချည် ဖြစ်နေစဉ်အတွင်း အဘသူကြီးသည် ရင်းနှီးသဖြင့် အိမ်သို့ ဝင်ထွက်နေပြီး ရင်းနှီးမတည်ငွေ ၁၀၀ိ/၉၀ိ- ချီးမြှင့်သည့် အပြင် မလုံလောက်က လက်ကောက်, လက်စွပ်, ပုလဲ, နားကပ်စသည်တို့ကို ပေါင်နှံ ရင်းနှီးရန်အထူး မ-စ-ခဲ့လေသည်၊ နွေဦးတုရောက် ကောက်သစ်ပေါ်တိုင်း ဆန်ကြိတ်ကအပြန် စားသောက်ရန် ဆန်ကိုလည်း အခါခါပေးခဲ့၏။ ၅-နှစ် ၆-နှစ်ကြာသည့်တိုင် ထမင်း ပြည့်စုံအောင် မစားနိုင်သေးသောကြောင့် ဆေးလိပ်အလုပ်နှင့် တွဲဖက်ကာ အိမ်တွင်းမှ ဇနီးဒေါ်မြတင်က တဖန် ယခုလက်ရှိ လမ်းဒေါင့် အိမ်နေရာမှ တောပိုင်းသို့ သွားလာနေထိုင်သူ အပေါင်းတို့အား ရင်းနှီးချိုသာ ဆက်ဆံ၍ "ဆန်တအိတ်,ဆီတပုံး ၄-ကျပ် ကျော်မျှ ရေနံဆီအဖြူ အနီပါတဲ့၍" လာလာသမျှ ပုလင်းကိုင်သူ ဆီ, ဆန်ဝယ်သူတို့အား ခရီးဦးကြိုပြုကာ ဆက်ဆံရောင်းရလေသည်၊ စရိတ်ပါ

တအိတ်လျှင် ၃-မူး, ၅-မူး၊ ရေနံဆီ, ဆီတပုံး တမတ်, ငါးပံမျှ မြတ်လေသည်၊ ဤသို့ဖြင့် နှစ်ပေါင်းများစွာ ဆေးလိပ်နှင့်တွဲဖက် လုပ်ကိုင်နေရပြီး ၁၃၀၀-ပြည့်နှစ်အနီး ဂျပန်စစ်ကြီး မလာမီ "ရွှေခြူးဆေးပေါ့လိပ်" ကို မိမိဗာသာ မဖြစ်မနေ လှံလဖြင့် စက်ဘီးတွင် တင်၍စီးပြီး ကြော်ငြာ ဆိုင်းဘုတ် အထုပ်, အပြီ, အကြီး, အသေးစုံ ထည့်သွင်းကာ ပဲခူးမှ လှည်းကူး, အင်းစိန်, မှော်ဘီ, ရန်ကုန်မြို့အတွင်း, အပြင်၊ ထိုမှ တဆင့် ဖျာပုံ, ဗိုလ်ကလေး, မော်ကျွန်း၊ ၎င်းမှ တဖန် ယစ်ကန်, အုန္တိ, သက္ကလ, ခရမ်း, သုံးခွ, ဥက္ကံ, သံလျင်, ဘုရားကြီး, ဘုရားလေး, ပျဉ်ပုံ, ဝေါ စသောမြို့များသို့ ညီ မောင်တင်မောင်, မောင်တင်ညွန့်, မောင်အုန်းဖေ တို့နှင့် တွဲဖက်၍ ဖြန့်ချီ ရောင်းခဲ့ရလေသည်။

**ရှေးအတိတ်ကံ ထောက်ခံကြီးစွာ** ဂျပန်မလာမီ နှစ်များအတွင်း လုပ်သား ၃၀၀-လောက်ဖြင့် မီးရထား, ကား, ဗိုပိုပိ တန်ဆာတို့ဖြင့် ရန်ကုန်ကို ဗုံးကြဲတိုက်ခိုက်ပြီးသည့်တိုင် လိပ်မနိုင်, ရောင်းမလောက်, ပို့မဆုံး ရှိလေတော့သည်။

စစ်ကြီးမရောက်မီ ၁၃၀၁-ခုနှစ်မှာ တတိယသမီး မအောင်ကြည်ကို ဖွားမြင်၏၊ ကလေး လေးဘက်သွား မိုးတွင်းကာလမှာ "ဒေါ်မြတင်" နှင့် မိသားစုအစုံ လူပေါင်း ၂၁-ယောက် အထက် မန္တလေး, စစ်ကိုင်း တောင် စသော ဘုရားစုံသို့ ဘုရားဖူးသွားရင်း သံဃာပေါင်းများစွာကို ဆွမ်းလောင်းပွဲများဖြင့် လှူဒါန်းခဲ့၏၊ ထိုမှ ပြန်ရောက်သော အခါ တပေါင်း,တန်ခူး စစ်ကြီးနီးလာချိန်မှာ ဆေးလိပ်ရောင်းချမှု အကောင်းကြီး ကောင်းခဲ့သည်၊ အိမ်ဝါးထရံကို ဂုံအိတ်, ဖျာ ကာ၍ မီးရောင်မထွက်စေရန် ပြုလုပ်ပြီး အောက်လင်းဓာတ်မီးထွန်းကာ နေ့ရောညပါ လိပ်သော်လည်း နံနက်ရောက်က ကုန်သွားသည်အထိ ရောင်းကောင်းစဉ် စစ်ကြီးနီးလာ၍ ဝါးတော အဘသူကြီးထံ ပရိဘောဂပစ္စည်းစုံကို လှည်းဖြင့် တင်ဆောင်ကာ ပြေးခဲ့ကြရသည်။

စစ်ကြီးပြီးမြောက် ဂျပန် ရောက်လာသော အခါ **တောအုံကနား** တွင် အနေမကောင်း၍ မြို့တွင်း ၄-လမ်း ကမ်းနားအနီးမှာ အိမ်ငှါး၍ အလုပ်ကို ၂-ခု ခွဲလုပ်ကာ ဂျပန်စစ်အတွင်း ၃-နှစ်ခန့်တွင် ရသမျှ ဆေး,ဖက် အစုံဝယ်၍ ဘန့်ဘွေးဖက်, မောင်မခေါ် နွယ်ပင်မှ ဖတ်တို့ကိုပါ ဒေါ်ဖွားရှိန်, ဒေါ်ဖွားညိန်တို့က တာဝန်ယူ၍ ဝယ်သွင်းရလေသည်၊ ဤစစ်ကာလအတွင်း ၁၃၀၅-ခုနှစ်တွင် စတုတ္ထမြောက် သမီး"မအေးမြင့်" ကို မွေးဖွား၍ ကမ်းနားလမ်းအိမ်ကြီးကို ဝယ်နိုင်ခဲ့လေသည်။

**ကုသိုလ်ပါ၍** ဤမှ တထောင့် အင်္ဂလိပ်စစ်ကြီး နီးသောအခါ ရွှေသာ **ဥစ္စာလာသည်** လျှောင်းနှင့် ကမ်းနားလမ်း ၂-ဌာနခွဲကာ လုပ်ကိုင်ခဲ့၏၊ စစ်ပြန်ဝင်သောအခါ ဝါးတောရွာသူကြီးဆီသို့ပင် နွားလှည်း အစုံ ဝယ်ခြမ်းကာ တပေါင်း, တန်ခူးမှ နယုန်အထိ ပြောင်းရွှေ့သွားရသည့်အတွက် ဖျားနာမှု, မကျန်းမာမှု များစွာ ဖြစ်ကြရာ အဘ "ဦးသူတော်"မှာ လူတွဲ ဒုတ်ထောက် သွားရသည့် အခြေဖြင့် ၁-နှစ် ကျော်ခန့် ဝေဒနာခံစားရ၏၊ ဒေါ်မြတင်တို့မှာ ကျန်းမာ၍ ၁၃၀၇-ခုနှစ်မှာ သမီးငယ် တရုပ်မ-ခေါ်"မခင်သန်း" ကို မွေးဖွားသည်၊ ဤတွင် တတိယ ပိုင်း နီးကပ်လာသောအခါ "ရွှေခြုံးမိခင် ဒေါ်မြတင် ဇနီးမောင်နှံ သားသမီးတစု" သည် သာသနာရေး လမ်းကြောင်းဖြင့် တစခန်းထကာ ဂျပန်ခေတ် အတွင်း,အပြင် "လက်ထဲတွင် ထောင်သာလာသော အချိန်၌" ရွှေဂူဆရာတော်အမှူးထား၍ မျက်နှာတော် ဘုန်းကြီးများနှင့် တွဲဖက်ကာ သာသနာရေးကိစ္စ အဝဝကို ချီးမြှောက်ခဲ့သည်၊ မောင်ဖြစ်သူ ကိုတင် မောင် အား ရွှေ, စိန်, ကျောက်အမျိုးမျိုး လုပ်ငန်းကြီးကို အပ်နှင်းကာ အမဖြစ်သူ ဒေါ်မြတင်၏ စီမံမှုအတိုင်း လုပ်ကိုင်စေသည်။

**ဉာတိသားချင်းများအတွက်** ဤ စစ်ကာလ အတွင်း, အပြင် ကာလ များ၌ တူ မောင်လုမောင်-မခင်ညို, မောင်တင်မောင်-မအုံး, ညီမ မောင်ကြည်နု(တူမ) မခင်နု-မောင်တင် ညွန့်-မစောသိ, မောင်ကျော်အေး-မစောရီတို့အား လက်ရှိ သင့်မြတ်

ရာနှင့် ဒေါ်မြတင်ကိုယ်တိုင် လက်ထပ်ထိမ်းမြားပေး၍ ဩဇာအာဏာသုံးကာ စီမံ ပြုလုပ်ခဲ့လေသည်။

**ဝိနည်းစာပြန်ပွဲနှင့် ထိပ်တန်း ဆရာတော်ကြီးများ**

ဂျပန်စစ် အတွင်း, အပြင်၌ သာမဏေ အနည်းငယ်မှ စ၍ သေခိယ, ရှင်ကျင့်ဝတ်ကို သီတင်းကျွတ် လတွင် တကြိမ်၊ ရဟန်းတော်များ ပါတိမောက်ဝိနည်းကျမ်းကို ကဆုန်လဟူ၍ တနှစ် ၂ ကြိမ်၊ ကျပ် ငါးထောင်မှ တသောင်း, ပါးရေ သုံးရာမျှ လက်ခံကာ စာမေးပွဲ,စာပြန်ပွဲများ ကျင်းပခဲ့၏၊ နီးဝေးသံဃာစုံ ကြီး-ငယ် တို့အား ဆွမ်း,ကွမ်း, အိပ်ရာ, နေရာ သွားလာမှုအစုံ တာဝန်ယူ၍ စာဖြေလာရုံဖြင့် သင်္ကန်း, တဘက်, ထီး, ဘိနပ်, ခွဲတံ, စာအုပ်မျိုးစုံကို မဲချလှူဒါန်းခဲ့သည်၊ မအောင်လဲလှူ၍, အောင်တော့လဲ ဆုပစ္စည်း, ငွေ, အောင်လက်မှတ်ပါ လှူခဲ့ကြသည်၊ ဤသို့ဖြင့် မြန်မာပြည်မှာမရှိသော "ရွှေခြူး ဝိနယပရိယတ္တိ" ဟု ကျော်ကြားခဲ့၏၊ ၂၆-ကြိမ် မြောက်အောင် နှစ်စဉ် မပျက် ရွှေဂူဆရာတော်, မျက်နှာ ဆရာတော်များ ကြီးမှူး ကျင်းပသော အောင်ဆုနှင်းသဘင် လက်မှတ်ကပ်ပွဲကြီးများမှာ နှစ်စဉ် မြို့နယ် နီးဝေး အဂ္ဂမဟာပဏ္ဍိတ မဟာအကျော် ဆရာတော်ကြီးများကို ပင့်ဘိတ်ကာ ဩဝါဒါစရိယ နာယကအကျော် အဖြစ်ဖြင့် ညောင်တုံးမြို့ ရွှေဟင်္သာတောရ ဆရာတော်ကြီးများ, နိုင်ငံကျော် ဓမ္မကထိက သာယာဝတီ ဦးဥေယျ ဆရာတော်ဘုရား, ညောင်လေးပင်တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး, ဓမ္မကထိကအကျော် ဦးဣန္ဒက သက်တော်ကြီး ဆရာတော်ဘုရား, ပြွန်တန်ဆာမြို့ ချောင်းရင်းကျောင်း ဦးဗန္ဓုမာ ဆရာတော်, ဘုရားပြိုရွာ တောရဆရာတော် အစုံတို့ဖြင့် နှစ်စဉ် ညပိုင်း တရားပွဲကြီးများပါ ဝတ္ထု ငွေကြေး မြောက်မြားစွာ အကုန်ခံ ပူဇော်ခဲ့ရသည်များကို ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့အား သာဓုခေါ်နိုင်ကြစေရန် အမျှပေးဝလိုက်ပါသည်၊ ဤသို့ဖြင့် သံဃာပါးရေ ခုနစ်ထောင့်ငါးရာ, ကျပ်ငွေ တသိန်းခွဲခန့် လှူဒါန်းခဲ့လေသည်။

**သေက္ခဲရှင်ကွဲ မလွဲရှောင်သာ မမွှတာတည်း**

ရွှေခြူးမိခင် မသေမီနှစ်အတွင်းက ဘခင် ဦးဘိုးကြာသည် ယခု အသက်ထင်ရှားရှိသော ကျောင်းအမကြီး ဒေါ်ခင်ကြည်နှင့် အိမ်ထောင်ပြုကာ ၁၃၁၂-ခုနှစ် တန်ဆောင်မုန်းလမှာ ကွယ်လွန်အနိစ္စရောက်သည်၊ ၁၃၀၈-ခုနှစ်တွင် နီတိုး ခေါ် မောင်တင်အုန်း ကိုရင်း, ၁၃၁၀-ခုနှစ်တွင် မမြင့်ရီကိုရင်း, ၈-နံပါတ် မဝင်းအောင်, ၉-နံပါတ် သေဆုံးမည့်သားကို မွေးဖွားရာ ရွှေခြူးမိခင် ဒေါ်မြတင်သည် လမင်းကို တိမ်ဖုံးသည့်ပမာ' ကျန်းမာလျက် ၁-ရက်ခွဲနှင့် မျက်နှာမြင်မှု အကြောင်းပြုကာ ရုတ်တရက် သွေးလွန်ရောဂါဖြစ်ပွါးရာ စစ်ဆေးရုံကြီးမှ ဆရာဝန် ပင်စင်စား မစ္စတာအင်ဒီနှင့် ဇနီးတို့ပါ ကုသသော်လည်း ၁၃၁၂-ခုနှစ် သီတင်းကျွတ်လဆန်း ၁၀-ရက် နံနက် ၆-နာရီ ၁၃-မိနစ်တွင် သတိရစွာနှင့် သားဖွားပြီးနောက် ဘယ်ဆွေမျိုး,သား,သမီးမှ မဝင်ရောက်စေရဘဲ ဗုဒ္ဓရှင်တော်ဘုရားကို တမ်းတ၍ အသံထွက်ရွတ်ဆိုကာ အသံပျောက်၍ ခဏတာအတွင်း အသက်ပါပျောက် အနိစ္စရောက်ခဲ့သည်၊ လူတိုင်း သတိသံဝေဂထားသင့်သည် ဖြစ်ပါကြောင်း။

## ပဲခူးမြို့ ရွှေခြူး ဆေးပေါ့လိပ်ရုံ မိခင် ဒေါ်မြတင်အား ထောမနာ သံဝေဂ ကဗျာများ

စာမေးပွဲကြီး စပြီးတီထွင်၊
သာသနာလမ်း ညွှန်ဆန်းစေချင်၊
တံတိုင်းမုခ်ကြီး စပြီးဆင်ယင်၊
သူတော်လေ့ ပွါးပေ့ ဒေါ်မြတင်။

ဒါနလုပ်ငန်း ကျင့်ခန်းဂုဏ်တွင်၊
ဝိသာခါလား အများထင်မြင်၊
သံဃာတော်များ အားထားအစဉ်၊
ကုသိုလ်ရေး မနှေး ဒေါ်မြတင်။

ကျောင်းကြီးအမ ခေါ်ရမည်တွင်၊
ရွှေဘြူးဆေးလိပ် တံဆိပ် စဆင်၊
လူငယ်လုပ်သား အများချစ်ခင်၊
နာမည်ကြီး ဂုဏ်သီး ဒေါ်မြတင်။

ပစ္စည်းလေးရပ် မပြတ်အောင်ပင်၊
လူရှင်ရဟန်း မိုငြမ်းပုံသွင်၊
သဒ္ဓါရွှေပြေး လှူရေးလန်းရွှင်၊
မြတ်တရား ကြိုးစား ဒေါ်မြတင်။

မြမြ-မြမြ ခေါ်ကြနှုတ်တွင်၊
ကမ္မာရီများ ပုံထားမိခင်၊
လိမ္မာယဉ်ကျေး မြှင့်ရေးအစဉ်၊
လူငယ်များ ညွှတ်တွား ဒေါ်မြတင်။

ဆေးလိပ်လုပ်သား ကြီးပွါးအောင်ပင်၊
အစစမျိုး ကိုယ်ကျိုး မခင်၊
မြမြနှိမိတ် ဂုဏ်ဟိတ်ပေါ်ထင်၊
အများကျိုး သည်ပိုး ဒေါ်မြတင်။

သစ်ပင်ကောင်းတွက် သောင်းငှက်ခိုဝင်၊
လူရှင်ပြိုးပြွမ်း မိုငြမ်းပုံသွင်၊
ရွှေဆောင်ရွှေဘြူး ဗိုလ်မှူးဘုရင်၊
လုံ့လသီး ဉာဏ်ကြီး ဒေါ်မြတင်။

မြမြဂုဏ်ထူး ချီးကျူးမကုန်၊
အကျဉ်းဖော်ပြ စစမစုံ၊
ဤမျှလောက်ဖြင့် သိလင့်စေပုံ၊
ရွှေဂူဘုန်း သီကုံးမှတ်လေကုန်။

(ရွှေဂူဆရာတော် ရေးသားသည်။)

## သာသနာတော်ကြီးပြုရ တတိယပိုင်းအစ

**ပါရမီဖြည့်ဘက် ညီမျှချက်ပါ ဒေါ်ဒေါ်ထာ** အလုပ်ကြီးမပျက်စီးလေရအောင် သားငယ်, သမီးငယ် အပေါင်းတို့နှင့် ၄၁နှ ခဲ့ကာ ဆက်လက် လုပ်ကိုင်ရသည်၊ ၁၃၃၅-ခုနှစ်တွင် ကလေးများ စောင့်ရှောက်နိုင်ရန် ဒေါ်မြတင်၏အမ ဒေါ်မယ်ထာနှင့် လက်ဆက်ခဲ့သည်၊ ဒေါ်စိန်တင်, ဒေါ်ငွေရှင်, ဒေါ်ဖွားမေတို့ပါ ကူညီစောင့်ရှောက်ကြသည်၊ ဤတွင် သားကြီးဖြစ်သူ မောင်ထွန်းအုန်းအား ငယ်စဉ်ကပင် ဆရာမ မကျော့ခင်ကျောင်း ထား၍ ၇-နှစ်အရွယ် ရောက်သောအခါ ပဲခူး ဝိဇိတာရုံ ဆရာတော်ထံ အပ်နှံကာ လောကုတ္တရာ စာပေဓမ္မ မင်္ဂလသုတ်မှအစ သဒ္ဒါ သင်္ဂြိုဟ်အထိ သင်စေပြီး မိခင်ကြီး ဒေါ်မြတင်မှာ သားကြီးအား လိမ္မာတတ်မြောက်စေလိုလှ၍ ရှင်သာမဏေ အဖြစ်ကို သွတ်သွင်းကာ ရှင်ကျင့်ဝတ် သေခိယ ဝိနည်းအစုံကို လက်ထပ်သင်ကြားစေကာ သာမဏေအဖြစ် အမိ အဘ အဘိုးတို့အတွက် တဝါစီ ထား၍ ၄-ဝါမြောက် ရောက်အောင် သာမဏေတန်းစာမေးပွဲ ဖြေဆိုအောင်မြင်သည်အထိ ဘုန်းကြီးကျောင်းတွင် နေ့ရောညပါ သင်ကြားစေခဲ့လေသည်။

**မိဘမေတ္တာ ဂုဏ်ပေါင်းဖြာသား** ထို့နောက် သားကြီးမောင်ထွန်းအုန်းအား မိခင် မသေမီကပင် ဖခင်ကြီး ဦးဘိုးကြာ လိုက်ပါစောင့်ရှောက်၍ ပထမ ရန်ကုန် မြို့မကျောင်း, ဒုတိယ ကူရှင်ကျောင်း, တတိယ စိန့်ဂျွန်း အင်္ဂလိပ်ကျောင်းများတွင် ပညာသင်စေခဲ့သည်။ ကျန် သမီးကြီး,လတ်, ငယ်တို့အား ငယ်သွားလဲစသွား မစုံသေးမီမှာပင် အင်္ဂလိပ်မယ်သီလ စိန့်ဖိလိုမိနာတွင် ကျောင်းအိပ်ကျောင်းစား နေ့စာ လခအစုံဖြင့် ၁၀-နှစ်တာကာလ ကြာရှိအောင် ထားခဲ့လေသည်၊ ကျန် ၂-ယောက်တို့အား ထိုက်တန် သလောက် ပေါက်ရောက်အောင် ကျောင်းထားခဲ့ပါသည်။

**တရားတော်တပုဒ်** သားသမီးများမှာ ဘဝခရီးအိုးအိမ် တည်ထောင်ပြီးသူများ ဖြစ်ကြ၍ မိမိတို့နှင့် လက်တွဲသော အိုးအိမ်

တည်ထောင်သူတို့နှင့် ကံ ဉာဏ် ဝီရိယ အခြေခံကာ ဆင်းရဲချမ်းသာ အမြဲမရှိကြောင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမည့် တရားတပုဒ်မှာ–

**သဗ္ဗေ သင်္ခါရာ အနိစ္စာ။**

သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ခါရာ-ကံ စိတ် ဥတု အာဟာရ အကြောင်း ၄-ခု ပြုပြင်ဖန်တီးမှု ရုပ်နာမ်ခန္ဓာဝတ္ထု ပစ္စည်းစု ဟူသမျှတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဒုက္ခာ-ဆင်းရဲကြရကုန်၏၊ အနတ္တာ ကိုယ်ပိုင်မဟုတ် အစိုးမရ မမြဲသောတရားတို့သာတည်း။

**ကလျာဏီသိမ်တော်ကြီးနှင့် ပဝါရဏာပြုသံဃာတော်များ**

အဆောက်အဦမျိုးစုံကို အဘဦးသူတော်သည် ရေစက်ချ လှူဒါန်းခဲ့ရာ ကောဇာသက္ကရာဇ် ၁၃၁၅-ခုနှစ်သို့ ရောက်သော အခါ အဘဦးသူတော် အသက် ၅၀-ပြည့်လေပြီ။ မြေငလျင် အခါခါ လှုပ်၍ ကွဲအက်နေသော မဟာကလျာဏီသိမ်တော်ကြီး ပြိုကြမည့်ဆဲဆဲ ကြောက်ခမန်းလိလိ ဖြစ်နေချိန်မှာ မိမိ၏ ဆန္ဒအတိုင်း နတ်သိကြား မ,သည့်ပမာ သီတင်းကျွတ်လ ဆွမ်းလောင်းပွဲ၌ ပဝါရဏာ သံဃာ အပါး လေး, ငါးရာတို့ ချမ်းသာစွာ ကံပြုနိုင်ရေးအတွက် နာယက ဆရာတော် ၉-ပါးအား တိုင်ပင်ပြီး ကျပ်ငွေ တသိန်း တသောင်း ငါးထောင် ငါးရာ ငါးဆယ့် ငါးကျပ် ငါးမတ်တို့ဖြင့် မ,တည်ကာ စတင် ရှင်းလင်းပြုပြင် ပန္နက်သဲရိုက်ပွဲများ ကျင်းပလေသည်။ ဆရာတော်များ၏ ဆန္ဒအရ နိုင်ငံတော်ဝန်ကြီးများကိုပါ ပင့်ဖိတ်၍ ကျင်းပပွဲ ပြုလုပ်ခဲ့လေသည်။ ဓမ္မစေတီမင်းကြီး၏ မှာတော်မူသမိုင်းအရ အစိုးရကူညီမည်ကို သိသည့်အတိုင်း ဝန်ကြီးများအဖွဲ့မှ ငွေကြေးများစွာ ပါဝင်ကူညီ၍ ပုံစံသစ် ရေးဆွဲကာ သာသနာနှစ် ငါးထောင်ထိ တည်မြဲစေရန် ဆောက်လုပ်မည် ဖြစ်ပါသည်၊ မိမိမှာ အုပ်ချုပ် စီမံနိုင်သူ မဟုတ်သဖြင့် အုဋ်, ထုံး, ဘိလပ်မြေ, သဲ, သံ, သစ်, လေးသောင်းကျော်ဘိုးနှင့် တကွ ကျန်ငွေ ၆-သောင်းကျော် ၇-သောင်းတို့အား အစိုးရ ဂေါပကအဖွဲ့သို့ လွှဲအပ်လှူခဲ့ပါသည်။ ဤ ငွေကြေး သိန်းကျော်တို့မှာ ရွှေခြူးမိခင်

ဒေါ်မြတင်၏ စိတ်ဆန္ဒအတိုင်း ဆရာသမားသံဃာတို့အား အလှူရှင်းနိုးလို၍ ဂါရဝ,နိဝါတ, သန္တုဋ္ဌိ မင်္ဂလာ ထားရှိလိုသောကြောင့် အဝတ်အစား ပလ္လာသွားပျော်ရွှင်မှုမရှိဘဲ ပဲခူးမြို့ ဘုရားပွဲတော်ကြီးများ, ဦးဘိုးစိန်, ရွှေမန်းတင်မောင်, စိန်အောင်မင်းနှင့် အခြား ပွဲလမ်းသဘင်တို့အပြင် ရုပ်ရှင်ပွဲများကို မကြည့်ဘဲ အာရုတ်, ဝိရုတ်အကျင့် သီလနှင့် ပြည့်စုံကာ ရပ်ရွာအတွင်း သာမှု, နာမှု, မွေးဖွားမှု, ခိုက်ရန် ဒေါသမသင့်မတင့်ရှိသည်တို့ကို ဖြန်ဖြေမှု,ကူညီမှုများ ကိုယ်ရော,စိတ်ရော,ပစ္စည်းရောပါ ကူညီဆောင်ရွက်ပေးသည်။ သူတပါး ချက်ပြီးသား ထမင်းကို မစားလိုလှဘဲ ကိုယ်တိုင်ချက်ပြုတ် လုပ်ကိုင်ခဲ့သည်။ ဤကား ကိုယ်ကျင့်တရားအတွက် သားသမီးများ လိုက်နာစေလိုသည့်အချက်ပေ။

သတ္တဝါတို့သည် ဆင်းရဲသောအခါ ဒုက္ခသဘောကို မိမိတို့ ခံနိုင်ကြသော်လည်း ချမ်းသာလျှင် လောကဓံ ချီးမြှောက်မှု အမျိုးမျိုးကြောင့် ဒုက္ခကို မခံနိုင်ကြကုန်ဘဲ သိင်္ဂါလသတို့သားလို ကုဋေ ၈၀ ကြွယ်ဝပြီးကာမှ ခွက်လက်စွဲ၍ တောင်းစားရသော ဘဝမျိုး ရောက်ခဲ့လေသည်။ ဤသည်တို့မှာ တရားတပုဒ် မှတ်ယူကြရန် ဖြစ်ပါသည်။

ဒေါ်မြတင်၏ လက်ဝတ်ရတနာ ဤ ကလျာဏီ သိမ်တော်ကြီးကိုများမှ သမိုင်းဝင် အဆောက်အဦ ဒေါ်မြတင်၏ ကြွားဝါမဝတ်ဆင်ဘဲ စုပုံထားခဲ့သော လက်ဝတ် ရတနာ

အချို့ကို ရောင်းချ မ,တည် လှူဒါန်းသည်။ ဤကလျာဏီသိမ်တော်ကြီးကို အစိုးရက ကြီးမှူး ဆောက်လုပ်ပြီးသောအခါ ရှေးမူခံဦး အဝအနီး ရှေးရှေးဓမ္မစေတီမင်းကြီး၏ သမိုင်းရာဇဝင် ဆန္ဒတော်အတိုင်း အစိုးရက ကျောက်စာဌာနဌ် သိမ်းဆည်းထားသော ကျိုးပဲ့ ပျက်စီးနေသည့် မွန်ဘာသာ ကျောက်ပြားကို အခြေပြုကာ မန္တလေးတွင် စကျင်ကျောက်ဖြူပြားဖြင့် ဘာသာပြန် ထုလုပ်၍ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ပါ ရေးသားပြီး ကွန်ကရစ် ပြာသာဒ်စုံကို ကျပ်ငွေ ၇၅၀၀-နှင့် ဝယ်ယာ အနောက်ဘက်တွင် မင်းကြီး၏ အမိန့်ဌာန်အတိုင်း အလေးချိန် များစွာရှိသော မန္တလေး

တွင် ဦးသူတော်နှင့် တွဲဘက်၍ သကျသီဟမွေ့စရိယ အကျော် လူပြန် တော် ဆရာကြီး ဦးသိန်းအောင်ကို သမိုင်းစာတမ်း ရေးသားစေ၍ ဤ ကြေးခေါင်းလောင်းကြီးကို ရွှေခြုံးတံဆိပ်အချပ်ပါထည့်သွင်း ပုံလောင်း စေပြီး ဝဲယာ၄၅နမ့ တပ်ဆင်ကာ ကွန်ကရစ် အငွှပြာသာဒ်ကြီးပါ ကျပ် ကိုးထောင်ကျော် အကုန်ခံ ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

**ရွှေသာလျောင်းဘုရားကြီး မုခ်ဦးတံတိုင်းကာလှူဒါန်း** ရွှေခြုံး မိခင် ဒေါ်မြတင် မသေမီက ရွှေသာလျောင်း ဘုရားမုခ်ဦး တံတိုင်း တော်ကြီး ပတ်လည်ကို မိမိက တာဝန်ယူ ဆောက်လုပ် လှူဒါန်းခဲ့သည့်အပြင် မျက်နှာတော် ကျောင်းတိုက်လည်း ပါဝင်ခဲ့သည်။ ရွှေသာလျောင်းဘုရားကြီးသည် လောက,ဓမ္မ ၂–၄၅န မိမိ တို့ နေရာ လမ်းမကြီးဖြစ်၍ ကျေးဇူးဂုဏ်ကြီးမြတ်လှပါသည်၊ လုပ်သား အမျိုးသားများနှင့် တွဲဘက်ကာ ရွှေသာလျောင်း နယ်မြေ၄၅နတွင် များစွာသော အဆောက်အဦများ လှူဒါန်းခဲ့သည်။ မုခ်ဦးအဝတံတိုင်းကို ၁၀ ပေခန်း တခန်း ၂၅၀-ကျပ် ကျဖြင့် အခန်းပေါင်း“၃၀”ကိုရွှေခြုံးမှ လှူဒါန်းပြီး အခန်း ၂၀-မှာ အများကောင်းမှု စုစုပေါင်း ပေ ၅၀၀-ရှိ အခန်း ၅၀-ရှိ တံတိုင်းကို လှူဒါန်းခဲ့သည်။ ဘုရားအတွင်း ကန်ဘောင် ရိုးကြီးကို လုပ်သားများနှင့် တွဲဘက်ကာ ကျပ် “၅၀၀၀”ကျော်ကုန် လှူဒါန်း၍ ဘုရားအတွင်း ရေတွင်း ရေကန်များကို ကွန်ကရစ်သံချောင်း ဖြင့် ဝင်းထရံကာရာ သုံးထောင်ကျော်ဘိုးခန့် ကုန်ကျသည်။ ခြေတော် ရင်း စတုဒိသာစရပ်ကို ငွေ သုံးထောင် အကုန်အကျခံ ပြုပြင်ပြီး ဘုရား ကြီး ရှေ့မှောက် အမျိုးသမီးအလုပ်သမားပေါင်းများစွာတို့၏ တနေ့တာ လုပ်ခမှ ကြေးပိုက်ဆံ တပြားစီ စုဆောင်း ပါဝင်စေကြပြီး လိုအပ်သမျှကို အလုပ်ရှင်က ဖြည့်ကာ ရွှေခြုံး အမျိုးသမီး ဓမ္မစကြာ တန်ဆောင်း ကြီးကို ကျပ်ငွေ တသောင်း သုံးထောင် အကုန် အကျခံကာ လှူဒါန်းခဲ့ ကြသည်။

**ဤတွင် သတိရဘွယ်** ရှေးအခါ အလုပ်သမား, အလုပ်ရှင် ဟူသော စကားမပေါ်မီကပင် သားသမီး ဉာတိပမာအလုပ်ဆရာ, အလုပ်တပည့် မေတ္တာပြုကာ လုပ်ကိုင်လာကြ၍ စိတ်အေးချမ်းသာ ကြည်လင်စွာ သာသနာပြုပွဲ အမျိုးမျိုး ဆင်နွှဲနိုင်ကြပြီး စားဝတ်နေရေး ချောင်လည်ခဲ့ကြသည်။

**ဘေးရန်ကင်းစင် ရေချမ်းစင်** အများသုံး ရေချမ်းအိုးစင် နှစ်ထောင့်ငါးရာ ကျပ်, ခေါင်းရင်းတော်ပိုင်း ပြိုလဲပျက်စီးသော မမွေစေတီတော် ကျောက်စာပြား, လိုဏ်ဂူအဆောက်အဦ စေတီငယ် ၆၀ ရှိသော လိုဏ်ဂူ ၂၀ အနက် အများအလှူ ၁၅ ခု အပါအဝင် ကျပ် လေးသောင်း ကျော်ခန့် ရွှေခြုံးမှ လှူဒါန်းသည်။ မဟာဗောဓိ တန်ဆောင်း ရုပ်ထုစုံ တသောင်း ငါးထောင်ကျပ်နှင့် ရွှေနောက် နှစ်မျက်နှာ, ကြမ်းခင်းလှေကား, ကုဋီအိမ်သာ ၂–ခုနှင့် လှေကား စုစုပေါင်း ကိုးထောင်ကျပ်ကျော် အကုန်အကျခံ လှူခဲ့သည်။ ၁၃၂၂-ခုနှစ်များက ထာဝရ မဟုတ်သော ဆွမ်းလောင်းပွဲ, အလှူပွဲ, ရေစက်ချပွဲများကို ဤနယ်မြေတွင် ပြုလုပ် လှူဒါန်း ကုန်ငွေ မပါဝင်ခဲ့ချေ။ ကန့်ကော်, ပိတောက်, ခရေ, ပန်းတမာ, ငုရွှေဝါပင်, ညောင်ပင် စိတန်း၍ ထန်းပင် ၁၀၀-ကျော်တို့ဖြင့် ဥယျာဉ်ကြီး သဘွယ် ပန်းမျိုးစုံ, အပင်မျိုးစုံ စိုက်ပျိုးရှင်သန်ကြီးမားစေလျက် ဘုရားအနီး သာယာစေခဲ့သည်။

**အရိပ်သစ်ပင် အဟောင်းပြင်ကာ** ထို့နောက် ဦးသူတော်၏ ဆန္ဒကိုယ်တိုင် ကိုယ်ကျ မိုးရွာ နေပူမရှောင် အပင်ပန်းခံကာ မဟာစေတီဘုရားကြီးလမ်းမဘေးနှင့် ရွှေဂူလေးဘုရားလမ်းတို့ပါ သုံးလေးနှစ် ဆက်ကာ လုပ်သား လူကြီးများနှင့် ခရေ, ပိတောက်, ငုရွှေဝါ, ပန်းတမာ, ညောင်ပင်, ထန်းပင်တို့ပါ စိတန်းကာ ၁၃၃၀-ခုနှစ်မှစ၍ စိုက်ခဲ့၏။ ရွှေဂူလေးဘုရား စရပ်ဟောင်းတို့ကို အဌ္ဌကြွပ်မိုးကာ ပြုပြင် ဆောက်လုပ်၍ ကျပ်ငွေ လေးထောင် ကျော် လှူဒါန်းခဲ့လေသည်။ အများ သတ္တဝါ ချမ်းသာကြပါစေသော်။

**ရွှေထွယ် ၁၀–၁–၁–၁**

## စတုတ္ထပိုင်းကဏ္ဍ ကုသိုလ်ဒါနနှင့် နိုင်ငံခြား

**ကျောင်းကန်တန်ဆောင်း အဟောင်းပြုပြင် ဓမ္မသဘင်** ၁၉၅၂ ခုနှစ် ဈေးပိုင်းတိုက်သို့ ရောက်ရှိလာသောအခါ ရွှေဂူဆရာတော်၏ အုတ်တိုက်ခံ နှစ်ဆောင်ပြိုင် နှစ်ထပ် ကျောင်းကြီးကို သုံးသောင်း ငါးထောင် ကျပ်ကုန် လှူဒါန်းဆောက်လုပ်၍ ကျောင်းတွင်း ၌သာ သိမ်တိုက်ကျောင်း,ဓမ္မာရုံ,ဆွမ်းစားကျောင်း,သံဃာကျောင်းဆောင်ပါ စုစုပေါင်း ငါးသောင်းမျှ အကုန်ခံ ဆောက်လုပ်လှူဒါန်း၏။

ရွှေဂူဆရာတော်၏ ပရိယတ္တိသာသနာနုဂ္ဂဟအတွက် တသောင်းငါးထောင် ကို ကပ္ပိယမှ လွှဲပြောင်း လှူဒါန်းစေသည်၊ ၁၃၂၄-ခုနှစ်မှာ ရွှေမော်ဓော ဘုရားကြီးအနီး ဘုရားဖူးများ တည်းခိုရန် မရှိသောကြောင့် ဘုရားဖူးများ ချမ်းသာစွာ တည်းခို ဘုရားဖူးနိုင်ရေး ရွေးရှု၍ ရွှေဂူဆရာတော်နှင့် တိုင်ပင်ကာ ဓမ္မသာလာယံ တန်ဆောင်းကြီးကို ခြောက်သောင်း ငါးထောင်မျှ အကုန်အကျခံ လှူဒါန်းပါသည်။

**သိမ်,ဓမ္မာရုံ,ရေတွင်း ရေကန်စသည်** ဤနှစ်မှာပင်မင်းကျောင်း သက်တော်ရှည်၉၄-နှစ်ရှိ ဆရာတော်အား အမှူးထားကာ ကျောင်းတိုက်အတွင်း အိုမင်းပျက်စီးနေသော အဆောက်အဦတို့ကိုပြုပြင်၍ စကြံနှစ်ဘက်တွဲကာ အုတ်တိုက်ခံ ကျောင်းကြီး, ဓမ္မာရုံ, သိမ်တံတိုင်းနှင့် ဆွမ်းစားကျောင်းများကို အများနှင့်တွဲလှူ၍ အနှစ်-၁၀၀ ကျော် ရှေးဟောင်းကျောင်းကြီးကို အုပ်တိုက်ခံ ပြုပြင်ခြင်း,ကန်တော်ဦး ကျောင်းကိုလည်း ဆောက်လုပ်ခြင်း အုတ်ကျောင်း, ရေ အဝီစိတွင်း မော်တာတပ်ဆင်ပြီး အုတ်စီ ရေတွင်းများနှင့် ညီမ မသန်းရင် မသေမီ လှူဒါန်းသော စောင်းတန်းလမ်းမ အုတ်တိုက်ကုဋ္ဋိကြွေခက်ခံပါ ငါးထောင် ဘိုး လှူဒါန်းခဲ့သည်၊ ကျောင်းအမကြီး ဒေါ်ထာ တူမ မညွန့်ရီ ဆောက်လုပ် လှူဒါန်းသော သုဝဏ္ဏရုံသီ အုတ်ကျောင်းနှင့် ရန်ကုန်မြို့ ရွှေဘာဘူ၏ အုတ်မဟာရာမ် မုခ်ဦးတံတိုင်းတို့အပါ မြားမြောင်စွာသော အဆောက်အဦတို့ကို မိမိရွှေခြူးမိသားစုနှင့်တကွ အများကောင်းမှုပါ ငွေကြေးသိန်းချီ အကုန်အကျခံ၍ ၂-နှစ်နီးပါးကြာ ဆောက်လုပ်လှူဒါန်းခဲ့သည်။

**သီဟိုဠ်ကျွန်းနှင့် အိန္ဒိယနိုင်ငံ** ဦးသုတော်သည် "ပုဗ္ဗေစ ကတပုညတာ" မြတ်သော မင်္ဂလာရှိသူ ပုဂ္ဂိုလ်တယောက်ဖြစ်လေရကား ရန်ကုန်မှ ဓမ္မမိတ်ဆွေ ဒါယကာကြီး (ကျားပုံ) ဦးသန်းမောင်နှင့် ဒါယိကာမကြီး လေးယောက်နှင့်အတူ မိမိ"ဦးသုတော်"ပါ ခရစ်သက္ကရာဇ် ၁၉၅၅-ခုနှစ် ဇန်နဝါရီလတွင် "ရှင်မဟိန္ဒ" သာသနာပြုရာ "သီဟိုဠ်ကျွန်း ကိုလံဘိုမြို့" သို့ ပင်လယ်ပြင်၌ ၃-ည ၄-ရက်ကြာ ခရီးဖြင့် ပင်လယ်ကူးသင်းဘောကို စီးနင်း၍ ခရီးတထောက် ရောက်ရှိခဲ့ပါသည်၊ တည်းခိုကျောင်းမှ မြန်မာဘုန်းကြီးဖြစ်သော ဆရာတော်နှင့် မိုင် ၄၀၀-အတွင်းရှိ "အနုရာဓမြို့၊ ကန္ဒီမြို့၊ စေတီပါလတောင်ထိပ် ခြေတော်ရာ"အစုံ အနှံ့ဖူးမျှော်ခဲ့သည်၊ ထိုတွင် ၂-ပတ်ကြာ နေထိုင်ရပြီး ကုသိုလ်ဓမ္မ ရှေးမင်းတို့၏ သာသနာပြုဌာနများကို ကြည်ညို ဝမ်းမြောက်ခဲ့ရလေသည်။

**ဗုဒ္ဓပွင့်ရာ သဒ္ဓါလျှမ်းတောက် အိန္ဒိယရောက်** ဗုဒ္ဓဂါယာ ဘုရားပွင့်ရာဖြစ်သော အိန္ဒိယပြည်ကြီးကို ဦးတည်ကာ ညလုံးပေါက် ရထားစီး၍ ပင်လယ်ပြင်အနီးသို့ရောက်ခဲ့သည်၊ လှိုင်းတံပိုး ကြီးလှသော ပင်လယ်ပြင်ကြီးကို စက်သင်းဘောနှင့် ဖြတ်ကာ အိန္ဒိယသို့ ရောက်ခဲ့၏၊ အိန္ဒိယမှ မီးရထားဖြင့် "မဒရပ်မြို့" သို့ ရောက်၍ ၂-ရက်နေကာ "ကလကတ္တား" သို့ ခရီးနှင်ခဲ့၏၊ မဟာဗောဓိအသင်းတိုက် ဆရာတော်နှင့်အတူ ဘုရားပွင့်ရာ မဟာဗောဓိ၊ ဥရုဝေလတော၊ နေရဥ္စရာမြစ်ဆိပ်၊ ထိုမှတဆင့် ရာဇဂြိုဟ်ပြည် နာလန္ဒ ကျောင်းတော် တက္ကသိုလ်၊ ဗာရာဏသီမြို့ မိဂဒါဝုန်တော၊ ထိုမှ ဇေတဝန်ကျောင်း၊ ကောသလမင်း နန်းတော်ရာ၊ ၎င်းပြင် ကုသိနာရုံ တေဇောဓာတ်ကန်းနှင့် ထိုမှတဆင့် မီးရထားနှင့်ဆက်ကာ ကမ္ဘာကျော် ဒေလီမြို့တော် ပြတိုက် မြို့ရိုး နန်းဘော် အစိုးရဌာနကြီးများကြည့်၊ အသံလွှင့်ဌာနရှိ မြန်မာအမျိုးသားများထံတွင် ၄-ရက်ကြာ တည်းခိုပြီး ထိုမှတဆင့် ကလကတ္တားသို့ ပြန်၍ မီးရထားစီးကာ ထိုမှတဆင့် ရန်ကုန်သို့ လေယာဉ်ခရီးဖြင့် ပြန်ရောက်ခဲ့ပါသည်။ ဝမ်းမြောက်စွာ သာဓုခေါ်ကြပါကုန်။

**ထေရဝါဒသာသနာ ယိုးဒယားသို့** မျက်နှာတော် ဆရာတော် ဘုရား “အရှင်နာဂိန္ဒ”, ကပ္ပိယ ဒကာကြီး ရွှေခြူး ဦးသူတော်, ပွဲစားကြီး ဦးစံ သုံးဦးသားတို့သည် ဗိုလ်ချုပ်ဦးတင်ဖေ၏ ကျေးဇူးကြောင့် ၁၃၂၀-ခုနှစ် တပို့တွဲလ ခရစ်သက္ကရာဇ် ၁၉၅၉-ခုနှစ် ဖေဖော်ဝါရီလ ၂၀-ရက်နေ့တွင် လေယာဉ်ခရီးဖြင့် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့ရသည်၊ သံရုံးရှိ ဗိုလ်မှူးကြီးများထံ တည်းခိုကာ ၁၄-ရက်ကြာ ဘုရားပုထိုးစုံ ဖူးမြော်၍ အလောင်းမင်းတရား စစ်ချီတက်ခဲ့ရာ မြို့တော် ဖြစ်သော အယုဒ္ဓယ မြို့တော်သို့ ရောက်ခဲ့သည်၊ မိုင် ၄၀၀-ဝေးသော ဇင်းမယ် လန်းပန်းမြို့တော်, အယုဒ္ဓယမြို့တော်များတွင် ဘုရားပုထိုး ကျောင်းကန် မြို့ပြ မြစ်ချောင်း ဆိပ်ကမ်း ဘုရင့်နန်းတော်နှင့် အနီးအပါးဒေသများသို့ သွားရောက်၍ ဖူးမျှော်ပူဇော်ခဲ့ရခြင်းကို အမျှပေးဝေပါသည်၊ သာဓုခေါ် နိုင်ကြပါ စေသတည်း။

**မြန်မာနိုင်ငံအတွင်း** အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကံကြီးစွာ ထောက်ပံ့မှု ကြောင့် ၁၃၂၃-နှစ် ဝါဆိုလဆန်း ၈-ရက် (၁၃-၇-၆၁) နေ့တွင်၊ ဦးသူတော်နှင့် ခုအထိ ဓမ္မမိတ်ဆွေ ပါဠိဆရာ ဦးလှိုင်စသော ဘုရားဖူး နယ်လှည့် ပုဂ္ဂိုလ် ကျား-မပေါင်း ၇-ဦးတို့သည် ရန်ကုန်မှ မြနန္ဒာ သင်္ဘောဖြင့် ၅-ရက် မြောက်နေ့တွင် ပုဂံမြို့ရောက်၍ ဘုရားစုံ ဖူးမျှော် ကြပြီး ပခုက္ကူ စာသင်တိုက်ကြီး ၃–၅နာနတွင် အရုဏ်ဆွမ်း လောင်းလှူ၍ ဆန်အိတ်, ဆီပုံးပါ ရေစက်ချလှူပြီး မြင်းခြံမြို့သို့ ရောက်သော် သံဃာတော်ပေါင်းများစွာကို ဆွမ်းဟင်းလျာစုံ ဗြောစည်တီးကာလောင်း လှူကြလေသည်၊ ထိုမှတဆင့် စစ်ကိုင်းတောင်ရိုးသို့ ကားဖြင့် ရောက်ကာ ဆွမ်းချက်ရန် အစုံစုံ ဝယ်ယူထားပြီး နေ့ချင်းပြန် ခရီးဖြင့် မုံရွာမြို့သို့ ကားနှင့်ထွက်, ဓမ္မမိတ်ဆွေ ဦးထွန်းလှ တိုက်အိမ် ခေတ္တဝင်၍ တဖက်ကမ်းရှိ ဖိုးဝင်းတောင် ဘုရားစုံကို ဖူးမျှော်ခဲ့ပါသည်။

**သေကံမရောက် သက်မပျောက်သည်း ဦးနှောက်မကြည် စိတ်မတည်၍**

၁၃၂၃–ခုနှစ် ဝါဆိုလပြည့်ကျော် ၂–ရက် နေ့ ၁၂–နာရီ ၁၅–မိနစ် အချိန်တွင် ချင်းတွင်းမြစ်ကို ရွက်လှေ ၂-စီးဖြင့် ဖြတ်ကူးရာ ရေစီးသန်သော မြစ်လယ်မှာ လေပုန်းတိုးကာ ဦးသူတော်၏သမီးငယ် မမြင့်ရီ၊ ညီမ မသန်းရင်၊ ဒေါ်စောကြည်၊ လိုက်လံပို့ကြသူ မုံရွာမှ ကျား-မ လူကြီး ၂–ယောက်တို့ ရွက်လှေမှောက်ကာ နစ်မြုပ်သဖြင့် လှေနံကို ဝိုင်းတွယ်ကိုင်စွဲရင်း မျောပါကြ၍ ကမ်းလုံးညွှတ်မျှ လူပရိသတ် ရှိကြသော်လည်း မကယ်နိုင်ဘဲ ကျန်ရွက်လှေတခုဖြင့် လိုက်လံဆယ်ယူရာ ချင်းတွင်းမြစ် ရေလှိုင်းအစုံတွင် တမိုင်ခွဲခန့် မျောနေကြစဉ် ကုန်တင်မော်တော်ကြီးတို့ဖြင့် လိုက်လံပူးတွဲဆယ်ယူရာ တဦးယောက်မျှ မသေကြပေ၊ နေ့၂-နာရီခွဲမှ ကုန်းပေါ်သို့ တက်ရောက်ကာ အသက်မသေ စိတ်လေလွင့်လျက် မွှေမိတ်ဆွေ ဦးထွန်းလှတို့ပါ သက်တော်ထင်ရှား မိုးညှင်းဆရာတော်ဘုရားကြီး ရွှေမှောက်ရောက်ရပြီး ပရိတ်တရား မေတ္တာ ဘာဝနာတို့ဖြင့် ထုံမွန်း၍ ညှ ်ိင်းမှ တည်းအိမ်သို့ ပြန်ရောက်ကြရလေသည်၊ ဤသို့ အသက်မသေ ကျန်ရှိနေခြင်းကား အဟောတဝ ဘဝကံ ကောင်းလေစွတကား။

**ကောင်းမှုအလီလီ ကောင်းမှုတော်ဆီ**

သက္ကရာဇ် ၁၃၂၆-ခုနှစ် မိုးတွင်းပိုင်း၌ စစ်ကိုင်း မုံရွာ ဌာနအသီးသီးသို့ သွား၍ "ဆင်များရှင်" ရိပ်သာတွင် ရိပ်သာမုခ်ဦးအုဋ်ပြာသာဒ် တံတိုင်းကြီး၌ သံတံခါး တပ်ဆင်ခြင်း ငွေကိုးထောင်ကျော်နှင့် ရိပ်သာခြံမြေ ၃-ဧကနီးပါး ငွေ ၇၀၀၀-ကျပ်ကျော် အကုန်ခံ လှူဒါန်းခဲ့သည်၊ သီတင်းကျွတ်ပြီးသော် "ကောင်းမှုတော် ဘုရားကြီး" ဂေါပကအဖွဲ့နှင့် တိုင်ပင်၍ စစ်ကိုင်းတောင်ရိုး သီလရှင် ဆရာကြီး ဒေါ်ကဥ္စနတို့နှင့် တွဲဖက်ကာ အိမ်သူ ကျောင်းအမကြီး ဒေါ်ထား, ပဲခူး ဝေယျာဝစ္စ အကျိုးဆောင် ဦးတိုးတို့နှင့်အတူ ၁၃၂၆-ခုနှစ် သီတင်းကျွတ် လပြည့်ကျော်မှ စတင်ကာ ရသမျှ အုဋ်, ကျောက်, သွပ်, သံ, သစ်သား, ဘိလပ်မြေတို့ပါ ရသမျှ ဆုဆောင်း၍ ပိသုကာ ဆရာကြီး မန္တလေး ဦးဆိုင်၏သား ရန်ကုန်မြို့

ဆောက်လုပ်ရေးဌာနမှ ကရဝိက်ဟော်တယ် ပုံစံရေးဆွဲသူ ဦးငွေလှိုင်က ပုံစံရေးဆွဲ၍ ဆင်များရှင်ရိပ်သာမုခ်ဝ ကောင်းမှုတော်ဘုရား မုခ်ဝတို့ကို တည်ဆောက်လှူဒါန်းခဲ့သည်၊ အလျား ၁၀၀ အနံ ၄၀–ရှိ မုခ်ဦး၊ ဒုရင် ပန်းမှန် အစုံအဖြူ ၆၅၀၀ဝိ၊ ရွှေချပြီးမွမ်းမံ ၂၇၀၀ဝိ၊ သံဃာ တည်းခိုရန် အုဋ်ကျောင်း ၅၀၀၀ဝိ၊ ရွှေစောင်းတန်း တံတိုင်းမုခ်ဦး စေတီ ကုဋီ အိမ်သာ ရေအဝီစိတွင်း ဘုရားပတ်လမ်း ဥယျာဉ်သစ်ပင်ပါ ကျပ် ၂၅၀၀ဝိ၊ မိတ်ဆွေကောင်း ဦးထွန်းလှတို့နှင့် တွဲ၍ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ ကျမ်းစာ ပိဋကတိုက်တော် ကျောက်စာ တိုက်ခန်းအစုံ ၁၅၅၀ဝိ၊ မိုးညှင်း ရုပ်ပွါးစေတီတော်တဆူ ၁၅၀ဝိ တို့ကို ဆောက်လုပ်လှူဒါန်းပြီး စစ်ကိုင်း တောင်ရိုးသို့ ကူးပြောင်း၍ ကုသိုလ်ဆက်ရန် သွားခဲ့သည်၊ ရွေးအခါ သာလွန်မင်းတရား၏ ဘုရားအတွင်း ပရိယတ္တိ စာတော်ပွဲကြီးအတွက် မတည်ငွေ သုံးထောင် လှူဒါန်းခဲ့ရာ ယနေ့တိုင် ကျင်းပနိုင်ခဲ့သည်။

**သမိဒ္ဓေါချောင် စာမေးပွဲ** သမီးငယ် "မခင်သန်း" ၏ မတည်ငွေဖြင့် တိုက်စရပ် တခု ဆောက်လုပ် လှူဒါန်းခဲ့သည်၊ ၎င်းနောက် ဧရာဝတီ မြစ်ကမ်းအစပ် "လေးကျွန်းမာန်အောင်ဘုရား" အတွင်းတွင် မြန်မာနိုင်ငံ အရပ်ရပ်မှ ဘုရားဖူးများ ချမ်းသာစွာ တည်းခိုဖူးမျှော်နိုင်စေရန် "မဟာဓမ္မသာလာယံ" တန်ဆောင်းကြီးကို ဆောက်လုပ်ရာ သုံးသောင်း ငါးထောင်ခန့် ကုန်ကျသည်၊ ၎င်းတန်ဆောင်းကြီး၏ ပုံစံသစ်ကို ၁၃၂၇–ခုနှစ်မှာ တည်ထွင်ရေးဆွဲ၍ တန်ဆောင်မုန်းလမှ စတင်ကာ ပဲခူးမှ လက်သမား "ဦးမောင်သောင်း"အဖွဲ့နှင့် ပစ္စည်းစုံဝယ်ယူ၍ တည်ဆောက်ရာ ဘုရားကြီးဂေါပကအဖွဲ့၏ ကူညီမှုကြောင့် တပို့တွဲ တပေါင်းလတွင် စရပ်ကြီး ပြီးစီးခဲ့၏၊ ရွှေမင်းများ ဘိုးဘိုးကြီးနတ်ကွန်း၊ နတ်ရုပ်ထု အစောင့်ဘီလူး ၂–ရုပ်နှင့် ဘုရားကြီးအထက်ပိုင်း ပြုကွဲမှုကိုပါ ပြင်ဆင်ရာ ကျပ် တသောင်း ငါးထောင် ကုန်ကျသည်၊ ဤတွင် ဆွမ်းလောင်းပွဲ၊ ရေစက်ချပွဲများအတွက် လှူဒါန်းငွေ မပါဝင်ချေ၊ စစ်ကိုင်း သီလရှင်များ ကြိုးမှုး၍

သာလာယံ တန်ဆောင်းကြီး၌ ဝိနယတံခွန် မင်္ဂလာစာမေးပွဲ ပရိယတ္တိ စာမေးပွဲများ ၁–နှစ် ၂–ကြိမ် ကျင်းပနိုင်ရန် တန်ဆောင်းကြီး အပြီး၌ ငွေ သုံးထောင် မတည် လှူဒါန်းခဲ့သည်၊ ၁၃၂၈–ခုနှစ်တွင်မှ ပဲခူးသို့ ပြန် ရောက်ခဲ့သည်။

**သစ်တပင်ကောင်း ငှက်တသောင်းနား**

သားသမီး အပေါင်းတို့အား ဆေးလိပ် လုပ်ငန်းကို လွှဲပြောင်း ပေးရာ အစိုးရ ရုံးပေါ်တွင် အသိအမှတ် ပြုလုပ်၍ သမီးလတ် မအေးမြင့်က တာဝန်ခံကာ အများသဘောတူ ပြုလုပ်စေပြီး ဌာန အသီးအသီးမှ မြားမြောင်လှသော ဆေးလိပ်ရုံခွဲတို့ရှိ ဉာတိ သားသမီး ညီငယ်သားချင်းတစုတို့အား မိမိပိုင် အမှတ်တံဆိပ်ဖြစ်သော "ကြယ်, သမင်, ခြင်္သေ့, ကမ္ဘာ, ရွှေဒါး, စိန်ပန်း, မှုံရွှေရည်, ခြင်္သေ့ပုံ" တို့ကို သီးခြားခွဲကာ လုပ်ကိုင်စေသည်၊ ရွှေခြူးတွင် လုပ်သား တရာကျော်သာ ရှိတော့ပြီး ဆေး, ဆေးရိုး, အစီခံ, ဆေးစပ်ပါ နိုင်နင်းစွာ ပြုလုပ်နိုင်ခဲ့၏၊ လူတိုင်း မိမိတို့ဘဝ သားသမီးပါ တွဲဘက်ကြ၍ ကံ ဉာဏ် ဝီရိယ အစွမ်းအားဖြင့် ဆင်းရဲချမ်းသာ မတူသော်လည်း ယနေ့ဘဝ တည်ငြိမ်စွာ လုပ်ကိုင်စားသောက်နိုင်လေသည်၊ ၁၃၃၀-ခုနှစ်သို့ ရောက်ရှိသောအခါ အသက်ကြီးရင့်လာ၍ နင်လား ငါလား မလုပ်နိုင်တော့သဖြင့် ရွှေခြူး အလုပ်ဌာနနှင့်တကွ ဉာတိ အုပ်စုအပေါင်းတို့အား တတ်အားသမျှ ကိုယ် စိတ် နှုတ်တို့ဖြင့် လမ်းညွှန်ကာ မိမိ၏ နောင်သံသရာ ဘဝအတွက် တတ်အားသမျှ တာဝန်ယူပြီး အောက်ပါ အလှူဒါန အဆောက်အဦတို့ကို မြို့ရွာ နယ်ပယ်အနှံ့ ပြုလုပ်လှူဒါန်းခဲ့ပါသည်။

**ငယ်ဆရာတော် ပူဇော်ပွဲ**

၁၃၁၈–ခုနှစ် တန်ခူးလ ခရစ်သက္ကရာဇ် ၁၉၅၆-ခုနှစ်တွင် ငယ်စဉ်ကမင်္ဂလာသုတ်ကိုသင်ကြားပြသပေးသော လက်ဦးဆရာရင်း ခတ်တော်ကျောင်း ဆရာတော်ဘုရားနှင့် နှစ်လေးဆယ်နီးပါး ကွဲကွာနေခဲ့ရ၍

ဆရာတော်ထံမှောက် ရောက်ရှိသောအခါ ဆရာတော်မှာ အသက်တော် ၈၀ သို့ရောက်ခဲ့လေပြီ၊ မြစ်လမ်းခရီးဖြင့် သမ္ဗန်စီးကာ ကြောက်လန့်စွာဖြင့် ရေဝတီမြစ်ကို ဖြတ်ကူးသွားပြီး နောက် ဆရာတော်ကျောင်းထိုင်ရာ စံကင်းရွာသို့ ရောက်ခဲ့၏။ ကျောင်းတိုက်အတွင်း ပျက်စီးနေသော သိမ် ကျောင်းတို့ကို ဗိသုကာဆရာကြီး ဦးခင်၏သား ဦးသက်တင်, ဦးဘ သင်းတို့ကို ပုံစံထုတ်စေ၍ အသစ်ဆောက်လုပ်ပြုပြင်ရာ ဘုရားကြီးအားရွှေ ထီးမွမ်းမံ၍ဓာတ်တော်ကျောင်းဆရာတော်ဦးပဏ္ဍဝံသ သက်တော် ၈၇ နှစ် မြောက်နေ့တွင် မြို့နယ်တောရွာ သံဃာစုံအပါး-၅၀ ပင့်ဘိတ်ပြီး သက်ကြီး အဘိုး အဘွား ၁၀၀-ကျော်တို့အား ဆရာတော်ကြီး၏ ဝံမေသုတ် မင်္ဂလ သုတ် သင်ကြားပို့ချမှုကျေးဇူးဂုဏ်ကို အထူးပြု၍ သက်တော်ရှည်ပူဇော်ပွဲ ကျင်းပခဲ့၏၊သက်ကြီးရွယ်အိုများအတွက် ကျပ်ငွေနှစ်ထောင့်ငါးရာ ဆွမ်း ကွမ်း ထီး ဘိနပ် သင်္ကန်း စောင် ခြင်ထောင် အစုံ အပါးစေ လှူဒါန်း ခဲ့၏၊သိမ်တော်ကြီးအသစ်လှူဒါန်းရာတွင် သုံးသောင်းခွဲနှင့် မြကျိုက်ပြန် ဘုရား၏ ရွှေထီးကို သုံးထောင်ကျပ်ကုန် လှူဒါန်းခဲ့သည်။

**သာသနာတော်၏ အခြေအမြစ်များ** မန္တလေး မြို့ နယ် လုံး ဆိုင် ရာ ဂိုဏ်း ပေါင်းစုံ ပရိယတ္တိ စာ မေး ပွဲ အတွက် မ, တည်ငွေ သုံးထောင့်တရာ,ရမည်းသင်း,ပျော်ဘွယ်, တပ်ကုန်း သုံးဌာန စာမေးပွဲတော် သုံးထောင်စီ, ပခုက္ကူ ရန်ကုန် ဗဟိုကားလမ်းမကြီး ဖြစ်သော ရမည်းသင်းမြို့ဦး ဆင်ကျုံးတောရ စာသင်တိုက်ကြီး၏ လမ်းမှုခ်ဦးအဝ ဆင်တော်ရုပ်ထု ပြာသာဒ် တံတိုင်းအစုံ တသောင်း တထောင့် ငါးရာ, ဆရာ·ဒါယကာ တွဲ၍ အထက်ပါ အဆောက်အဦ သာသနာရေးကိစ္စများအတွက် အလှူပေးခဲ့ပါသည်။

**ပိဋကသုံးပုံ သံဃာစုံနှင့် ဆွမ်းဆန်တော်များ** ၁၃၃၅-ခုနှစ် ဝါဆိုလဆုတ် "၁၀" ရက် နေ့စွဲ (၂၄-၇-၇၃) ပခုက္ကူ မြို့ ပေါ်နေ ပရိယတ္တိ သာသနာ စာပေ ကျမ်းဂန် သင်ကြားရေး အတွက် စာသင်သား ရဟန်းတော်များ ကျောင်းတိုက်ပေါင်း ၂၅-တိုက်

သံဃာပါးရေ ၃၁၃-ပါးတို့အားလိုအပ်သည့် ကြိုက်နှစ်သက်ရာကျမ်းစာအုပ်ပေါင်း ၃၁၃-အုပ် ကျပ်ငွေ ၄၄၅၀ိ ဝတ္ထုတန်ဘိုးကို ဆရာတော်စုံ ပင့်ဘိတ်၍လှူဒါန်း ပူဇော်ခဲ့သည့်အပြင် ၁၃၃၄-ခုနှစ် မိုး ၃-လပိုင်းတွင် ထက်,အောက် မြန်မာပြည် စာသင်ကျောင်းတိုက် ကြီး, သေး, လတ်, များသို့ ဆွမ်းဆန်တော် ၁၂-တင်းမှ တင်း ၅၀-အထိ ဝတ္ထုငွေ နှစ်သောင်းရှစ်ထောင်ကို ကျောင်းပေါင်း ၃၀-ကျော်သို့ ထောက်ပံ့ လှူဒါန်းခဲ့ပါသည်။

**သာသနမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်** ကျုံးရိုးတောင်ပေါ် စင်္ကြံ ၂-ဘက်တွဲကာ “အဘယခေမိက” ကျောင်းတော် လေးသောင်း ငါးထောင်ကျပ်ခန့်, နတ်လမ်း စောင်းတန်း, ဆွမ်းစားကျောင်းကြီး မ တည်ငွေ သုံးသောင်းကျပ်ခန့်, ရေကန်တော်ကြီး နယ်နိမိတ်ကျောက်တိုင် တထောင်ကျပ်တို့ကို ရေစက်ချ အမျှဝေ လှူဒါန်း၍ ပုပ္ဖါရုံ ဆွမ်းစားကျောင်း မ-တည်ငွေ လေးထောင်ကျပ်နှင့် စောင်းတန်းကြီးအနီး ရေတွင်းကြီး ၂–လုံး ငါးထောင်ကျပ်, ရွှေမော်ဓောစေတီ အနောက်မုခ်ဦးအနီး ရှေးမင်းများ၏ ရေတွင်းဟောင်းကြီးကို ရွှေဂူဆရာတော် ကျန်းမာစည်၌ ကျောက်ကွန်ကရစ်တိုင် အမိုး ဘုံချွန် ပြာသာဒ် ကောသလ နိပါတ်ဇာတ်ကား ချိုးရေ, သောက်ရေ ခွက်အစုံ, ကျွဲ–နွား သောက်ရန် အုဋ်ကန်အစုံ ငွေ ၁၃၀၁၀ိ-ကျော်တို့ဖြင့် တည်ဆောက်လှူဒါန်းခဲ့ပါသည်။

**ပဋိပတ္တိဗိမာန်နှင့် အရိပ်အာဝါသများ** ဤရွှေမော်ဓော ခြေတော်ရင်းအနီး ဉာဏစာရီ ဆရာတော်ကြီးမှူးသော ဒါယကာကြီး “ဦးပွ–ဒေါ်စိ”တို့ အကျိုးဆောင်ကာ ပဋိပတ္တိဓမ္မ ဗိမာန်တော်ကြီး ဆောက်လုပ်ရာ ဝတ္ထုငွေ ၅၀၀၀ိ-ခန့် ပါဝင်လှူဒါန်း၍ ၎င်းနောက်မုခ်ဦးလမ်းမဘေး ၂-ဘက်မှ စီတန်းကာ ဘုရားဘဏ္ဍာတော်ထိန်းထံ အမိန့်ယူပြီး ၁၃၆၂-ခုနှစ်မှအစ ပန်း,ခရေပင်, အုဋ်ခုံဝိုင်း၍ မယ်ဇယ်ပင်ကြီးများ, ပိတောက်, ပန်းဇမာ, ငုရွှေဝါ, နှစ် ၁၀၀၀

ကျော် အသက်ရှည်သော အရိပ်ကောင်းညောင်ပင်နှင့် ရှက်ကြီးပင်များပါ စိုလင်စွာ စိုက်ပျိုးခဲ့ပါသည်။ နောင်အနာဂတ်တွင် သတ္တဝါအပေါင်း ချမ်းသာကြောင်း အရိပ်အာဝါသ သဘွယ် သာသနာတခေတ် ကျန်ရစ်ပါတော့မည်။ (ပြုလုပ်နိုင်ခဲ့စွတကား။)

**သာသနာပြု အရပ်ရပ်နှင့် လူမှုရေး သုသာန်စရပ်များ** သံဃာတော် ၃၀၀-နီးပါးရှိ စာသင်တိုက်ကြီးဖြစ်သော ကြခတ်ဝိုင်းကျောင်း၌ နတ်လမ်း, စောင်းတန်း, ပြာသာဒ်, ဘုံဆောင်ခန်း တခုစီတို့ကို ဒေါ်ထာ, ဒေါ်သန်းရင်တို့က ၂၀၀ဝိ စီ ပေါင်း၍ လှူဒါန်းကြ၏။ ရာပြည့်နှစ် ဓမ္မာရုံကြီးမှာ မုခ်ဦးလှေကား, ကွန်ကရစ်, လိုဏ်ဂူ, နိပါတ်ဇာတ်ကားအစုံကို ၆၀၀ဝိ, စောင်းတန်းနှင့် အထွေထွေ တသောင်းငါးထောင် ကျပ်ကုန် လှူဒါန်းခဲ့ပါသည်။ ထို့ပြင်တဝ မဟာစေတီ အနောက် ဘားကန်, သုသာန်တွင် သင်္ဂြိုဟ်တိုက်စရပ် လေးထောင်, ငှင်းလမ်းဝ အုဌ်ကျောက်ရေတွင်းတခု ၁၅၀ဝိ, ဖောင်တော်ဦး ဘုရားအနီး အုဌ်တိုက်ခံ ကျောက်ပြားမိုး သုသာန်စရပ်ကြီး ငါးထောင်ကျပ်တန် လှူဒါန်းခြင်းအားဖြင့် အများအကျိုးရှိစေရန် နောင်အစဉ် ချမ်းသာမှု ရှေးရှု လှူဒါန်းခဲ့ပါ၏။

**ဘာသာရေးဆိုင်ရာ အမျိုးသမီးစာမေးပွဲ** ရွှေခြုံး မိခင် ဒေါ်မြတင် အတွက် ၁၃၁၂-ခုမှ ၁၃၃၆–ခုနှစ်ထိအောင် သီတင်းကျွတ်လဆန်း ၁၀–ရက်နေ့တိုင်းတွင် သံဃာ ၃၇–ပါးအား ဂုဏ်ကျေးဇူးမျှော်ကာ နှစ်စဉ် ၂၄–ကြိမ်မြောက်အောင် တနှစ်လျှင် ၃၀၀ဝိ-မှ ၅၀၀ဝိ-ခန့်ကုန် အမျဝေ အထိမ်းအမှတ်ပွဲ ကျင်းပခဲ့၏။ ရွှေခြုံးမိခင် ဒေါ်မြတင် ရှိစဉ်ကပင် လုပ်သားအမျိုးသမီး အပေါင်းတို့အား ဆေးလိပ်ရုံ တည်ထောင်သည်မှ စ၍ မပြတ်လှဘဲ ပဋ္ဌိစ္စသမုပ္ပါဒ်, ဘုရားရှိခိုး အမျိုးမျိုး, မင်္ဂလသုတ် ပရိတ်, ပဋ္ဌာန်း, ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်တို့ကို သင်ကြားပို့ချခဲ့ခြင်းကို အကြောင်းပြုကာ ဝါတွင်း ၃-လ သင်အံပို့ချ၍ သီတင်းကျွတ်ပြီးကာလ ပြန်ဆို ရေးဖြေ ကျင်းပပြီး

အောင်သူ, မအောင်မြင်သူပါ ဉာဏ်ပညာအလျောက် ဆုပစ္စည်းအမျိုးမျိုး ချီးမြှောက်လှူဒါန်းခဲ့လေသည်။ ထို့ပြင် ဓမ္မသဘင်တရားပွဲတော်ကြီးများကို အထက်အောက်ပြည်နယ် အကျော်အမော် ဓမ္မကထိက ဆရာတော်များ ပင့်ဖိတ်ကာ တရားသဘင် ဆင်ယင်ခဲ့ပါသည်။

**ပစ္စုပ္ပန်ဘဝ ခန္ဓာကိုယ် ချမ်းသာမှုရရေး** ဉာတိသားချင်းအပေါင်းကို ကောင်းနိုးရာညွှန်ပြ၍ မိမိဘဝ ခန္ဓာသည် အရှည် မမြဲ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟူသော ဘုရားဒေသနာအရ ၁၃၃၆-ခုနှစ်အတွင်း ရေဝတီမြစ်ဝှမ်း မနူဖြူ စံကင်းကျေးရွာကြီး၌ သံဃာတော် ၁၅ ပါး, ဆင်းရဲနွမ်းပါး ဘိုးဘွားအို သက်ရွယ် ၇၀-ကျော်မှ ၁၀၄-နှစ်အထိရှိ ပုဂ္ဂိုလ်ပေါင်း ဦးရေ ၁၃၀-တို့အား အဝတ် ပုဆိုး ထမီ ခြုံစောင်တဘက် မျက်နှာသုတ်ပုဝါ ဆေးဝါးပစ္စည်း ဝတ္ထုငွေသားစုံ ကျပ်ငွေ ၅၀-တန်, ထက်-အောက် သင်းဘောလမ်းခရီးဖြင့် ငွေကျပ် ၇၅၀၀-ကုန် ပူဇော်လှူဒါန်းခဲ့သည့်ပြင် သုဝဏ္ဏဘူမိသထုံမြို့ ဘိုးဘွားလူအိုရုံကြီး၌ သံဃာ၅-ပါး, ဘိုးဘွား ၃၃-ဦးတို့အား အဝတ်အထည်စုံ ကျပ် ၃၀၀၀—ကျော်, ကားလမ်းခရီး သားသမီးစုံ လူတရာကျော်ဖြင့်ရင်း လှူဒါန်းခဲ့ပါသည်၊ ထို့ပြင်တဝဘဝကံနီးစပ်သော ပဲခူးမြို့ အရှေ့အနောက် တောပိုင်းရပ်ကွက် ဘိုးဘွားအိုတို့အား ချမ်းအေးလှသော မိုး ဆောင်းအကူး နတ်တော်, ပြာသိုလအတွင်း အဝတ်အထည် ဝါဂွမ်းခြုံစောင် မုံ့ပဲ ဝတ္ထု ကျပ်ငွေပါ ၂၀၀၀-ကျော်တန်နှင့်တကွ အထက်ပိုင်း မန္တလေးလမ်း ဘိုးဘွားစုံ စုစုပေါင်း ၃၅၀—နှင့် သံဃာတော် ၁၅၀—တို့အား စရိတ်စက စားသောက်ဘွယ်ရာစုံ မြောက်မြားစွာသော ကုသိုလ်တို့ကို သာဓုခေါ်ဆိုကြပါရန်၊ ယခု နတ်တော်, ပြာသို, တပို့တွဲ ရဟန်းသာမဏေ စာမေးပွဲ, စာပြန်ပွဲ, သာသနာပူဇော်ပွဲ ရာထောင် သောင်းဂဏန်းမျှသော အလှူပွဲကြီးများပါ ခန္ဓာကိုယ် မသေမနာမီအတွင်း "ဣဒံ မေ ပုညံ နိဗ္ဗာနဿ"ဟူသော ပတ္ထနာဆုတောင်းဖြင့် ၁၃၃၆—ခုနှစ်တွင် ဘဝခရီး တစခန်းရပ်ကာ ဤနှစ်တာအတွင်း နိဂုံးသတ်ရပါတော့သည်ခင်ဗျား၊ အနုမောဒနာ။

**အသက် ၇၀-အရွယ် ပဋိပတ္တိနယ်သို့** ၁၃၃၅–ခုနှစ် ပြာသိုလမှာ အသက် ၇၀–ပြည့်ခဲ့ပြီဖြစ်သောကြောင့် ဘ၀သမ္ပတ္တိ အကျိုးအတွက် ရန်ကုန်မြို့ မဟာစည် ရိပ်သာတွင် သတိပဋ္ဌာန် အလုပ်ကို နေ့ရောညပါ သံဃာ ၉၆–ပါး,ယောဂီယောကျ်ား ၂၀–နှင့်အတူ ကမ္မဋ္ဌာနာစရိယ နည်းပြဆရာတော် သက်တော် ၆၄-နှစ်ရှိ ဦးသုဇာတကို အမှူးထား၍ ရန်ကုန်မြို့နေ သမီး မအောင်ကြည်က ပစ္စည်းလေးရပ် ထောက်ပံ့မှုဖြင့် တလနီးပါး ဝိပဿနာတရား အားထုတ်ကာ ကိလေသာ ပယ်ရှားရန် စိတ်ကြည်လင်စွာ အားထုတ်ရသောကောင်းမှု ကုသိုလ်ကံသည် နိဗ္ဗာနသဿ ပစ္စယော ဟောတု အဖြစ် သာဓုခေါ်ကြပါရန်။

**ရေဘေးကြုံရာ ခေတ္တရာသို့** ထိုမှတဖြာ ပစ္စုပ္ပန်ကာလ ဦးသူတော်၏ အသက်သည် ကား ၇၁–နှစ်ကျော် ရောက်ရှိလာ၍ ခန္ဓာအိမ်သည် ရွှေဘ၀ကံ ထောက်ပံ့ချက်ဖြင့် ဤစာရေးသည့် ၁၃၃၆-ခုနှစ် သီတင်းကျွတ်လရောက်သော် ကျန်းမာစွာသွားလာနိုင်ပြီး အတ္ထုပ္ပတ်စာမူကြီးကို ကိုယ်တိုင် လက်ဖြင့် ရေးပြနိုင်၍ ဘ၀ခရီးတွင် ကျန်းမာနေသည်၊ ပြည်မြို့သို့ရောက် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ပွင့်လှသိမ်ကုန်းတိုက် ဆရာတော် ဦးကောသလ္လအား အမှူးထားကာ ၁၃၃၆–ခုနှစ် ပြည်မြို့နယ်မြေတွင် ရေဘေးကြီး ဆိုက်ရောက် လာချိန်ဖြစ်၍ ပဲခူးမှတဆင့် ပြည်သို့သွားကာ သံဃာ ၁၀၀–ပါး ပိဏ္ဍပါတ်ခုတင် ဆွမ်းလောင်းပွဲကြီးနှင့် စာရေးတံမဲချကာ စောင်, ဇာခြင်ထောင်, သက်န်းဒွိစုံ, ဘိနပ်, မျက်နှာသုတ်ပု၀ါ, သင်းပိုင်, ထန်းရွက်ယပ်, သင်ဖြူး, လွယ်အိတ် အထွေထွေအစုံနှင့် သီလရှင် ၁၀၀–ပါးတို့အား ခါး၀တ်အင်္ကျီပါ လောင်းလှူ၍ ပြည်မြို့ ကျားပံ့ ဆေးလိပ်ခုံ မောင်အုန်းမောင်က ၀ေယျာ၀စ္စ တာ၀န်ယူ ဆောင်ရွက် ပေးသည်၊ ကျပ်ငွေ ၁၇၅၀ဝ ခန့် လှူဒါန်းသော ၀တ္ထုတန်ဘိုး ဖြစ်ပါသည်။

**ဘိုးဘွားရိပ်သာများနှင့် ဇာတိချက်ကြွေရပ်ဌာနေ** ထိုမှ တဆင့် အပြန်တွင် ပေါင်းတည်မြို့ အဘိုး အဘွား လူအို ၄၀–ခန့်တို့အား ခြုံစောင် အဖြူ, အနီ တထည်စီ ကျပ်ငွေ

၆၀၀–ကျော်ဖြစ်၏၊ ဤစခန်းမှာ ၁၃၃၆–ခုနှစ် သီတင်းကျွတ်လဆန်း ၁၃–ရက် (၂၈-၁၀-၇၄)နေ့ ရောက်ရှိလာခဲ့လေပြီ၊ နောက်အလျှု ထပ်ထည့်၍ ဤအတ္ထုပ္ပတ် စာမူကြီးကို ဘဝခရီး သားသမီး ဉာတိအပေါင်း သံဝေဂ ရရှိစေရန် ကောင်းမြတ်သော စေတနာဖြင့် ပင်ပန်းကြီးစွာ ခံယူပြီး အထူး အရှင် တိပိဋကဓရ ဆရာတော်နှင့် တွဲဖက်၍ လယ်တီဆရာတော် ဘုရားကြီး ၁၂၆၃-ခုနှစ်၌ ရေးသားစီရင်တော်မူခဲ့ပြီးသော ဓမ္မဒီပနီကျမ်းကို မှီငြမ်းပြုကာ တိပိဋကဓရ ဦးကောသလ္လအရှင်မြတ် ရေးသားတော်မူသော ဓမ္မဝိနယကျမ်းနှင့် ပူးတွဲ၍ လူရောရှင်ပါ သပ္ပုရိသ သူတော်စင်အပေါင်း တို့ အဂါရိယဝိနည်း အနဂါရိယဝိနည်း ကျင့်ဝတ်စုံကို ကျမ်းစာအုပ်ပြုလုပ် ပြီး စက်တင် ပုံနှိပ်အပ်ပါကြောင်း။

**အောင်မြိုက် နိဗ္ဗူ အလေးမူသည်** ဤသို့ လူ့ဘဝတလျှောက် အသက် ၇၀-နှစ်ကျော် ရောက်ရှိလာသောအခါ "ထကြွနိုးကြား၊ သနား သည်းခံ၊ ဝေဘန် ကြည့်ရှု၊ ဤ ၆-ခု၊ ကြီးသူ့ ကျင့်ရာ တရားတည်း" ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်တိုင်ဦးဆောင် ကာ သားသမီးအပေါင်းတို့အား မိဘသေဆုံးပြီးမှ အတိတ်ကံပေး အမွေ အနှစ်တို့ကို လုမှု, တောင်းခံမှု, အငြင်းပွားမှု မရှိရလေအောင် အိုးအိမ် တည်ထောင်ပြီး သားသမီးအပေါင်းတို့အား ကိုယ်ပိုင် အိုးအိမ်ဖြင့် နေထိုင် ရေးနှင့် ရင်းနှီးလုပ်ကိုင် စားသောက်နိုင်ရေးတို့ပါ ကျပ် ဝတ္ထု အဖိုးတန် လက်မှတ်ကို သားမြေးတို့ပါ လွှဲအပ် ချီးမြှောက်ခဲ့သည်၊ မိမိဘဝ မိမိတို့ အလိမ္မာ,အမိုက် ၂-ခုအပေါ် တည်နေ၍ ဤဘဝ ဤမျှဖြင့်သာ ခရီးဇာတ် သိမ်း၍ (အမတ နိဗ္ဗူ) လွယ်ကူစွာ ဆွတ်ခူးနိုင်ကြပါစေကုန်သတည်း။

## လယ်တီ ဆရာတော်၏ ဆုံးမစာ လင်္ကာ

ဆိုပိမ့်မည့်သြ၊ စေ့စေ့နာလော၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသ္ဘား၊ ဘုရားသာသနာ၊ ခေတ်အခါသယ်၊ လူ့ရွာနတ်နိုက်၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင် လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကား ရာထောင်၊ မက မှောင်၏၊ လူ့ဘောင် လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်း အစာ၊ နင့် ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရှူးပြင်ပြင်၊ နင့်ကိုထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဌာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးအစုကို၊ မှုမှုရရ၊ နင် အားကျလည်း၊ ဓားပြ သေမင်း၊ သူ့ တပ်နင်းက၊ မငြင်းဆန်သာ၊ နင့် ခန္ဓာသည်၊ ပြာပုံ အပြီး၊ ဖြစ်လုနီးပြီ၊ ယီးတီးယားတား၊ သေ၍ သွားလည်း၊ တရား မကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက် နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ် ထိုထို၊ ဥဒါဟိုသည်၊ နင်လို လူမိုက် သွားလမ်းတည်း။

## အဘဦးသူတော်၏ ကိုယ်တိုင် မေတ္တာပို့

၁။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ အဝေရာ၊ ရန် မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၂။ အဗျာပဇ္ဇာ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းကြ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၃။ အနီဃာ၊ ဆင်းရဲခြင်း ကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

၄။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခီ၊ ချမ်းသာရအောင်။ ပရိဟရန္တု၊ ဆောင်ရွက် နိုင်ကြပါစေကုန်သတည်း။

၅။ ဒုက္ခာ၊ ဆင်းရဲ ခပ်သိမ်းမှ။ မုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန် သတည်း။

၆။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်ရအပ်ပြီးသော ပစ္စည်းဥစ္စာမှ။ မာ ဝိဂစ္ဆန္တု၊ မပျောက်မပျက်၊ စောင့်ရှောက် နိုင်ကြပါစေကုန် သတည်း။

၇။ ကမ္မဿကာ၊ ကံသာလျှင် အမိ အဘ ဖြစ်၍ အားကိုးရာအစစ် အမှန်ပင် ဖြစ်ကြပါစေကုန်သတည်း။

အားလုံး ကျန်းမာ ချမ်းသာကြပါစေကုန်သတည်း။

၁၃၃၆-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် အဘ ရွှေခြုံး ဦးသူတော်၏ အတ္ထုပ္ပတ္တိကထာ မင်္ဂလာကို ကျွန်တော် ဆရာ ဦးလှိုင်အား ဖတ်ကြား အသံသွင်းရန် စေခိုင်း ညွှန်ကြား၍ ယခု သွင်းထည့် ပြီးပါပြီ ခင်ဗျား။

ရွှေခြုံး ဦးသူတော်၏ အတ္ထုပ္ပတ္တိ ပြီးပြီ။

# ဤကျမ်းဆိုင်ရာ နေ့ကဆက်ခွဲ ရည်ရွယ်ချက်များ

## အကြောင်းအားလျော်သော အကျိုးများ

**အတုယူကာ စေတနာဆင့် သဒ္ဓါ မြင့်၍ ပွင့်ကြပါစေ**

ဤ ကျမ်းအစဥ် ဖော်ပြခဲ့သည့် အားလျော်စွာ တွေ့ကြုံခဲ့သော သာသနာတော်တွင်လူများ အနေဖြင့် ရဟန်း, သာမဏေယ် တို့၏ ကိုယ် နှုတ် အမူအရာ ချွတ်ယွင်းချက်များကို အပြစ်မမြင် စင်ကြယ်သော စေတနာ သဒ္ဓါတရားတို့ဖြင့် တတ်အားသမျှ ပြုပြင် ထိန်းသိမ်းကြပြီး အရှည်ခံ၍ တည်တံ့ တိုးပွါးရေးကိုလည်း တတ်အားသမျှ ကြိုးစားကြရန် သာသနာတော်၏ ဂုဏ်ကို သိ၍ မကြည်ညိုသူများ ကြည်ညိုကာ, ကြည်ညိုသူများလည်း တိုး၍ ကြည်ညိုစေရန် ဘုန်းကြီး ဆန္ဒရှိကြောင်း တင်ပြပြီး ဖြစ်သည်။

ဤကျမ်းစာ ဖြစ်ပေါ်လာအောင် တောင်းပန် လျှောက်ထားလာသူ ရွှေခြူး ဝန်ဆောင် ဒါယကာကြီး၏ ကိုယ်ရေး အတ္ထုပ္ပတ်ဖြင့်လည်း ဒါယကာကြီးသည် မိမိ ကိုယ်ကို မြှင့်တင် ဝါကြွား, ပလွှားခြင်း အတ္တုက္ကံသန, သူများကို နှိမ့်ချ ပြစ်ဘင်ခြင်း ဝရဝမ္ဘန၊ ဤ ၂-ပါး အလျှင်းကင်း၍ ခြေဘဝါး, လက်ဘဝါးမှ တက်ကာ သူ၏ ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယတို့ကြောင့် ရှေးကံများလည်း အခွင့်သင့်ကာ အကျိုးပေးလာရပုံ, ရလာသော အကျိုးများကို အသုံးချပုံများကို သူ့သားသမီး ဉာတိမိတ်ဆွေ သူ့ ပတ်ဝန်းကျင်ကိုပကာသနမပါ စင်ကြယ်စွာဖြင့် ''အရှိကို အရှိအတိုင်း'' သိစေပြီးလျှင် အတုယူကာ အ . းထုတ် ဆောင်ရွက်နိုင်ကြရေး ဦးဇားပေး ရေးသားကြောင်း လျှောက်ထားသည်။

**အမြတ်ထုတ်ခွင့် ရ၍ ဝမ်းသာ မိသည်**

ဒါယကာကြီးလျှောက်၍ ဤကျမ်းစာပေါ်ပေါက်ခွင့် ရခြင်းသည် ''တရား အလှူသည် အမြိုက် အလှူကို ပေးလှူသည် မည်သည်'' ဟူသော ဒေဝတာသံယုတ် ကိ ဒ္ဒသုတ်, ''မမ္ဗဒါနသည် ဒါနတကာတို့ထက် သာ

လွန် ကြီးမြတ်သည်” ဟူသော ဓမ္မပဒ တဏှာဝဂ်တို့အရ အမြတ်ရသူမှာ ဘုန်းကြီးသာ ဖြစ်ရာ ဒါယကာကြီး၏ ကုသိုလ် စေတနာ သာသနာပြု လုပ်ငန်း အဖြာဖြာတို့ကြောင့် အဆုံးသတ်ထားသော ဤ ကျမ်းစာကို နောက်ဆက်တွဲ အနေဖြင့် အတ္ထုပ္ပတ္တိရှင် မိသားစုကို အစ ထား၍ များစွာသော သာသနာပြု စေတနာရှင်တို့၏ စေတနာ သဒ္ဓါ အစုများ ကို ဝမ်းမြောက်မှု “အနုမောဒနာ ကထာ”ပါ ဆက်လက်ရေးသားလိုစိတ် ပြင်းပြစွာ ဖြစ်လာမိသည်၊ အရင်းနည်းနည်းဖြင့် အမြတ်ကြီးမြတ်သည် ကို မကျေနပ်သေးသဖြင့် “ထပ်၍ပင် မြတ်အောင် ရေးသားလိုစိတ်” ဖြစ်လာပြန်သည်ဟု ဆိုလိုသည်။ ထို့ကြောင့်– “ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ= ကောင်းတာပြုမှ၊ ကောင်းတာရ၊ ကောင်းမှ ကောင်းစားသည်။ ကောင်းဆိုး နှစ်တန်၊ ကံ စီမံ၊ ခံ စံကြရသည်” ဟူသော ဓမ္မပဒနှင့်အညီ အကြောင်းကံ အားလျော်သော အကျိုးများ ကို ဆက်လက် ရေးသားပါမည်။

## သပ္ပုရိသဒါန သူတော်ကောင်း အလှူ ၅ မျိုး

**ယုံကြည်မှုဖြင့် လှူရမည်** ဘုရား စသော သူတော်ကောင်းများ ပညတ် ထားသော ဒါနဖြင့် အဂ္ဂ, မဟာ, ပကတိ ဟူသော သာဝက ဗောဓိဉာဏ်, ဘုရားငယ် ပစ္စေက ဗောဓိဉာဏ်, သဗ္ဗညု ဘုရားကြီး ဟူသော သမ္မာသမ္ဗောဓိဉာဏ်များကို ရယူနိုင်သည်။ (ဗောဓိဉာဏ် ၃-ပါး ပါရမီ ဖြည့်ရာ ကာလများကို ပွင့်လှသိမ်ကုန်း အဘိဓမ္မတ္ထသရူပ မာလာကျမ်း၌ ပြထားသည်။) ပစ္စည်း ဥစ္စာ ကြွယ်ဝ ချမ်းသာခြင်း ဘောဂသမ္ပတ္တိ, လူ့ပြည် နတ်ရပ် ဟူသော ဘဝသမ္ပတ္တိ, ရုပ်နာမ် ၂ ဖြာ ဆင်းရဲကင်းရာ ဖြစ်သော နိဗ္ဗာနသမ္ပတ္တိ များကိုလည်း ဤ ဒါနဖြင့်ပင် ရယူနိုင်သည်ဟု ယုံကြည်မှုဖြင့် ပေးလှူခြင်းသည် “သဒ္ဓါ-ယ ဒါနံ ဒေတိ= သူတော်ကောင်း အလှူမည်သည် အတ္ထုပ္ပတ္တိရှင် မိသားစုသည် ယုံကြည်မှု ရှိ၍သာ အကြိမ်များစွာ ပစ္စည်း ဥစ္စာ ပေါင်း များစွာကို လှူနိုင်သည်”ဟု မှတ်ယူ အပ်သည်။

**ရိုသေလေးစားစွာ လှူရမည်** မသန့်ရှင်း မစင်ကြယ် မပြည့်စုံ ညှိုးဖျင်းသော လှူဘွယ် ဝတ္ထုများကို ရှောင်၍ သန့်ရှင်း စင်ကြယ် ပြည့်စုံ မွန်မြတ်သော လှူဘွယ် ဝတ္ထု ဖြစ်လျှင် (၁) လှူဘွယ် ဝတ္ထုကို ရိုသေသမှု ရှိပေပြီ၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ဒုဿီလပင် ဖြစ်စေဦးတော့ ဘုရားကိုကဲ့သို့ ရိုသေစွာ ခရီးဦး ကြိုဆိုခြင်း, ခြေဆေး ခြေသုတ် ပေးခြင်း, မြတ်သော နေရာထိုင်ခင်း၌ သီတင်းသုံးစေပြီး ရှိခိုးခြင်း, ကိုယ်တိုင် လှူဒါန်းခြင်း ပြုလျှင် (၂) အလှူခံပုဂ္ဂိုလ်ကို ရိုသေရာ ရောက်ပေပြီ၊ ဤသို့ လှူဘွယ် ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ကို ရိုသေစွာ လှူခြင်းသည် "သက္ကစ္စ ဒါနံ ဒေတိ" မည်၏။ ပြည်မြို့၌ သံဃာ ၁၀၀-ပါး, သီလရှင် ၁၀၀-ဦးတို့အား ပတ္တပိဏ်ဆွမ်းနှင့် သင်္ကန်း, စောင်, ခြင်ထောင် စသော စာရေးတံလှူရာ၌ ခမ်းနားသော မဏ္ဍပ်, နတ်လမ်း တန်ဆောင်း, သံပြုခြင်း, ပန်းမွှေရာခင်း, ရာဇမတ်ကာ, တံခွန် ကုက္ကား, သာသနာ့ အောင်လံတော်များ လွင့်ထူကာ ခမ်းနားစွာ လှူဒါန်းသည်ကို တွေ့မြင် ကြည်ညိုရရာ အလားတူပင် အလှူရှင်အားလုံး သက္ကစ္စဒါန ပြုနိုင်ကြပါစေဟု ဆန္ဒပြုမိသည်။

**အခါအားလျော်စွာ ပေးလှူပါ** ဝါဆို, ကထိန်, အချိန်အားလျော်စွာ သင်္ကန်း, ဝါဆို ဖယောင်းတိုင် စသည် လှူဒါန်းခြင်းနှင့် (၁) ဧည့်သည်၊ (၂) ခရီးသွား၊ (၃) ဂိလာန ရဟန်းတို့အား ပေးလှူခြင်း၊ (၄) လိုရာ လိုရာ မပြည့်စုံသောအခါ ( ဥပမာ – ငတ်မွတ် ခေါင်းပါး ချိန် ) တို့၌ ပေးလှူခြင်း၊ (၅) ကောက်ဦး, သစ်သီးဦး စသည် အဦးအဖျား ပေးလှူခြင်း၊ ဤ ၅-ပါးသည် အခါအားလျော်စွာ ပေးလှူခြင်း ဖြစ်၍ "ကာလေန ဒါနံ ဒေတိ" မည်သည်။ ပြည်မြို့၌ ရေဘေးသင့်သောအခါ သင်္ကန်း, ဆွမ်း စသည် လှူခြင်း၊ မြင်းခြံ, ပခုက္ကူ စသော မြို့များဝယ် ဆွမ်းလောင်းခြင်း၊ မီးဘေးသင့်ရာ၌ ကူခြင်း၊ ငယ် ဆရာရင်းကျောင်း၌ ပျက်စီးနေသော စရပ် တန်ဆောင်း သိမ်ကျောင်းများကို ဆောက်လုပ်လှူဒါန်းခြင်းတို့မှာ ကာလဒါနပင် ဖြစ်သည်။

**မုဒိတာစာဂါ ဖြစ်အောင် လှူရမည်** အလှူခံ ပုဂ္ဂိုလ်များထံမှ တစုံတရာ လောကကျိုးကို ပြန်လည် ရလိုမှု မြှော်လင့်မှုမထားဘဲ ဘဝလွတ်မြောက်ခွင့် ဝိမုတ္တိ= မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ ရည်ရွယ်လျက် စေတနာ ၃-တန် မတွန့်တို မဆုတ်နစ်ဘဲ လှူခြင်းသည် မငဲ့မကွက် လွတ်လွတ်စွန့်သောစိတ် ရှိသည်ဖြစ်၍ "အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ" မည်သည်၊ ဂေဟာသိတ ပေမ တဏှာသမုဒယ သံယောဇဉ် မထားမူ၍ ရောက်လေရာရာ မြို့အဖြာဖြာတို့၌ သဒ္ဓါအားလျော်စွာ သာသနာပြုကြခြင်းသည် ဤသပ္ပုရိသဒါန ပြည့်စုံသည်သာ။

**မထိခိုက်အောင် လှူရမည်** ငါသာလှူနိုင်သည်ဟု မိမိကိုယ်ကိုချီးမြှောက် ပလွှားမှု=အတ္တုက္ကံသန, ငါလို မည်သူမျှ မလှူနိုင်ဟု သူတပါးကို ရှုတ်ချကဲ့ရဲ့မှု=ပရဝမ္ဘန၊ ဤ ၂-ပါး မရှိစေဘဲ မြတ်သောဒါနပါရမီကို ရှေးရှု၍ နည်းများမဟူ ပေးလှူလျှင် မိမိ၊ သူတပါး မထိခိုက်အောင် လှူရာရောက်၍ "အတ္တာနဥ္စ ပရဥ္စ အနုပဟစ္စ ဒါနံ ဒေတိ" မည်သည်၊ မိမိအလှူကို မိမိနာမည် လုံးဝမပေါ်စေဘဲ ဝင့်ဝါမှုမပြု ပေးလှူမှုသည် ရဟန်း ရှင်လူ ကြည်ဖြူမဆုံးသော ပဥ္စမ သပ္ပုရိသ ဒါန ဖြစ်ရာ ဤအင်္ဂါရရှိရေး အလေးမူသင့်သည်။

## သူတော်ကောင်းအလှူ ၅-မျိုး အကျိုးနှင့် ဆန့်ကျင်ဘက်များ

၁။ ယုံကြည်မှုဖြင့် လှူလျှင် ဖြစ်ရာဘဝ အဆင်းလှ၍ မိရိုးဖလာ ထုံးစံ မပျက်သာ လှူလျှင် အဆင်းမလှပေ၊ ပစ္စည်းချမ်းသာ သော်လည်း ရုပ်မလှသူများမှာ ဤအင်္ဂါ ချို၍ ဖြစ်သည်။

၂။ ရိုသေစွာလှူလျှင် ဩဇာအာဏာကြီးမား၍ မထီမဲ့မြင်ပြုကာ မကောင်းတာလှူလျှင် ဩဇာမရှိပေ။

၃။ အခါကာလကို သိ၍လှူလျှင် ပထမအရွယ်ကစပြီး အကျိုးပေး သည်၊ သို့မဟုတ်လျှင် အရွယ်လွန်မှ အကျိုးရ၏။

၄။ လွှတ်လွှတ်စွန့်၍ လှူလျှင် ကာမဂုဏ် ၅-ပါးကို မွန်မြတ်စွာ သုံးဆောင်ရပြီး တွန့်တိုဆုတ်နစ်၍လှူလျှင် အာဂန္တုကသူဌေး ကြီးကဲ့သို့(၎င်းဝတ္ထု နောက်၌ ထင်ရှားလတ္တံ့) ခံစားသုံးဆောင် လိုစိတ် မရှိပေ။

၅။ မိမိသူဘ ါး မထိခိုက်အောင်လှူလျှင် ပစ္စည်းဥစ္စာများ ရန်သူ ကင်း၍ သို့မဟုတ်လျှင် အဖျက်ဆီး ခံရတတ်သည်။ ပြန်ပေး ဆွဲ လိုသဖြင့် လူဆိုးများက ဦးချမ်းသာ သွားတတ်သောနေရာကို စောင့်၍ ဖမ်းရာ ဦးချမ်းသာကို တွေ့ပါလျက် ဦးချမ်းသာဟု မသိသဲ အခြားသူထင်ကာ ဦးချမ်းသာကို ရှာခိုင်းသည်၊ ရိပ်မိ သဖြင့် "ဦးချမ်းသာ ခေါ်ပေးပါမည်"ဟု ပြောပြီး ထွက်ပြေး လွတ်မြောက်ဘူးသော ဖြစ်ရပ်ကား ဤဒါနအင်္ဂါ ပြည့်စုံ၍ပင် ဖြစ်သည်။ ဤ အကျိုး ၅-ပါးကား အစဉ်အတိုင်း "သဒ္ဓါယ ဒါနံ ဒေတိ"စသော အလှူ ၅-မျိုး၏ အကျိုးများတည်း။

၆။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း အကျိုးမှာ အလှူ ၅-မျိုးလုံး နှင့် ဆိုင်သည်၊ ဤ ပဥ္စက အင်္ဂုတ္တုိုရ်ဲ သပ္ပုရိသဒါနသုတ်ကို သဘော ပေါက်ကြပြီးလျှင် ပစ္စည်း ကုန်ရကျိုး နပ်အောင် သတိချပ်ကြရာသည်။

## ကုသိုလ်ရှင်များကို လူသာမက နတ်များကပင် မှတ်တမ်းတင်ကြသည်

**သိကြားမင်း၏ သာသနာရေး ဆိုင်ရာ တာဝန်လုပ်ငန်းများ**

သိကြားမင်း၏ စိမံချက် အရ (၁) လဆန်း ၈-ရက်, လဆုတ် ၈ ရက် နေ့တို့တွင် နတ်မင်းကြီး ၄ ဦးတို့၏ အလုပ်အကျွေးနတ်များကရင်း၊ (၂) လဆန်း-၁၄,လဆုတ် ၁၄-ရက် များ၌ သားတော်နတ်များကရင်း၊ (၃) လဆန်း၁၅,လဆုတ် ၁၅-ရက် များမှာ နတ်မင်းကြီး လေးဦးတို့ ကိုယ်တိုင်ရင်း လူ့ပြည်သို့ ဆင်းကာ အောက်ဖော်ပြပါ ကုသိုလ်ရှင်များ၏ အမျိုးအမည်များကို ရွှေပြားတွင်

ရေးသားမှတ်ယူပြီး နတ်ပြည်သို့ ယူဆောင်ကာ တာဝတိံသာ သုဓမ္မာသဘင် အစည်းအဝေးကြီးတွင် သိကြားမင်းကြီးက ကုသိုလ်ရှင်များစာရင်းကို တင်သွင်းဘတ်ကြားသည်၊ ကုသိုလ်ရှင် နည်းသည့်အခါ တရားနာနတ်များသည် "လူတွေမေ့လျော့ကုန်သဖြင့် နတ်သား, နတ်သမီး အသစ်ဖြစ်မလာ နိုင်ကြတော့ဘဲ ယူဇနာ တသောင်းကျယ်သော ငါတို့တာဝတိံသာ နတ်မြို့တော်ကြီးသည် ဆိတ်ငြိမ်လျက် အပါယ် ၄-ဘုံသာစည်ကားပေတော့မည်" ဟု စိတ်ဆင်းရဲကြရသည် (အမှတ် ၁-၂ နတ်များယူလာသော စာရင်းကို အမှတ် ၃-နတ်မင်းကြီး ၄-ဦးထံပို့၊ ၎င်းမှတဆင့်သိကြားထံ ဆက်သရသည် (စတုမဟာရာဇသုတ် အဋ္ဌကထာ)။ မဟာဂေါဝိန္ဒသုတ် အဋ္ဌကထာ၌ကား စာရင်းမှတ်တမ်း ရွှေပြားကို ပဉ္စသိခနတ်သားထံပို့၊ ၎င်းမှတဆင့် မာတလိ၊ ၎င်းမှ သိကြားမင်းထံပို့သည်ဟုဆိုသည်၊ တလ ၆-ကြိမ် တာဝန်လုပ်ငန်းဖြစ်၍ ရံခါ သိကြားထံတိုက်ရိုက်ရံခါ ပဉ္စသိခ, မာတလိ၊ထိုမှတဆင့် သိကြားထံပို့သည်ဟု ယူဆဘွယ်ရာပင်။)

**သုဓမ္မာသဘင် ပြန်တမ်းဝင်ပုဂ္ဂိုလ်များ** ၁-မိဘကို လုပ်ကျွေးသူ၊ ၂-ရဟန်း သာမဏေကို ပူဇော်လုပ်ကျွေးသူ၊ ၃-ဘိုးဘွား ဦးကြီး, ဦးလေး စသူများကို ရိုသေသူ၊ ၄-ဥပုသ်စောင့်သူ၊ ၅-အကြိုအပို့ဥပုသ်စောင့်သူ၊ ၆-သရဏဂုံသီလပြည့်စုံသူ၊ ၇-စေတီရုပ်ပွါး ပူဇော်လှူဒါန်းသူ၊ ၈-တရားနာသူ၊ (ဘာသာရေးကျမ်းများဘတ်သူလည်း ပါဝင်ပေမည်၊) ၉-စရပ် တန်ဆောင်း ကျောင်းဆောက်သူ၊ ၁၀-ရေတွင်း ရေကန်တူးသူများသည် ရွှေပြားတွင် ရေးတင်ခံရသူများဖြစ်သည်၊၎င်းစာရင်းဇယားတွင် များလာလျှင် နတ်ပြည်စည်ကားမည်ကိုသိ၍ တရားနာနတ်များ ဝမ်းသာကြရသည်။

အဆင့်အတန်းမြင့်၍ စိတ်ကောင်းရှိသူများသည် ဤသို့လျှင် သူတပါးတို့၏ ကုသိုလ်စေတနာများကို မုဒိတာဖြစ်ကာ ဝမ်းသာနိုင်ကြသော်လည်း ဣဿာ မစ္ဆရိယကြီးမား မုဒိတာ ခေါင်းပါးသော ပုဂ္ဂိုလ်များမှာ သူတပါးတို့၏ ကုသိုလ်တရား ဂုဏ်ကျေးဇူးများကို နားထောင်လိုစိတ် မရှိ

ကြပေ၊ ထို့ကြောင့်ပင် ပဉ္စကအင်္ဂုတ္တိုရ်၌ နှမြောသူအား အလှူနှင့် စပ်သောစကား၊ သဒ္ဓါပါးသူအား ကြည်ညိုဘွယ်ရာ သဒ္ဓါနှင့် စပ်သော စကားများသည် နားဝင်မချို အပိုစကားများသာ ဖြစ်သည်ဟု မိန့်ကြားသည်၊ သူတပါးပြုပေးသော ကုသိုလ်များကို ဝမ်းသာရ၍ ပြိတ္တာ ဂ-သောင်းပင် ချမ်းသာစွင့်ရကြ၍ စေတနာရှင် ဟူသမျှတို့၏ ကုသိုလ်များကို မိမိနှင့် စပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ ကြေနပ်ဝမ်းသာ ပတ္တာနုမောဒနကုသိုလ်မင်္ဂလာဖြင့် ချမ်းသာကြီးပွါး အမြဘ်များ ယူသင့်ကြသည်။

**အဂါရိယပဋိပဒါ** သံဃာတော်များကို ဆွမ်း, သင်္ကန်း, ကျောင်း, လူ့ကျင့်ဝတ်များ ဆေး ပစ္စည်း ၄ ပါးဖြင့် ဆည်းကပ် လုပ်ကျွေးခြင်းသည် လူ့ကျင့်ဝတ်သာဖြစ်၍ နေ့ရောညဉ့်ပါ ကောင်းမှုမင်္ဂလာများ တိုးပြီးလျှင် အခြံအရံပေါ ကျော်စောထင်ရှားလျက် နတ်ရွာသုဂတိသို့ ရောက်ဘို့ဖြစ်သည်ဟု စတုက္ကအင်္ဂုတ္တိုရ် ဂိဟိသာ-မီစိသုတ်၌ အနာထပိဏ်သူဌေးအား ဘုရား ဟောတော်မူရာ အလှူရှင်များမှာ လူ့ကျင့်ဝတ်, လူ့အလုပ်ကို လူပီသစွာ ပြုလုပ်သူများဖြစ်သည်။

နတ်သားတဦးက မေးလျှောက်သဖြင့်လည်း ဘုရားရှင်က "အန္နဒေါ ဗလဒေါ"စသည်ဖြင့် (၁) ဆွမ်းလှူသူသည် ကာယစွမ်းအား ခွန်အားကို လှူသူမည်သည်၊ (၂) အဝတ် သင်္ကန်းလှူက ရုပ်ရေအဆင်း လှပခြင်းကို လှူရာရောက်၍၊ (၃) ထီး, ဘိနပ်, တောင်ဝှေး, လမ်းပြင်, တံတားခင်း, ကား လှည်း စသည် သွားလာမှုနှင့် စပ်သော ယာဉ် ဒလှူသည် ကိုယ်စိတ် ၂-ပါး ချမ်းသာများကို လှူရာရောက်သည်၊ (၄) ဆီမီးဖယောင်းတိုင် လျှပ်စစ်မီးသွယ် အလင်းရဘွယ် လှူလျှင် မျက်စိအလှူကို လှူရာရောက်၍၊ (၅) ကျောင်းလှူက အထက်ပါ ၄-မျိုးလုံးကို လှူသည် မည်သည်ဟု ဒေဝတာသံယုတ် ကိံ ဒဒသုတ်၌ ဟောတော်မူရာ အတ္ထုပ္ပတ္တိရှင် မိသားစုကဲ့သို့သော စေတနာရှင်များအတွက် ဘဝသံသရာစခန်းဝယ် မြော်လေတိုင်း ဝမ်းသာဘွယ် ဖြစ်သည်။

## ဆွမ်းဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်ရာ

**စေတနာသုံးတန် ပြည့်စုံရန်** (၁) လှူနတ်နိဗ္ဗာန် ၃-တန် ချမ်းသာ ရကြောင်းဖြစ်၍ အရိပ်ပမာ သွားလေရာသို့ ပါနိုင်သော အနုဂါမိနီ ဒါန ရွှေအိုးကို မြုပ်ရတော့မည်၊ မိမိပစ္စည်းဆိုလျှင် ချည်တမျှင် သစ်သီးတသုံးကိုသော်မှ မပေးလို့ တွန့်တိုမှု သဘောရှိသော မစ္ဆရိယသဘောယုတ်ကို ပြုတ်အောင် ရှေးရှေးသော အရိယာများကဲ့သို့ ဖြုတ်ခွင့်ရတော့မည်ဟု မလှူခင် ရှေ့ပိုင်းဖြစ်တဲ့ ပုဗ္ဗစေတနာကို ဖြူစင်စေပြီးလျှင်၊ (၂) ရန်သူ ငါးတန် ဆက်ဆံရောရှက် သဘောနက်ကြောင့် အနှစ်သာရ မရှိသော ပစ္စည်းဥစ္စာတွေမှ အနှစ်ရှိသော ကုသိုလ်ဒါနကို ငါပြုရပေ၏ဟု လှူဆဲ မုဉ္စစေတနာ အခိုက်မှာလည်း ဖြူစင်စေရမည်၊ (၃) ရှေးပညာရှိများ ပြုခဲ့ကြတဲ့ ဒါနကို ငါပြုခဲ့ရပေပြီ၊ ဒါန စေတနာ သဒ္ဓါစသည်တို့ကြောင့် နတ်ဖြစ် နတ်ပြည်ရောက်ကြသလို ငါ့အားလည်း ဒါနစေတနာ သဒ္ဓါ စသည်တို့ ဖြစ်ခွင့်ရသည်မှာ အလွန်အားရဘွယ်ပါတကားဟု လှူပြီး နောက်ပိုင်း၌ အပရစေတနာကိုလည်း ကောင်းမွန် ပြည့်စုံအောင် ဆင်ခြင်ရမည်၊ သို့မှသာ အကျိုးကြီးမား၍ ချမ်းသာ အရပ်ရပ်ကို မွန်မြတ်စွာ သုံးဆောင်ပိုင်ခွင့်ရှိပေသည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ ဤကျမ်းဆိုင်ရာ ကျမ်းပြုဆရာနှင့် တောင်းပန်သူ ဒကာတို့၏ ရည်ရွယ်ချက်ကို ပြ၍ အတ္တုက္ကံသန, ပရဝမ္ဘန ၂- ပါးသဘောကို ရေးပြီးလျှင် ကျမ်းစာရေးသားရခြင်း၏ အကျိုးကိုလည်း ပါဠိတော်အရ အမြွက်မျှပြပါ။

၂။ "ယာဒိသံ ဝပတေ ဗီဇံ" စသော စကားအဓိပ္ပါယ်ကိုပြ၍ သူတော်ကောင်း အလှူ ၅-မျိုးကိုလည်း ပါဠိမြန်မာ ၂- ဘာသာဖြင့် ပြပြီးလျှင် အဓိပ္ပါယ်ကိုလည်း မကျဉ်းမကျယ် ရေးသားပါ။

၃။ ကာလဒါန ၅-မျိုးကို ပြ၍ ပစ္စည်းချမ်းသာသော်လည်း မလှူသူများ မည်သည့်ဒါန လိုကြောင်း ဒါးပြများက အိမ်ရှင်ကို

အိမ်ရှင်မထင်မိဘဲ လွှတ်ပစ်ရာ မည်သည့်ဒါနကျိုး ဖြစ်ကြောင်း ရေးသားပါ။

၄။ သူတော်ကောင်းအလှူ ၅- မျိုးလုံးနှင့်ဆိုင်သော အကျိုးကိုပြ၍ သိကြားမင်း၏ သာသနာရေးဆိုင်ရာ မှတ်တမ်း ပုံ ၄-ချက်ကို ၎င်း, ထိုမော်ကွန်းထိန်း အရာရှိ မည်သူဖြစ်ကြောင်း ကို၎င်း ရေးသားပါ။

၅။ တာဝတိံသာ သုဓမ္မာသဘင်၌ ပြန်တမ်းဝင် ဖြစ်ထိုက်သော ပုဂ္ဂိုလ်များကိုပြ၍ သူတပါးဂုဏ်ကို မကြားနိုင်သူများ မည်သည့်တရား အားကြီးပါသနည်း၊ လူ့ကျင့်ဝတ် ၄- ပါးနှင့် အကျိုးကိုလည်း ရေးသားပါ။

၆။ ဒေဝတာသံယုတ် ကိံဒဒသုတ်လာ အလှူ ၅-မျိုးနှင့် အကျိုးများ ကို၎င်း, စေတနာ ၃-တန် ဖြူစင်ရန် နှလုံးသွင်းကို၎င်း စိတ်ရင်း ကြည်သင် သဘောဝင်အောင် တင်ပြခဲ့ပါ။

---

## ကုသိုလ်များ အကျိုးပေး ဆန်းကြယ်လှပုံ

**စေးနဲသော သူဌေးကြီး** သာဝတ္ထိမြို့၊ အာဂန္တုက သူဌေးကြီးသည် ကုဋေများစွာ ချမ်းသာ၍ သားသမီးမရှိသော်လည်း ဆန်ကွဲထမင်း ပုံးရည်ဟင်းနှင့်စားကာ ဂုံနီဖျဉ် အင်္ကျီဝတ်,ရထားအိုကို စီးပြီး မလှူဒါန်း မပေးကမ်းရက်ဘဲ ကွယ်လွန်ရာ မဟာရာဇာ ရေသို့ ကျလေသည်၊ အမွေဆက်ခံသူမရှိ၍ ပစ္စည်းများကို ကောသလမင်းကြီး သိမ်းယူပြီး ဘုရားထံသွားရာ ၎င်းသူဌေးကြီးနှင့် စပ်သော အရပ်ရပ်ကို မင်းကြီး လျှောက်ချက်အရ ပြည့်စုံစွာ ဘုရားရှင် မိန့်သည်။

**ကာစိမံ၍** ကောင်းဆိုးနှစ်တန် လွန်ခဲ့သော အတိတ်ကာလ ဗာရာဏသီ သူဌေး ဘဝဝယ် ပဒုမဝတီ မိဖုရားကြီး၏ တတိယသား တဂရသိခီ ပစ္စေကဗုဒ္ဓါအား အိမ်တံခါးသို့ ဆွမ်းလာရပ်သပြင့် မယားကို ဆွမ်းလှူစေပြီး နန်းတော်သို့ သွားသည်၊

ရှေးယခင်က လှူဘို့ရာ မခိုင်းစဘူး ခိုင်းပြန်တော့လဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဖြစ်နေသဖြင့် မွန်မြတ်စွာ လှူသင့်သည်ဟု သူဌေးကတော် ကြံစည်ပြီးလျှင် သလေးသားပြွမ်းဆွမ်း သပိတ်အပြည့်ကို ရိုသေစွာ လှူလိုက်ရာ နန်းတော်မှ ပြန်လာသော သူဌေးကြီးနှင့်တွေ့၍ ဆွမ်းသပိတ်ဖွင့်ကြည့်ရာ "ဤစားဘွယ်တွေကို ငါ့အား အကျိုးပြုတဲ့ တပည့်များကို ကျွေးရလျှင် ပိုကောင်းပေမည်" ဟု နှလုံးမသာယာ နောက်ပိုင်း အပရ စေတနာ ပျက်ခဲ့သည်၊ သို့ဖြစ်ရကား—

၁။ ဆွမ်းလှူခဲ့ခြင်းကြောင့် နတ်ပြည်၌ ၇-ကြိမ်, သာဝတ္ထိ၌ သူဌေး ၇-ကြိမ်ဖြစ်သည်၊ (ဤကား နောက်ဆုံးတည်း)။

၂။ အပရစေတနာပျက်ခဲ့၍ မွန်မွန်မြတ်မြတ် စားလို ဝတ်လို သွားသို ခံစားလိုစိတ် မရှိ။

၃။ အကို၏ သားကို ပစ္စည်းနှင့်စပ်၍ သတ်ခဲ့ ဘူးခြင်းကြောင့် နှစ်ပေါင်းများစွာ ငရဲကျ, ကုသိုလ်ကံကြောင့် သူဌေးဖြစ်သော်လည်း သားသမီးမရ၍ ပစ္စည်းများကို ၇- ကြိမ် မင်းဘဏ္ဍာ အဖြစ် အသိမ်းခံရသည်။

၄။ ယင်းသူဌေးသည် ဆွမ်းကုသိုလ်လည်းကုန်, အသစ်ကုသိုလ်လည်း မပြုခြင်းကြောင့် ယခုအခါ မဟာရောရုဝငရဲမှာ ခံနေရသည်ဟု သဂါထာဝဂ္ဂသံယုတ် အပုတ္တကသုတ်၌ ဟောတော်မူရာ "ဘယ်သူ မပြု၊ မိမိမူတည်း၊ အကုတရား၊ ထိုအမှားကား၊ တပါးမခံ၊ ယင်းဘေးဒဏ်သည်၊ ပြုသူထံသို့ ပြန်မြဲတည်း" ဟူသောဆောင်ပုဒ်ကို နှလုံးသွင်းကာ ရရှိသော သာသနာတော်ဝယ် အမြတ်ပေါ် အောင်ပြုလျက် ငယ်သော်လည်း အဆိပ်ပြင်းသော အကုသိုလ်များကို ဝေးစွာရှောင်သင့်သည်၊ အတ္တုပ္ပတ္တိရှင် မိသားစုများမှာ အကြိမ်များစွာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ရေတွင်း, ရေကန်, အာရာမ်, ဥယျာဉ်တို့ကို လှူဒါန်းခဲ့သူများ ဖြစ်သဖြင့် စေတနာသုံးတန် ချို့တဲ့ရန် မရှိပုံ ထင်ရှားသည်၊ မှန်၏၊ အပရ

စေတနာ ချီးသူများမှာ နောက်ပိုင်းကုသိုလ် မဆက်တတ်ကြ တော့ပေ။

**ဝေဠုကဏ္ဍကမြို့ နန္ဒမိခင်အလှူရှင်** အခါကာပါး နန္ဒလုလင်၏ မိခင် ဒါယိကာမကြီးသည် မြို့သို့ ရောက်လာသော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် ဦးစီးသော သံဃာတော်များအား အလှူကြီးပေးနေသည်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်သည် ဒိဗ္ဗစက္ခုဏ်တော်ဖြင့် မြင်တော်မူရာ ရဟန်းများကို ခေါ်ပြီး နန္ဒမိခင် ဒကာမကြီးသည် ပုဗ္ဗ, မုဥ္စ, အပရ စေတနာ ၃ တန်ဖြာလျက် ပြည့်စုံစွာ လှူခြင်းဟူသော အလှူရှင်ဆိုင်ရာ အင်္ဂါ ၃-ပါး, ရာဂ ဒေါသ မောဟကင်းပြီးသော သာရိပုတ္တရာ စသော သံဃာအားလှူသဖြင့် အလှူခံဆိုင်ရာ အင်္ဂါ ၃-ပါး၊ ၎င်းအင်္ဂါ ၆-ပါးနှင့် ပြည့်စုံသော အလှူကြီး ဖြစ်သည်၊ ထို့ကြောင့် သမုဒ္ဒရာရေများပမာ ဤမျှေ ဤမျှသာ အကျိုးရ၏ဟု ပမာဏကို တိုင်းတာဘို့ မလွယ်ဟု မိန့်သည်။

**ယခုကာလ အလှူခံများ လည်း အင်္ဂါပြည့်သည်** အလှူခံ အင်္ဂါ ၃ ပါး၌ ရာဂကင်းသူ, ရာဂကင်းအောင် အားထုတ်သူ အလှူခံဖြစ်ခြင်းဟု ဆက္ကအင်္ဂုတ္တိုရ် ဆဠင်္ဂဒါနသုတ် စကားကို ထိုခန္ဓ ဖြစ်သစ်စ သာမဏေငယ်ကိုသော်လည်း ရာဂစသည် ကင်းအောင်ကျင့်သူမည်သည်ဟု အဋ္ဌကထာ ပြတော်မူခြင်းကြောင့် ယခုသာမဏေများ အားလုံးသည် အလှူခံအင်္ဂါ ကျနစွာ ပြည့်စုံသည်၊ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ သရဏဂုံသီလရှိသူသည် သောတာပန်ဖြစ်ရန်ကျင့်သူဖြစ်၍ ပထမအရိယာ သောတာပတ္တိမဂ္ဂဋ္ဌာန်၌ ထည့်သွင်းရမည်ဟုမိန့်ခြင်းမှာလည်း၊ အလှူရှင်များ စိတ်ရှင်ဘို့သာတည်း၊ အန္နဒေါ ဗလဒေါ ဟောတိ ဆွမ်းလှူလျှင် ကာယစွမ်းအား ခွန်အားကို လှူသည်မည်၏” ဟူသော သံယုတ်စကားမှာ မုချတိုက်ရိုက် နီတတ္ထကျိုးဖြစ်၍ ရသင့်သမျှသော ဆွမ်းအကျိုးမှာ “သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ” ငါးပါးဖြစ်ကြောင်း ပဥ္စက အင်္ဂုတ္တိုရ် ဘောဇနသုတ်၌ လာသည်။

**အရှင်သာရိပုတ္တရာ ဆင်းရဲသူအားချီးမြှောက်ပုံ** အရှင်မဟာကဿပသည် ဆင်းရဲသူများအား ချီးမြှောက်တော်မူသလို အရှင်သာရိပုတ္တရာလည်း အလားတူပင် ဖြစ်ရာ ရာဇဂြိုဟ်ပြည် သုမနသူဌေးကြီး၏ အမှုလုပ် သူရင်းငှါး မောင်ပုဏ္ဏ-မယ်ဥတ္တရာတို့ကို မိမိ နိရောဓသမာပတ်မှ အထတွင် ချီးမြှောက်လိုသဖြင့် နံနက်စောစော တောင်ယာတောသို့ ရောက်နေသော မောင်ပုဏ္ဏထံ ကြွသွားတော်မူသည်။ မောင်ပုဏ္ဏလည်း အရှင်သာရိပုတ္တရာအား နံနက်စောစောဖြစ်၍ မျက်နှာသစ်တော်ရေနှင့် တံပူကို ရိုသေစွာ ကပ်လှူပြီး ကြည်ညိုဝမ်းသာနေသည်၊ အရှင်သာရိပုတ္တရာသည် မောင်ပုဏ္ဏတို့အိမ် ဆွမ်းခံကြွလိုသော်လည်း သုမနသူဌေးကြီး၏ အိမ်နောက်ဘက် အဝင်ခက်သော နေရာဖြစ်၍ နေအိမ်သို့ မကြွတော့ဘဲ တောင်ယာတောသို့ မောင်ပုဏ္ဏအတွက် မယ်ဥတ္တရာ ထမင်းလာပို့မည့် အချိန်ကိုသာ မှန်းလျက် လမ်းကပင် ဆိုင်းလင့်နေတော်မူသည်။

**ပစ္စုပ္ပန်ထက် သံသရာကို ချီးမြှောက်ပါဘုရား** မယ်ဥတ္တရာ ထမင်းလာပို့သောအခါ လမ်းတွင် ကြုံတွေ့ရသော အရှင်သာရိပုတ္တရာအား (၁) ဆင်းရဲသူ မိမိတို့မှာ တရံ တခါ အရှင်မြတ်နှင့် ကြုံပေမဲ့ လှူစရာမရှိ၊ (၂) လှူစရာအနည်းငယ် ရှိသော်လည်း အရှင်မြတ်နှင့် မကြုံ၊ ယခုအခါ အကြောင်းစုံသဖြင့် သံသရာမှာ ချမ်းသာကြွယ်ဝ မင်္ဂဖိုလ်ရသည်ဘိုင်အောင် အကျိုးပြုသည့် ဆွမ်းလှူမှုကို ပြုမှဘဲဟု တွေးပြီး မောင်ပုဏ္ဏအတွက် ယူလာသော တယောက်စာ ထမင်းထုပ်ကို ဖြေ၍လှူရာ တဝက်လောက်အရောက်တွင် အရှင်မြတ်က လက်ဖြင့် သပိတ်ကို ပိတ်၍ထားသည်၊ "ယခုယူလာသော ထမင်းသည် တဦးစာသာ ဖြစ်၍ ၂-ဦးခွဲသုံးလျှင် မည်သူမှ ဝမည်မဟုတ်ပါ၊ ယခုဘဝအတွက် ချီးမြှောက်တော်မမူဘဲ ဆင်းရဲလှသော တပည့်တော်မများအတွက် သံသရာဘေးမှ ကင်းဝေးအောင် ချီးမြှောက်တော်မူပါ ဘုရား" ဟု လျှောက်ကာ အားလုံးလှူပြီး အိမ်သို့ပြန်၍ ထမင်းချက်သည်။

**ဒိဋ္ဌဓမ္မကျိုး ဒါနစေတနာ** ထမင်းချက်ပြီး ယူလာကာ တောင်ယာတော မောင်ပုဏ္ဏထံ အရောက်တွင် နောက်ကျ ရမည်လားဟု စိတ်မကောက်အောင် "မောင်တို့ ကျမတို့ ယနေ့ ကံကောင်းပုံ ပြောပြမယ်၊ နားထောင်ပါ မောင်"စသည်ဖြင့် ကြည်သာရွှင်ပျ ဆွမ်းလှူရပုံကို မယ်ဥတ္တရာက ပြောပြသောအခါ မောင်ပုဏ္ဏလည်း နံနက်စောစော မျက်နှာသစ်ရေ တံပူ လှူရကြောင်း ပြောပြ၍ ၂-ဦးသား ဝမ်းမြောက် ဝမ်းသာဖြစ်ကြသည်။ မောင်ပုဏ္ဏ ထမင်းစားပြီး၍ အိပ်ရာမှ အထတွင် ထွန်ပြီးသော လုပ်ငန်းများကို ကြည့်ရှုသည့်ခဏ ထွန်ချေးခဲများမှာ ရွှေသားပကတိ ဖြစ်နေသည်ကို တွေ့ကြရသဖြင့် ဗိမ္ဗိသာရ မင်းကြီးထံ သွားလျှောက်၍ လှည်းသည်တော်များနှင့် လာရောက် သယ်ဆောင်ကြသည်။

**ကိုယ်ကုသိုလ်သာ ကိုယ့်ဥစ္စာတည်း** ဘုရင်၏ လှည်းသည်တော်များက "ဘုရင်မင်းမြတ်၏ ဘုန်းတော် အလျောက် ပေါ်ပေါက်သော ရွှေတုံးကြီးတွေ" ဟု ဆိုမိရာ ပကတိ မြေစိုင်ခဲများသာ ဖြစ်ကုန်တော့သည်။ ဘုရင်မင်းမြတ်ထံ ပြန်လျှောက်ရာ အဲဒါတွေ ငါ့ဥစ္စာမဟုတ် မောင်ပုဏ္ဏတို့ပစ္စည်းသာ ဖြစ်သည်။"မောင်ပုဏ္ဏတို့ ရွှေတွေ" ဟုပြောဆိုပြီး တင်လာကြဟု မိန့်မှာတိုင်း စိမ်ကြမှသာ ရွှေတုံး ရွှေခဲများကို ရတော့သည်။

ဗိမ္ဗိသာရ မင်းကြီးက မောင်ပုဏ္ဏတို့အား သူဌေးရာထူးကို ပေးပြီး အိမ်နေရာကိုလည်းပေးစေ၍ မြေညှိသုတ်သင်စေရာ ရှေးကသူဌေးကြီးတဦး နေဘူးသော နေရာဖြစ်နေ၍ တူးဆွတိုင်းရွှေငွေရတနာ အိုးများစွာ ရကြပြန်ကာ ရတနာရှိရာသို့ ရတနာများ စုကြတော့သည်။

ထိုဖြစ်ရပ်ကိုထောက်၍ ကုသိုလ်ကံအကျိုးမပေးသေးသမျှ မချမ်းသာနိုင်၊ အကျိုးပေးပြီဆိုလျှင်လည်း ဆောင်ရွက်သမျှ သုခမင်္ဂလာ ချည်းပင် ဖြစ်တော့သည်။ ထို့ကြောင့် မောင်ပုဏ္ဏ, မယ်ဥတ္တရာ, သမီးငယ် ဥတ္တရာတို့လည်း အိမ်သစ်တက်မင်္ဂလာတွင် ဘုရားအမှူးရှိသော သံဃာ

တော်များအား ဆွမ်းလှူ၊ တရားနာပြီးသည်၏ အဆုံး၌ ၃–ဦးလုံး သောတာပန်တွေဖြစ်ကြပြီး လောကီ သူဌေးသာမက လောကုတ္တရာ သူဌေး အဆင့်သို့လည်း မြင့်တက်သွားကြသည်။ ထို့ကြောင့်—

(၁) ကုသိုလ်ကံပေး၊ မရသေး၊ နှောင်နှေးဗျာပါ မရှိရာ၊

(၂) ကုသိုလ်သည်သာ၊ ကိုယ့်ဥစ္စာ၊ မှန်စွာသိ၍ အားထုတ်ပါ၊

(၃) ဘုံဆိုင်ပစ္စည်း၊ ရန်သူနီး၊ လှူပြီးမှသာ စိတ်ချရာ၊

(၄) ကုသိုလ်သည်သာ၊ ကိုယ့်နောက်မှာ၊ အရိပ်ပမာ သောယာ–

ဟူသော ဒေသနာအား လျော်စွာ အားထုတ်သင့်ကြသည်။

**မိသားစု ၅-ဦး ဆွမ်းအလှူ** ငါတို့ဘုရားသာသနာတွင် မေဏ္ဍက သူဌေး မိသားစု ဖြစ်လာကြမည့် ဗာရာဏသီ သူဌေး, ဇနီး, သား, ချွေးမ, အစေခံ ယောကျ်ား ၅–ဦးသားတို့သည် လွန်ခဲ့သော ၃–နှစ်ခန့်ကပင် နက္ခတ် ဗေဒင် ပညာရှိ ပုရောဟိတ် ပုဏ္ဏား ကြီး ၏"နောင် ၃–နှစ်ကြာလျှင် အငတ်ဘေးကြီး ဆိုက်မည်" ဟူသော စကားအရ ဆန်စပါးကျီကြီးများစွာကို သိမ်း စုဆောင်းထားသဖြင့် အများ တကာလို ထွက်မပြေးရဘဲ ချမ်းသာစွာ စားသောက် နေထိုင်ကြရသည်။ သို့သော်လည်း ကာလကြာသဖြင့် တဖြည်းဖြည်း စပါးများကုန်ကာ နောက်ဆုံး ဆန် ၈ ခွက်မျှသာ ကျန်တော့သည်၊ ယင်း တခွက်ကို နောက်ဆုံးအနေ ချက်ပြီး မိသားစု ၅- ဦး ဝဝစား၍ သေကြမည်ဟု တိုင်ပင်ကာ ၅–ဦး ခွဲဝေစားမည်ဟု ပြင်နေခိုက်ဝယ် ပစ္စေကဗုဒ္ဓါတဆူ ဆွမ်းလာရပ်သည်ကို တွေ့မြင်သဖြင့် ငါတို့ ဒါနနဲ့သေး၍ အငတ်ဘေး တွေ့ရသည်၊ အရှင်မြတ်အား မလှူဘဲ စားလိုက်လျှင် "မလှူ့လို့ ငတ်၊ ငတ်လို့မလှူ အမှဲ ဇာတ် သံသရာ ပြတ်တော့မည် မဟုတ်"ဟု ယူဆပြီး သူဌေးကြီးက သူ့ဝေစုကို အရှင်မြတ်အားလှူ၍ ဆုတောင်းသည်၊ သူဌေး ကြီး၏ ဆုတောင်းသံကို ကြားသဖြင့် သူဌေးကတော်, နောက်-သား, ချွေးမ, အစေခံတို့က အသီးအသီး ဝေစုကိုလှူပြီး ဆုတောင်းကြသည်။

**ဆုတောင်း ၅-မျိုး အတုခိုးဘွယ်ရာ** (၁) သူဌေးကြီးက သေရေး ရှင်ရေး အရေးကြီးချိန်တွင် ဆွမ်းတထပ်စာ စေတနာကြောင့် ဒုက္ခကင်းရာ နိဗ္ဗာန်ကို အမြန်ရပါစေ၊ မရသေး၍ ပါရမီဖြည့်နေချိန်တွင် အငတ်ဘေးမှ ဝေးပါစေ၊ စပါးကျီများကိုရှင်းပြီး၍ ကောင်းကင်ကိုမော်ကြည့်လျှင် စပါး ၇-မျိုး မိုးပေါက် မိုးသီးအလား ထင်ရှားကျလာပြီး ရှိသမျှ စပါးကျီများ ပြည့်ပါစေ၊ ဖြစ်လေရာရာ ဘဝတိုင်း ဒီမယား, ဒီသား, ဒီချွေးမ, ဒီအစေခံတို့နှင့်သာ ဥမကွဲ သိုက်မပျက် နှစ်သက်စွာ ဖြစ်ရပါစေသားဟု ဆုတောင်းသည်၊ (၂) သူဌေးကတော်ကလည်း နိဗ္ဗာန်, အငတ်ဘေးကင်း မိသားစုအတူဖြစ်ရေး ဆုတောင်းပြီး (ဤသုံးချက် တောင်းပုံ အားလုံးတူ) ထမင်းတအိုးချက်ကာ ထိုင်ရာမထ ရွှေနားချပြီး ဇမ္ဗူဒိပ်တကျွန်းလုံးမှ လာသမျှ အလှူခံတွေကို ကျွေးနိုင်ပါစေ၊ (၃) သားကလည်း မိမိလက်ဖြင့် ငွေတထောင်ထုပ်ကို ကိုင်ထားကာ လာသမျှ အလှူခံများကို နှိုက်ပေးသော်လည်း မလျော့ဘဲ အစားပြန် ပြည့်ကာ တထောင်အတိုင်းသာ ရှိပါစေ၊ (၄) ချွေးမကလည်း မိမိရွှေ၌ စပါးတတောင်းချကာ နေရာမထ ဇမ္ဗူဒိပ် တကျွန်းလုံးမှ လာသူအလှူခံ တို့အား ပေးသော်လည်း မကုန်ဘဲ ပြည့်မြဲတိုင်းသာ ရှိပါစေ၊ (၅) အစေခံ ယောကျ်ားကလည်း လယ်ယာ၌ ထွန်တခါက်ခမောင်းလျှင် ဝဲယာ ၃-ကြောင်းစီ, အလယ်ဘကြောင်း, ပေါင်း ထွန်ရေး ၇-ကြောင်း မောင်းနိုင်သော သတ္တိဖြင့် ဇမ္ဗူတခွင်တွင် ဂုဏ်ထူးရှိသူ ဖြစ်ပါစေဟု ဆုတောင်းသည်၊ (မင်း, စကြာမင်း, သူဌေး စသည် မရည်ရွယ်ဘဲ ဤမိသားစုတွင် ကျွန်အဖြစ်သာ ဆုတောင်းခြင်းကား သံယောဇဉ်ကြီးရာ ရောက်၍ မကောင်းလွန်းပေ။)

**မျက်မှောက်လက်ငင်းအကျိုး အားကိုးဘွယ်ရာ** ပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း ဒါနရှင် ၅-ဦးတို့၏ ဆွမ်းကို အလှူခံပြီးလျှင် "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု= သင်တို့ လိုလားသမျှ လပြည့်ဝန်းပမာ ပြည့်စုံကြပါစေ"ဟု ဆုပေးပြီး

ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွရာ ဒါနရှင် ၅-ဦး ကြည်နူး ဝမ်းသာ စာဂါနုဿတိဘာဝနာဖြင့် ပွဲများနေရာ ညနေစောင်းအခါတွင် ဆာလောင်လှသော သူဌေးကြီး ပူဆာသဖြင့် နံနက်က ဆေးမှောက်ထားသော ထမင်းအိုးများကို သူဌေးကတော် အကြည့်တွင် အားလုံးထမင်းများ ပြည့်နေသည့် အတွက် သူဌေးကြီးအား ပြောပြ၍ အားလုံးသိကာ စားသော‌ က်ကြသော်လည်း အိုးမလျော့ပါ၊ ထိုနေ့၌ပင် စပါးကျီအားလုံးလည်း ပြည့်လာသည်။

**တဦးကောင်းလျှင် တသောင်း မကာ ချမ်းသာရသည်**

ဗာရာဏသီသူဌေး စပါးကျီများ ပြည့်နေသည်ကို ပတ်ဝန်းကျင်မှစ၍ လာယူကြ, တမြို့လုံးသိ၍ လာယူကြ သော်လည်း မကုန်သဖြင့် ဇမ္ဗူဒိပ်တကျွန်းလုံး လာယူစားသောက်ကြရပြီး အားလုံး ချမ်းသာ၍ အငတ်ဘေးမှ ဝေးကြတော့သည်၊ ဤပါရမီရှင် ၅-ဦးအလား အတ္တုပ္ပတ္တိရှင်၏ စေတနာများကို အလှူခံခွင့်, သုံးစွဲ နေထိုင်ခွင့်ရသော စရပ် တန်ဆောင်း ကျောင်း စသည်တို့နှင့် စပ်ရာ ရဟန်းရှင်လူများ ချမ်းသာမှု ရကြပုံ, မိမိ၏ ဆေးလိပ်လုပ်ငန်းခွင်များကိုလည်း သက်ဆိုင်ရာ သားသမီး တူ တူမတို့အား ဆေးလိပ်ခုံခွဲများကို ခွဲဝေချီးမြှောက်သဖြင့် အားလုံးချမ်းသာကြရပုံမှာ တဦးကောင်းလျှင် တသောင်းမကာ ချမ်းသာရကြောင်း ဤမေဏ္ဍကဇာတ်ကို ရေးသားရင်း ရွှေခြူးဒါယကာကြီး၏ ကောင်းမှုသုဉ်ရပ်များကို ဝမ်းမြောက်စွာ စေတနာရောက်မိသည်။

**လူနတ်စည်း.စိမ် ရိပ်ငြိမ်သာယာ လွှန်ချမ်းသာ**

ပါရမီရှင် ၅-ဦး တို့သည် လူနတ် ချမ်းသာ များကို ခံစား ကြရပြီး "ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ=ကုသိုလ်ပုည သီလရှိသူ၏ တောင့်တချက်သည် စင်ကြယ်သည့်အတွက် ပြည့်စုံသည်" ဟူသည်နှင့်အညီ ငါတို့ဘုရားလက်ထက်တော်တွင် သူဌေးကြီး မေဏ္ဍက, သူဌေးကတော် စန္ဒပဒုမ, သား ဓနဉ္စယ, ချွေးမတော် သုမနဒေဝီ, အစေခံ မောင်ပုဏ္ဏ၊ မိသားစု

၅-ဦးဖြစ်လာပြီး မြေးတော်ကလေး ဝိသာခါ ဘုရားကျောင်းအမကြီး ဖြစ်မည့်သူပါ တိုးလာသည်။

**ဆန်းကြယ်လှသော** "ကမ္မဝိပါကော အစိန္တေယျော"နှင့်အညီ ဆန်း **မိသားစု** အကျိုးပေး ကြယ်သော စေတနာ အားလျော်စွာ ယခု မျက်မှောက်တွင်ပင် တဦးနှင့်တဦး အလှမ်းကွာလှ အကျိုးပေး ဆန်းကြယ်ကြသလို မိသားစု ၅-ဦးမှာလည်း အံ့သြဘွယ်ရာ အကျိုးပေး ဆန်းကြယ်ပါသည်၊ ရှစ်ကရီသ (၁-ကရီသ ၆၂၅-စတုရန်းတာ ရှိသည်။) ကျယ်ဝန်းရာ သူဌေးကြီး အိမ်ဝင်း၌ ဆင်ပေါက်, ကျွဲလောက် ရှိသော ရွှေဆိတ်ရုပ် များစွာပေါ်,လာ၍ မေဏ္ဍက "ရွှေဆိတ်ရုပ်" သူဌေး ဟု တွင်သည်၊ ဆိတ်ရုပ်ရှိ အပိတ်ကို ဖွင့်လျှင် လိုသမျှ ရွှေ ငွေ ရတနာ ဝတ်စားတန်ဆာများ မပိတ်မခြင်း ရေပြွန်မှရေများလို ကျလာသည်၊ ၎င်းဆိတ်တကောင်က ပစ္စည်းများကိုပင် တကျွန်းလုံး သုံးသော်လည်း မကုန်နိုင်ပေ၊ သူဌေးကြီးသည် မိမိကံစွမ်းကို လူအများအား ပြလိုသဖြင့် စပါးကျီများရှင်းပြီး ကောင်းကင်ကို မော်ကြည့်ရာ စပါး ၇-မျိုး မိုးသီး မိုးပေါက်ပမာ ကျလာသည်။

ဆုတောင်းကြသည့် အတိုင်းပင် ဆန်တခွက်ချက် တကျွန်းလုံး ကျွေးနိုင်,ငွေတထောင်အိတ်မှ တကျွန်းလုံး ပေးနိုင်,စပါးတခွဲပင် သုံးစွဲကျူး ယူ၍ မကုန်နိုင်ခြင်းများနှင့်တကွ ထွန်တခါက်မောင်း ၇-ကြောင်းထင် ခြင်းတို့သည်၎င်း,တရားတော်ကိုနာရ၍ မြေးမ ဝိသာခါနှင့်တကွ အားလုံး သောတာပန် ဖြစ်ရခြင်းတို့သည်၎င်း ပစ္စေကဗုဒ္ဓါအရှင်အား ဆန်တခွက် ချက် ဆွမ်းဒါနကြောင့်ပင်ဖြစ်ရာ "ဒါနအကျိုး ငါဘုရား သိသလို သတ္တဝါများသိကြလျှင် မလှူဘဲ မစားခြင်းနှင့်တကွ နှမြောမှုလည်း ကင်း ရှင်းမည်" ဟူသော ဣတိဝုတ်လာ ဒါနသုတ်အရ အားထုတ်နိုင်ကြပါစေ။

## မြေဆိုရန် မေးခွန်းများ

၁။ စေးနှဲသော သူဌေးကြီးအကြောင်းကိုရေး၍ သူဌေးဖြစ်ရခြင်း, ချမ်းသာကို မခံစားနိုင်ခြင်း,သားသမီး မရခြင်းအကြောင်းများ

ကို ပြပြီးလျှင်"ဘယ်သူမပြု မိမိမှုတည်း"အစချီသော ဆောင်ပုဒ် ကိုလည်း ဆိုးအောင် ရေးသားပါ။

၂။ ဒါနဆိုင်ရာ အင်္ဂါ ၆-ပါးနှင့် ယင်းဒါနအကျိုးကိုရင်း, ယခုကာလ ရင်းဒါနမျိုး ဖြစ်ပုံကိုရင်း ရေးသား၍ ပဉ္စကအင်္ဂုတ္တိုရ်လာ ဆွမ်းအကျိုး ၅-ပါးကိုလည်း ပြပါ။

၃။ အရှင်သာရိပုတြာ၏ စေတနာနှင့် မောင်ပုဏ္ဏ မယ်ဥတ္တရာတို့၏ ဒါန အသီးသီးကိုပြ၍ ထမင်းထုပ်တဝက်ကိုသာ အရှင်သာရိပုတြာက လက်ခံရာ၌ မယ်ဥတ္တရာ၏ လျှောက်ထားပုံ, ထမင်းပို့ နောက်ကျ၍ မောင်ပုဏ္ဏ စိတ်မဆိုးအောင် မယ်ဥတ္တရာ ပြောဆိုပုံများကိုလည်း ရေးသားပါ။

၄။ ပုဏ္ဏမိသားစု လောကီလောကုတ္တရာ မျက်မှောက်ကျိုးများ ရပုံကို ပြ၍ အပြောမတတ်သော ဘုရင့်လှည်းသမားများ၏ ဖြစ်ချက်ကို ရေးပြီးလျှင် "ကုသိုလ်ကံပေး မရသေး"အစချီသော ဆောင်ပုဒ် ၄-ခုကိုလည်း ထုတ်ပြပါ။

၅။ မဏ္ဍက မိသားစုတို့၏ အတိတ်ကံကိုရင်း, ဆုတောင်း ၅-မျိုးကို ရင်း ရေး၍ ဆွမ်းလှူရသည့် မျက်မှောက်အကျိုးနှင့် အစေခံ ယောကျ်ား ဆုတောင်းမှားပုံကိုလည်း ရေးသားပါ။

၆။ ဗာရာဏသီသူဌေး တဦးကောင်းဖြင့် တသောင်းမက ချမ်းသာရပုံ ကို ပြ၍ ဝိသာခါကျောင်းအမကြီး၏ မိဘဘိုးဘွား နာမည်များ ကိုရင်း, မဏ္ဍကသူဌေးအမည်ရပုံ, ရွှေဆိတ်ရုပ်များ ကျေးဇူးများ ပုံကိုရင်း ရေးသားပါ။

---

## သင်္ကန်းဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်

သူဆင်းရဲ၏ ပုဆိုးတပိုင်း လှန့်ခဲ့သော ကမ္ဘာတသိန်း ပဒုမုတ္တရ ဘုရား
အလှူအကျိုးများ လက်ထက် သူရင်ငှါးတဦးသည် သုဇာတာ
အရှင်မြတ်ကို တွေ့ရသဖြင့် မိမိဆင်းရဲပုံ

တွေးမိ၍ ဆင်းရဲကင်းရန် ခါးမှာဝတ်ထားသော ပုဆိုးတပိုင်းကို ဖြတ်ကာ သုဇာတာ အရှင်မြတ်၏ ခြေရင်းနား ချထားပြီး ကြည်ညိုနေသည်။ မထေရ်မြတ်လည်း သင်္ကန်းအဖြစ် ပံသုကူကောက်ရာ ဝမ်းသာလှသဖြင့် ဤကုသိုလ်ကြောင့် အဆင်းရဲနှင့် ငရဲကင်းပြီး ချမ်းသာစွာ ပါရမီဖြည့်ရ ပြီးလျှင် အရှင်မြတ်ကဲ့သို့ ကျွတ်တမ်းဝင်ရပါလို၏ဟု ဆုတောင်းသည်။ ဆုတောင်းတိုင်းပင် သိကြားအဖြစ် ၃၇-ကြိမ်, စကြာမင်း ၂၇-ကြိမ်, ပဒေသရာဇ် ကေရာဇ် အကြိမ်များစွာနှင့် လူနတ်ဘဝကျင်လည်ရပြီး ငါတို့ ဘုရားလက်ထက်တွင် "ဝဏ္ဏဒေါ ဟောတိ ဝတ္ထဒေါ" အဝတ်အလှူကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းကာ ဟေရညက အမည်ဖြင့် ၁၆-နှစ်သားက ပင် အမတ်ရာထူးရသည်။

**တောက်မည့်မီးခဲ ရဲလျက်သာပင်** နှောင် အနာထပိဏ် သူဌေးကြီး ၅၄-ကုဋေတန် ကျောင်းဆောက်ပြီး ရေစက်ချပွဲတွင် ယင်းအမတ်လည်း ဘုရားရှင်၏ အသရေတော်ကို ကြည်ညို၍ ဆိုင်ရာ မင်း,မိဘများအား ခွင့်တောင်းပြီး ဘုရားထံသွား၍ ရဟန်းပြုခွင့် တောင်းရာ ပုဆိုးတပိုင်း သင်္ကန်းလှူဘူးသောကြောင့် ဘုရားရှင်က "ဧဟိ ဘိက္ခု"ဟု လက်ျာလက်တော်ကို ဆန့်၍ခေါ်လိုက်သည်နှင့် တပြိုင်နက် အမတ်အသွင်ပျောက်ပြီး ပရိက္ခရာ ၈-ပါး အလိုလိုရောက်ရှိ ဝတ်ရုံပြီးဖြစ် ကာ ဝါတော် ၆၀-ရပြီး မထေရ်ကြီးအသွင် ဖြစ်လာသည်။ "ပုရိသာနံ စီဝရဒါနံ ဧဟိဘိက္ခုဘာဝေန မတ္ထကံ ပပ္ပေါတိ= ယောကျ်ားများ၏ သင်္ကန်းအလှူသည် "ဧဟိဘိက္ခု" ခေါ်ကာမျှဖြင့် ရဟန်းဖြစ်ရခြင်းဟူသော အထွဋ်အထိပ်သို့ ရောက်သည်"ဟူသော အဋ္ဌကထာ စကားအရ ဝမ်းသာ စွာ အားထုတ်သင့်သည်။

**ဝတ်ပန်းလုံချည်တကော ၃-နှစ် ကျန်ဖြစ်ရရှာ** ကဿပဘုရားရှင် လက်ထက် ဗာရာဏသီပြည် ဆင်းရဲသူအမျိုးသမီးသည် သူဌေးများ ဝတ်သော ဝတ်ပန်းလုံချည်ကို ဝတ်လိုသဖြင့် မိဘ များထံ ပူဆာရာ မတတ်နိုင်ကြောင်း သိသဖြင့် ဝတ်ရလေအောင် သူဌေး

တဦးအိမ် ဝတ်ပန်းလုံချည်ရရေး ဆွေးနွေး ပြောဆိုကာ ၃-နှစ်ကျွန်ခံရ ရှာသည်။ လုပ်ငန်းဆောင်ရွက်ချက် ကောင်းသဖြင့် ၃-နှစ် မပြည့်ခင်တဲ ရလာသောလုံချည်ကို ဝတ်ဆင်ရန် အိမ်ပြန်အလာ ခရီးအကြားရှိ ရေကန်တွင် ရေချိုးပြီးမှ ဝတ်မည်ဟု ပြင်ဆင် နေခိုက်ဝယ် ဆွမ်းခံလာရင်း သင်္ကန်းများကို လုယူခံရသဖြင့် သစ်ရွက်များ ဝတ်ဆင်၍ ဆွမ်းခံလာသော ရဟန္တာတပါးနှင့်တွေ့ရာ ဒါနနဲ့လို မွဲကာ ၃-နှစ်ကျွန်ခံမှရလာသော ဤအဝတ်ကို ယခုတဘဝတွင်သာ မဝတ်ဆင်ဘဲ နောင်ဘဝများစွာ ဝတ်ဆင်ရအောင် အရှင်မြတ်အား လှူအံ့ဟု ကြံပြီး လှူလိုက်ရှာသည်။

မြင်သော ယောကျာ်းတိုင်း ငေးကြည့်ခံရသူ ဖြစ်ရပါစေ — အမျိုးသမီးငယ် လှူသော ဝတ်ပန်းသင်္ကန်းကို အရှင်မြတ် ဝတ်ရုံစဉ် ကြည်လင် ရွှင်ပျသော သဒ္ဓါပီတိဇောအစဉ် ဖြာလျက် ဤကောင်းမှုကြောင့် မဂ်ဖိုလ်ရသည်တိုင်အောင် အဆင်းရဲနှင့် ငရဲကင်းကာ ချမ်းသာ ၃-ဖြာ ရပါစေ၊ အထူးအားဖြင့် တပည့်တော်မ၏ တင့်တယ်ပြည့်စုံ အဆင်းဂုဏ်ကို မြင်ကြရသော ယောကျာ်းတိုင်း သညာကင်းပျောက် ရူးသွပ်ခြင်းသို့ ရောက်ကြပါစေဟု ဆုတောင်းသည်၊ (အဆင့်အတန်း နိမ့်ကျသဖြင့် ယောကျာ်းပျိုများ အရေးမပါသည်ကို စိတ်နာနာနှင့် ဆုတောင်းသည်ဟု ယူဆဘွယ်ရှိသည်။) ဆုတောင်းအားလျော်စွာ သေ၍ နတ်ပြည်သို့ တကြိမ်ရောက်ပြီး လူ့ပြည် သိဝိတိုင်း အရိဋ္ဌပုရမြို့ ကုဋေ ၈၀-ကြွယ်ဝသော ဋ္ဌိရိတဝစ္ဆသူဌေးကြီးသမီး ဖြစ်လာကာ ငယ်စဉ်ကပင် မြင်မြင်သမျှ မိန်းမ,ယောကျာ်းတိုင်း ရူးမူးမတတ် ဖြစ်ကြရ၍ ဥမ္မာဒန္တီ အမည်ရသည်၊ သိဝိမင်းနှင့်တကွ လက္ခဏာဖတ် ပုဏ္ဏားများ ဥမ္မာဒန္တီကြောင့် အရူးအမူး ဖြစ်ကြရ၏။ အဘိပါရက စစ်သူကြီးကတော် ဖြစ်ရပြီးနောက် လူ့ရွာနတ်ပြည် ချမ်းသာအလီလီကို ခံစားရသည်။

**အဆင်းအတွက် ရန်ဘက်များဟန် ဥပ္ပလဝဏ်** ငင်းအမျိုးသမီးသည် ငါတို့ဘုရား လက်ထက် သာဝတ္ထိ ပြည် ကုဋေ ၁၆၀ ကြွယ်ဝသော သူဌေးသမီးဖြစ်လာ ကာ ကြာညိုပန်းပွင့် အဆင်းရှိ၍ ဥပ္ပလဝဏ်မည်သည်။ အရွယ်ရောက်သောအခါ ၁၀၁-ပါးသော မင်းများ နှင့်တကွ သူဌေးသူကြွယ်များက တောင်းရမ်းလာကြသည်ကို အပေးရ ခက်သဖြင့် မိဘများက ရဟန်းပြုခိုင်းရာ ပါရမီရှင်ဖြစ်သည့်အလျောက် သဘောပေါက် လက်ခံသဖြင့် မိဘများကပင် ကြီးစွာသော ပွဲသဘင် ဆင်ယင်၍ ရဟန်းခံ ပေးလိုက်ကြသည်။ မကြာမီ ဈာန်အဘိညာဉ် သမာပတ်တို့နှင့်ပြည့်စုံသော ရဟန္တာမ ဖြစ်ကာ အမျိုးသမီးသာသနာဝင် တွင် အထူး မှတ်တမ်းတင်ထိုက်သော လက်ဝဲတော်ရံ တန်ခိုး ဧတဒဂ်ရှင် ဖြစ်လာသည်။ ဤကား ၃-နှစ် ကျွန်ခံ၍ရသော ဝတ်ပန်းပုဆိုး ဒါန စေတနာ ဦးစီးသော ကုသိုလ် မင်္ဂလာတို့ကြောင့် ဖြစ်ရာ "ကပ္ပရုက္ခသမံ ဒါနံ၊ သုခံ ဒေတိ ယထိစ္ဆိတံ=ပဒေသာပင်သဘွယ် ဒါနသည် အလိုရှိ တိုင်းသော ချမ်းသာကို ပေးနိုင်သည်" ဟူသည်နှင့်အညီ "ယောကျ်ား တိုင်း ရှုးကြပါစေ" ဟူသော ဆုကို ဖယ်ထား၍ ကြွင်းသော ဆုမြတ် များကို မြော်ခေါ် မှန်းဆလျက် မြတ်သော သက်န်းဒါနကို ပြုသင့်ကြ သည်။

**ပဒေသာပင် ပေါက်စေချင် သော အရှင်မဟာကဿပ** ပထမသံဂါယနာ ဦးစီးခေါင်းဆောင် (မဟာ ပိပ္ပလိ မည်သော) အရှင် မဟာကဿပ၏ အလောင်းတော်သည် ကောဏာဂုံနှင့်ကဿပ ဘုရား ၂-ဆူအကြား အခါတပါးဝယ် ဗာရာဏသီပြည် သူကြွယ်သား ဖြစ်၍ တောလည် သွားရာ ကျောင်း သခ်မ်း၌ သက်န်းချုပ်နေသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကို တွေ့၍ သက်န်း အနားပတ်တင်စရာ ပိတ်စ လိုနေကြောင်း သိသဖြင့် မိမိ၏အပေါ်ရုံ တဘက်ကို လှူဒါန်းပြီး ဤကောင်းမှုကြောင့် နိဗ္ဗာန်အမြန် ရပါစေ၊ မရမီ ပါရမီဖြည့်စဉ် ဘဝတိုင်း မှာလို၍ တောင့်တလျှင် မြေမှ အဝတ်ပဒေသာပင် ပေါက်ရပါစေသားဟု ဆုတောင်းသည်။

**ပါရမီဖြည့်ဘက် ပန္နက်စိုက်ထူ** ဘဒ္ဒါကာပိလာနီ အလောင်း သူကြွယ်ကတော်လည်း ထိုနေ့၌ပင် ပစ္စေကဗုဒ္ဓါအရှင်အား စတုမဓု လှူဒါန်းပြီး၍ ဇနီးမောင်နှံတို့ ပြုပြီးကုသိုလ်များကို အချင်းချင်း ပြောပြ သာဓု ခေါ်ကြသည်။ သေလွန်၍ နတ်ပြည်သို့ ရောက်ကြ, လူနတ်ဘဝတို့၌ ကျင်လည်ကြရာ အခါတပါးတွင် သူကြွယ်သည် ဗာရာဏသီပြည်နှင့် တယူဇနာဝေးသော ရွာ၌ အမတ်ကြီးသား ဖြစ်၍ ရှုချင်စဘွယ် တင့်တယ်သောကြောင့် နန္ဒိယ အမည်ရသည်၊ သူကြွယ် မယားမှာမူ ဗာရာဏသီမင်းကြီး၏ သမီးတော်ဖြစ်ရာ တင့်တယ် လှပ၍ ဘဒ္ဒါဟု တွင်သည်။

**တသောင်းတန်ပုဆိုး တန်းဘိုးမထား** အရွယ်ရောက်လာသော နန္ဒိယသည် ပွဲသွားလို၍ မိခင်ကြီးထံ ပွဲထိုင်အဝတ် တောင်းရာ တထောင်တန် ပုဆိုး ပေးသည်ကို ကြမ်းသည့် အတွက် မနှစ်သက်ပါဟု ပြောသဖြင့် နှစ်ထောင်တန် ပေးသော်လည်း မကြိုက်၊ သုံးထောင်တန် စသည်ဖြင့် နောက်ဆုံး တသောင်းတန် ပေးသော်လည်း မကြိုက်ဘဲနေရာ မိခင်က ဒီထက်ကောင်းသော အဝတ် ဗာရာဏသီမင်း မှာသော်မှ မရှိသည့်အတွက် သားနှစ်သက်ရာ သားကံဖြင့် ရှာ၍ဝတ်လေ တော့ဟု အောင့်သက်သက် ပြောရတော့သည်။ နန္ဒိယလည်း မိဘများကို ကန်တော့ပြီး ထွက်သွားရာ ဗာရာဏသီမင်း ဥယျာဉ်သို့ ရောက်၍ ကျောက်ဖျာတခု၌ အိပ်စက်နားနေသည်။

**မင်းဖြစ်ထိုက်၍ ရထား လာဆိုက်သည်** ထိုအခါ ဗာရာဏသီမင်း နတ်ရွာစံ၍ ၇-ရက် ရှိပြီဖြစ်ရာ နန်းလျာသား မရှိ, သမီးတော် ဘဒ္ဒါသာ ရှိသဖြင့် တိုင်းပြည်ခေါင်းဆောင် များက မင်းလောင်းရှာရန် မောင်းသူမပါသော မင်္ဂလာ ဖုဿရထားကို လွှတ်သော် နန္ဒိယ အိပ်နေရာ ကျောက်ဖျာအနီးတွင် ရထားဆိုက်ရပ်သည်၊ မင်းဖြစ်ထိုက်သော အင်္ဂါ လက္ခဏာများကို မြင်သဖြင့် မင်းသမီးနှင့် မှူးမတ်များ တိုင်ပင်ပြီး နန္ဒိယအား ဗာရာဏသီမင်းအဖြစ် လွှဲအပ်ကာ

နန်းသိမ်းပွဲခံမည် အပြုတွင် ယူလာသော ဘုရင့် ဝတ်လဲတော်များကို မနှစ်သက်သဖြင့် ကောင်းရာကို ထပ်တောင်းသော်လည်း မရှိ၍ မရ တော့ပေ။

**အရပ်၄-မျက်နှာ ပဒေသာ ၃၂-ပင်**

ဤမျှ ကြမ်းသော အဝတ်ကို ဘုန်းကံနည်းပါးသော ရှေးမင်းများ ဝတ်နိုင်သော်လည်း "ငါကား မဝတ်"ဟု ပြောဆိုပြီးလျှင် ရွှေကရားဖြင့် ရေထည့်ယူစေပြီး "ငါသည် စိတ်လိုသမျှ စားဝတ်နေမှုကအစ မဂ်ဖိုလ်နိဗ္ဗာန်ကိုပင် ရစေနိုင်သော ဖြည့်အပ်ပြီး ပါရမီများ များလှပြီဖြစ်ရာ ယင်းပါရမီ ရှိန်စော် အာနုဘော်တို့ကြောင့် စိတ်တိုင်းကျ အဝတ်တန်ဆာများ သီးထားသော ပဒေသာပင်တွေ မြေမှ ပေါက်စေသတည်း"ဟု မိန့်ဆိုပြီး အရှေ့ဘက်လှည့်၍ ရွှေကရားဖြင့်ရေဖျန်းရာ အဝတ်ပဒေသာ ၈-ပင်ပေါက်သည်၊ အရပ် ၄-မျက်နှာလုံး ရေဖျန်းပြီးသောအခါ ပဒေသာ ၃၂-ပင် ပေါက်သဖြင့် ယင်းပဒေသာများမှ အဝတ်များကို ယူငင် ဝတ်ဆင်ပြီး ဥယျာဉ်တွင်း မဏ္ဍပ်၌ပင် ဘဒ္ဒါမင်းသမီးနှင့် လက်ထပ်ကာ အဘိသိက်ပွဲ ဆင်နွှဲလျက် မင်းအဖြစ် ခံယူတော်မူသည်၊ အဝတ်ပဒေသာပင်များကို လည်း တပြည်လုံး သုံးစွဲရန် လျှုဒါန်း ခွင့် ပြုသဖြင့် တပြည်လုံး ဗိုင်း ယက်ကန်း စသည် အဝတ်နှင့်စပ်သမျှ ချမ်းသာကြတော့သည်။

**ဘုရင်နှင့် မိဖုယား ကောင်းမှုတော်**

မင်း, မိဖုယား ၂-ပါးတို့သည် ချမ်းသာ စည်းစိမ်ကို အားရ တင်းတိမ် ကျေနပ်၍ မနေကြဘဲ နိဗ္ဗာန်ရကြောင်းကိုလည်း ရှေးရှု၍ မြို့တံခါး ၄-ပေါက်, မြို့လယ်, နန်းတော်တံခါးပါ ၆-နေရာတို့၌ အလှူမဏ္ဍပ်ကြီးများ ဆောက်လျက် နေ့စဉ် ၆-သိန်းကျ ဒါနပါရမီကို တူညီစွာ အားထုတ်ခဲ့ကြသဖြင့် လူ့နတ်ချမ်းသာများ ခံစားအပြီး ငါတို့ဘုရားလက်ထက်တွင် ကုဋေ ၈၀-စီ ကြွယ်ဝကြသော သူဌေးသားပိပ္ပလိ, သူဌေးသမီး ဘဒ္ဒါကာပိလာနီ ဖြစ်လာကြပြီး ကုဋေ ၁၆၀-သော စည်းစိမ်ချမ်းသာများကိုစွန့်၍ရဟန်းပြုကြသည်၊ ပိပ္ပလိကား အရှင်မဟာကဿပ တတိယ ထိပ်ခေါင်တင် သာဝကကြီး

ဖြစ်ကာ ဓုတင်ဆောင်မှုအရာ ဧတဒဂ်ဘွဲ့ထူးဖြင့်၎င်း၊ ဘဒ္ဒါကာပိလာနီလည်း ပုဗ္ဗေနိဝါသာနုဿတိအရာ ဧတဒဂ်ဘွဲ့ထူးဖြင့်၎င်း ရဟန္တာဖြစ်ကြ၍ ဘဝဇာတ် သိမ်းတော်မူကြရသည်။

သက်နှင့်အကျိုး ဂ-ပါး ကဿပတသိန်း ပဒုမုတ္တရ ဘုရားလက်ထက်တွင် ပိလိန္ဒဝစ္ဆအလောင်းသည် တံခါးမှူး ဖြစ်၍ အလွန်ချမ်းသာသည့်အတွက် သံဃာတော် တသိန်းကို သက်နှင့်, ထီး, ဘိနပ် စသည် အမျိုးမျိုးလှူခဲ့သည်၊ ဤကောင်းမှုကြောင့် သံသရာမှာ လိုရာအပြည့် အကျိုးပေးပြီး နောက်ဆုံး ငါတို့ဘုရားလက်ထက်တွင် ပိလိန္ဒဝစ္ဆ ရဟန္တာဖြစ်လာ၍ သူ့ကိုယ်တိုင် ပြုခဲ့သောဒါနကြောင့် ရခဲ့သော အကျိုးများကို ဟောပြရာတွင် သက်နှင့်နှင့် စပ်သော အကျိုး ဂ-ပါးကို ရွှေကျင်ဆရာတော်ဘုရားကြီးက –

ရွှေသို့ အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏၊ မကသိန်းဘိုး၊ ပုဆိုးရလေ၊ ညီ ရွှေ ပြုနီ၊ ဤ ဂ-လီသည်၊ ကျမ်းညီ သက်နှင့် လှူကျိုးတည်း”

ဟု သိမှတ်ဘွယ်ရာ စပ်ဆိုတော်မူခဲ့သည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ ခါးဝတ်ပုဆိုးကို တပိုင်းဖြတ်၍ ပံသုကူသက်နှင့် လှူဒါန်းရကျိုးများကိုပြ၍ ယောကျ်ားများအတွက် သက်နှင့်ဒါန၏ အထွတ်အထိပ်အကျိုးကို ရေးပြီးလျှင် မိန်းကလေးများ အဝတ်၌လော်လည်ပုံကို ဥမ္မာဒန္တီအလျာဝတ္ထုဖြင့် တင်ပြပါ။

၂။ ဥမ္မာဒန္တီ အလျာ၏ ဆုတောင်းကြောင့် ယောကျ်ားများ ဒုက္ခရောက်ရပုံကို ပြ၍ အဆင်းလှလွန်းခြင်း၏အကျိုး-အပြစ်များကို ဥပ္ပလဝဏ်ဖြစ်ရပ်ဖြင့် စပ်ပြပြီးလျှင် ၃-နှစ် ကျွန်ခံ၍ ရသော ဝတ်ပန်းပုဆိုး အလှူအကျိုးကိုလည်း ရေးသားပါ။

၃။ ပိပ္ပလိနှင့် မယ်ဘဒ္ဒါ သက်လျာ ၂-သွယ်တို့၏ ကောင်းမှုထုထယ်ကို ပြ၍ နန္ဒိယလုလင်ဝတ်ဆင်သော တန်ဘိုးအများဆုံးအဝတ်ကိုရင်း ဖုဿရထားလွှတ်ပုံကိုရင်း ပြ၍ ပဒေသာ ၃၂-ပင် ပေါက်ရခြင်း၏ အကြောင်းရင်းကိုလည်း ရေးပါ။

၄။ နန္ဒိယမင်းနှင့် ဘဒ္ဒါမိဖုရားကြီးတို့၏ နေ့စဉ်ကောင်းမှု၊ ၎င်း ၂-ဦး၏ အဆုံးဘဝ နာမည်၊ ဂုဏ်ထူးများကို ပြ၍ ပိလိန္ဒဝစ္ဆအမလောင်း တံခါးမှူး၏ ကောင်းမှု သက်န်းလှူကျိုး ၈-ပါး (ဆောင်ပုဒ်ပါ) တို့ကိုလည်း ရေးသားပါ။

---

## ကျောင်းဒါန ဝမ်းမြောက်ဘွယ်ရာ

**အလှူ ၉-မျိုး အကျိုး ၉-ပါး** ကျောင်းအလှူသည် 'ယာဝဒေဝ သီတဿ ပဋိဃာတာယ' စသည်ဖြင့် အချမ်းကင်းအောင်၊ မိုးပူကင်းအောင် စသည့် ၉-မျိုးကို လှူရာရောက်သဖြင့် ကျောင်းနေသံဃာတော်များမှာ အချမ်း အပူ မှက် ခြင် လေ ၅-မျိုး၊ နေပူ မြွေ ကင်းသန်း ဥတုဘေး ကင်း၍ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်နိုင်ခြင်း ၄-မျိုး၊ ပေါင်း အကျိုး ၉-ပါးရသည်၊ "ပဋိဂ္ဂဟကာနံ ဝိဟာရဝသေန ဥပ္ပန္နဖလာ-နုရူပမ္ပိ ဒါယကာနံ ဝိဟာရဖလံ ဝေဒိတဗ္ဗံ=ကျောင်းအလှူခံ သံဃာတော်တို့အား ကျောင်းနှင့်စပ်၍ ဖြစ်ရသော အကျိုး ၉-ပါး အားလျော်စွာ ကျောင်းဒကာများမှာလည်း အကျိုး ၉-ပါး ရသည်" ဟူသော သဗ္ဗာ-ဝသသုတ် စသည်။ သုတ္တန်နည်း ကျောင်းလှူသူတို့အား "နေ့ရော ညပါ အခါခပ်သိမ်း ကောင်းမှုမင်္ဂလာ တိုးပွါးသည်" ဟူသော ဒေဝတာသံယုတ် ဝနရောပ သုတ်တို့အရ ကျောင်းဒကာများ ကျေးဇူးများပေသည်၊ ထို့ကြောင့်ပင် ကျောင်းဒကာ အနာထပိဏ် နတ်သားသည် မြတ်စွာဘုရားထံ လာပြီး "ဇေတဝန် ကျောင်းတော်ကြီးကား သံဃာတော်များနှင့် ဘုရားရှင် မျှတ ရှင်ပြုံး သီတင်း ုံးနေရာ ဖြစ်ခြင်းကြောင့် ကျောင်းဒကာ တပည့်တော်မှာ ရှင်လန်းအားတက် နှစ်သက်၍ နေရပါသည် ဘုရား" ဟု လျှောက်သည်။

**တနည်း အကျိုး ၄-ပါး** အထက်ဖော်ပြပါ အကျိုး ၉ပါးကို ချုံးလျှင် (၁) ဆွမ်းမရ၍ မစားရသော်လည်း ကျောင်းတွင်း ခဏဝင်အိပ်ရလျှင် အားရှိလာသည်၊ ထို့ကြောင့် ခွန်အားကို လှူရာရောက်သည်။ (၂) ကျောင်း အပြင် လေဒဏ်နေဒဏ်ထိ၍ အဆင်းပျက်သော်လည်း ကျောင်းတွင်းဝင်နေက အဆင်းဓာတ် ကြည်လင်လာရကား အဆင်းကိုလည်း လှူရာရောက်သည်။ (၃) အပြင်တွင် ဆူးငြောင့်ခလုတ် မှက် ခြင် မြွေ သူခိုး ရန်သူ စသည်တို့ကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲရသော်လည်း ကျောင်းတွင်း၌ကား မဆင်းရဲလှသဖြင့် ကိုယ်စိတ် နှစ်ပါး ချမ်းသာခြင်းကိုလည်း လှူရာရောက်သည်။ (၄) အပြင်သွားလာနေလျှင် ချွေးကျခြင်း, မျက်စိတုန်လှုပ်သဖြင့် မျက်စိ အားမကောင်းခြင်းတို့ ဖြစ်ရာ အတွင်းသို့ဝင်လာပြီး အတွင်းပစ္စည်းများကို ကြည့်ရာ ကောင်းစွာ မမြင်ရသော်လည်း ကျောင်းတွင်း၌ ခဏအနားယူရလျှင် မျက်စိကြည်လာသည်၊ ထို့ကြောင့် မျက်စိကိုလည်း လှူရာရောက်သည်။ ဤသို့ ကျောင်းနေသံဃာများ အကျိုးလေးပါးရသလို ကျောင်းဒကာများမှာလည်း အကျိုးလေးပါး ရကြောင်း ဒေဝတာသံယုတ် ကိ ဒဒသုတ်၌ မိန့်သည်။

**တနည်း ကျောင်းအကျိုး ၁၇-ပါး** ခွင့်ပြုတော်မူချက်အရ ကျောင်းပေါင်း ၆၀-ဆောက်ပြီး ဤကျောင်းများကို မည်သို့ ပြုကျင့် လှူဒါန်းသင့်ကြောင်း ဘုရားအား လျှောက်ထားရာ လာပြီး, လာလတ္တံ့ဖြစ်သော အရပ်လေးမျက်နှာရှိ သံဃာတော်များအား လှူဒါန်းဟု စာတုဒ္ဒိသသံဃိက အလှူခိုင်းပြီးလျှင် "သီတံ ဥဏှံ ပဋိဟနတိ" စသည်ဖြင့် ကျောင်းအကျိုး ၁၇-ပါး ဘုရားဟောတော်မူသည်၊ အထက်ဖော်ပြပြီး ၉-ပါးထက်ထူးသော အကျိုးအချို့ ပါဝင်သည်၊ သဘောအားဖြင့်ကား ၉-ပါး, ၁၇-ပါး, ၄-ပါး တသားတည်းပင်ဖြစ်သည်၊ ၁-အချမ်း၊ ၂-မိုးပူ၊ ၃-ခြင်္သေ့ သစ်ကျားစသော သားရဲဘေးရန်၊ ၄-မြွေကင်း၊ ၅-မှက်ခြင်၊ ၆-အေးချမ်းသောအတွေ့၊ ၇-မိုးစိုခြင်း၊ ၈-အလွန်ပြင်းသောလေ၊ ၉-နေပူမှ ကင်းခြင်း ၁၀-ပုန်းအောင်းမှေလျှော်ရခြင်း၊ ၁၁-ချမ်းသာစွာနေရခြင်း၊ ၁၂-စျာန်ဝင်စားရခြင်း၊ ၁၃-ဝိပဿနာရှုရခြင်း၊ ၁၄-ထမင်း အဝတ်စသည်

ရခြင်း၊ ၁၅-တရားနာရခြင်း၊ ၁၆-မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း၊ ၁၇-ပရိနိဗ္ဗာန်ပြုရခြင်းတို့ ဖြစ်သည်။

ကျောင်းအမ ရောဟိနီ မင်းသမီး — အနာကြီးရောဂါ စွဲနေသော ရောဟိနီမင်းသမီးမှာ မောင်တော် အနုရုဒ္ဓါမထေရ်မြတ်၏ စေခိုင်းချက်အရ လက်ဝတ်လက်စားများကို ရောင်း၍ တသောင်းသော အသပြာဖြင့် ဆွေမျိုးတို့၏အကူအညီကိုလည်း ယူပြီးလျှင် ဘုံ-၇ ဆင့်ရှိ ဆွမ်းစားကျောင်းကို ဆောက်သည်၊ အထက်ပိုင်းပြီးသည်မှ စ၍ တံမြက်လှည်းခြင်း နေရာထိုင်ခင်း သောက်ရေသုံးရေ တည်ထားခြင်း စသည်ကို ပြုသည်၊ ရောဂါလည်း ထိုအခါမှစ၍ သက်သာလာသည်၊ ကျောင်းအပြီး ရေစက်ချပွဲတွင် ဘုရားရှင်က မင်းသမီးအား ရှေး ဗာရာဏသီမင်းကြီး၏ မိဖုရားဘဝတွင် ဘုရင်မင်းမြတ် နှစ်သက်မြတ်နိုးသော ကချေသည်မ ဇာဦးအပေါ် မနာလိုသဖြင့် အိပ်ရာပေါ် ယားယံစေတတ်သော ခွေးလှေးသီးမှုန့်များကို ထားခဲ့မိခြင်းကြောင့် ဤအနာကြီးရောဂါ ဖြစ်ရသည်၊ ထို့ကြောင့် "ဒေါသ မာန သံယောဇဉ် တရားဆိုးများ တစ တစ ပယ်ချိုး၍ ရုပ်နာမ် ခန္ဓာဝယ် တွယ်တာသော ကိလေသာ မရှိလျှင် ဆင်းရဲအားလုံး ကင်းလွတ်မည်" စသည်ဖြင့် ဟောတော်မူရာ မင်းသမီး ရောဂါကြီးပျောက် ဝါဝင်းတင့်တယ်ခြင်းသို့ ရောက်ပြီး မဂ်ဖိုလ်ပေါက် ဖြစ်ကာ တရားနာသူများလည်း ကျွတ်တမ်းဝင်ကြရသည်။

သိကြားမင်း မိဖုရား ရောဟိနီ — အသက် အားလျော်စွာ နေ၍ ကွယ်လွန်သော် တာဝတိံသာ နတ်သားလေးဦးတို့၏ နယ်ခြား အရပ်၌ လှပတင့်တယ်သော နတ်သမီးဖြစ်ရာ နတ်သားလေးဦး သူပိုင် ကိုယ်ပိုင် တရားဆိုင်ကြသဖြင့် သိကြားမင်းထံ ရောက်လာကြသည်၊ သိကြားမင်းက ဤနတ်သမီးကိုတွေ့ခိုက် သင်တို့လေးဦး စိတ်၌ ဖြစ်ပုံ လျှောက်တင်ကြဟု မိန့်ရာ ၁-စစ်မြေပြင်တီးခတ်သော စည်ကြီးပမာ တာဆီးမရလောက်အောင် ချစ်စိတ် ဖြစ်မိပါသည်၊ ၂-ရေတံခွန်ကြီးပမာ အချစ်စိတ်များ တသွင်သွင်စီးနေပါသည်၊ ၃-ပြူးထွက်လာသော ပုဇွန်

မျက်စိများပမာ နောက်ဆုတ်မဖြစ် ချစ်မိပါသည်၊ ၄-တံခွန်ကြက်လျှာများ လေခတ်၍ တဖျတ်ဖျတ် တလှပ်လှပ်ဖြစ်သလို အချစ်စိတ်များ လှုပ်ရှား နေပါသည်ဟု လေးဦးက လျှောက်တင်ကြရာ ၅-ရောဟိနီကို ရမှ ငါမှာ အသက်ရှင်တော့မည်၊ ရောဟိနီနှင့်လွဲလျှင် သေပွဲဝင်ရပေ ဖြစ်တော့သည် ဟု သိကြားမင်း မိန့်ကြားသဖြင့် နတ်သားလေးဦး လက်လျှော့ကာ သိကြားမင်းကိုပင် အပ်ရသည်၊ သိကြားသွားရာနောက်တော်က ပါရသော ကြင်ယာတော် သိကြားကတော် ဖြစ်ရခြင်းမှာ ကျောင်းလှူကျိုးပင် ဖြစ်သည်။

**သဒ္ဓါမရှိသောမိန်းမ လက်မခံနိုင်** ငါတို့ဘုရားလက်ထက် ဗာရာဏသီ သူကြွယ်သား နန္ဒိယသည် ငယ်စဉ်ကပင် သဒ္ဓါ သီလ စသည်နှင့် ပြည့်စုံ၍ သံဃာ ကြည်ညို မိဘ နှစ်ပါးကိုလည်း လေးစားသည်၊ အရွယ်ရောက်သော် အိမ်နီးချင်း ဦးရီးတော်၏ သမီး ဝမ်းကွဲနှမ ရေဝတီကိုယူရန် မိဘများက နားချရာ သဒ္ဓါမရှိ သီလမပြည့်စုံ၍ မယူလိုကြောင်း ငြင်းပယ်သည်၊ ထိုအခါ နန္ဒိယ၏ မိခင်က သံဃာများ ဆွမ်းဘုဉ်းပေးရာဝယ် နေရာထိုင်ခင်း ခင်းခြင်း၊ သောက်သုံးရေ ကပ်ခြင်း၊ ဆွမ်းစားပြီး သပိတ်များဆေးခြင်းတို့ကို ရေဝတီအား သင်ကြားခိုင်းစေရာ "သဒ္ဓါတရား မရှိသော်လည်း မောင်တော်နန္ဒိယ ကျေနပ်ပါစေတော့" ဟု သဘောထားပြီး ရေဝတီ ဆောင်ရွက်ပြုစုသည်၊ ထို အခြင်းအရာများကို မိခင်က သားအားပြပြီး "ဖျောင်းဖျရ၍ လိမ္မာသည်၊ နောင်လဲ ပြုပြင် လွယ်မည်၊ သား လက်ခံပါ"ဟု ပြောသဖြင့် မိဘစကား မပယ်ရှားလို၍ လက်ခံ ထိမ်းမြားလိုက်သည်။

**ကျောင်းဒကာနန္ဒိယ၏ တာဝတိံသာပြာသာဒ်** နောင် မိဘများ ကွယ်လွန်ပြီးနောက် သာသနာတော်ကို အထူးချီးမြှောက်လို၍ နန္ဒိယသူကြွယ် သည် မိဂဒါဝုန် တော၌ လေးဆောင်ပြိုင် ကျောင်းကြီး ဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်၍ ကျောင်းရေစက်ချပွဲ ခမ်းနားစွာ ကျင်းပသည်၊ ဘုရားလက်တော်သို့

ရေစက်ချကာ ကျောင်းတော်ကြီးကို လှူဒါန်းသည့်ခဏ တာဝတိံသာတွင် အလျားအနံ ၁၂-ယူဇနာ, အမြင့် ယူဇနာ တရာရှိသော ရတနာနတ်နန်းပြာသာဒ်ကြီးသည် နတ်သမီးအပြည့်နှင့် ပေါက်လေသည်၊ အရှင်မောဂ္ဂလာန် တာဝတိံသာ သွားသောအခါ ယင်းဗိမာန်ကိုတွေ့၍ အကျိုးအကြောင်း မေးရာ နတ်သမီးများက "အရှင်ဘုရားတို့ လူ့ပြည်ကကျောင်းဒကာ နန္ဒိယ၏ ဗိမာန်ပါ၊ တပည့်တော်များမှာ သူ၏ အလုပ်အကျွေးများဖြစ်ပါသည်၊ သို့သော် ပိုင်ရှင် မောင်တော်နန္ဒိယမရှိ၍ ပျင်းရိကာ မောင်တော်အလာကို မျှော်နေရပါသည်၊ အရှင်ဘုရား လူ့ပြည်ရောက်လျှင် မြေအိုးပမာ လူ့ခန္ဓာကို မြန်စွာပယ်၍ ရွှေအိုးရွှေခွက်ပမာတင့်တယ်သာယာသော နတ်ခန္ဓာသို့ ကူးပြီးလျှင် နတ်ချမ်းသာများ ခံစားဘို့ တပည့်တော်မများက မောင်တော်နန္ဒိယအား မှာတားလိုက်ကြောင်း မိန့်တော်မူပေးပါ ဘုရား" ဟု လျှောက်ထားလိုက်ကြသည်။

## ကုသိုလ်ရှင်ကို နတ်ချမ်းသာများက ကြိုဆိုနေကြသည်

လူ့ပြည်ကကုသိုလ်ရှင် မသေသေးမီ ယင်း ပုဂ္ဂိုလ်အတွက် နတ်ပြည်မှာ ဗိမာန် ပေါက်နိုင် - မပေါက်နိုင် ရှင်မောဂ္ဂလာန်က ဘုရားရှင်အား မေးလျှောက်ရာ သင့်ကိုယ်တိုင်ပင် နန္ဒိယ၏ ဗိမာန်နှင့် အခြွေအရံများကို မြင်ခဲ့ပြီ မဟုတ်လား၊ လူ့ခန္ဓာ မစွန့်ရသေးသော်လည်း ကုသိုလ်ရှင်အတွက် အသင့် ခံစားဘို့ရာ နတ်ပြည်မှာ ဘုံဗိမာန်ပေါက်နိုင်သည်၊ ကွဲတာကြာနေသော ဆွေမျိုးများပြန်လာလျှင် ချစ်ခင်စွာ ကြိုဆိုကြသလို လူ့ပြည် ကုသိုလ်ရှင်များ ကိုလည်း နတ်ချမ်းသာများက ကြိုဆိုနေကြသည်ဟု ဟောတော်မူရာ ဒေသနာတော်အဆုံး၌ ကျောင်းဒကာ နန္ဒိယနှင့်တကွ ပရိသတ်များစွာ မဂ်ဖိုလ်ဉာဏ်ရကြသည်၊ နန္ဒိယလည်း လူ့ပြည်မှာ အသက်ထက်ဆုံးနေပြီး တာဝတိံသာ ဗိမာန်ရှိရာသို့ ချမ်းသာစွာ ရောက်သွားသည်၊ (နန္ဒိယ မရှိ၍ ထင်ရာစိုင်းသော မုဆိုးတပိုင်း မိန်းမရိုင်း ရေဝတီမှာ သံဃာများနှင့် ရန်ဖြစ်၍ အရှင်လတ်လတ် ငရဲသို့ ပစ်ချခံရသည်၊) ဤ ဒေသနာနှင့်စပ်၍ စရပ်တန်ဆောင်း ကျောင်းကန်များစွာ တည်ဆောက် လှူဒါန်းသူတို့အတွက်

နတ်ပြည်ခြောက်ထပ်ဝယ် နန်းပြာသာဒ်တို့ အသင့်ရှိနေပြီဟု ဝမ်းမြောက်ခွင့် ရှိပေသည်။

**သစ်ရွက်မိုး ကျောင်းငယ်နှင့် သုဒဿနစကြာမင်း** ကဿပဘုရား လက်ထက် သူကြွယ် တဦး ကိစ္စတခုဖြင့် တောသွားရာ ကြည်ညိုဘွယ်ရာ တောနေရဟန်းတပါးအား သစ်ရွက်မိုး ကျောင်းငယ်ဆောက်၍ သေနာသန အသုံး အဆောင်များပါ လှူဒါန်းရသော ကောင်းမှုကြောင့် ၄-ကျွန်းလုံး အစိုးရသော မဟာသုဒဿနစကြာမင်းကြီး ဖြစ်ပြီးလျှင် မြို့နန်းပြာသာဒ် "၈၄၀၀၀"အရပ်ရပ် တို့ကို ရရှိခံစားရသည် ဟူသော ဒီဃနိကာယ် မဟာဝဂ် ညွှန်ပြချက်ကို လေးနက်စွာ မှတ်သား၍ မြတ်ဘုရားသာသနာဝယ် အဂါရိယပဋိပဒါ လူ့ကျင့်ဝတ် အဖြာဖြာတို့ဖြင့် ချမ်းသာ အရပ်ရပ်ကို ရယူအပ်ကြသည်။

## ဖြေဆိုရန် မေးခွန်းများ

၁။ ကျောင်းအလှူသည် မည်သည့်အလှူများကို လှူရာ ရောက်ပါသနည်း၊ အကျိုး ၉-ပါးကိုပါ ပြ၍ ဒေဝတာ သံယုတ် ကိံဒဒ သုတ်လာ အကျိုး ၄-ပါးနှင့် ကျောင်းလှူ၍ အနာကြီးရောဂါ ပျောက်ကြောင်းပြ သာဓကကိုလည်း ပြပါ။

၂။ ကျောင်းအမ ရောဟိနီမင်းသမီး၏ ပစ္စုပ္ပန်ဆိုင်ရာ လောကီ လောကုတ္တရာကျိုးများနှင့် ဒုတိယဘဝ လောကီကျိုးများကို ပြပြီးလျှင် နတ်သား ၄-ဦးနှင့် သိကြားမင်းတို့ ရောဟိနီအပေါ် အဖြစ်သဲပုံကိုလည်း ပြပါ။

၃။ အဆင်းထက် အခြင်းကိုမက်သော နန္ဒိယလုလင်၏ သဘောထားကို ရေးသား၍ အမျိုးသမီးများ ခင်မိလျှင် ဟန်ဆောင်ကောင်းကြပုံကို ရေဝတီဝတ္ထုဖြင့် ပြပြီးလျှင် တာဝတိံသာရှိ နန္ဒိယ၏ ဗိမာန်ပမာဏကိုလည်း ပြပါ။

၄။ လူနတ်ခန္ဓာ ၂-ခု ချမ်းသာခြင်းကွာပုံကို နတ်သမီးများက အရှင်မောဂ္ဂလာန်အား လျှောက်ထားတိုင်း ဥပမာပါပြ၍ ကုသိုလ်ရှင်များကို နတ်ချမ်းသာများက ကြိုဆိုနေပုံကိုလည်း ပုံတင်ကာ ထင်မြင်အောင် ရေးသားပါ။

၅။ မုဆိုးတပိုင်း မိန်းမရိုင်း ရေဝတီ၏ ပြစ်ချက်များကို ပြ၍ စကြာမင်းကြီး ဖြစ်ရန် အကြောင်းကံကို ထုတ်ပြပြီးလျှင် ချမ်းသာလိုသူတိုင်း ဆောင်ရွက်ရမည့် လမ်းစဉ်ကိုလည်း ဖော်ပြပါ။

---

## ဆေးပစ္စည်းဒါနဆိုင်ရာ ဝမ်းမြောက်ဘွယ်ရာ

**ချစ်သူခင်သူ အတူနေလို ဆေးကုသိုလ်** လွန်ခဲ့သော ကမ္ဘာတသိန်း ပဒုမုတ္တရဘုရား လက်ထက် ပိလိန္ဒဝစ္ဆမထေရ်အလောင်းသည် ဘုရား အမှူးရှိသော သံဃာတော်များအား စားဆေး, သောက်ဆေး, ရှူဆေး, လိမ်းဆေး အဖြာဖြာကို လှူခဲ့သဖြင့် အဆင်းရှိနှင့် ငရဲကင်းပြီးလျှင်"သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ် ပညာ"ဟူသော ၅-ပါး၊ အခြွေအရံများ၍ ဘေးရန်ကင်း, ကိုယ်စိတ် ဆင်းရဲခြင်း ကင်းပြီးလျှင် လူ့နတ်တို့ အရိုအသေခံရခြင်း, ချစ်သူများနှင့် သက်ဆုံးတိုင် နေထိုင်ရခြင်း ဟူသော ၅-ပါး၊ ပေါင်း အကျိုး ၁၀-ပါးကို ဖြစ်ရာဘဝတိုင်း ရပြီးလျှင် ငါတို့ဘုရားလက်ထက် အမျိုးကောင်းသား တဦးဖြစ်၊ ရဟန်းပြု၊ ဈာန်အဘိညာဉ် သမာပတ်များနှင့် ပြည့်စုံ၍ နတ်များ ချစ်ခင်ကြည်ညိုကြရာတွင် ဧတဒဂ်ရ ပိလိန္ဒဝစ္ဆ ရဟန္တာဖြစ်လာသည်။

**အနာမဲ့သူ ရှင်ဗာကုလ** ဗာကုလအလောင်း ရသေ့ တဦးသည် ကမ္ဘာ တသိန်းထက်၌ ပွင့်တော်မူသော အနောမဒဿီ မြတ်စွာဘုရားအား လေနာပျောက် ဆေးတခွက် (တောင်ပေါ်မှ တူးဖော် စုပေါင်းပြီး) လှူသဖြင့် ကမ္ဘာတသိန်း အပါယ်မလားရဘဲ တာဝတိံသာ အထိ အာဏာတန်ခိုးရှိသော စကြာမင်း အကြိမ်တထောင် အပါအဝင် လူနတ်ချမ်းသာများကို အနာကင်းစွာ ခံစားရပြီး ငါတို့ဘုရားလက်

ထက်တွင် ဗာကုလ အမျိုးသားဖြစ်ကာ ချေဆတ်ရုံမျှသာ အကြီးဆုံး ရောဂါရှိသည်၊ အသက် ၈၀-တွင် ရဟန်းပြု၍ ရဟန်းဖြစ်ကာ ဝါတော် ၈၀-အရ သက်တော် ၁၆၀-တွင် ပရိနိဗ္ဗာန်ပြုသည်။ ရောဂါကင်းရာ၌ တေဒင်္ဂ ရာထူး ရသည်မှာ ဆေးလှူရကျိုးပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်က "ငါဘုရားကိုပြုစုလုပ်ကျွေးလိုသူသည် ဆင်းရဲပင်ပန်းသော ဂိလာနရဟန်းကို ပြုစုလုပ်ကျွေးလေ"ဟု ဝိနည်းမဟာဝါဒေသနာကို သချောမြွှော်ချင့်၍ သင့်တင့်သော ဆေးဝါးခါတ်စာများကို အရေးထားလှူဒါန်းသင့်သည်။

**အချိန်မရွေး မိုးရွာစေနိုင်သော တန်ခိုး** ၉၁-ကမ္ဘာ ဝိပဿီဘုရား လက်ထက် ရေထမ်းသမားတဦးသည် အများသူတကာလို သံဃာအား ဆွမ်း, သင်္ကန်း မလှူနိုင်သဖြင့် မြစ်မှ ရေများကို ထမ်း၍ ကျောင်းတိုက် သံဃာအား သောက်သုံးရေများ လှူဒါန်းသည်။ယင်းကောင်းမှုကြောင့်လူနတ်ဘဝဖြင့်သာ ကျင်လည်ရပြီး ဖြစ်ရာဘဝများတွင် ၁- သစ်ပင်ဖျား, တောင်ထိပ်တို့၌ နေရသော်လည်း ရေမရှားရခြင်း၊ ၂-အချိန်မရွေး အလိုရှိက မိုးရွာစေနိုင်ခြင်း၊ ၃-ပူအိုက်မှု ကင်းခြင်း၊ ၄-ရောဂါ ကင်းခြင်း၊ ၅-အကုသိုလ် ကိလေသာကင်းခြင်း၊ ၆- ခန္ဓာကိုယ်ညစ်ကြေးမတင် သန့်စင်ခြင်း၊ ၇-ကိုယ်နံ့ကောင်းခြင်းစသော အကျိုးများရကာ ငါတို့ဘုရားလက်ထက်တွင် ဥဒကဒါယက မထေရ်ဖြစ်ပြီး ရဟန္တာဖြစ်ရပုံများကို ထောက်၍ ကြီးပွါးလိုသူ ရဟန်းရှင်လူသည် "ဒါန် သဂ္ဂဿ သောပါန်" ဓမ္မက္ခန်အရ-

၁-နတ်ပြည်သွားရာ၊ စောင်းတန်းမှာ၊ လှူတာ စောင်းတန်း ဖြစ်ပါသည်။

၂-လမ်း၌ရိက္ခာ၊ မလိုပါ၊ လှူတာ ရိက္ခာ ဖြစ်ပါသည်။

၃-နိဗ္ဗာန်သွားရန်၊ လမ်းဖြောင့်မှန်၊ လှူရန် ဒါန ဖြစ်ပါသည်။

၄-နိဗ္ဗာန်ရောက်ရန်၊ ကြောင်းမြတ်မှန်၊ လှူရန် ဒါနဖြစ်ပါသည်။

၅-လောကအလယ်၊ လွန်တင့်တယ်၊ လှူဘွယ်ဒါန ဖြစ်ပါသည်။

၆–အစိုးတရ၊ ဖြစ်လိုက၊ ဒါန အာဏာကြီးပါသည်။

၇–လှုချင်ပချင်၊ ချောစေချင်၊ လှူလျှင် လှပ ချောပါသည်။

၈–ဘုံဆိုင်ပစ္စည်း၊ ရန်သူနီး၊ လှူပြီး ကိုယ်သာ ပိုင်ပါသည်။

ဟူသော သဒ္ဒါထက်၍ တက်ကြွဘွယ်ရာများကို ’နမြောတွန့်တိုမှု အညစ်အကြေးကင်းအောင် အကြိမ်ကြိမ် ရှုတ်ဘတ်ပြီးလျှင် “ပဋိသမ္ဘိဒါ ဝိမောက္ခာ ယာစ သာဝက ပါရမီ” စသော ခုဒ္ဒကပါဠိ နိမိကဏ္ဍသုတ်တော်အရ ပဋိသမ္ဘိဒါ ၄-ပါး, ဝိမောက္ခ ၈-ပါး, သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်” ဟူသော အထွဋ်အထိပ်ရောက် အောင်မြင်ပြည့်စုံသည့် အကျိုးများကို ဒါနစသော အနုဂါမိကနိဓိ အကြောင်းတို့ကြောင့်သာ ရရှိ ခံစားရပေသည်ဟု ယုံကြည် လေးမြတ် အားထုတ်အပ်ပေသတည်း။

သေသူ့ကျေးဇူး စိတ်ရည်စူး ရှင်မြူးအားထုတ်ဘွယ်

ဘုရားလက်ထက်တော် ဘဝတပါး ပြောင်းသွားသူများအား ရည်စူး၍ အစဉ်အလာ ကုသိုလ်ပြု အမျှပေးဝေခြင်းသည် ပေတဥဒ္ဒိဿ ဒါနမည်သည်၊ ယင်းဒါနကို လက်ထက်တော်ကပင် အစီအစဉ်တကျ ပြုစုလာခဲ့ရာ ဖော်ပြပြီး အတ္ထုပ္ပတ္တိတွင်လည်း ပါရမီဘက် ကျေးဇူးများအင် ဒေါ်မြတင်အား ရည်စူး၍ ဒေါ်မြတင် ဦးစီးဆောင်ရွက်ခဲ့သမျှ ကုသိုလ်အဝဝကို မနိမ့်ကျစေဘဲ တိုး၍သာ ပြုစု လှူဒါန်းသည်မှာ ကတညုတ ကတဝေဒီမင်္ဂလာ,ဉာတိသင်္ဂဟမင်္ဂလာ, ဒါနမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံသဖြင့် ကာယကံရှင် ဒေါ်မြတင်သာမက ဘဝသံသရာက တော်စပ်ခဲ့ကြသော မိဘဟောင်း, ဆွေမျိုးဟောင်း အပေါင်းများစွာ သတ္တဝါတို့ ဝမ်းသာဘို့ပင် ဖြစ်သည်၊ တာဝတိံသာ ရောက် ကျောင်းဒါယကာ အနာထပိဏ်နတ်သားသည် သူ ပြုစု တည် ဆောက်ထားခဲ့သော ဇေတဝန်ကျောင်းတော်ကြီးဝယ် ဘုရားနှင့် သံဃာ တော်များ သီတင်းသုံး နေထိုင်ပုံကို လာရောက်ကြည်ညို ပူဇော်ပြီးလျှင် ဝမ်းသာလှပုံ ဘုရားအား လျှောက်ထား သကဲ့သို့ ရွှေခြူ မိသားစု ပြုပြု သမျှ ကုသိုလ်များကိုလည်း ဒေါ်မြတင်မှာ အမှန်ပင် ဝမ်းသာနေပေမည်။

**ဇာဏုသောဏိပုဏ္ဏားနှင့် ဆွမ်းသွတ်ကိစ္စ** "တပည့်တော်တို့ ပုဏ္ဏားများသည် သေသူအား ရည်စူးပြီး ကြည်နူးသောသဒ္ဓါဖြင့် ဒါနများ ပြုကြရာ ယင်းဒါနသည် ရည်မှန်းချက်အတိုင်း သေသွားသူများ အကျိုးခံစားရပါသလား ဘုရား"ဟု ဇာဏုသောဏိ ပုဏ္ဏားက ဘုရားအား လျှောက်ထားရာ "သူ့ အသက်သတ်, သူ့ ဥစ္စာခိုး စသည်ဖြင့် ကိုယ်နှုတ်စိတ်ဆိုင်ရာ မကောင်းသော အကုသိုလ်အကျင့် ဒုစရိုက်ရှိကြ၍ သေပြီး ၁-ငရဲရောက်, ၂- တိရစ္ဆာန်ဖြစ်သူများ အကုသိုလ် အာဟာရ ရှိနေကြ၍ သုံးဆောင်နိုင်ခွင့်ရှိသော ဘုံဌာန မဟုတ်သဖြင့် ဒါနအကျိုးကိုမရရှိနိုင်ပေ(သမ္ဗောဓတ္တာ အာဟာရဋ္ဌိတိကာ သတိပြု)။

သူ့ အသက်သတ်, သူ့ ဥစ္စာခိုး စသော မကောင်းမှုများမှ ရှောင်ရှားကြ၍ သေပြီး ၃- လူ, ၄-နတ် ဗြဟ္မာ သုဂတိရွာသို့ ရောက်သူများလည်း လူ့ပြည်ဆိုင်ရာ ထမင်း မုံ့ ငါးစသော အာဟာရ, နတ်ပြည်ဆိုင်ရာ သုဓာ ဘုတ် နတ်သြဇာ, ဗြဟ္မာဆိုင်ရာ စျာန်အာဟာရတို့ ရှိနေကြ၍ သုံးဆောင် နိုင်ခွင့်ရှိသော ဘုံဌာနများမဟုတ်သဖြင့် ဒါနအကျိုးကို မရရှိနိုင်ပေ"ဟု ဒသကအင်္ဂုတ္တိုရ် ဇာဏုသောဏိသုတ်၌ ဟောတော်မူသည်။

**ရနိုင်ရာဌာနနှင့် ရနိုင်သူများ** သူ့ အသက်သတ်ခြင်း စသော အကျင့်မကောင်းကြ၍ သေပြီး ၁- ပြိတ္တာ ဖြစ်သူများလည်း တံတွေး နှပ် စသော အာဟာရ များဖြင့်သာ မျှတနေကြရကား လူ့ပြည်က ယင်းတို့အား ရည်စူး၍ ပြုသော ပေတဥဒ္ဒိဿဒါနကို သုံး ဆောင်ခွင့်ရှိသော ဘုံဌာနဖြစ်၍ ဒါနအကျိုးကို ရနိုင်သည်၊ မိမိရည်စူးသူ ပြိတ္တာ မဖြစ်လျှင်၊ ၂- ဘဝဟောင်းက ဆွေမျိုးပြိတ္တာများ ရနိုင်ခွင့် ရှိပါ သည်၊ ထို့ကြောင့် ဤဒါနမျိုးပြုလျှင် အသစ်သေသူသာမက ယခုဘဝ, ရှေးဘဝ အနမတဂ္ဂ သံသရာက သေဆုံးခဲ့ကြသော ဆွေမျိုးဟောင်းတို့ကို ပါ ရည်စူး၍ အမျှဝေရမည်(ဗိမ္ဗိသာရမင်း၏ဆွေမျိုးပြိတ္တာများ ဖြစ်ရပ်ကို သတိပြု၊)အကယ်၍ ယင်းဒါနကို ခံယူမည့် ပြိတ္တာသစ်,ဟောင်း မည်သူမျှ မရှိလျှင်၊၃-ဆွမ်းသွတ်သူ အလှူရှင်ကား ကေန်မလွဲယင်းကုသိုလ်အကျိုးကို ရမည်သာ၊ ချွဲဦးအံ့၊ ဆွမ်းသွတ်အလှူရှင် သေ၍ တိရစ္ဆာန် ဖြစ်၊ လူနတ်

ဖြစ်၊ ဖြစ်ရာဘဝ၌ ၎င်းဒါနကျိုး ခံစားရပေမည်ဟု ဟောတော်မူရာ ဇာဏုသောဏိပုဏ္ဏားကြီးက ဤပေတဥဒ္ဒိဿဒါနသည် ဆွေမျိုးပြိတ္တာများလည်း အကျိုးရ၊ ဒါနရှင်ကိုယ်တိုင်လည်း တိရစ္ဆာန်လူနတ် ဖြစ်ရာဘဝတို့၌ အကျိုးရသဖြင့် အတိုင်းထက်အလွန် အံ့ဩဘွယ်ရာ ပူသင့်သောဒါန ဖြစ်သည်ဟု လျှောက်ထားရာ ရွှေခြူး ဒေါ်မြတင်အား ရည်မှန်းသမျှ ကုသိုလ်အဝဝတို့သည် (ကုသိုလ်ရှိသူဖြစ်၍ ဒေါ်မြတင် လူနတ်ဆိုင်ရာ သုဂတိရွာသို့ ရောက်နေသော်လည်း) ပြုစုသူမိသားစုမှာ အထက် ဖော်ပြပါ မင်္ဂလာများနှင့် လောက သံသရာ နှစ်ဖြာအကျိုး နိဗ္ဗာန်ထိ ပွါးတိုးမည်သာ ဖြစ်၍ မည်သူမဆို ကျေးဇူးရှိသူများ၏ ကျေးဇူးအရပ်ရပ်ကို အထိမ်းအမှတ်အနေ ခိုင်မြဲစွာ အားထုတ်အပ်ပေသည်။

**သံဃအဦးအဖျားနှင့် ပြိတ္တာရှစ်သောင်း** လွန်ခဲ့သော ၉၂-ကမ္ဘာ ဖုဿဘုရား လက်ထက် မင်းညီမင်းသား ဥပုသ်သီတင်းသည် တထောင်နှင့် တကွ ဘဏ္ဍာရေးတာဝန်ခံ အမတ်ကြီး (ဗိမ္ဗိသာရမင်းကြီးအလောင်း)ဦးဆောင်သော ဆွေမျိုး ရှစ်သောင်းတို့သည် သံဃာကိုးသောင်းအား တဝါတွင်းလုံး ဆွမ်းကပ်ကြရာ ချက်ပြုတ်စီမံရင်းကလေးများ ပူဆာ၍ စားဦး စားဖျားများကိုယူပေးမိ နောင် ၎င်းတို့ကိုယ်တိုင်လည်း အဦးစားမိကြသဖြင့် ဆွေမျိုးရှစ်သောင်းတို့သေ၍ ပြိတ္တာဖြစ်ကြသည်(ဗိမ္ဗိသာရအလောင်းမှာစေတနာဖြူ၍နတ်ပြည်ရောက်သည်)။

**ဝိသမလောဘကြောင့် မဆုံးနိုင်သော အငတ်သံသရာ** ၉၂-ကမ္ဘာထက်က စားရမဲ့ သောက်ရမဲ့ ဖြစ်သော ပြိတ္တာရှစ်သောင်း တို့သည် ငါတို့ ဘဒ္ဒကမ္ဘာ၌ အစဆုံး ပွင့်သော ကကုသန်ဘုရားအား ဘယ်အခါမှ တပည့်တော်များ အစားအသောက် ရပါမည်လဲဘုရားဟု မေးလျှောက်ရာ မြေကြီးတယူဇနာ အတက်တွင်ပွင့်တော်မူမည့် ကောဏာဂုံ ဘုရားထံ လျှောက်ထားလေ၊ ၎င်းက ဗျာဒိတ်ပေးလိမ့်မည်ဟု မိန့်သည်။ (တကမ္ဘာ၏အချိန်ကြာပုံကို နောက်ကပြခဲ့ပြီ၊ ၉၂-ကမ္ဘာကြာအောင် ငတ်နေသောပြိတ္တာတို့၏ ဆင်းရဲပုံကို မိမိ ထမင်း

တရက် မစားရ၍ ပင်းပန်းလှပုံနှင့် တိုင်းတာက အလွန် သိသာသည်၊ ထို့ကြောင့် ဘုရားပစ္စည်း၊ သံဃပစ္စည်းကို ထားဦးတော့ လူများပစ္စည်းကို ပင် ဝိသမလောဘစွန်း ထိန်းသိမ်းနိုင်ကြပါစေ၊) ကောဏာဂုံ ဘုရားပွင့်၍ လျှောက်သောအခါ ကဿပဘုရားထံ လျှောက်ဘိုလွှဲသည်၊ ကဿပဘုရား ပွင့်၍လျှောက်သောအခါ ဂေါတမဘုရားပွင့်၍ သင်တို့ဆွေမျိုး ဗိမ္ဗိသာရ မင်းကြီး အလှူလုပ်ပြီး သင်တို့အား အမျှဝေသောအခါ ဆင်းရဲကင်းကာ နတ်ချမ်းသာတမျှ ခံစားကြရမည်ဟု ဗျာဒိတ်စကား မိန့်ကြားသည်။

**အမျှမဝေမိ၍ စိတ်ကြေကွဲကြ** ဂေါတမဘုရားလက်ထက် ဗိမ္ဗိသာရမင်းကြီးသည် ဘုရား အမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ပြီးသော် အမျှမဝေမိသဖြင့် ကမ္ဘာများစွာ မြှော်လင့် အားထားနေရရှာကြသော ပြိတ္တာရစ်သောင်းတို့သည် ညဥ့်အခါ ကိုယ်ထင်ပြ၍ သတိပေးသည်ကို ဘုရားအား လျှောက်ထားရာ အကြောင်းစုံ သိရပြီး ယင်းပြိတ္တာတို့အတွက် ရည်စူး၍ နောက်ထပ်အလှူကြီးပေး၊ အမျှဝေရာ ကြည်သာရွှင်ပျ သာဓုခေါ်နိုင်ကြ၍ ပြိတ္တာဘဝမှလွတ်ကင်းပြီး နတ်သား နတ်သမီး ချမ်းသာများကို ခံစားကြရသည်၊ ဤသည့်ထုံးကို နှလုံးမူလျက် "မသာစကိုဆောင်၊ ကျောင်းစကိုရှောင်" ဟု ဘာသာလေးစား လူကြီး များ မှာထားခဲ့ကြသည်၊ သို့သော် ယခုအခါတွင် ဘုရားပစ္စည်း၊ ကျောင်း ပစ္စည်းမရှောင် ဘုန်းကြီးပေးသော လက်ဆောင်မှန်ကိုမှ လွန်စွာ ဝမ်း မြောက်နေကြရာ သံဃာ့ပစ္စည်း ပေးသူရော ယူသူပါ အပါယ် သံသရာ အငတ်ကမ္ဘာတို့က ညှာလိမ့်မည် မဟုတ်ကြောင်း၊ ရဟန်းတော်များမှာ လည်း ဝိနည်းပြစ်မသေးကြောင်း လေးစားသမှု ပြုပြုပြင်ပြင် သာသနာကို ခင်မင် နိုင်ကြပါစေ။

## ဖြေဆိုရန် မေးခွန်းများ

(၁) ပိယေဟိ ဝိပ္ပယောဂဒုက္ခ-ချစ်သူနှင့် ကွဲ၍ ဆင်းရဲမှု ကင်းအောင် မည်သည့်အလှူကို လှူရပါမည်နည်း၊ ဆေးလှူကျိုး ၁၀-ပါးကို

ရေး၍ အဘယ့်ကြောင့် ပိလိန္ဒဝစ္ဆမထေရ်အား နတ်များကြည်ညို ကြောင်းကိုလည်း ပြပါ။

(၂) လေနာသေးတခွက် ဒါနကျိုးကို ဗာကုလ ဝတ္ထုဖြင့် တင်ပြ၍ ရှင်ဗာကုလ၏ အကြီးဆုံးရောဂါကိုရင်း, ဘုရားမရှိရာ ယခုအခါ၌ ဘုရားအား ပူဇော်ရာရောက်အောင် မည်သူ့အား ပူဇော်သင့်ပုံကိုရှင်း ဖော်ပြပါ။

(၃) မိုးကို လိုတရအောင် ပြုရမည့်ဒါနကိုပြ၍ ရေရှား၍ ထန်းရေနှင့် ညှော်ခံရပါသည်ဟု ဆိုသူများ မည်သည့်ဒါန လိုခဲ့ကြပါသနည်း၊ "ဒါနံ သဂ္ဂဿ သောပါနံ"နှင့်အညီ "နတ်ပြည်သွားရာ" အစချီသော ဆောင်ပုဒ်များကိုလည်း ရေးပါ။

(၄) အဘယ်ကို ပေတဥဒ္ဒိဿဒါနဟု ဆိုပါသနည်း၊ လက်ထက်တော် အစဉ်အလာ ရှိ-မရှိ ပြ၍ ၎င်း ဒါနကြောင့် ရသင့်သော မင်္ဂလာ, ရသင့်သော အကျိုးများကိုလည်း အားထုတ်ချင်ဘွယ်ရာ ရေးသားပါ။

(၅) ပေတဥဒ္ဒိဿဒါနကျိုးကို မရသော ငရဲ တိရစ္ဆာန်နှင့် နတ်ပြဟ္မာများ မည်သည့်အာဟာရနှင့် မျှတနေကြသနည်း၊ ရည်စူးသူပြိတ္တာ မရလျှင် မည်သည့် ပြိတ္တာများ, ပြိတ္တာလုံးဝမရှိလျှင် မည်သူများ ခံစားရကြောင်း ရေးပါ။

(၆) ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုး ပြိတ္တာများ၏ ကံကိုပြ၍ ဝိသမလောဘကြောင့် အငတ်သံသရာရှည်ပုံကို ဘဒ္ဒကမ္ဘာမှဘုရားသုံးဆူတို့၏ မိန့်ကြားချက်ပါ ပြပြီးလျှင် ဘုရားတဆူနှင့် တဆူ အကြား မြေကြီးမည်မျှ တက်ကြောင်း ပြပါ။

(၇) အမျှဝေမခံရသော ပြိတ္တာများက မင်းကြီးအား မည်သို့ ပြုပါသနည်း၊ မင်းကြီး၏စေတနာကိုရှင်း, အမျှရကြသူ ပြိတ္တာများ၏ ချမ်းသာကိုရှင်း, ဂယာနှင့် ကျောင်း မည်သည့် ပစ္စည်းကို သုံးဆောင်သင့်ကြောင်းကို ရှင်း ရေးသားပါ။

ဖြစ်လာသော သတ္တဝါများ သေမင်းထံ မဆုတ်တမ်း သွားနေကြသည်

**တိမ်တိုက် ပမာ ဤခန္ဓာ** "အသက် စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ကြည့်ရင်းပျက်သို့၊ မျက်စိအောက်တွင်၊ လွင့်ပျောက်စင်၏၊ သခါရစက်၊ သူ့ပိုင်နက်၌၊ သွက်သွက်လယ်ကာ၊ ပါရရှာသည်၊ ဖြစ်တာ ပျက်ဘို့ ပါတကား" ဟူသည်နှင့် အညီ ရှေးဦးစွာ မိခင်ဝမ်း၌ ပဋိသန္ဓေယူရာ အခါမှစ၍ သတ္တဝါများသည် "လေကြောင့် မဆုတ်တမ်း တက်သော တိမ်တိုက်ကဲ့သို့" သေမင်းထံသို့ မဆုတ်ကမ်း သွားနေကြရသည်။ ထို့ကြောင့် မြတ်စွာဘုရားက ကောသလမင်းကြီးအား ဖြစ်လာကြသော သတ္တဝါအားလုံး သေကြရခြင်း သဘောရှိကြသည်၊ သေခြင်းလျှင် အဆုံးရှိကုန်သည်၊ သေရခြင်းသဘောကို မတော်လှန် မလွန်ဆန်နိုင်ကုန်ဟု မိန့်တော်မူသည်။

**ကောင်းကင် တက်နေသော်လည်း သေဘေးကို ရှောင်မရ** ဘုရား လက်ထက်က သာဝတ္ထိမြို့ တံခါးအနီး ရွာငယ်တခု မီးလောင်ရာ လေအရှိန်ကြောင့် မီးစွဲသော မြက်ကရွတ်ခွေတခု ကောင်းကင်သို့ လွင့်တက်သွားရာဝယ် ပျံသန်းလာသော ကျီးကန်းတကောင်၏ လည်တွင် စွပ်မိပြီး မီးလောင် သေရသည်။ အကြောင်းမှာ လွန်ခဲ့သော အတိတ်က နွားရိုင်းတကောင်ကို နွားကျောင်းသားသည် လည်ပင်းကို ကောက်ရိုးပတ် မီးရှို့၍ သတ်ဘူးသည်၊ ယင်း နွားကျောင်းသားသည် ထို ကျီးကန်းပင်ဟု ဓမ္မပဒ၌ ဟောတော်မူသည်။

**ရေလယ် လှေစီးစဉ် ကံဆိုးဝင်** သမုဒ္ဒရာသွား သင်္ဘော တစီးသည် ရေလယ်တွင် ရပ်နေ၍ သူယုတ်မာ မဲချရာတွင် သင်္ဘောသူကြီးကတော် ၃-ကြိမ်ပင် မဲကျသည်။ သူယုတ်မာမကို မှီ၍ အားလုံး မပျက်စီးစေသင့်။ သို့သော် ရေပေါ် ပေါ်နေသည်ကို မမြင်လို၊ သူ့လည်ပင်းမှာ သဲအိုးဆွဲ၍ ရေချလေဟူသော သင်္ဘောသူကြီးအမိန့်အရ ရေထဲကျ၍ သေရသည်။ အကြောင်းမှာ ခွေးနှင့် အစွပ်စွဲခံရသူမိန်းမတဦး

သည် ရှက်လှသဖြင့် ခွေးလည်ပင်းမှာ သဲအိုးဆွဲ ရေထဲချ၍ သတ်ဘူးသည်၊ ယင်း မိန်းမသည်ပင် သဘ်ာသူကြီးကတော် ဖြစ်လာသည်။

**တောင်ခေါင်းတွင်းသို့ ကံဆိုး ဝင်လိုက်သည်**

ဘုရားလက်ထက်တော်က ရဟန်း ၇-ပါး လိုဏ်ခေါင်းတွင် ခဏဝင် သီတင်းသုံးနေရာ ထိုအခိုက်မှာ တောင်ထွဋ်မျှကျောက်တုံးတခု လိမ့်ကျလာ၍ ဝင်ပေါက် ပိတ်သွားသည်။ ၇-ရက် မြောက်တွင် အံ့ဩဘွယ်ရာ အလိုလိုပင် လိမ့်ကွာသွားသည်။ အကြောင်းမှာ နွားကျောင်းသား ၇-ဦး ဖွတ်တွင်းကို သစ်ခက်ဆုပ်ဖြင့် ပိတ်ထားခဲ့ပြီး ၇-ရက်ကြာမှ တဖန် ပြန်ဖွင့်ရာ ကြောက်ရွံ့စွာဖြင့် ဖွတ်ထွက်လာသည်။ သနားသဖြင့် မသတ်ကြပေ။ ယင်း နွားကျောင်းသားတို့သည် ထို ရဟန်း ၇-ပါးတို့ပင်တည်း။ ထို့ကြောင့် မိမိ ပြုထားသော မကောင်းမှုကံမှ လွတ်မြောက်ရာ မြေအရပ် မရှိဟု ဘုရားရှင်မိန့်တော်မူသည်။

**လက်ဆောင် တစ်စိုး ထိုးသော်လည်းမရ**

"တပည့်တော် အပေက မွေးသော်လည်း နတ်ရွာစံသွားသဖြင့် အဖွားလက်ထဲတွင် ကြီးခဲ့ရ၍ အဖွားကို အလွန် ချစ်နေရာ အသက် ၁၂၀-ရှိ အဖွားမှာ ကွယ်လွန် သွားပါပြီ၊ အဖွားကြီး မသေအောင် ဆင် မြင်း စသော ရတနာများ သေမင်းကို ပေးလို့ရလျှင် ပေးနိုင်ပါတယ် ဘုရား" ဟု သာဝတ္ထိပြည်ရှင် ကောသလဘုရင်က ဘုရားအား လျှောက်ထားရာ ဘုရားရှင်က "မင်းမြတ် အိုးထိန်းစက်ဖြင့် အိုးလုပ်ကြရာတွင် ၁–အချို့အိုးများ လုပ်ဆဲမှာပင် ကွဲကြ၊ ၂–အချို့ အိုးဖြစ်ပြီး၍ စက်မှ မဖယ်ခင် ကွဲကြ၊ ၃-အချို့ အိုးများ စက်မှ ဖယ်ပြီး၍ မြေမှာ ထားသော ခဏ၌ ကွဲကြသည်။ ၄–အချို့ အိုးများမှာတော့ နောင်မှဘဲ ကွဲကြသည်။ ထိုအတူ အချို့ သတ္တဝါများ ၁–ပဋိသန္ဓေ ယူပြီး ခဏမှာပင် သေ၍၊ ၂–အချို့မှာ အမိဝမ်းမှ မဖွားမီ၊ ၃- အချို့ ဖွားပြီးစ၊၄-အချို့တော့လဲ ကြီးမှဘဲ သေကြသည်။ အိုးခွက်မှန်က ကွဲရသလို သတ္တဝါ မှန်သမျှလဲ သေကြရသည်" စသည်ဖြင့် ဟောတော်မူရာ မိမိတို့မှာ စီးပွါးဥစ္စာတက်၍ သာသာ

နာတော်ဘက်ကို မျက်နှာမူလို့မှ အသားမကျသေးခင် ပါရမီပြုဘက် ကျေးဇူးရှင်တဦး သခင်္ါရ ဓမ္မတာ ကွယ်လွန် ရှာသော်လည်း သောက စသည် မဖြစ်သင့်ပါ။ ဤ နေရာ၌ အောက်ပါ ဓမ္မပါလ ပုဏ္ဏားမျိုး သာဓကကို ကျနစွာ မှတ်သားသင့်သည်။

**သမာဓိ ကြီးသော ၆-ဦး အိမ်ထောင်စု** ရှေးက ကာသိတိုင်း ဗာရာဏသီပြည်၌ ဓမ္မပါလ ပုဏ္ဏားမျိုးရှိရာ မိဘ ၂-ပါး, သားသမီး ၂-ဦး, ချွေးမ, ကျွန်မ ၂-ဦး၊ ပေါင်း ၆-ဦး အိမ်ထောင်စုကား မရဏာဿတိ ဘာဝနာရှင်များ ဖြစ်ကြ၍ အခါတပါး လယ်ထွန်သွားသော သားအဘ ၂-ဦးတွင် မြက် သစ်ရွက်ခြောက်များကို မီးရှို့သော သားငယ်သည် မီးပူကြောင့် သစ်ခေါင်းမှ ထွက်လာသော မြွေဟောက်ကိုက်သဖြင့် ကွယ်လွန်ပြီး တာဝတိံသာ၌ သိကြားမင်း သွားဖြစ်သည်။ ထိုအခါ ဘခင် ပုဏ္ဏားကြီးက အနားတွင် ဖြတ်သန်းသွားသော လူကြုံဖြင့် ထမင်းတယောက်စာသာ ယူခဲ့ဘို့, အိမ်သား ၄-ဦးလုံး ပန်းနံ့သာနှင့်တကွ စင်ကြယ်သော အဝတ်များ ဝတ်လာဘို့ မှာလိုက်သည်။

**ရန်သူသေ၍ မငိုသလော** မှာတိုင်းပင် မိသားစု အားလုံး ရောက်လာကြ၍ ပုဏ္ဏားကြီးလည်း ထမင်းစားပြီးလျှင် သားသေအလောင်းကို မရဏာဿတိ ဘာဝနာပွါး၍ မီးသင်္ဂြိုဟ်ကြသည်။ သားဖြစ်သူ သိကြားမင်းလည်း မိဘဆွေမျိုးများအား သနား၍ ပုဏ္ဏားအသွင်ဖြင့် ရောက်လာပြီးလျှင် ဘခင်အား သားကောင် ဖုတ်နေသလား၊ ဆာလောင်၍ အသားနဲနဲပေးပါဟု တောင်းသောအခါ သားကောင် မဟုတ်၊ လူသေသင်္ဂြိုဟ်နေသည်ဟု ပြောသည်၊ သိကြားမင်းက ဆက်လက်မေးသဖြင့် သေသူမှာ ရန်သူမဟုတ်, သားအရင်း ဖြစ်သည်။ မြွေသည် အရေဟောင်းစွန့် အရေသစ် ယူသွားသလို သားသည်လည်း ခန္ဓာဟောင်းစွန့် အသစ်ကို ယူသွားသဖြင့် ငိုကြွေးနေ၍ အကျိုးမရှိ၊ ဥတုဇရုပ်မျှသာ ရှိတော့သော သားသည် ဝါးနှင့်ထိုး မီးရှို့သော်လည်း မသိ၊ ငါ့အတွက် မိဘတွေ ငိုနေကြသည်ဟုလည်း မသိ။ ထို့ကြောင့် မငိုပါ၊ ကံအားလျော်စွာ သူ့ဂတိ သူလားပေပြီဟု ဘခင် ပုဏ္ဏားကြီး ပြောရှာသည်။

**မခေါ်ဘဲ လာပြီး မနှင်ဘဲ ပြန်သည်** မိခင်အားလည်း ယောကျ်ားသား ဘခင် မငိုလျှင် ရှိစေတော့၊ စိတ်နှလုံး ပျော့ပျောင်းသော မိခင်က ဘာ့ကြောင့် မငိုလေသနည်းဟု သိကြားက မေးရာ သားဖြစ်လှည့်ပါဟု မခေါ်ဘဲ ကံအားလျော်စွာ လာခဲ့သလို သွားပါဟု မနှင်ဘဲလျက် ကံအားလျော်စွာ သွားသော သားအတွက် တစက်မျှ ငိုဘွယ်မလို စသည်ဖြင့် မိခင်က ပြောပြသည်။ နှမဖြစ်သူအားလည်း နှမ မည်သည် မောင့်အပေါ် ချစ်ခင်မှု ရှိတတ်ပါလျက် အဘယ့်ကြောင့် မငိုသနည်းဟု မေးရာ မောင်သေ၍ ငိုလျှင် ကျမသာ ပင်ပန်း ဆင်းရဲ ပိန်ချုံးရုံသာ ရှိမည်၊ ဆွေမျိုး မိတ်ဆွေများလည်း စိတ်မကောင်းဖြစ်ကြ ရမည် စသည်ဖြင့် ဖြေသည်။

**လကို လို၍ ငိုတောင်းသော ကလေးငယ်** မယားအားလည်း လင်သေလျှင် မုဆိုးမဖြစ် အားကိုးရာမဲ့ဖြစ်လျက် ဘာ့ကြောင့် မငိုသနည်းဟု သိကြားမင်းက မေးရာ ရသင့်-မရသင့် မသိသော ခလေးသည် လကို လက်ညှိုးထိုးလျက် မိခင်အား ငိုတောင်းသလို သေပြီးသူကို တမ်းတ ငိုယိုသူလည်း မရနိုင်တာ ဖြစ်၍ ခလေးနှင့် တူနေပေမည် စသည်ဖြင့် ဖြေသလို ကျွန်မကလည်း အရှင်သခင်ဆိုး မဟုတ်ပါ၊ မေတ္တာ ကရုဏာရှိ သခင် ဖြစ်ပါသည်။ သို့သော်လည်း အစိတ်စိတ် ကွဲပြီး ရေအိုးသည် အကောင်း ပြန်မဖြစ်တော့သလို သေသူကို ငိုသော်လည်း အိုးကွဲပမာ ပြန်ရှင်မလာနိုင်တော့သောကြောင့် မငိုပါဟု ဖြေသည်။

**ဓမ္မပူဇာနှင့် ဩဝါဒကထာ** သူကော်ကောင်း ၅ ဦးတို့၏ အဖြေကို ကျေနပ် ဝမ်းမြောက်သော သိကြားမင်းက အမောင်တို့ သင်တို့သည် မရဏသတိကို အခါခါ ပွါးအပ်ပေပြီ၊ ငါကား သိကြားမင်း ဖြစ်၏၊ ဤနေ့မှစ၍ လယ်ယာအမှု ပြုဘွယ်မလို၊ သင်တို့ အိမ်တွင် ရတနာအပြည့် ထားခဲ့ပေအံ့၊ မမေ့မလျော့ လှူဒါန်းကြ၊

သီလ စောင့်ကြ၊ ဥပုသ် စောင့်သုံးကြဟု အဆုံးအမ ပေးပြီး တာဝတိံသာသို့ ပြန်သွားသည်၊ ဤဇာတ်ဝတ္ထုပါ ၅-ဦးသားတို့၏ သေမှုဘာဝနာ ပွါးများကြပုံမှာ အားရဘွယ်ရာပင်ဖြစ်၍ အတုယူသင့်ကြသည်။

**အသက်ငယ်သော်လည်း ပါရမီကြွယ်လှသည်**

ရှေးအခါ ငါတို့ ဘုရားအလောင်းသည် ကုဋေ ၈၀-ကြွယ်ဝသော သူဌေးသားဖြစ်၍ ငယ်စဉ်ကပင် မိဘ ၂ ပါး ဆုံးသွားရာ အကိုကြီးကိုပင် အားထားနေရသည်။ ယင်း အကိုကြီးလည်း မကြာခင် ကွယ်လွန်သွားရာ ပတ်ဝန်းကျင် ဆွေမျိုး မိတ်ဆွေများက အလောင်းတော် လူမမယ်ကလေးအတွက် နောင်ရေး တွေးကာ ပူဆွေးကြသော်လည်း အလောင်းတော်မှာ ငယ်သော်လည်း ပါရမီ ကြွယ်သဖြင့် ပူဆွေးခြင်း မရှိ၊ တရား ဘာဝနာကိုသာ နှလုံးသွင်းနေသည်။ ထိုအခါ ပတ်ဝန်းကျင်က အမွေပစ္စည်းအားလုံး တဦးတည်း သုံးရမည်ကို ဝမ်းသာ၍ မငိုဘဲနေနိုင်သည် စသည်ဖြင့် ကရဏာဒေါသဖြင့် အပြစ်တင်ကြရာ အလောင်းတော်က လောကဓံ မခံနိုင်သူများသာ ငိုကြသည်၊ သတ္တဝါ အားလုံး တနေ့နေ့ သေရမည်သာဖြစ်၍ ငိုရန် မလို၊ ငိုခြင်းငိုလျှင် ကိုယ့်အတွက်သာ ငိုထိုက်သည်။ “မတံ မတံ ယေဝ ရောဒထ” ဂါထာဖြင့် ပြောဆိုဖြောင်းဖျသည်။ ဤ ဒေသနာတော်ကို ဆင်ခြင် စဉ်းစားကြလျက် သူ့အတွက် ငိုမည့်အစား ကိုယ့်အတွက် သေခြင်းတရားကိုသာ အောက်ပါအတိုင်း ဆင်ခြင် သုံးသပ်သင့်ကြသည်။

**သေခြင်း တရား ဖန်ဖန် ပွါးသင့်**

“မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဓုဝံ၊ အဝဿံ မယာ မရိတဗ္ဗမေဝ= ငါ့အား သေခြင်းတရားသည် ဖြစ်လတ္တံ့၊ ငါ့အား သေခြင်းတရားသည် မြဲ၏။ ငါသည် မချွတ်သေရမည်သာ” ဤသို့ မိမိအတွက် သေခြင်းကို ပွါးများပြီးလျှင် အားလုံးသော သတ္တဝါများ ဆိုင်ရာသို့လည်း “သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ။ ပုညပါပဖလူပဂါ၊ ယထာကမ္မံ ဂမိဿန္တိ= လုံးစုံများစွာ သတ္တဝါတို့သည် သေချိန်ရောက်က ယှဉ်းပျောက်ခန္ဓာ

သေကြကုန်အံ့၊ အသက်ရှင်ရခြင်းသည် သေပျောက်ရခြင်းလျှင် အဆုံးရှိ၏။ ကောင်းဆိုးနှစ်တန် အကျိုးမှန်ကို ခံစံကြရကုန်သည်ဖြစ်၍ ကိုယ်တိုင်ပြုထား ကံအားလျော်စွာ ဆင်းရဲချမ်းသာ နှစ်နေရာသို့ မှန်စွာမသွေလားရချေကုန်မည်”ဟု အကြိမ်ကြိမ် ပါဠိမြန်မာ ရောလျက်ရင်း, မြန်မာလိုသက်သက်ဖြင့်ရင်း ဆင်ခြင်ကြပြီးလျှင် ထင်လာသော သတိအားလျော်စွာ ကုသိုလ်တို့သာ တမလွန်ဘဝဝယ် ထောက်တည်ရာ ဖြစ်ကုန်ရကား ကောင်းမှု အစုစုကိုသာ ပြုကြကုန်ရာသည်။ ကောင်းမှုပြုရန် အချိန်မှာ –

အချိန်မရွေ့ ယနေ့ပင်ပြု မြတ်ကောင်းမှု “အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ=နက်ဖြန် သန်ဘက် မရွေ့ဘဲ ယနေ့ပင်လျှင် ဒါန သီလ ဘာဝနာ အားထုတ်ဘွယ်ရာကို မှန်စွာမယုတ် အားထုတ်ရမည်၊ နက်ဖြန် သန်ဘက်၊ တရက်ရက်တွင် သေမည် ရှင်မည် ထိုနှစ်လီကို မည်သူကြောန် သိနိုင်ပါအံ့နည်း၊ န ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ=လက်နက်ကိုင်တပ်၊ ကြီးလတ်ပြည့်တင်း၊ ရှင်သေမင်းနှင့်၊ သတင်းကြေငြာ၊ ချိန်းဘို့ရာ အခါသည် ငါတို့မှာ မရှိသည်သာတည်း”ဟု ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်၌ မိန့်မှာသည်။ ထို့ကြောင့် –

၁– ငါ့ထက် ကြီးသူ၊ ငါ့အောက်လူ၊ ရွယ်တူသေကြ များလှပြီ။

၂– ခဏမစဲ၊ သေစမြဲ၊ ငါလဲ သေဘက်နီးခဲ့ပြီ။

၃– မသေသေးမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ သင့်တော့မည်။

၄– မသေမီက၊ အခြေကျ၊ အသေလှအောင် အားထုတ်မည်။

၅– အသေမလှ၊ အပါယ်ကျ၊ ဘဝဆုံး၍ နစ်နာမည်။

၆– မသေပါလို၊ ငါကဆိုလည်း၊ ဆိုတိုင်းမရ၊ သေကြရ၊ အနတ္တသာ ဖြစ်ပေသည်၊

ဟု ရွတ်ဆို ပွါးများကြလေ။

## ဖြေဆိုရန် မေးခွန်းများ

(၁) "တိမ်တိုက်ပမာ ငါးခန္ဓာ၏ ပျက်သည့်သဘော"ကို ဆောင်ပုဒ်ပါ ရေးသား၍ ကောင်းကင်သို့ ပျံနေသော်လည်း သေဘေးမလွတ်ပုံ အကျိုးဝိပါက်ကို အကြောင်းကံ ဇာတ်ဝတ္ထုပါ ပြပြီးလျှင် သဘော်သူကြီးကတော် အဘယ့်ကြောင့် လည်ပင်းသဲအိုးဆွဲ ရေသို့ချ အသတ်ခံရကြောင်းကိုလည်း ရေးသားပါ။

(၂) ရဟန်း ၇-ပါးနှင့် နွားကျောင်းသား ၇-ဦးတို့၏ ဆက်သွယ်ပုံကို ထောက်လှမ်းတင်ပြ၍ သေမင်းကို လက်ဆောင်ထိုးသော်လည်း အကျိုးမရ ကောသလဇာတ် သာဓကကို ဗုဒ္ဓ၏ အိုးဥပမာကိုပါ သွင်းလျက် ရှင်းလင်း ရေးသားပါ။

(၃) သားသေပါလျက် သောကမဘက်သူ(မျက်ရည်မထွက်သူ)၅-ဦးကို ပြ၍ ၎င်းသားသေနှင့်စပ်၍ သိကြားမင်းအမေး, ဘခင် မိခင်တို့၏ အဖြေများကို သက်သေထူပြ နမူနာရအောင်ရေးသားပါ။

(၄) မိန်းခလေးများ အလှပျက်မှာ စိုးရှာပုံကို နှမဖြစ်သူ၏ အဖြေဖြင့် သာဓကပြ၍ မယားနှင့် ကျွန်မတို့၏ အဖြေကိုရင်း, သိကြားမင်း၏ ဓမ္မပူဇာနှင့် ဩဝါဒကိုရင်း ရေးသားပါ။

(၅) အဆက်ငယ်သော်လည်း ပါရမီကြွယ်သော အလောင်းတော်၏ နှလုံးသွင်းပုံကိုပြ၍ သေခြင်းဆိုင်ရာ အောက်မေ့ပွါးများရပုံကို ရေးပြီးလျှင် " အဇ္ဇေဝ ကိစ္စံ အာတပ္ပံ "ဂါထာအဓိပ္ပါယ်များနှင့် "ငါ့ထက်ကြီးသူ ငါ့အောက်လူ" အစချီသော ဆောင်ပုဒ်များကိုလည်း ရေးသားပါ။

## ကုသိုလ်ဟူသမျှ အားထုတ်ကြပါ

**အမြတ်ဆိုတာ ယူတတ်က ရသည်**

အနာထပိဏ်သူဌေးသည် ဒါနသာမက သီလကိုလည်း မပျက်စေသူဖြစ်ရာ ဥပုသ်နေ့များတွင် အိမ်ရှိသမျှ အစေခံများပါ အားလုံးကို ကျောင်းသို့ခေါ်

သွားပြီး ဥပုသ်စောင့်စေသည်၊ နို့စို့ကလေးများကိုပင် ဥပုသ်နေ့ နေလွဲလျှင် နို့မတိုက်တော့ဘဲ ထောပတ်၊ စတုမဓု ကျွေးကာ ဥပုသ်သယ်ဖြစ်အောင် စီမံသည်၊ ဥပုသ်နေ့တွင် အိမ်ကြီးမှာလည်း ဘုန်းကြီးကျောင်းပမာ စာသံပေသံများ ဆူညံနေသည်ဟု ဆိုသည်။

ဤ အတ္တုပ္ပတ္တိရှင်လည်း ဆေးလိပ်လိပ်သူ ခလေးမများကို ဓမ္မစကြာ, ပဋ္ဌိစ္စသမုပ္ပါဒ်, ဘုရားရှိခိုး, မင်္ဂလာကဗျာ စသည်ကို ကျက်မှတ်စေ၍ စာမေးပွဲလုပ်ပြီး အောင်သူရော ကျသူပါ ဆုများချီးမြှင့်သည်ဟု သိရရာ အတိုင်းမသိ ဝမ်းမြောက်ဘွယ် ဖြစ်သည်၊ (ခလေးမများ ရုပ်ရှင်စကား, ရပ်ကွက်စကား, အတင်းအဖျင်းစကားများ ပြောခွင့် ရကြတော့မည် မဟုတ်ပေ၊) ဤသို့လျှင် မိမိ မိသားစုဆိုင်ရာသာမက အများတွက်တာပါ ဆောင်ရွက်ရှာသူများသည် လူ့ဘဝ အမြတ်ကို အနာထပိဏ်သူဌေးကြီးကဲ့သို့ ရအောင် ယူတတ်သူများ ဖြစ်ကြပေသည်။

**နေ့ဝက်ဥပုသ်နှင့် ရက္ခစိုးနတ်မင်း** အနာထပိဏ်သူဌေး၏ စာရင်းငှါးသစ်သည် ညနေချမ်း အလုပ်မှပြန်လာရာတွင် အိမ်ရှိလူကုန် ဥပုသ်စောင့်သူများ အားကျ၍ ညစာထမင်း မစားတော့ဘဲ နေ့ဝက်ဥပုသ်စောင့်သည်၊ နံနက်ကလည်း ထမင်းပို့မည့်သူ မရှိ၍ မစားခဲ့ရရာ ပင်ကိုယ်က လေနာသမားမှာ တနေ့လုံး အစာမစားရသဖြင့် ည သန်းခေါင်တွင် လေအောင့်တော့သည်၊ ထောပတ်, စတုမဓု စားကောင်းသည်ဟု သူဌေးကြီးက ပြောသော်လည်း နေ့ဝက်ဥပုသ်သာ စောင့်ရ၍ သာ၍ပင် စင်ကြယ် စေလိုသောကြောင့် မစားသဖြင့် နံနက်လင်းအားကြီးတွင် ကွယ်လွန်သည်၊ယင်း နေ့ဝက်ဥပုသ်သီလကြောင့် ဟိမဝန္တာဝယ် ညောင်ပင်ကြီး တပင်၌ ရက္ခစိုး နတ်မင်းကြီး ဖြစ်ရသည်။

**ရသေ့ငါးရာတို့နှင့် စားသောက်ဘွယ်ရာ** ဟိမဝန္တာ၌ နေကြသော ရသေ့ ငါးရာတို့သည် ထိုညောင်ပင်ကြီးသို့ ရောက်လာကြရာတွင် ပင်ပန်းလာကြ၍ ညောင်ပင်စောင့် နတ်မင်းအား စားသောက်ဘွယ်ရာများကို တောင်းရာ သောက်သုံးရေကို အစထား၍ အား

လုံး စားဘွယ်များကို လှူဒါန်းသည်၊ ရသေ့များ တိုက်တွန်းသဖြင့် ရက္ခစိုးနတ်မင်း ကိုယ်ထင်ပြကာ ထက်ဝက်သော ဥပုသ်သီလကြောင့် ဤ တန်ခိုးအာနိသင်များကိုရကြောင်း ရှက်ရှက်နှင့် လျှောက်ကြားလိုက်ရှာသည်။

**နိဗ္ဗာန်ဆော် သိကြားမင်း**

“သဂ္ဂါရောဟန သောပါနံ၊ အညံ သီလသမံ ကုတော။ ဒွါရံ ဝါ ပန နိဗ္ဗာန-နဂရဿ ပဝေသနေ=သီလနှင့်တူသော နတ်ပြည်သွား စောင်းတန်း လှေခါးသည် မရှိချေ၊ သီလနှင့် တူသော နိဗ္ဗာန်သို့ ဝင်နိုင်ကြောင်း တံခါးကောင်း မရှိပေ”ဟူသည်နှင့် အညီ သီလ၏ အာနိသင်ကို သိသော သိကြားမင်းသည် သုဓမ္မာ သဘင်တွင် နတ်များအား “ငါလို စည်းစိမ်ချမ်းသာလိုချင်လျှင် ဥပုသ်နေ့များမှာ ဥပုသ်စောင့်ကြ”ဟု တိုက်တွန်းသည်၊ ဥပုသ်သီလဖြင့် မဖြစ်လောက်သော လောကီ သိကြားမင်းစည်းစိမ်ကိုသာ ပြောဆို တိုက်တွန်း သဖြင့် သိကြားမင်း၏ ထိုအပြောကို ဘုရားရှင် နှစ်သက်တော်မမူဘဲ အဲဒီစကားကို သိကြားမင်း ပြောမယ့်အစား ရဟန္တာ တပါးပါးက “ငါလို ကိလေသာ ကင်းကွာ ရဟန္တာဖြစ်လိုလျှင် ဥပုသ်နေ့များမှာ ဥပုသ်စောင့်ကြ” ဟု ပြောဆိုတိုက်တွန်းမှ သင့်မြတ်မည်ဟု မိန့်တော်မူသည်၊ ဤစကားများကို ထောက်၍ သီလသည် သိကြားမင်းစည်းစိမ်ကို ရနိုင်သလို နိဗ္ဗာန်ချမ်းသာကိုလည်း ရရှိနိုင်ကြောင်း ထင်ရှားသည်။

**အားလုံးပင် သားချင်း မိဘတော်စပ်ခဲ့ကြသည်**

“န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ ယော န မာတာပိတုပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ= အစမထင် သံသရာပြင်ဝယ် မိဘမောင်ဘွား သွေးသားမစပ်ဘူးသူ မရှိသလောက်ပင်”ဟု ဘုရားမြတ်စွာ မိန့်မှာအပ်သည်နှင့် အညီ အရှင်သာရိပုတြာ, အနာထပိဏ် စသော ပုဂ္ဂိုလ်မွန်များကဲ့သို့ ကိုယ့်အကျိုး ကိုယ့်စီးပွါးကိုလည်းရ, မိဘမောင်ဘွား လောကသား သတ္တဝါ ဆွေမျိုး ဉာတကာတို့၏ အကျိုးစီးပွါး

များလည်း မလွတ်ရအောင် ကြိုးစားကြကုန်ရာသည်၊ သို့မှသာ သင်းချိုင်း ရာ ထပ်နေသော သံသရာမှ လက်စသတ်ကြရမည် ဖြစ်သည်။

**သင်းချိုင်းဟောင်းလွတ်ရာ မြေနေရာ မကျန်တော့**

ဘုရားလက်ထက် ရာဇဂြိုဟ်မှ ဥပသာလက ပုဏ္ဏားကြီးသည် သင်းချိုင်းဟောင်းနေရာကို စက်ဆုပ်ရှာသဖြင့် အရွယ်ကြီးသော် သားသမီးများကိုခေါ်ပြီး သင်းချိုင်းဟောင်းလွတ်ရာမှာ သူ့ကိုမြှုပ်ပါ ဟု မှာသည်၊ နေရာမသိ၍ သင်းချိုင်းဟောင်းလွတ်ရာ မြေနေရာကို ပြခဲ့ ပါဟု သားများက ပြောသဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်တက်ပြီး တောင်စွန်း သုံးခုအလယ်နေရာကို ပြသောအခါ ရွှေညာဏ်တော်ဖြင့် မြင်တော်မူသော ဘုရားရှင်ကြွလာပြီး "အသင်ပုဏ္ဏားကြီး ဇမ္ဗူဒီပါတကျွန်းလုံး သင်းချိုင်း ဟောင်း နေရာလွတ်မရှိ၊ အခြားသူများအတွက် ထားဘိဦး သင်တဦး တည်းပင် ဥပသာလကအမည်ဖြင့် ဤမည်သော သားမယား မိသားစု များနှင့် အတူဖြစ်ပြီး ဤတောင်စွန်း ၃-ခုကြားတွင် သင့်အားမြှုပ်နှံခဲ့ရ သော ဘဝပေါင်း မရေတွက်နိုင်ပြီ" စသည်ဖြင့် သံသရာရှည်လျားပုံကို ဟောကြားသောအခါ ပါရမီအားကောင်းသော ဥပသာလကပုဏ္ဏားကြီး သောတာပန်ဖြစ်လေသည်၊ ဤသည့်ထုံး, ဤသည့် အစီအစဉ်များကို ဆင်ခြင်သုံးသပ်ကြလျက် အားထုတ်သင့်ရာ အဖြာဖြာကို နေ့ညမအား ကြိုးစားနိုင်ကြပါစေသတည်း။

## ဖြေဆိုရန် မေးခွန်းများ

(၁) အိမ်တွင်းမိသားစုနှင့် ကလေးများအပေါ် အနာထပိဏ် သူဌေး ကြီး စောင့်ရှောက်ပုံကိုရေး၍ သူဌေး၏ သူရင်းငှါး နေ့ဝက် ဥပုသ်စင်ကြယ်အောင် စောင့်သုံးပုံ,အကျိုးရပုံများကိုလည်းပြပါ။

(၂) သူရင်းငှါး ရက္ခစိုး၏ တန်ခိုးကြီးပုံကိုပြ၍ လူများအား နတ်တို့ ကိုယ်ထင်ပြနိုင်, မပြနိုင် ရေးပြီးလျှင် "သဂ္ဂါရောဟန သောပါန်" အစချီသော ဂါထာ၏ အဓိပ္ပါယ်ကိုလည်း ရေးသားပါ။

(၃) သီလဖြင့် သိကြားမင်းစည်းစိမ်နှင့် နိဗ္ဗာန်ချမ်းသာများ ရနိုင်-မရနိုင်ကို သုမေဓာသာတင်တွင် တင်ပြပြောဆိုသော အကိုးစကားများဖြင့် ပြ၍ စာရှုသူနှင့် စာပြုသူ ဉာတိတော်စပ်-မတော်စပ်ကို ဗုဒ္ဓ၏ ဒေသနာရပ်ဖြင့် သတ်မှတ်ရေးသားပါ။

(၄) ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ဥပသာလကပုဏ္ဏားကြီး အဘယ့်ကြောင့် တက်ပါသနည်း၊ ဗုဒ္ဓ၏ မဟာကရုဏာတော်ကို မြှော်ခေါ်တင်ပြ၍ ဥပသာလကပုဏ္ဏားကြီးအား ဗုဒ္ဓမိန့်ကြားသောစကားများကို ရေးပြပါ။

# ကျမ်းပြီးနိဂုံး

## အဆုံးဖော်ပြ မြတ်ဆန္ဒ

**ယံ ပတ္တံ ကုသလံ တဿ** ပါရမီရှင်များ၏ ကျေးဇူးထုတ်ဖော် မြတ်
**အာနုဘာဝေန ပါဏိနော** ဂုဏ်တော်နှင့် ပါရမီနုသူ များပြည်သူတို့
ကြည်ဖြူအားထုတ်ပါရမီအလုပ်ကို လုပ်နိုင်ကြ
စေရန် ရည်စိတ်သန်လျက် အနုဂါရိယဂုဏ်တော်နှင့် အာဂါရိယရှုဘွယ်
စီချယ်တင့်ဆန်း ဤသည့်ကျမ်းကို ကြိုးပမ်းပါရ ကုသိုလ် အဝဝကို ဘုန်း
ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာ ရအပ်ပေပြီ၊ ဤသို့ပြုစု ကောင်း
မှုရှိန်စော် အာနုဘော်ကြောင့် လုံးစုံများစွာ သတ္တဝါတို့သည် ထွင်ရှချာ
သနင်း တရားမင်း၏ လူ နတ် နိဗ္ဗာန် ချမ်းသာမှန်ကို ကောန်ပေးတတ်
တရားမြတ်ကို ကျင့်တတ်သလို ကိုယ်စီကိုယ်င သိမြင်ကြကုန်သည်ဖြစ်၍,

**ပါပုဏန္တု ဝိသုဒ္ဓါယ** စင်ကြယ်ချမ်းသာ လွယ်ကူသော ပဋိပဒါဖြင့် မစိုး
**သုခါယ ပဋိပတ္တိယာ** ရိမ် မပင်ပန်း ရှင်လန်းဘွယ်ရာ နိဗ္ဗာန်ချမ်းသာသို့
ဖြောင့်တန်း ထုတ်ချောက် ရောက်နိုင်ကြပါစေ၊
(ယခုဘဝ မရောက်သေးသော် အခြေခံ ဝိဇ္ဇာ,စရဏနှင့် ပြည့်စုံကြပြီးလျှင်
ရရှိအပ်သော သုဂတိ ဘဝအဆင့်ဆင့်ဖြင့် ဂေါတမဘုရား သာသနာတွင်
(မမှီခဲ့သော်) အရိမေတ္တေယျ ဘုရားသာသနာတွင် နိဗ္ဗာန် ဝင်စံနိုင်ကြပါ
စေဟု ဆန္ဒပြုပါသည်။)

**စိရံ တိဋ္ဌတု သဒ္ဓမ္မော** ၃–ပါးသိက္ခာ၊ သာသနာသည်၊ နှစ်ရှည် မြား
**ဓမ္မေ ဟောန္တု သဂါရဝါ** မြောင်၊ ငါးထောင်သာသနာ၊ မကြာအောင်၊
ကျင့်သူတို့အား၊ အကျိုးများလျက်၊ ထင်ရှား
မသွေ၊ တည်ပါစေ။ လုံးစုံများစွာ၊ သတ္တဝါတို့သည်၊ နှစ်လိုဘွယ်တောင်း၊
သူတော်ကောင်းတရား၌၊ လေးမြတ်ရိုသေ၊ ကြည်ညိုပူဇော် နိုင်ကြပါစေ။
လူတို့ကိုးရာ၊ မိုးဒေဝါသည်၊ အခါအခွင့်၊သင့်စေဘို့ရာ၊ ရွာသွန်း နိုင်ပါစေ။

ယထာ ရက္ခိ ံသု ပေါရာဏာ ရှေးက အုပ်ချုပ်၊ မင်းလုပ် ထိန်းကျောင်း၊ သုရာဇာနော တထေဝိမံ သူတော်ကောင်းတို့သည်၊ တိုင်းသားပြည်သူ၊ များရှင်လူအား၊ သနားသမှု၊ စောင့်ရှောက်ခြင်း ပြုကုန်သကဲ့သို့၊မခြားတမူ၊ အလားတူသာလျှင်၊ယခုအခါ၊ကြည်သာ အုပ်ချုပ်၊ မင်းလုပ်သူတို့သည်လည်း၊ သန်းပေါင်းများစွာ၊ သတ္တဝါကို၊ ရင်မှာပေါက်ဖွား၊ သားသမီးများပမာ၊ အရာရာကို၊ မှန်စွာမယွင်း၊ တရားခြင်းဖြင့်၊ ဖြည်းညှင်းသာယာ၊ ဘေးရန်ကွာအောင်၊ စောင့်ရှောက်နိုင်ကြပါစေ ကုန်သတည်း။

မှတ်ချက်။ ။အဌကထာကြီးများ၏ နိဂုံးကို နှလုံးသွင်းကာ ဆန္ဒပြုပါသည်။

# မေးခွန်း-၅၀ ဖြေဆိုရန်

ဆရာတော်၏ အနဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဘွယ် ကျမ်းစာကို မှတ်သားမိအောင် လေ့လာ ကြည့်ရှုနိုင်ရန် အတွက်

**အထူး ပန်ကြားချက်**

(၁) ဤကျမ်းစာကို ကြည့်ရှုလေ့လာ မှတ်သားကြပြီးလျှင် ကျမ်းစာပါ နှစ်သက်ရာ မေးခွန်း ၅၀-ကို ဖြေဆို၍ ဖြေပြီးစာရွက်များကို အမှတ်-၃၀၊ ပတ္တမြားခြံ၊ တာဝါလိန်းလမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့၊ တိပိဋကဓရဆရာတော်ထံ ဆက်ကပ်ရန် ဖြစ်ပါသည်။

(၂) ၆၀-ရာနှုန်း ရိုးရိုးအောင်, ထိုမှအထက် ဂုဏ်ထူး အောင် အဖြစ် ပြန်တမ်းထုတ်၍ သင့်လျော်သော ဆု, အောင်လက်မှတ်များကို ဆရာတော်က ချီးမြှင့်ပါမည်။

(၃) အောင်လက်မှတ်တွင် ကြည်ညိုဘွယ်ရာ ဗုဒ္ဓ ဓမ္မ သံဃ ပုံတော်နှင့် တကွ ခန့်ညား သပ်ရပ်သော အက္ခရာ အမှတ်အသား များဖြင့် စာအောင်သူတို့၏ ဘွဲ့အမည် ဂုဏ် နေရပ် အပြည့်အစုံပါဝင်မည် ဖြစ်ရာ ကြည်ညိုသူတိုင်းအား ကုသိုလ် မင်္ဂလာ ဖြစ်စေပါမည်။

(၄) ရဟန်းရှင်လူ မည်သူမဆို နေရာဒေသ, အချိန်ကာလ မကန့်သတ်မူ၍ မိမိတို့နေရာမှ ဖြေဆို ပေးပို့နိုင်ပါသည်။

(၅) နှစ်သက်ရာ မေးခွန်း ၅၀-ဟူသည်မှာ ကျမ်း၏ အစ, အလယ် အဆုံး နှံ့စပ်ပါဝင်သော ပုစ္ဆာများ ဖြစ်ရပါမည်။

## မင်္ဂလာဆန္ဒမွန်

လေ့လာရှုမှတ် သိပြီးအပ်သည့်အားလျော်စွာ သာသနာတော်အကျိုး၊ လောကကျိုး၊ ပစ္စုပ္ပန်ကျိုး၊ တမလွန်ကျိုး၊ မိမိကျိုး၊ အများကျိုးများကို လောကမှ လွတ်သည်တိုင်အောင် သည်ပိုး ဆောင်ရွက်နိုင်ကြပါစေ။

ဓမ္မဒါနစေတနာရှင်
ရွှေခြူး ဦးသူတော်မိသားစု
ပဲခူးမြို့။

# ဓမ္မကထာ သိဘွယ်ရာ

## ဗုဒ္ဓရှင်မြတ် ဟောမိန့်အပ်ပေ မဟာထေရ်တို့ ရေးစီဆုံးမ

## ဓမ္မကထာ သိဘွယ်ရာကား

**သေခြင်း တရား ဖန်ဖန် ပွါးဘို့** မိုးပျံ မြေရှိုး၊ ကြီးတန်ခိုးနဲ့၊ ပုန်းလျှိုးနေခို၊ မသေလိုလဲ၊ ဤကိုယ်မှုချ၊ မနေရဘူး၊ လင်နှင့်မယား၊ သားနှင့်သမီး၊ မြေးနှင့် ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာ မကွေ၊ မသေရဘဲ၊ အတူမြဲ၍၊ မကွဲတစ်၊ ဘယ်မှာရှိလိမ့်၊ ဇရာ မရဏ၊ ဒုက္ခ ဝဋ်တွင်း၊ အိုရခြင်းနှင့်၊ သေမင်း လွတ်အောင်၊ ဘယ်သို့ ရှောင်အံ့၊ တောင် ခုနစ်ထွေ၊ ရေ ခုနစ်ထပ်၊ လေးရပ်ကျွန်းခွင်၊ ကောင်းကင် သမုဒ္ဒရာ၊ စကြဝဠာ မြေထဲ၊ ပုန်းခိုလှဲလည်း၊ အမြဲ မချွတ်၊ သေဘေးဝဋ်မှ၊ မလွတ်ဘို့သာ၊ မလွဲရာတည်း။

**ကုသိုလ်သည်သာ ကိုယ့်ဥစ္စာမို့** လူဖြစ်ကြုံလတ်၊ လူ့ဘုံရပ်၌၊ ထူးမြတ်သည့်ဆို၊ ထိုကုသိုလ်ကို၊ ဟိုလ ဟိုနေ့၊ ချိန်မဆွဘဲ၊ ယနေ့ပင်သာ၊ အားထုတ်ရာ၏၊ သေချာ ဧကန်၊ နက်ဖန် သန်ဘက်၊ သေမည့်ရက်ကို၊ ချိန်းချက် မရှိ၊ ဘယ်သူ သိလိမ့်၊ ရုပ်ခဲတ် နာမ်ခဲတ်၊ ပရမတ်စစ်၊ ဖြစ်ပျက် နှစ်သွယ်၊ မမြင်ကွယ်သော်၊ ရှစ်ဆယ် ကိုးဆယ်၊ အရွယ်ကျော်ကာ၊ တရာလှလှ၊ နေရစေဦး၊ လူဖြစ်ကြုံထူး၊ မမြတ်ဘူးတဲ့၊ ဖြစ်ပျက် နှစ်ပါး၊ ထိုတရားကို၊ ထင်ရှား သိမြင်၊ တရက်ပင်သာ၊ နေရပါလျက်၊ တရာထက်သာ၊ မြတ်လှပါသည်၊ ဉာဏ်မှာ တင်၍ မြင်ဘို့တည်း။

**သတိ သံဝေ ယူကြစေဘို့** ကိုယ့်ပစ္စည်းကိုယ် နှမြော, စောစောက သိမ်း၊ ကိုယ်မသိမ်းလို့ သူများယူ, မပူပါလေနဲ့၊ ထုပ်မဲ့ထုပ် လုံအောင်ထုပ်, ပြေးမဲ့ပြေး လွတ်အောင်ပြေး, မထုပ်မိလို့ မပြေးသာ, မညည်းပါလေနဲ့၊ မမဲ့လိုပါ, မြတ်ဒါနာ, သေချာ ဆုတောင်းပြု၊ မကွဲလိုပါ, ကုသလာ, ညီညာ စုပေါင်းပြု၊ မသေလိုပါ, သင်္ခါရာ၊ မြဲစွာ သတိပြု။

ရှုဘွယ် ၁၅—၂—၁၁—၈

**ဖြစ်နိုင်ခဲ့စွ ပဓာနအချုပ် အလုပ် ၂-မြာ** လူများတို့ ပဓာန အလုပ်ကား — ဘုရား သာသနာ၊ ရှည်မြင့်ကြာအောင်၊ ခုခ ါဝန် ထမ်း၊ ရှင်ရဟန်းအား၊(အလှူရေစက်၊ လက်နှင့် မကွာ) လေးစား ကြည်ဖြူ၊ ပေးလှူခြင်းတည်း။ ရဟန်းများတို့ ပဓာနအလုပ်ကား—ဘေးရန်လွန်မြောက်၊ နိဗ္ဗာန်ရောက်အောင်၊ ထွက်ပေါက် လှုပ်ရှား၊ ကြိုးစားခြင်းတည်း။

**ရှောင်, ဆောင် ရှုပွါး အလုပ်များကား** အားထား ကိုးကွယ်ရမှာက — ဘုရား တရား သံဃာ, နေ့စဉ် လုပ်ရမှာက—ဒါန သီလ ဘာဝနာ, ရန်သူအစစ် ဖြစ်တာက—လောဘ ဒေါသ မောဟာ, အမြဲ နှလုံးသွင်းရမှာက—အနိစ္စ ဒုက္ခ အနတ္တာ။

**ကြိုတင် ပြုရာ ကိုယ့် ရိက္ခာကား** ဒါနကိုပင် မသေခင်၊ ကြိုတင်ပြုပါ ကိုယ့် ရိက္ခာ။
သီလကိုပင် မသေခင်၊ ကြိုတင် စောင့်ပါ ကိုယ့်ရိက္ခာ။
ဘာဝနာကိုပင် မသေခင်၊ကြိုတင်ပွါးပါ ကိုယ့်ရိက္ခာ။

မနေရလို့ သေရသောခါ၊
ကိုယ့်ဘို့ကိုများ ဘာများပါမှာ၊
ပစ္စည်းအစု တခုမပါ၊
ကိုယ်ပြုငြား ကံများ ပါတော့မှာ။

**နှလုံးအေးတဲ့ ဆေး** ရောက်ရာအရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ တဲ့အောင် ပေါင်း၊ ရှိတာလေးနဲ့ လှအောင် ဝတ်၊ ရတာလေးနဲ့ ဝအောင် စား၊ အနိုင်လိုသူကို အရှုံးပေး၊ နှလုံးအေးတဲ့ ဆေး။ ( အပြုံးကလေးနဲ့ မေး ) ။

**တိပိဋကဓရ အရှင်ကောသလ္လ**
**သာသနာ့ဗိမာန်၊ ရန်ကင်း၊ ရန်ကုန်။**

၁၉၄၈

ပ-မ-သ-စ—၁၁၂၀—၁၄-၇-၇၇—၂၀၀၀-အုပ်။ (၂)

ကျမ်းစာကြည့်ရှု မှတ်မိမှုနှင့် ဓမ္မဒါနကို ရှေးရှုလျက်
ဤကျမ်းလာ ပုစ္ဆာများကို
အောက်ပါစည်းမျဉ်းအရ ဖြေဆိုနိုင်ကြပါသည်။

(၁) ကျမ်းစာ၏ အစ, အလယ်, အဆုံး နှင့်စပ်ပါဝင်သော မေးခွန်း-၅၀ သို့မဟုတ် မေးခွန်းအားလုံး၏ အဖြေများကို ဖြေဆိုရပါမည်။ (ပုစ္ဆာရေးရန်မလိုပါ။)

(၂) အဓိပ္ပါယ် တိကျ, လက်ရေး ပီသ၍ အထားအသို ပြည့်စုံပြီးလျှင် သတ်ပုံပါ မှန်ကန်စေရပါမည်။

(၃) လူ, သီလရှင်နှင့် ရှင်သာမဏေများသာ ဖြေဆိုခွင့် ရှိပါသည်။

(၄) အောင်စာရင်းကို နှစ်စဉ် တော်သလင်းလ၌ ထုတ်၍ သင့်လျော်သောအချိန်တွင် သင့်လျော်သော ဆု, လက်မှတ် များကို ချီးမြှင့်ပါမည်။

(၅) ရန်ကုန်မြို့၊ ရန်ကင်းစာတိုက်၊ ပဉ္စနိကာယ သာသနာ့ ဗိမာန်၊ အရှင်ပညာသီရိထံ အဖြေများ ပေးပို့ရပါမည်။

သာသနာတော်ကို လေးစားကော်ရော် ပူဇော်နိုင်ကြပါစေ။